www.burmeseclassic.com

# လွန်းထားထား

(ဆေးတက္ကသိုလ်)

အပြာရောင်မိုး ခရမ်းရောင်သစ္စာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လွှမ်းထားထား (ဆေးတက္ကသိုလ်)

## အပြာရောင်မိုး ခရမ်းရောင်သစ္စာ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၁၇၀၄၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၀၈၀၉၀၇

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC .com

# လွှမ်းထားထား

(ဆေးတက္ကသိုလ်)

၏

ထွက်ပြီးလုံးချင်းဝတ္ထုများ



www.burmeseclassic.com

www.burmeseclassic.com

၁။ အကြင်နာသူစိမ်း
၂။ အတွေ့တူရှိလှည့်ပါ
၃။ မခွဲထာဝစဥ်
၄။ မြတ်နိုးမိသည်မှအပ
၅။ ဆုံစည်းဖို့ရာ
၆။ ခွဲခဲ့ရသော်
၇။ ချစ်မြတ်နိုးလွန်းသူ၏ နှလုံးသားမှသည်
၈။ သက်ဆုံးတိုင်
၉။ ညမှဒယကင်း
၁၀။ အကြွေပန်း၏နိဒါန်း
၁၁။ ပွဲကြွေသွားသော နှလုံးသားတစ်ခု၏တမ်းချင်း
၁၂။ ငြိုးမာန်ဖွဲ့ စိမ်းရက်လေသလား
၁၃။ ချစ်ခြင်း၏အခြားမဲ့၌
၁၄။ ချစ်ခြင်းတစ်ခုတည်းဖြင့်သာ
၁၅။ ရစ်ဖွဲ့နှောင်သောကြိုး
၁၆။ မိုးကဲ့သို့ထစ်ချုန်းသော
၁၇။ ကောင်းကင်ထက်ကနှင်းဆီ
၁၈။ အရိပ်၏အရိပ်
၁၉။ မမေ့အပ်တဲ့ကဗျာ
၂၀။ မျက်ဝန်းတွင်စွဲထင်ရစ်သော
၂၁။ အတောင်ပံတစ်စုံအပြာရောင်ကြိုးတစ်စနှင့်
၂၂။ ဆိတ်ငြိမ်သောချစ်ခြင်း၏အသံ
၂၃။ ချစ်သူကပေးသော တစ်စုံတစ်ရာ
၂၄။ မိုးကောင်းကင်သို့ တမ်းမက်သော
၂၅။ တောင်ထိပ်များက ပန်းတစ်ပွင့်
၂၆။ အနီရင့်ရောင်နှလုံးသား၏အထွတ်အထိ
၂၇။ သစ္စာဖြင့် စီရင်အပ်သော
၂၈။ ကရုပ်ကလေး
၂၉။ အချစ်၏ဖြားယောင်းသော
၃၀။ အချစ်၏ခံယူနိုင်စွမ်းအင်
၃၁။ မုန်တိုင်း၏ကဗျာ
၃၂။ ပေါက်ကွဲသံစဥ်
၃၃။ ဂန္ဓဝင်မြောက်ချစ်ခြင်းဆီ
၃၄။ ပင်လယ်ပြင်နှင့် ကောင်းကင်ပြာ
၃၅။ မိုးတိမ်တိုက်နှင့် လက်ထပ်ခြင်း
၃၆။ မေတ္တာစစ်၏ ပြတင်းပေါက်များ
၃၇။ ချစ်ခြင်း၏ပဥ္စလက်
၃၈။ ကြယ်တွေစုံသောည
၃၉။ လိပ်ပြာတစ်ကောင်၏ရင်ခုန်သံ
၄၀။ ရင်ခွင်နန်းတော်
၄၁။ ရင်ခုန်ခြင်းရဲ့ အနုပညာ
၄၂။ အဆိပ်ဖြင့် နူးညံ့သိမ်မွေ့သော
၄၃။ တစ်ယောက်ကတစ်ယောက်ကိုဖန်ဆင်းကာ
၄၄။ မိဖုရားရဲ့ချစ်သူ
၄၅။ နှလုံးသားဆုံချက်၏ အလယ်ဗဟိုတည့်တည့်
၄၆။ ပန်းနုရောင်နှင်းဆီမွေ့ရာ
၄၇။ နှလုံးသားဆီသို့ လျှို့ဝှက်တံခါး
၄၈။ နှစ်ဦးသဘောတူ
၄၉။ ကောင်းကင်နှင့်ကြယ်
၅၀။ လမင်းရဲ့ဥယျာဥ်မှူး

www.burmeseclassic.com

www.burmeseclassic.com


၅၁။ သက်တော်စောင့်ရဲ့ သတို့သမီး
၅၂။ နှလုံးသားဖြင့် မြင်နိုင်သည်
၅၃။ နှုတ်မဆက်တမ်း
၅၄။ အချစ်ဖြင့် ကမ္ဘာတည်သောကောင်လေးနှင့်
အချစ်ကမ္ဘာပေါ်တွင် နေထိုင်သော ကောင်မလေး
၅၅။ အဖြူရောင်မြစ်တစ်စင်းရဲ့ လျှို့ဝှက်ချက်
၅၆။ ချစ်သူချော့တေး
၅၇။ ကောင်းကင်နှစ်စင်းပြိုင်
၅၈။ အချစ်စစ်မှာ
၅၉။ ပန်းတစ်ပွင့်ဖန်ဆင်းခြင်း
၆၀။ ရင်ခွင်တံခါး
၆၁။ စစ်မှန်စွာ၊ ရှုံးသွပ်စွာ၊ နက်ရှိုင်းစွာ
၆၂။ မာယာရထား
၆၃။ အချစ်ရဲ့တန်ခိုးများ
၆၄။ ချစ်သူတို့ရဲ့တိုက်ပွဲ
၆၅။ မြားနတ်မောင်ရဲ့ချစ်ပုံပြင်
၆၆။ ပန်းသီသူရဲ့ပုံပြင်
၆၇။ အချစ်=အဆိပ်
၆၈။ ရင်နှင့်ရင်း၍
၆၉။ ပန်းနုရောင်သင်္ကေတ
၇၀။ အနက်ရှိုင်းဆုံးပင်လယ်
၇၁။ နှလုံးသားလျှို့ဝှက်ခန်း
၇၂။ နှလုံးသားမြို့သူ
၇၃။ အစွန်းရောက်ချစ်တတ်သူ
၇၄။ နှုတ်ခမ်းထက်ကမ္ဘာသွား
၇၅။ သင်ချစ်လျှင် ကျွန်ုပ်မမုန်းပါ
၇၆။ အချစ်သင့်သူ
၇၇။ ဒေင်အိပ်မက်
၇၈။ ချစ်ခြင်းသင့်လက်တွင်းသို့ သက်ဆင်းခွင့်ပြုပါ
၇၉။ အချစ်စစ်ပြိုင်ပွဲ
၈၀။ ပဥ္စလက်ရင်ခွင်
၈၁။ နတ်၍မရသောမြား
၈၂။ အချစ်စစ်ရှာဖွေသူများ
၈၃။ နောက်ဆုံးထွက်သက်ထိတိုင်
၈၄။ အသက်လိုငြိသူမယ်
၈၅။ သင့်ကိုချစ်၍ သင်ကချစ်သော
၈၆။ ကောင်းကင်ရဲ့အဖော်
၈၇။ လမင်းရဲ့ရှုရွှေဖော်
၈၈။ သက်တံစီးသူများ
၈၉။ ၁၀၁ပွင့်မှင်းဆီ
၉၀။ မှန်ဓာဖြူပြတင်းနောက်ဝယ်
၉၁။ အချစ်ကို ဦးညွှတ်ခြင်း
၉၂။ အမုန်းမဲ့မုသား
၉၃။ မြားတစ်စင်းနှင့် ဘယ်ဘက်ရင်အုံ
၉၄။ ညှို့သောပင်လယ် ဆွဲငင်သောလမင်း
၉၅။ ညှို့မီးလျှံနှင့် မေတ္တာရေစင်
၉၆။ ဂန္ဓဝင်မြောက်သစ္စာ
၉၇။ ဒုတိယမြောက်ဟာန်းနီးမွန်း
၉၈။ သက်တံ့မျှော်စင်
၉၉။ ထပ်တူထပ်မျှ
၁၀၀။ မာနဓါးနောက်ဆက်တွဲများ
၁၀၁။ ပုံတူ
၁၀၂။ တစ်သက်စာ
၁၀၃။ ချစ်ခြင်းသီတဲ့လက်များ


www.burmeseclassic.com

www.burmeseclassic.com


၁၀၄။ အချစ်မျက်နှာကို တွေ့ဖူးချင်တယ်
၁၀၅။ ရင်ရိပ်ဥယျာဉ်
၁၀၆။ သတ္တာမပြောက်သတို့သမီး
၁၀၇။ တိမ်ယံထက်ကနှင်းဆီဖြူတွေ
၁၀၈။ လှုယဉ်ကျေးရဲ့ သစ္စာဝတ်မှုံ
၁၀၉။ အစစ်
၁၁၀။ အချစ်က စားသည်
၁၁၁။ ရာဇဝင်တွင်မဲ့သစ္စာ
၁၁၂။ လမင်းသစ်ပင်
၁၁၃။ အမုန်းနှင့်လက်တစ်ကမ်းအလို
၁၁၄။ ညို့ချက်ပြင်းတယ်
၁၁၅။ သိင်္ဂါရပင်လယ်
၁၁၆။ နှလုံးသွေးကြောရဲ့ဂီးဆင်းရာ
၁၁၇။ သူ စေညွှန်ရာစေ
၁၁၈။ နှလုံးသားရဲ့ အမိန့်တော်အတိုင်း
၁၁၉။ မနောက်နဲ့နော်
၁၂၀။ ရင်ဘတ်ခဏငှားပါ
၁၂၁။ မျက်နှာဖုံးချစ်သူများ
၁၂၂။ ဖွင့်ဟဝန်ခံ၍မရသော
၁၂၃။ ရင်သို့ချိန်ရွယ်ပစ်ခွင်းသော
၁၂၄။ မာယာမဝင်ရ
၁၂၅။ ရှိတော့ရှိတယ် ရှားတယ်
၁၂၆။ ကောင်းကင်တစ်ခုအလိုရှိသည်
၁၂၇။ မနက်ဖြန်ဆိုတာ မရှိခဲ့ရင်
၁၂၈။ ပြင်းပြင်းရှရှရသ
၁၂၉။ ကျွန်တော်နှင့်နတ်မိမယ်များ
၁၃၀။ မာယာတံတိုင်း
၁၃၁။ ချစ်ခြင်းရဲ့အပြစ်ဒဏ်
၁၃၂။ မီးလျှံထက်ကနှင်းဆီ
[illegible]က လမင်း
၁၃၅။ ချစ်၍မုန်းခဲ့သည်
၁၃၆။ အတောင်ပံတွေရှိခဲ့ရင်
၁၃၇။ ချစ်သူရဲ့ ပန်းတစ်ဖက်
၁၃၈။ ချစ်တဲ့ဘက်က
၁၃၉။ ရင်ဖွင့်ခွင့်ပေးပါ
၁၄၀။ နှလုံးသားစီးချင်း
၁၄၁။ တိမ်တွေဆီမျှောလွှင့်သူ
၁၄၂။ မမှောင်သောည မမှိန်သောအလင်း
၁၄၃။ ရည်းစားဟောင်း
၁၄၄။ ပဥ္စလက်မိုး
၁၄၅။ ရှုးအောင်ချစ်မဲ့လူ
၁၄၆။ စိတ်ညို့သူ
၁၄၇။ ချစ်နတ်ဆိုး
၁၄၈။ ပန်းနှစ်ပွင့်ရဲ့ကမ္ဘည်း
၁၄၉။ အချစ်သည်ကိုးကွယ်ရာ
၁၅၀။ ညို့အားပြင်းတဲ့မြစ်တစ်စင်း
၁၅၁။ ချစ်တတ်သူတို့အကြောင်း
၁၅၂။ သတို့သမီးဝတ်စုံ
၁၅၃။ တို့မဆုံဖြစ်ခဲ့ရင်
၁၅၄။ အမုန်းပွဲတော
၁၅၅။ မေတ္တာရဲ့သင်္ကေတ
၁၅၆။ စိတ်ဖတ်သူ
၁၅၇။ စိတ်မဆိုးကြေး
၁၅၈။ ရင်တတ်ထဲကမြစ်တစ်စင်း
၁၅၉။ အိပ်မက်မျှားသောကျွန်း
၁၆၀။ အမုန်းမြို့မှအပြန်
၁၆၁။ တံ့ပြန်ခွင့်
၁၆၂။ စတေးခံသော


www.burmeseclassic.com

www.burmeseclassic.com

၁၆၃။ ခေါ်သံ

၁၆၄။ မျက်လှည့်

၁၆၅။ သိမ်မွေ့သောလမင်း နက်ရှိုင်းသောပင်လယ်

ယခုလ

အပြာရောင်မိုး ခရမ်းရောင်သစ္စာ

## ရေးသားပြီး ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

- အပြာရောင်မိုး ခရမ်းရောင်သစ္စာ
- သိမ်မွေ့သောလမင်း နက်ရှိုင်းသောပင်လယ်
- သက်ဆုံးတိုင်
- ညို့တတ်တယ်
- နဝမြောက်

## ဒုတိယအကြိမ်ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

- မိုးတိမ်တိုက်နှင့် လက်ထပ်ခြင်း
- အချစ်၏ပြာဟယောင်းသော
- ပင်လယ်ပြင်နှင့်ကောင်းကင်ပြာ
- ချစ်ခြင်း၏ပဉ္စလက်
- လိပ်ပြာတစ်ကောင်ရဲ့ရှိန်နှုန်းသံ

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



# လွန်းထားထား
(ဆေးတက္ကသိုလ်)

# အပြာရောင်မိုး...
# ခရမ်းရောင်သစ္စာ...

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရ မှတ်တမ်း

ကမ္ဘာပေါ်မှာ
သမီးအပေါ်
နားလည်နိုင်စွမ်း အရှိဆုံးသော
အမေနဲ့ အမေ …၊
ဘဝရဲ့ အဓိပ္ပာယ်တွေကို
ပြိုးပြိုး လေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို
အမှတ်တရ
မှတ်တမ်းတင်လျက် …
လွှမ်းထားထား (ဆေးတက္ကသိုလ်)

BURMESE CLASSIC .com

## အခန်း … (၁)

Funfair ဈေးရောင်းပွဲတော် ကျင်းပလျက်ရှိသော မြက်ခင်းပြင် ဒီမြေစိမ်းစိမ်းကြီးပေါ်မှာ ရောင်စုံပန်းပွင့်တွေလို လူတွေ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။ ဈေးရောင်းပွဲတော်ရဲ့ အထိမ်းအမှတ်က မိဘမဲ့ကလေးတွေအတွက် ရည်ရွယ်ပြီး ရန်ပုံငွေအဖြစ် ကျင်းပသော ဈေးရောင်းပွဲတော်ဖြစ်သည်။ ဒီပွဲမှာ အနုပညာရှင်တွေ စုံစုံညီညီပါဝင်ကြ၏။ အထူးသဖြင့် နာမည်ကြီး Celebrity တွေတိုင်း ကိုယ့်အုပ်စုနှင့် ကိုယ်ဖွဲ့ကာ တစ်မျိုးမဟုတ် တစ်မျိုး ဈေးရောင်းကြရသည်။ တချို့က စားအသောက်တွေ အမျိုးစုံ ရောင်းကြသလို တချို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခဲပန်းချီရေးခြစ်ပေးတာတို့ လုပ်ကာ၊ တစ်ချို့ကလည်း ကိုယ့်ရဲ့ အသုံးဆောင်တွေထဲက အင်္ကျီအဝတ်အစားတွေ၊ ရေမွှေး ပုလင်း၊ နှုတ်ခမ်းနီ၊ အရုပ်တွေ. . . စသဖြင့် ကိုယ့်ဆိုင် ကလေးဖွင့်ပြီး ရောင်းကြသည်။ ဝိရယဉ်ကျေးတို့ သူငယ်ချင်း တစ်အုပ်စုကတော့ ထူးထူးခြားခြားပင် ဘယ်သူမှ မလုပ်ကြ သော အလုပ်တစ်ခုဖြင့် ပွဲတော်လာပရိတ်သတ်ကြီးကို ဖမ်းစား ထားသည်။ ဝိရယဉ်ကျေးတို့က မျက်နှာမှာ ဆေးရောင်စုံနှင့် အရုပ်ပေါင်းစုံခြယ်ပေးသော အလုပ်ဖြစ်သည်။ ကြောင်ရုပ်၊ ကျားရုပ်၊ ငှက်ရုပ်၊ လိပ်ပြာရုပ်၊ ပန်းပွင့်ပုံ . . . စသဖြင့် တောင်းဆိုသမျှအတိုင်း ထူးခြားလှပနေအောင် မျက် နှာပေါ်မှာ အပြည့် ဆေးခြယ်ပေးကြခြင်း ဖြစ်သည်။ ထို့ ကြောင့် ယဉ်ကျေးတို့ ဆိုင်နားတစ်ဝိုက်မှာ လူတွေ အုန်းအုန်း ကျွက်ကျွက် ဆူညံလျက် စည်ကားနေသည်။ ယဉ်ကျေးက Celebrity တစ်ယောက် မဟုတ်သော်လည်း ဖေဖေရဲ့ အရှိန် အဝါဖြင့် အလိုလိုနေရင်း လူသိများကာ ထင်ရှားကျော်ကြားနေ သူကလေးလည်း ဖြစ်ရာ ယဉ်ကျေးကို လူတိုင်းက အလိုလို ရင်းနှီးချစ်ခင်နေလျက် ယဉ်ကျေးတို့ကို ဝိုင်း၍ အားပေးနေကြ





သည်။ မျက်နှာမှာ အရုပ်ပန်းချီဆွဲသည့် ပညာမှာ နုယ်နယ်ရရ တော့ မဟုတ်။ ဒီဈေးရောင်းပွဲတော် မကျင်းပခင် နှစ်လ သုံးလလောက် အလိုကတည်းက ယဉ်ကျေးတို့ သူငယ်ချင်း လေးယောက်သား မျက်နှာမှာ ဆေးခြယ်သော ပညာကို အပြေးအလွှား သွားသင်လိုက်ကြရသေးသည်။ ဖေဖေက ဂီတလောကမှာ အောင်မြင်ကျော်ကြားလျက်ရှိသော နာမည် ကြီး ရော့ခ်အဆိုတော်တစ်ယောက် ဖြစ်သည်မို့ ဖေဖေရဲ့ သမီး အဖြစ် ယဉ်ကျေးကိုလည်း အားလုံးက သိကြသည်။

"ပိုလိုက် (Polite) ရေ . . . ဒီမှာ သူတို့က Spider ပင့်ကူပုံစံ ခြယ်ပေးပါတဲ့၊ ဘယ်လိုလုပ်ကြမလဲ၊ ကျွန်မ မခြယ်တတ်ဘူး၊ ရှင် လာခြယ်ပေး . . ."

ယဉ်ကျေးကို သူငယ်ချင်းတွေက ချစ်စနိုးဖြင့် အင်္ဂလိပ်လို Polite ဟုသာ ခေါ်တတ်ကြသည်။ ယဉ်ကျေး၏ သူငယ်ချင်း မေသစ်လွင်၏ စိတ်ရှုပ်လက်ရှုပ် အသံကလေးဖြင့် အကူအညီတောင်းသလို အော်ဟစ်လိုက်သံကြောင့် ယဉ်ကျေး သည် မေသစ်အနားသို့ ခပ်သွက်သွက် လျှောက်သွားလိုက် သည်။ ကောင်ကလေးတစ်အုပ်စု မျက်နှာတွေက ပြုံးစိစိ ဖြ



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဖြိုးနှင့် သူတို့ရဲ့မျက်နှာပေါ်မှာ ပင့်ကူပုံစံ ဆေးခြယ်ခိုင်းနေခြင်း ဖြစ်သည်။ ယဉ်ကျေးက ဖြိုးဖြိုးကလေးပင် မေသစ်ကို မျက်စကလေးတစ်ချက် ပစ်ပြလိုက်ကာ . . .

"မပူနဲ့ မေသစ်၊ ရှင် ဟိုဘက်က တစ်ယောက်ကို လိပ်ပြာပုံစံ ဆက်ခြယ်ပေးလိုက်၊ ကျွန်မ သူတို့ကို Spider ဆွဲပေးလိုက်မယ်၊ ဟုတ်ပြီလား၊ ကဲ . . . လာ ဘယ်သူ ဆွဲမှာတုန်း ဒီခုံကလေးမှာ ထိုင်ပါ . . ."

ပိန်ပိန်ရှည်ရှည် ကောင်ကလေးတစ်ယောက်က ဖြိုးစစဖြင့် အရှေ့သို့တိုးလာကာ ထိုင်ခုံကလေးမှာ ဝင်ထိုင်လိုက်သည်။

"Spider ပုံ လှလှကလေး ဆွဲပေးနော်၊ တို့က မင်းဖေဖေရဲ့ အမာခံ ပရိတ်သတ်၊ ဝီရ Crazy တွေနော်"

"အင်းပါ . . . စကားမများနဲ့ တိတ်တိတ်နေ"

ယဉ်ကျေးက ဆေးရောင်စုံခွက်တွေထဲမှ အနက်ရောင်ဆေးကို စုတ်တံဖြင့် လှမ်းယူလိုက်ကာ ကောင်ကလေး၏မျက်နှာပေါ်မှာ ပင့်ကူရုပ်တစ်ရုပ် ပေါ်လာအောင် ကျကျနန စတင်၍ ဆွဲနေတော့သည်။ တကယ်တော့ ယဉ်ကျေး





တို့ အများဆုံး ဆွဲကြသည်မှာ ကြောင်ရုပ်၊ ကျားရုပ်၊ လိပ်ပြာရုပ်၊ ငှက်ရုပ်၊ ပန်းပွင့်ပုံ . . . စသဖြင့်သာ များ၏။ Spider ပုံ တစ်ခါမှ မဆွဲဖူးသေး။ သို့သော် . . . ဝီရယဉ်ကျေးပဲ။ ဘယ်တုန်းကများ ဘယ်သူ့ကို အလျှော့ပေးခဲ့ဖူးလို့တုန်း။ ခပ်တည်တည် မှင်သေသေဖြင့်ပင် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်ဖြင့် ရဲရဲဝံ့ဝံ့ပင် ကောင်ကလေး၏ မျက်နှာပေါ်မှာ Spider ရုပ် တစ်ရုပ်ကို စိတ်ကူးဖြင့် မှန်းဆ၍ ဆွဲပစ်လိုက်သည်။ အံ့မယ် မဆိုးပါ။ ခဏအကြာမှာ ကောင်ကလေး၏ မျက်နှာတစ်ခုလုံးပေါ်မှာ Spider ရုပ် မဲမဲကြီးက ထင်းနေအောင် ပေါ်လွင်လာ၏။

"ဟာ . . . ဝီရယဉ်ကျေးက တကယ်တော်တယ်ကွာ၊ အရမ်းမိုက်တယ်၊ ကြိုက်သွားပြီ . . ."

ကောင်လေးက ရီသွဲ့သွဲ့ဆိုလျှင် ယဉ်ကျေးသည် ထိုစကားတွေအတွက် မထူးခြားတော့ပြီမို့ ပခုံးကလေး တစ်ချက်သာ တွန့်ပြလိုက်သည်။ နောက်ထပ် ကောင်ကလေးတွေ တရုန်းရုန်း စုရုံး စည်ကားလာကြကာ . . .

"ကျွန်တော့်ကို ကြွက်ပုံ ဆွဲပေးစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တမင်သက်သက် ရိသဲ့သဲ့ ခိုင်းပြန်၏။ ယဉ်ကျေးက ဘစ်ချက်ကလေးမှ မငြိုငြင် မျက်နှာမပျက် အပြုံးမပျက်ဘဲ . . .

"ရတယ်လေ . . . လာထား"

ဟု ဆိုကာ ကြွက်ပုံစံကို ထိုကောင်ကလေး၏ မျက်နှာပေါ်မှာ စုတ်ချွန်းချွန်း ပုံစံကလေးပေါက်အောင် အမြင်ကတ်ကတ်နှင့် ခြယ်ပေးလိုက်၏။ ပွဲက တော်တော်ကို စည်ကားနေသည်။ ယဉ်ကျေးတို့ ဆိုင်နားမှာ ကောင်ကလေးတွေ အများစု တရုန်းရုန်း ဆူညံလျက်ရှိသည်ကို ဖေဖေက မလှမ်းမကမ်းမှ နေ၍ အကဲခတ်စောင့်ကြည့်လျက်ရှိသည်။ ဖေဖေ့မျက်နှာပေါ်မှာ သဝန်တိုရိပ်နဲ့ အလိုမကျရိပ်တွေကို ယဉ်ကျေးက လှမ်းမြင်နေရပါသည်။ သို့သော် ဘာတတ်နိုင်မှာလဲ။ ဒါဟာ တစ်နည်းအားဖြင့် ပျော်ပွဲရွှင်ပွဲ တစ်ခုလည်းဖြစ်ကာ ရန်ပုံငွေပွဲလည်း ဖြစ်သည်မို့ ဖေဖေ ဘာမှ ပြဿနာ မရှာနိုင်။ အပြင်မှာဆိုရင်တော့ အခုလောက်ဆို ဖေဖေရောက်လာပြီး အဲဒီကောင်ကလေးတွေကို တစ်ယောက်ချင်း ဆွဲထိုးပစ်ပြီးလောက်ပြီ။ ဖေဖေ့လောက် ယဉ်ကျေးအပေါ် အချစ်ပို





အကဲပိုကာ သဝန်တိုတတ်လွန်းသော ဖခင်မျိုး မရှိနိုင်တော့။

အဲဒီနောက် ယဉ်ကျေးသည် ကောင်လေးတွေက တမင်သက်သက် အရွဲ့တိုက်ပြီး ထူးထူးဆန်းဆန်း အရုပ်တွေ တစ်ရုပ်ပြီးတစ်ရုပ် မရိုးနိုင်အောင် ဝိုင်းခြယ်ခိုင်းသမျှကို စိတ်ရှည်လက်ရှည် ခြယ်ပေးနေရင်း ရုတ်တရက် နှာရည်တွေပင် ယိုလာခဲ့သည်။ ယဉ်ကျေးက နည်းနည်းကလေးမှ အအေးခံလို့ မရ။ ခေါင်းကို နည်းနည်း အအေးပက်တာနှင့် ဟက်ချိုးဟက်ချိုး ချေလာကာ နှာရည်ယိုရွဲတပိုတွဲ ဖြစ်လာတတ်တော့သည်။ အခုလည်း အမိုးအကာမရှိသော မြက်ခင်းပြင် စိမ်းစိမ်းကြီးအလယ်မှာ ခုံတွေချပြီး အရုပ်ပန်းချီတွေ ခြယ်ပေးနေရခြင်းမို့ ချက်ချင်း နှာရည်ယိုရွဲလာခြင်းဖြစ်သည်။ အလုပ်ကလည်း လုံးဝ နားခွင့်မရ။ တစ်ယောက်ပြီးတစ်ယောက် မျက်နှာမှာ အရုပ်ပန်းချီဆွဲချင်သူတွေ တန်းစီလျက်ရှိနေသည်။ ယဉ်ကျေးက ကောင်လေးတစ်ယောက်ကို ဖားပုံစံ ဆွဲပေးပြီးသွားသောအခါ ဘယ်လိုမှမတတ်သာတော့သည်မို့ ထိုင်နေရာမှ ခဏထကာ နှာခေါင်းထဲမှာ ပြည့်အိုင်၍ရွဲနစ်လျက်ရှိသော နှပ်တွေကို အားရပါးရကြီးပင် ရှုံ့ခနဲ ညှစ်ထုတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်မနှင့်လက်ညှိုးကြားထဲမှာ နှပ်ရည်တွေက တပစ်တခဲကြီး ပါလာ၏။ အလို ဒီနှပ်ရည်တွေကို ဘယ်မှာသုတ်ရပါ့။ နှပ်ညှစ်လိုက်ပြီးမှ ယဉ်ကျေးသည် ထိုနှပ်ရည်တွေကို ဘယ်မှာ သုတ်ရမှန်းမသိဘဲ လက်မနှင့်လက်ညှိုးကို ကားရားကြီးထား လျက် ဟိုဟိုဒီဒီ လိုက်ရှာနေသည်။ အဲဒီအချိန်မှာ နံဘေးမှ ဖြတ်သွားသော ကောင်လေးတစ်အုပ်စုကို တွေ့လိုက်ရခြင်းဖြစ် သည်။ ယဉ်ကျေးသည် ချက်ချင်းအကြံပေါ်ကာ ပြုံးပြုံးကလေး လုပ်ပြီး အခုနောက်ပိုင်း လောကမှာ အရမ်း နာမည် ကြီး ရေပန်းစားလျက်ရှိသော ဆန်းသစ်အဲ့၏ ပခုံးပေါ်သို့ ညာတာပါသေးဖြင့် သုတ်ချပစ်လိုက်တော့သည်။ တစ်စပ် တည်း မျက်နှာကလည်း ပြုံးဖြီးဖြီး လုပ်ကာ . . .

"ဟဲ ဟဲ . . . ဆန်းသစ်အဲ့တို့ပါလား၊ ဒီမှာ ကျွန်မတို့ကို အားပေးသွားဦးလေ၊ မျက်နှာမှာ အရုပ်ပန်းချီတွေ ရေး ပေးနေတယ်၊ တစ်ခါဆွဲမှ သုံးထောင်တည်းရယ်၊ အရမ်း လှတယ် . . ."

ဟု စကားရော ဖောရာ လုပ်လိုက်သည်။ သို့ ပေမယ့် ဆန်းသစ်အဲ့ပဲ။ ဘယ်တုန်းကမှ အပြောအဆို အဆက်





အဆံလည်း မရှိဘဲ ဗလိုင်းကြီး လာဝင်ရောသော ယဉ်ကျေးကို သံသယမျက်ဝန်းဖြင့် ကြည့်ကာ သူ့ဘေးနားမှ သူငယ်ချင်း တွေဆီ . . .

"ဟေ့ကောင်တွေ . . . ငါ့ရဲ့ကျောကို စမ်းကြည့်စမ်း၊ သူ ဘာတွေနဲ့ လာသုတ်သလဲ မသိဘူး"

ဟု သူငယ်ချင်းတွေကို ခပ်တိုးတိုး ပြန်မေးသံ ကြားရ၏။ သူ့သူငယ်ချင်းတွေက ဆန်းသစ်အဲ့ရဲ့ ကျောကို လာ စမ်းကြည့်ကာ . . .

"ဟာ . . . ဘာတွေလဲ မသိဘူးကွ၊ ချွဲချွဲပစ်ပစ်တွေ၊ ဟား ဟား ဟား နှပ်ချေးတွေထင်တယ်၊ နှပ်ချေးတွေကွ၊ ဟေ့ကောင် ဆန်းသစ် . . . မင်းကို နှပ်ချေးတွေနဲ့ လာသုတ်တာကွ"

"ဟာ . . . ကြည့်စမ်း"

ယဉ်ကျေးသည် တခွီခွီရယ်ရင်း သူတို့အနားမှ လှစ်ခနဲ ပြန်ထွက်ပြေးလာခဲ့သည်။ အဲဒီနောက် သူတို့ကို လုံးဝ ဂရုမစိုက်နိုင်တော့ဘဲ ခပ်တည်တည်နှင့် ဆေးပန်းချီတွေ ပြန်ဆွဲ ပေးနေတော့၏။ သို့သော် . . . မကြာပါ ခဏအကြာမှာ



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေး၏ ရှေ့နားရှိ ခုံကလေးပေါ်မှာ ဝုန်းခနဲ လာဝင်ထိုင်လိုက်သော ဆန်းသစ်အံ့ကို မျက်နှာချင်း ဆိုင်လိုက်ရသည်။ သူ့မျက်နှာကို မြင်လိုက်ရသည်နှင့် ယဉ်ကျေးသည် မရယ်မောဘဲ မနေနိုင်ဖြစ်ကာ မျက်နှာက အပိုးမကျိုးဘဲ တခွိခွိ ရယ်မိသွား၏။ သူကတော့ ခပ်တည်တည်ပင် ယဉ်ကျေးကို စိုက်ကြည့်နေ၏။ သူ့မျက်လုံးတွေက သူ့နားမှာ တပ်ထားသော စိန်ပွင့်တွေနှင့်အပြိုင် ဖျိုးဖျတ်တောက်ပလျက်။ တစ်ခေါင်းလုံးမှာ ကျစ်ဆံမြီး သေးသေးကလေးတွေ အပြည့် ကျစ်ထားသော သူ့ပုံစံက တကယ့် Hip Hop လူငယ်တစ်ယာက် ပုံစံအပြည့်။

"ကိုယ့်ရဲ့ မျက်နှာမှာ I Love You ဆိုတဲ့ အမိပ္ပါယ်ပေါ် လွင်စေမယ့် အရာတစ်ခုခု ခြယ်ပေးလိုက်စမ်းပါ"

သူက မျက်လုံးတွေကို မှေးစင်းလျက် ခပ်တိုးတိုးပြော၏။ အို . . . အဲဒါ ဘာစကားလဲ။ သူ့စကားနှင့် သူ့မျက်နှာပေး ဟန်ပန်ကြောင့် ယဉ်ကျေးသည် လှိုက်ခနဲ ရင်ခုန်သွား၏။ ဆန်းသစ်အံ့ဆိုတာ မိန်းကလေးပရိတ်သတ်တွေ ဆွေ့ဆွေ့ခုန်နေလောက်အောင် အသည်းစွဲ ကြိုက်နှစ်သက်ကြသော နာမည်ကြီး အဆိုတော်လေးတစ်ယောက်ပါ။ သူနှင့်သာ





ရင်းနှီးခင်မင်ခွင့် ရမည်ဆိုလျှင် ဘာမဆို လုပ်မည့် မိန်းကလေးတွေမှ အများကြီးရယ်။ ဆန်းသစ်အံ့ကို လူတိုင်းက ချစ်ကြသည်။ ချစ်မှာပေါ့ သူ့မျက်နှာမှာ ချစ်စရာကောင်းလောက်အောင် ဆွဲဆောင် ညှို့ငင်မှု အပြည့်ရှိသည်။ သူ့မျက်လုံးတွေက ဝိုင်းနက်စူးရှပြီး ထိုမျက်လုံးတွေနှင့် အကြည့်ခံလိုက်ရလျှင် ဘယ်မိန်းကလေးမှ ဣန္ဒြေမဆည်နိုင်ဟုံပင် ပြောစမှတ် ပြုရသည် အထိ။ သူ့ရဲ့ နှုတ်ခမ်းကလေးတွေက တကယ့်ကို လေးကိုင်းသဏ္ဍာန် ကွေးကွေးညွတ်ညွတ်ကလေးတွေ။ ပြီးတော့ . . . နီရဲစိုပြေကာ နှုတ်ခမ်းနီဆိုးထားသလို အမြဲတမ်း တောက်ပစိုရွှဲနေတာဝ်ကာ ထိုနှုတ်ခမ်းများကို ကော့ညွတ်လျက် ပြုံးလိုက်လျှင် အလွန်ရင်ခုန်ဖွယ် ကောင်းသေး၏။ အဲဒီလို အကျော်အမော် ထိပ်သီး လူငယ်ကလေးတစ်ယောက်က ယဉ်ကျေးကို ညှို့မြှူဆွဲငင်သော မျက်ဝန်းကလေးများဖြင့် ကြည့်ကာ I Love You ဟူသော အဓိပ္ပါယ် သက်ရောက်စေမည့် ပန်းချီတစ်ခုခု သူ့မျက်နှာပေါ်မှာ ဆေးခြယ်ခိုင်းနေသည် ဖြစ်ရာ ယဉ်ကျေးသည် ဘာသားနှင့် ထုထားတာမို့လို့ မတုန်မလှုပ်ဘဲ ကြံ့ကြံ့ခိုင်နိုင်မည်နည်း။ ရုတ်တရက် ခြေဖျားလက်ဖျားတွေ



www.burmeseclassic.com

www.burmeseclassic.com



အေးစက်တုန်ရီလာကာ ယဉ်ကျေး၏ နှလုံးသားက စည်းချက်ညီညီ စတင်၍ ခုန်ပေါက် ကခုန်လေတော့သည်။ သူ့မျက်နှာမှာ ဘာရေးပေးရရင် ကောင်းမည်နည်း။ I Love You ဆိုတော့ အသည်းပုံ တစ်ခုလား။ ဟင့်အင်း . . . အဲဒါကြီးက ရိုးလွန်းပါတယ်။ ယဉ်ကျေးသည် ရုတ်တရက် စိတ်ကူးမပေါ်နိုင်ဘဲ ကြည့်မိကြည့်ရာ မျက်ဝန်းတွေက ဖေဖေရှိရာဆီသို့ လှမ်းကြည့်လိုက်မိတော့ ဖေဖေက ယဉ်ကျေးနှင့် ယဉ်ကျေး၏ ရှေ့မှာ ပြုံးဖြီးစွာ ထိုင်နေသော ဆန်းသစ်အံ့ဆီသို့ စူးစူးရဲရဲ ဝင်းဝင်းတောက်နေသော မျက်လုံးကြီးများဖြင့် စိုက်ကြည့်နေသည်မို့ ယဉ်ကျေးသည် ရင်ထဲတွင် ဒိန်းခနဲပင် တုန်ခါ၍ သွား၏။

"ဘာပုံ ဆွဲရမှာတုန်း . . . ကြံရာမရတော့ဘူး"

ယဉ်ကျေးက ခပ်ငြီးငြီးကလေး ပြောလိုက်သည်။ သူက ခပ်ပြုံးပြုံးပင် ယဉ်ကျေးကို စိုက်ကြည့်မြဲ စိုက်ကြည့်လျက် . . .

"ဦးဝီရရဲ့ သမီး လုပ်နေပြီး အဲဒီလောက်တောင် မပိန်းစမ်းနဲ့လေ၊ I Love You ဆိုတဲ့ အဓိပ္ပါယ်ပေါ်အောင် မင်း တကယ် မရေးတတ်ဘူးလား၊ အဲဒါဆိုရင် မန်းပေးတယ်လို့ပြော၊ ကိုယ် အဖြေပေးမယ် . . ."





သူ့စကားကြောင့် ယဉ်ကျေးက ပခုံးကလေး အလိုလို တွန့်မိသွားကာ ခစ်ခနဲ ရယ်မောလိုက်မိသည်။ သူ့မျက်လုံးတွေရဲ့ ဒဏ်ကို ယဉ်ကျေး တကယ် မခံနိုင်။

"ကဲ . . . ပြီးရော ပန်းပေးတယ်"

"အဲဒါဆိုရင် ကိုယ့်ရဲ့ မျက်နှာပေါ်မှာ နာရီပုံတစ်ခု ဆွဲပေး"

"နာရီပုံ . . ."

ယဉ်ကျေးက မျက်ခုံးကလေးတွေ ပင့်သွားကာ တအံ့တဩ မေးမိတော့ သူက ခပ်ပြုံးပြုံးပင် ယဉ်ကျေးကို စိုက်ကြည့်နေလျက် . . .

"အဲဒီလောက်တောင် နားမလည်ဘူးလား ကလေးမရဲ့၊ နာရီဆိုတာ အချိန်ရဲ့ သင်္ကေတပေါ့၊ အချိန်ဆိုတာ ရှိနေသရွေ့ အချစ်ဆိုတဲ့ အရာကလည်း အမြဲတမ်း ရှိနေမှာပဲ၊ ကဲ . . . စကားမရှည်နဲ့၊ ကိုယ့်အကျီမှာ နှပ်ချေးလာသုတ်တဲ့ ကောင်မလေး၊ မင်းဆီက အလျော်တစ်ခုခု ယူရမယ်၊ အဲဒီတော့ ကိုယ့်မျက်နှာမှာ နာရီပုံ ဆွဲပေး



www.burmeseclassic.com

www.burmeseclassic.com



နာရီတွေ ရှိနေသ၍ အချိန်တွေ ရှိနေသ၍ မင်းကို
ကိုယ် ချစ်နေမယ်ဆိုပ ... ဒီ ...ါယ်ပေါ့ . . . ”

အံမယ် . . . သူ့စကားက ဘာအဓိပ္ပါယ်လဲ။ ရိသဲ့သဲ့နှင့် တစ်မျိုးပါပဲလားဟု ယဉ်ကျေးက တွေးလိုက်မိကာ ရင်တွေ အလွန်အမင်း ခုန်သွား၏။ အခုအချိန်မှာ မျက်နှာတစ်ခုလုံး ရှိသမျှ အကြောအမျှင်တွေပါမကျန် အကုန်လိုက်၍ ပြုံးနေနိုင်သော လူသားတစ်ဦးကို ပြပါဆိုလျှင် ယဉ်ကျေး၏ မျက်နှာကိုသာ ထိုးပြရလိမ့်မည်။ ယဉ်ကျေးသည် မမျှော်လင့်ဘဲ သူနှင့် ဇာတ်လမ်းလာဖြစ်နေသည့်အတွက် ပျော်လည်းပျော် ရင်လည်းခုန်ကာ တစ်ဖက်ကလည်း ဖေဖေ့ရန်ကို စိုးကြောက်နေရသေးသည်။ ဒီမြင်ကွင်းကို ဖေဖေ မြင်မှာ မလွဲ။ ဖေဖေက ယဉ်ကျေးတို့နှင့် မျက်နှာချင်းဆိုင် မလှမ်းမကမ်းမှာ ဝက်သားတုတ်ထိုးဆိုင် ဖွင့်ထားတာလေ။ သို့သော် ဖေဖေရဲ့ အာရုံတွေက ယဉ်ကျေးဆီမှာပဲ ရောက်နေမှာ မလွဲ။ ဘာကြောင့်လဲဆိုတော့ ယဉ်ကျေးတို့ ဆိုင်ကလေးနားမှာ အထူးသဖြင့် ဆယ်ကျော်သက် ကောင်ကလေးတွေ အများဆုံး တရုန်းရုန်းစည်ကားနေသည် မဟုတ်လား။ အခုတော့ ဖေဖေ လုံးဝ





ကြည့်မရသည့် Hip Hop အဆိုတော် လောက၏ ထိပ်သီးကောင်ကလေးနှင့် ရယ်ရယ်မောမော ညို့ညို့ငင်ငင် ပြုံးပျော်ကြည်နူးနေသော သူ့သမီးကို ဖေဖေ မြင်မှာ မလွဲပင်။ အခုလောက်ဆို အံကြီး တကျိတ်ကျိတ်နှင့် ဝက်သားတုတ်ထိုးတွေကို ဒေါသတကြီး ဆောင့်အင့်အင့်ဖြင့် လှီးနေတော့မှာ ဧကန်မလွဲပင်။ သို့သော် . . . နောင်ခါလာ နောင်ခါဈေးပေါ့။ ဖေဖေ့ကို ခဏ မေ့ထားလိုက်ဦးမည်။

ယဉ်ကျေးသည် ရင်ထဲမှာ အလိုလို ပူနွေးလာကာ အင်မတန် ဗိုအားပြင်းသော လျှပ်စစ်ဓာတ်စီးကြောင်းတစ်ခု ရင်ထဲမှာ ဖြတ်စီးနေသလို တဆတ်ဆတ် တုန်ယင်စွာဖြင့် သူ့မျက်နှာပေါ်မှာ နာရီပုံ ဆေးခြယ်ပေးဖို့ ကြိုးစားလျက် ရှိသည်။ ရင်တွေ ခုန်နေသောကြောင့် လက်တွေကလည်း အလိုလို တုန်ယင်နေ၏။ ယဉ်ကျေး၏ အဖြစ်ကို ခပ်လှမ်းလှမ်းမှ မေသစ်လွင်၊ သင်းပျံ့ရီနှင့် မဥူရီတို့က ပြုံးစိစိ မျက်နှာပေးကလေးတွေ ကိုယ်စီဖြင့် ကိုယ့်အလုပ် ကိုယ်လုပ်ရင်း ခေါင်းကြီးတွေ လည်လိမ်ကာ လှမ်း၍ အကဲခတ် စောင့်ကြည့်နေကြသည်။ ယဉ်ကျေး၏ အာရုံတွေထဲမှာ တဝုန်းဝုန်း ဆူညံလျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သော တစ်လောကလုံးကို မေ့သွားပြီး ဒီပတ်ဝန်းကျင်ကြီး တစ်ခုလုံးမှာ ယဉ်ကျေးနှင့် ဆန်းသစ်အုံ့ နှစ်ယောက်တည်းသာ ရှိနေသလို ခံစားရ၏။ သူမျက်နှာပေါ်သို့ ပထမဆုံး လက်ချောင်းများဖြင့် စတင်၍ ထိတွေ့မိစဉ်မှာ နူးညံ့သိမ်မွေ့သော မုန်တိုင်းတစ်ဆင်း ယဉ်ကျေး၏ ရင်ဘတ်ထဲမှာ မွှေနှောက်သွားတော့၏။ အို . . . ရင်ခုန်လိုက်တာ။ ဘာဖြစ်လို့များ သူ့ရဲ့ အရှိန်အဝါနဲ့ ညှို့ဓါတ်ဟာ အဲဒီလောက် ပြင်းထန်ရပါသလဲ။ နာရီပုံကို ဘာအရောင်ကလေး ခြယ်ရင်ကောင်းမလဲ။ ပထမတော့ ပန်းရောင်ကလေး စိတ်ကူးမိသေးသည်။ သို့သော် ပန်းရောင်က ရိုးပြီ။ ပန်းရောင်ဆိုတာ အချစ်ရဲ့ သင်္ကေတအရောင်အဖြစ်တော့ သတ်မှတ်ထားကြသည်ပေါ့။ သို့သော် ယဉ်ကျေးက ထူးထူးဆန်းဆန်းလေးဖြစ်သွားအောင် ဖက်ဖူးစိမ်းရောင် တောက်တောက်ပပ အရောင်ဖြင့် သူမျက်နှာပေါ်မှာ နာရီပုံတစ်ခု ခြယ်ပေးလိုက်သည်။ နာရီလက်တံတွေကိုတော့ ကိုးနာရီအတိမှာ ထားလိုက်သည်။ ဘာအဓိပ္ပါယ်နှင့်တော့ မသိ။ ကိုးဂဏန်းကို ကြိုက်သောကြောင့်သာ ဖြစ်သည်။ နာရီဆွဲပြီးသွားချိန်မှာ သူက သူဝတ်ထားသော ခုနက





ယဉ်ကျေးနှပ်တွေဖြင့်သုတ်ပစ်လိုက်သော အားကစား စပို့ရှပ် အဖြူနှင့်အနီကြားကလေးကို ဆွဲချွတ်ပစ်လိုက်ကာ . . .

"ရော့ . . . အဲဒါ ကိုယ့်ရဲ့ လက်ဆောင်"

ဟု ဆိုပြီး ယဉ်ကျေးဆီသို့ လှမ်းပေးနေသည်။ အင်္ကျီချွတ်လိုက်သဖြင့် သူ့ရဲ့ ခန္ဓာကိုယ်သွယ်လျလျကလေးကနံရိုးအပြိုင်းပြိုင်းဖြင့် ရယ်မောစရာပေါ်လာ၏။ ယဉ်ကျေးသည် သူ့ပုံစံကိုကြည့်ပြီး မရယ်မောဘဲ မနေနိုင်။ အားပါးတရ ခွက်ထိုး ခွက်လှန်ပင် ရယ်မောမိတော့၏။

"ဘာရယ်တာလဲ . . . မရယ်နဲ့၊ တော်တော့ . . .၊ ကိုယ် ဟိုဘက်မှာ အင်္ကျီတစ်ထည် ဝယ်ဝတ်လိုက်မယ်၊ မင်းကို အမှတ်တရ ပေးခဲ့ချင်လို့ ကဲ . . . သွားပြီနော်၊ တော့ တာ၊ ဩော် . . . မသွားခင် တစ်ခုတော့ ပြောသွားလိုက်ဦးမယ်၊ ကိုယ်တို့ဇာတ်လမ်း ဒီမှာတင် မဆုံးသေးဘူးနော်၊ ဆက်ရန်ရှိသေးသည် . . . ဒါပဲ"

သူက ပြုံးညှို့ညှို့ကလေး ပြောသွားကာ သူ့အပေါင်းအသင်း တစ်အုပ်ဖြင့် ပြန်လည်ထွက်ခွါသွားတော့၏။ ယဉ်ကျေးပဲ အဲဒီလို သူတစ်ပါးက အနိုင်ပိုင်းသွားတာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းနဲ့မှ ငြိမ့်ငြိမ့်မခံနိုင်။ ယဉ်ကျေးက ဖေဖေ့ဆီသို့ တစ်ချက် လှမ်းကြည့်ပြီး ဖေဖေ့အလစ်မှာ လူ့အုပ်ကြီးကို အကွယ်အကာယူပြီး သူ့နောက်သို့ ခပ်သွက်သွက် ပြေးလိုက်လာခဲ့၏။

"ဟော့ . . . ဟော့ ဆန်းသစ်အုံ၊ ဒီလို လုပ်မသွားနဲ့လေ၊ ရှင်က လက်ဆောင်တစ်ခုပေးသွားရင် ကျွန်မကလည်း လက်ဆောင်တစ်ခု ပြန်ပေးရမှ တရားမျှတမှာပေါ့၊ ရော့ . . . ဒါ ယူသွား"

ယဉ်ကျေးက ပြောလိုက်ပြီး ယဉ်ကျေးရဲ့ လည်ပင်းမှာ လူရည်ချွန်ပုံစံ ချည်ထားသော မားဖလာ ပုဝါကလေးကို ဆွဲဖြုတ်ယူလိုက်ပြီး သူ့ဆီသို့ လှမ်းပေးလိုက်သည်။ ပုဝါလေးက Versace အမျိုးအစား ပန်းဆီရောင် ရင့်ရင့်ကလေး ဖြစ်သည်။ သူက ချက်ချင်းပင် ထိုပုဝါကလေးကို သူ့ခေါင်းမှာ အုပ်စည်းပစ်လိုက်သည်။

"ကျေးဇူးပဲ . . . ပိုလိုက်"

ဟု ပြော၏။ ကြည့်စမ်း ယဉ်ကျေးကို သူငယ်ချင်းတွေ ချစ်စနိုး ခေါ်ကြသော နာမည်ကိုပင် သူက သိနေပါရောလား။ အံ့သြစရာတော့ မရှိပါ။ ယဉ်ကျေးကို ဝီရယဉ်ကျေး





ဆိုသော နာမည်ထက် ချစ်စနိုးနာမည်ဖြစ်သည့် ပိုလိုက် ဟူသော နာမည်ဖြင့်လည်း လူသိများကြသည်ပဲ။

ယဉ်ကျေးက သူ့ကို အားရပါးရ ချစ်စဖွယ် အပြုံးလေးဖြင့် ပြန်လည်၍ ပြုံးပြလိုက်ကာ ချာခနဲလှည့်ပြီး ကိုယ့်ဆိုင်ကလေး ရှိရာဆီသို့ ပြန်ထွက်ဖို့ ဟန်ပြင်လိုက်သည်။

"ဟော့ . . . ပိုလိုက် ခဏလေးနေဦး"

ဟူသော သူ့အသံကြောင့် ယဉ်ကျေးက ခေါင်းကလေးငဲ့စောင်းကာ သမင်လည်ပြန် ပြန်၍ကြည့်လိုက်သည်။ သူက သူမကို ပြုံး၍ ကြည့်နေပြီး . . .

"ကိုယ့်ကို Coffee လိုက်တိုက်မလား၊ ပုလဲ နို့ဖြေး Coffee လေ၊ ဟိုဘက်မှာ အဆိုတော် (. . .) တို့ ရောင်းနေကြတယ်၊ ကိုယ် အဲဒါ သောက်ချင်လို့"

ဟု ချစ်စနိုးဟန်ဖြင့် ပူဆာ၏။ သူ့ရဲ့ ပူဆာဟန်လေးက တကယ့်ကို ရင်ခုန်ချင်စရာလေး။ ယဉ်ကျေးသည် ဘယ်လိုမှ မငြင်းဆန်နိုင်။ သူငယ်ချင်းတွေရှိရာဆီသို့ တစ်ချက်လှမ်းကြည့်ကာ လက်ဟန်ခြေဟန်ဖြင့် ဟိုဘက်ခဏသွားလိုက်ဦးမယ် ဟူသော ပုံစံမျိုး လုပ်ပြလိုက်သည်။ လည်ပင်းကြီးတွေက



www.burmeseclassic.com

www.burmeseclassic.com



သစ်ကုလားအုပ်တွေ နီးပါးလောက် ရှည်နေကြပြီ ဖြစ်သော သူငယ်ချင်းတွေက ဝမ်းသာအားရပင် ခေါင်းညိတ်သဘောတူကာ ခွင့်ပြုလိုက်ကြသည်။ ဖေဖေတော့ ဘယ်လိုနေမည်မသိ။ အခုလောက်ဆို ယဉ်ကျေး လှစ်ခနဲ ပျောက်သွားသည်ကို သတိထားမိလောက်ရောပေါ့။ မျက်လုံးတွေရော ခေါင်းတွေရော ချာချာလည်နေအောင် လိုက်ရှာနေတော့မည်။ ပြီးတော့ . . . မေမေ့ကို တွတ်တွတ်နှင့် စကားနာတွေဟိုးကာ ယဉ်ကျေးကို ရှာဖို့ စေလွှတ်တော့မည်မှာ သေချာ၏။ ကဲ . . . ဖေဖေ့ကို ခဏ မေ့ထားလိုက်စို့။ ယဉ်ကျေးက ရောက်လေရာအရပ်မှာ ပျော်အောင်နေတတ်သော ရွှက်ကျပင်ပေါက်ကလေးလည်း ဖြစ်သေး၏။ ထို့ကြောင့် . . .

"အိုကေ . . . စိန်လိုက်လေ၊ ရှင်ကတောင် ပူဆာနေမှတော့ ကျွန်မက ဘာဖြစ်လို့ လိုက်မကျွေးရဲမှာတုန်း၊ လာ သွားကြမယ်၊ အို . . . နေဦး ဒီပုံစံကြီးနဲ့ ရှက်စရာကြီး၊ လူတွေက ရှင့်ကို ဝိုင်းကြည့်နေကြတာ မရှက်ဘူးလား၊ အင်္ကျီလည်း မပါဘူး၊ အင်္ကျီတစ်ထည် ဝယ်မယ်ဆို၊ လာ ကျွန်မ လက်ဆောင်ဝယ်ပေးမယ် . . . မငြင်း





ကြေးနော်"

ယဉ်ကျေးက ခပ်သွက်သွက်ပြောရင်း အင်္ကျီတွေ အမှတ်တရ ရောင်းနေသော မင်းသားတစ်ယောက်၏ ဆိုင်ကလေးဆီသို့ ဦးဆောင်လာခဲ့ကာ တီရှပ်တစ်ထည်ဝယ်လိုက်၏။ သူ့ကို လှမ်းပေးတော့ သူက နှာခေါင်းကလေးရှုံ့ကာ . . .

"ဟာကွာ . . . သူများ ဝတ်ပြီးသား အကျကြီး မဝတ်ချင်ပါဘူး"

ဟု ဂျီကျနေသေးသည်။ ယဉ်ကျေးက မျက်လုံးကလေး ပြူးပြလိုက်ကာ . . .

"ဘာဖြစ်လဲ . . . ဒါက အမှတ်တရ ပျော်ပွဲရွှင်ပွဲပဲ၊ ရှင် ကိုယ်တုံးလုံးကြီးနဲ့ လျှောက်သွားနေတာထက်စာရင် ကိုယ်ပေါ်မှာ အင်္ကျီကလေး ရှိနေတော့ ပိုပြီးတင့်တယ်တာပေါ့၊ မဟုတ်ဘူးလား . . . လာ စကားမရှည်နဲ့၊ ပုလဲ နို့အေး ကော်ဖီ သောက်မယ်ဆို၊ ကျွန်မမှာ အလုပ်တွေရှိသေးတယ်၊ နေဦး . . . ရှင်ကရော ဆိုင်တစ်ခန်းတာဝန်မယူဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ယူတာပေါ့ . . . ကိုယ်က ကယ်ရီကေးချား ပန်းချီဆွဲပေးတာလေ၊ အခုပျင်းလို့ ခဏထွက်ပြီး လမ်းလျှောက်ထွက်လာတာ"

"ကယ်ရီကေးချားရေးတာ . . . ဟုတ်လား၊ ဒါဆို ကျွန်မရဲ့ပုံကို ဆွဲပေးလေ"

"သိပ်ဆွဲပေးတာပေါ့၊ နေဦး . . . ပုလဲနို့အေး ကော်ဖီသောက်ပြီးမှ ကိုယ့်ရဲ့ဆိုင်ကလေးဘက် သွားကြမယ်၊ အဲဒီကျမှ မင်းကို ဆွဲပေးမယ် . . . ဟုတ်ပြီလား"

မမျှော်လင့်ဘဲ ယဉ်ကျေးနှင့်သူ ရင်းနှီးသွားကြပုံမှာ အလွန် မြန်ဆန်လှသည်။ သူ့ကို နှပ်ချေးနှင့် သုတ်မိတာကပင် ခပ်ကောင်းကောင်းဟု ဆိုရမလားမသိ။

ပုလဲနို့အေးကော်ဖီ ဝယ်သောက်ကြပြီးနောက် သူ့ရဲ့ ကယ်ရီကေးချား အရုပ်ရေးသော ဆိုင်ကလေးရှိရာဆီသို့ လာခဲ့ကြသည်။ ဆိုင်ကလေးသို့ ရောက်သည်နှင့် သူက သူမရဲ့ ပုံကလေးကို ခဲဖြင့် ခပ်သွက်သွက် ရေးခြစ်ပေးလိုက်သည်။

"ရော့ . . . အမှတ်တရ သိမ်းထား၊ မပျောက်စေနဲ့နော်"





ဟုလည်း ဆိုလိုက်သေးသည်။ ယဉ်ကျေးက သူမ၏ ပုံတူပန်းချီကလေးကို မက်မက်မောမောကြည့်ရင်း . . .

"စိတ်ချ . . . အိမ်ရောက်ရင် ဘောင်သွင်းပြီး ကျွန်မရဲ့ စာကြည့်စားပွဲမှာ တင်ထားမှာ၊ ရှင့်ရဲ့ ကယ်ရီကေးချားပုံ တစ်ပုံလောက် လိုချင်တယ် . . . ရမလားဟင်"

"ဘုရားရေ . . . ကိုယ့်ပုံကိုယ် ပြန်ဆွဲရမယ် ဟုတ်လား. . . သေပြီဆရာ ဒီကောင်မလေး အလာကြီးပဲ၊ ကဲကဲ . . . ခဏနေဦး၊ ကိုယ် ကိုယ့်ဘာသာကိုယ် ပြန်ဆွဲကြည့်မယ်၊ ခပ်ချောချော ကောင်လေးတစ်ယောက် ဆိုပါတော့ကွာ"

သူက ရွှတ်နောက်နောက်ပြောလျက် သူ့ပုံသူ ပြန်ဆွဲပေးလိုက်လေသည်။ ယဉ်ကျေးက ပန်းချီစာရွက်ကလေးနှစ်ရွက်ကို တရိုတသေ ကိုင်လိုက်ရင်း . . .

"ကဲ . . . ကျွန်မ သွားတော့မယ်၊ ဟိုမှာ သူငယ်ချင်းတွေ လည်ပင်း ညောင်ရေအိုးလောက် ရှိတော့မယ်၊ ဖေဖေလည်း အခုလောက်ဆို ဒေါင်းတောက်နေ



www.burmeseclassic.com

www.burmeseclassic.com



လောက်ပြီ”

“အိုကေ . . . ဒီနေ့ကလေးကို မှတ်ထားနော်၊ ပိုလိုက်နဲ့ ဆန်းသစ်အုံ ဆိုတဲ့ ကောင်လေးနဲ့ ကောင်မလေးနှစ်ယောက် စတွေ့ကြတဲ့ နေ့ကလေးပေါ့၊ နောင်တစ်ချိန်မှာ သူတို့နှစ်ယောက်က ဘာဘာညာညာဖြစ်ချင် ဖြစ်လာဦးမှာ၊ အဲဒီတော့ ဘယ်တော့မှ မေ့မေ့လျော့လျော့ မရှိစေနဲ့ ဟုတ်လား . . .”

သူက အတည်လိုလို နောက်သလိုလိုနှင့် ရိသဲ့သဲ့ကလေး ပြောလျှင် ယဉ်ကျေးသည် သူ့ကို မျက်စောင်းကလေးဖြင့် ချစ်စဖွယ် ထိုးပစ်ခဲ့ပြီး လူအုပ်ကြားထဲကနေ တလှစ်လှစ် ပြန်ပြေးလာခဲ့မိသည်။ တကယ်လည်း ထိုနေ့ကလေးကို ယဉ်ကျေး အမြဲတမ်း အမှတ်တရ ရှိနေတော့မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ယဉ်ကျေး၏ ဘဝထဲသို့ အလွန် ချစ်စရာကောင်းသော လူငယ်လေးတစ်ဦး နောင်တစ်ချိန်မှာ ယဉ်ကျေး၏ ချစ်သူကလေးတစ်ယောက်အဖြစ် ရောက်ရှိဝင်ရောက်လာခဲ့သော ပထမဆုံး နေ့ကလေးတစ်နေ့ ဖြစ်သောကြောင့်ပင်။

ယဉ်ကျေး၏ ဆိုင်ကလေးဆီသို့ ပြန်ရောက်





လျှင် သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက်ဝိုင်းမေးကြသည်ကို တိုင်ခံ မဆုံးနိုင်အောင် ဖြေပေးနေရသည်။ ဖေဖေက ယဉ်ကျေးတို့အနားသို့ ဖျတ်ခနဲရောက်လာကာ မျက်မှောင်ကြီးကြုတ်လျက် . . .

“ပိုလိုက် . . . ခုနက ဘယ်ပျောက်သွားတာတုန်း၊ ဖေဖေ လိုက်ရှာတာ ခေါင်းမီးကို တောက်နေတာပဲ”

“ဟိုဘက်မှာ ပုလဲနို့အေးကော်ဖီ သွားသောက်တာပါ ဖေဖေရဲ့ . . .”

ယဉ်ကျေးက မျက်နှာပိုးသတ်ကာ မှင်သေသေ ပြန်ဖြေလိုက်သည်။ ဖေဖေက ယဉ်ကျေးကို မယုံသင်္ကာမျက်ဝန်းများဖြင့် စိုက်ကြည့်နေကာ လူတွေကြားမှာမို့ ဘာမှ မပြော။ သို့သော် . . . သတိထားနေဟူသော အဓိပ္ပါယ်ရသည့် မျက်ဝန်းများဖြင့် သတိပေးသွားကာ သူ့ဆိုင်ဘက်သို့ ပြန်ထွက်သွားတော့၏။

“ပိုလိုက် . . . ရှင်တော့ ကံကောင်းပြီ ဆရာ၊ ဆန်းသစ်အုံနဲ့မှ ဇာတ်လမ်း ဖြစ်ရတယ်လို့၊ သူ့မှာ ချစ်သူ လုံးဝ မရှိသေးဘူး သိလား၊ ကောင်မလေးတွေက သူ့ကိုဆို



www.burmeseclassic.com

www.burmeseclassic.com



အသည်းစွဲပဲ၊ ခိုက်ခိုက်တုန်အောင်ကို ကြိုက်ကြတာ၊ အဲဒီလို လူတစ်ယောက်ရဲ့ နှလုံးသားကို ရှင် သိမ်းပိုက်နိုင်ပြီ ဆိုမှတော့ ရှင်လိုလူ ဇမ္ဗူမှာ ရှိပါသေးရဲ့လား. . . ဟား ဟား ဟား"

"ရှင်တို့နှစ်ယောက် အရမ်းလိုက်တယ် ဆရာ၊ ရှေ့သွားနောက်လိုက် အရမ်းညီတာပဲ၊ အရမ်းချစ်ဖို့ကောင်းတယ် . . ."

"ကျွန်မတို့ သဘောတူတယ် ပိုလိုက်၊ ဇာတ်လမ်းကို ဆက်ဖြစ်အောင်ဆက် ကြားလား၊ ကျွန်မတို့လည်း သူနဲ့ ခင်ချင်နေတာ အတော်ပဲ . . ."

"အေး . . . ရှင်တို့က ဝိုင်းမြှောက်ပေးနေ၊ ဖေဖေက သူ့ကိုဆို လုံးဝ ကြည့်လို့ရတာ မဟုတ်ဘူး၊ ဘာတွေဆက်ဖြစ်မယ်မသိဘူး၊ ဖေဖေသိရင်တော့ မိုးမီးလောင်မှာ"

"မိုးမီးလောင်တော့လည်း မီးသတ်ပိုက်နဲ့ လှမ်းပက်လိုက်ပေါ့ဟယ်၊ အဲဒါတွေ လျှောက်စဉ်းစားမနေနဲ့ အဓိက,က ရှင်သူ့ကို ကြိုက်သလား မကြိုက်ဘူးလား ဒါပဲပြော"

"မကြိုက်ဘဲ ရှိပါ့မလားဟယ်၊ သူ့ မျက်နှာကလေးကို





နာရီကလေး ခြယ်ပေးကတည်းက ကျွန်မရင်တွေ နတ်ပူးသလို တဒိန်းဒိန်း တုန်နေတာ၊ တစ်ခါမှ အခုလောက်ရင်မခုန်ခဲ့ဖူးဘူး၊ သူ့ကို အရမ်း ရင်ခုန်တယ် . . . သိလား၊ ပြီးတော့ သူ့ပုံစံကလည်း အရမ်းချစ်ဖို့ကောင်းတယ်"

"ဒါပဲပေါ့ . . . သူကလည်း ရှင့်ကို မချစ်ဘဲ နေနိုင်မှာ မဟုတ်ပါဘူး၊ ရှင့်ပုံစံကလေးက ဘယ်ယောကျ်ားသားမှ ငြင်းဆန်လို့ မရတဲ့ မျက်နှာကလေး၊ သိပ်ချစ်ဖို့ကောင်းတာ၊ ကျွန်မ ဗေဒင်ဟောလိုက်မယ်၊ နောက်တစ်နေ့မှာ သူ ရှင့်ကို ဆက်ကို ဆက်သွယ်စေရမယ် . . ."

"အဲဒီတော့လည်း မီးစဉ်ကြည့်ကရတာပေါ့ဟယ် . . ."

ထိုနေ့က ယဉ်ကျေးသည် အိပ်မက်ကလေး တစ်ခု အသစ် စတင်၍ မက်ခဲ့ပါသည်။ ထိုအိပ်မက်ထဲမှာ ယဉ်ကျေးနှင့် ဆန်းသစ်တို့ ချစ်သူတွေ ဖြစ်သွားခဲ့ကြသည်တဲ့။ ဟား ဟား . . . အတော်ချစ်ဖို့ကောင်းတဲ့ အိပ်မက်ကလေး ပင်။

ဋဋဋ

www.burmeseclassic.com

www.burmeseclassic.com







အခန်း . . . (၂)

အဲဒီနေ့က ဝီရက သူငယ်ချင်းတစ်ယောက်ဖွင့်ထားသော MR. Lonely ဟု အမည်ပေးထားသော Internet Cafe ဆိုင်ကလေးဆီသို့ သူငယ်ချင်းနှင့်တွေ့ဖို့ လာခဲ့ခြင်း ဖြစ်သည်။ ကော်ဖီဆိုင်ရှိ ကားပါ့ခ်ကင်နေရာမှာ သူ့ကား ထိုးရပ်လိုက်ပြီးအချိန်မှာ သူ အလွန်မုန်းသော Hip Hop ကောင်လေးတစ်အုပ်၏ မျက်စိနောက်စဖွယ် ပြင်ဆင်ခြယ်သထားသော Celica ပြိုင်ကား ပန်းခရမ်းရောင် ရင့်ရင့်ဘ သူ့ရဲ့ ကားအရှေ့တည့်တည့်မှာ ပိတ်ပြီး ရပ်ပစ်လိုက်သည်။ ထိုခဏမှာ သူ့ စိတ်တွေ ထောင်းခနဲဖြစ်သွား၏။ ကားပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါလာသော ကောင်လေးတွေအားလုံးကို သူ သိပြီးသား။ Blue Rain အပြာရောင်မိုးဆိုသော Hip Hop အဖွဲ့ကလေး ဖွဲ့ထားပြီး ဂီတလောကမှာ အခုတလော တရိပ်ရိပ် အောင်မြင်ကျော်ကြား လူကြိုက်များလာကာ ဆယ်ကျော်သက် မိန်းကလေးတို့၏ နှလုံးသားတွေကို လွှမ်းမိုးသိမ်းပိုက်နိုင်သော အုပ်စုကလေး ဖြစ်သည်။ အရွယ်ကလေးတွေက သူမွေးမှ သူ့သားအရွယ်လောက်သာ ရှိဦးမည်။ သူ့သမီးနှင့်မှ ရွယ်တူပေါ့။ ပုံစံတွေက လုံးဝ ဒေါက်မကျိုး။ လူကိုကြည့်သော မျက်ဝန်းတွေက ကျီစယ်ချင်သလိုလို၊ နောက်ပြောင်ချင်သလိုလို၊ လှောင်သလို ရယ်သလို မျက်ဝန်းတွေနှင့် လူကြီးကို သူတို့ နောက်စရာလားဟု ဝီရ ဒေါသထွက်သွားကာ ကားတံခါးကို ဝုန်းခနဲ ဆောင့်ပိတ်ပစ်လိုက်ပြီး ကားပေါ်မှ ခုန်ဆင်းလာခဲ့၏။ ဒီကောင်လေးတွေလောက်တော့ သူ့လက်သီး တစ်ချက်စာပဲ ရှိသည်။ အားလုံး ပိန်ပိန်လိန်လိန်လေးတွေချည်း။ သူ့လို ဗလနှင့် မှင်နှင့်မောင်းနှင့် ဖွံ့ထွားကျစ်လျစ်သူမျိုး မဟုတ်။

သူက ထိုကောင်လေးတွေ၏ ကားရှေ့မှာ သွားရပ်လိုက်ကာ သူတို့ကား ဘောနက်ကို ဒုန်းခနဲတစ်ချက်





ထုချပစ်လိုက်ကာ . . .

“ဟေ့ကောင်တွေ မင်းတို့ ဒါ ဘာသဘောလဲကွ၊ ငါ့ကို စိန်ခေါ်တဲ့ သဘောလား၊ တမင်သက်သက် ရန်စတာလား”

“ကျွန်တော်တို့ ဘာလုပ်မိလို့လဲ”

အုပ်စုထဲမှ ခေါင်းဆောင်ဖြစ်သော ဆန်းသစ်အုံ့က အသားလွှတ် ဗလိုင်းကြီး လာဟောက်နေသော အဆိုတော် ဝီရကို မခံချင်သော မျက်နှာပေးဖြင့် လှမ်းမေးလိုက်သည်။ တကယ်က သူတို့ ဝီရရဲ့ကားပေါ်မှာ ပိတ်ရပ်ဖို့ အစီအစဉ်မရှိ။ တမင်သက်သက် တိုက်ဆိုင်သွားခြင်း သက်သက်သာ ဖြစ်ပါသည်။ ကော်ဖီဆိုင်ရှေ့မှာ ပါ့ခ်ကင်ထိုးဖို့ နေရာ ရုတ်တရက် ရှာမတွေ့သေးသောကြောင့် ကားကို ခဏ ရပ်လိုက်မိခြင်း ဖြစ်သည်။ ပြီးမှ တစ်နေရာရာမှာ ပါ့ခ်ကင်ဝင်ထိုးမလို့ ဟိုဟိုဒီဒီ ကြည့်နေမိတုန်း သူတို့ကား ရပ်မိသည့်နေရာက ဝီရရဲ့ကားရှေ့တည့်တည့်မှာ ဖြစ်နေကြောင်း သတိထားမိလိုက်သည်။ လူကြီးက အသားလွှတ်ကြီး တင်းမာနေကာ မလိုအပ်ဘဲ ဒေါသတွေ ကြီးနေသောကြောင့် ကားပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါလာသော သူ့သူငယ်ချင်းတွေပင် မခံချင်စိတ်ဖြင့် မရိုးမရွ တွေ ဖြစ်ကုန်ကြ၏။

"ဒီလူကြီးက ဘာကြီးလဲကွ၊ ဗလိုင်းကြီး လာရစ်နေပါလား၊ ဆန်းသစ် . . . မင်း တစ်ခုခု ပြန်ပြောလေ၊ သူ့သမီးကို ကြိုက်တာနဲ့ သူ့အဖေ ဟောက်တိုင်း ငြိမ်ခံတော့မလို့လား"

ဟု ဘေးကနေ တွန်းထိုး ပုံပိုးလျက် ရှိကြသည်။

"နေစမ်းပါဦးကွာ . . . ငါ မေးပါဦးမယ်"

ဟု သူငယ်ချင်းတွေကို ပြောရင်း ဆန်းသစ်က ကားပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းလိုက်ကာ ဝီရနှင့် ရင်ဆိုင်လိုက်သည်။ တကယ်တော့ ဝီရဆိုသည်မှာ ဆန်းသစ်တို့လေးစား အထင်ကြီးရသော Rock ဘုရင်တစ်ယောက် ဖြစ်ပါသည်။ သူ့ရဲ့ သီချင်းတွေကို ဆန်းသစ်တို့ ကလေးဘဝကတည်းက အသည်းစွဲအောင် ကြိုက်နှစ်သက်ခဲ့ရသည်။ အခုအချိန်ထိလည်း ဝီရကိုဆိုလျှင် သူတို့ မက်မက်မောမော အားပေးနှစ်ခြိုက်ကြတုန်းပင်။ ဝီရအသက်က အလွန်ဆုံးရှိလှမှ လေးဆယ်





ခွန်းခွန်းပေါ့။ သူတို့က ၂၂နှစ်၂၃နှစ်မို့ အသက်က ဆယ့်ခွန်ဆယ့်ရှစ်လောက် ကွာခြားပါသည်။ လူကြီးတစ်ယောက်ကို ဗလိုင်းကြီး ရိုင်းပြစော်ကားရလောက်အောင် သူတို့လည်း လူရိုင်းတွေ မဟုတ်။ သို့သော် ဘယ်လိုမှ မျှော်လင့်မထားသော ပြဿနာတလေးနှင့် ထိပ်တိုက် လာရင်ဆိုင်နေတော့လည်း လူငယ်ကလေးတွေပီပီ သူတို့မှာလည်း မခံချင်စိတ် သွေးဆူစိတ်တို့ အပြည့် ရှိသည်ပင်။

"ဘာလုပ်ရမှာလဲကွ . . . မင်းတို့လုပ်တာ မင်းတို့ အသိဆုံး ဖြစ်မှာပေါ့၊ ငါ့ကားရှေ့တည့်တည့်မှာ မင်းတို့ လာပိတ်ရပ်တာ ဘာသဘောလဲ၊ ငါ့ကို မလေးမစားပမာမခန့် လုပ်တဲ့သဘောလား"

ဝီရက ဒေါသထွက်ထွက်နှင့် ဖိဟောက်ပစ်နေ၏။ တကယ်ဆို ဈေးရောင်းပွဲတော်ညကတည်းက အဲဒီကောင်လေးကို သူ လုံးဝ ကြည့်၍မရ။ သူ့သမီးဆီမှာ ရစ်သီရစ်ဝဲဖြင့် ရှိသဲ့သဲ့ လာလုပ်သွားသည်ကို သူ့မျက်စိနှင့် တပ်အပ် မြင်ခဲ့ပြီးသား။ ပြီးတော့ သူ့သမီး လှစ်ခနဲ ပျောက်သွားသည်မှာလည်း သူတို့နောက် ပါသွားခြင်း ဖြစ်နိုင်သည်။ ဘယ်နည်းနဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီးကို အဲဒီကောင်လေးနှင့် သဘောတူ မကြည်ဖြူနိုင်။ နဂိုကမှ Hip Hop လူငယ်ကလေးတွေထဲမှာ ဆန်းသစ်အဲ့ဆို သော ကောင်ကို သူ ကြည့်မရအဖြစ်ဆုံး။

"ကျွန်တော်တို့ လုံးဝ ရန်မစဘူးဗျာ၊ ပမာမခန့်လည်း မလုပ်ပါဘူး၊ လေးစားပါတယ်၊ ဦးလေးက Rock တခွေ ဘိုးအေကြီးပဲ၊ ကျွန်တော်တို့ မထီလေးစား မလုပ်ဝံ့ပါ ဘူး၊ ကြောက်ပြီးသားပါ . . ."

ဆန်းသစ်က အနည်းငယ် သရော်တော်တော် အသံစွက်လျက် ကြောက်သလို ရွံ့သလို ဟန်ပန်မျိုးဖြင့် ပခုံးက လေးကျုံ့ကာ ကျုံ့ကာဖြင့် ပြန်ပြောလိုက်သည်။ သူငယ်ချင်း တွေကလည်း ကားပေါ်ကနေ တဖြုတ်ဖြုတ် ဆင်းလာကြ၏။ ပွဲက နည်းနည်းတော့ ကြမ်းချင်သည်။

ဝိရ၏ မျက်နှာထားက အစွမ်းကုန် တင်းမာ သွား၏။ လက်သီးနှစ်ဖက် ကျစ်ကျစ်ဆုပ်ထားကာ ထိုကောင် လေး၏ မျက်နှာဆီသို့ လက်သီးနှင့်ထိုးဖို့ ရှေ့သို့ တစ်လှမ်းချင်း တိုးသွားနေပြီ။ ဒါ တမင်သက်သက် သူ့ကို ရန်စ စိန်ခေါ်နေ တာ။ မျက်နှာထားတွေက မထီလေးစားပမာမခန့် ရုပ်တွေနှင့်





ပြောပုံကိုက လှောင်သလို ပြောင်သလို ရိသဲ့သဲ့နှင့်။

"မင်း . . . ဘာ လူပါးဝတာလဲ ဟေ့ကောင်၊ လာစမ်း မင်းလိုကောင်မျိုးလေးတွေလောက်တော့ ငါ့လက်သီး တစ်ချက်စာပဲရှိတယ်ကွ နားလည်လား၊ လာခဲ့ . . . မင်းတို့နဲ့ ငါ ချမယ်"

သူ စိန်ခေါ်လိုက်စဉ် သူ့ သူငယ်ချင်းက ဆိုင် ထဲမှ အပြေးအလွှား ထွက်လာ၏။

"ဝိရ . . . ဝိရ ဟာ နေပါဦးကွာ၊ ဒေါသမကြီးပါနဲ့ သူ ငယ်ချင်းရာ၊ ဘာတွေဖြစ်နေကြတာလဲ၊ ဟော . . . ဆန်းသစ်တို့ အုပ်စုပါလား၊ ရန်မဖြစ်ကြပါနဲ့ကွာ၊ ကိုယ့် ဂီတလောကသမား အချင်းချင်းပဲ ဥစ္စာ၊ ဘယ်လိုဖြစ်ပြီး စငြိကြတာလဲ . . ."

သူငယ်ချင်းက ပြူးပြူးပြာပြာနှင့် ဝင်ရောက် လာပြီး သူတို့နှစ်ယောက်၏ ကြားထဲသို့ ဝင်ရပ်လိုက်ကာ သူ့ ဘက်ကိုလှမ်းပြောလိုက်၊ ဆန်းသစ်အဲ့တို့ဘက်သို့ လှည့်ပြော လိုက်နှင့် ဝင်ရောက်ဖြန်ဖြေနေသဖြင့် ကြမ်းတော့မည့်ပွဲက မကြမ်းနိုင်တော့ဘဲ အနည်းငယ် အားလျော့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်က ...

"ကျွန်တော်တို့ ဘာမှ လုပ်စားမဟုတ်ပါဘူး ဦးနေရာ၊ ကားပါခဲ့ကင်နေရာမတွေ့သေးလို့ ကား ခဏရပ်ပြီး နေရာ ရှာနေတာပါ၊ အဲဒါ သူ့ကားရှေ့မှာ ပိတ်ရပ်မိလို့ တဲ့ဗျာ၊ ဗလိုင်းကြီး ဆင်းလာပြီး စွတ်ဝုန်းနေတာ"

"ဟေ့ကောင် ... မင်း တမင်သက်သက် ငါ့ကားမှန်း သိလို့ ငါ့ကားရှေ့မှာ ပိတ်ရပ်တာကွ၊ ငါ့ကို အဲဒီလို လာကျော့လို့ နည်းနည်းလေးမှ မခံဘူးကွ၊ နားလည် လား ...၊ ငါက မင်းတို့ထက် အရင်စောပြီး အောင် မြင်မှုဆိုတဲ့ အရာကို စားသုံးလာတဲ့ကောင်၊ မင်းတို့ လောက်ကတော့ သနားသည်ပဲ"

"ကျွန်တော်တို့ကလည်း သနားပါသည်ဗျာ ..."

ဆန်းသစ်က လုံးဝ သည်းမခံနိုင်တော့ဘဲ ခပ်ရွဲ့ရွဲ့ ပြောပစ်ခဲ့ကာ ကားပေါ်သို့ ပြန်ခုန်တက်ပြီး ကားကို ဝူးခနဲနေအောင် လီဗာကို တမင်သက်သက် တအားဆောင့်ဖိ နင်းပြီး ပြန်ထွက်လာခဲ့ကြသည်။

"တောက် ... ဒီကောင်တွေ တော်တော် ရိုင်းတဲ့





ကောင်တွေကွာ၊ သူတို့ကိုယ် သူတို့ ဘာကောင်တွေများ မှတ်နေသလဲ မသိဘူး၊ သူငယ်နှပ်စားကလေးတွေ၊ နှပ် ချေးတောင် စင်သေးတာ မဟုတ်ဘူး၊ မနေ့တစ်နေ့ကမှ ဂီတလောကထဲ ဝင်လာပြီး ဘာလိုလို ညာလိုလိုနဲ့ ငါ့ ကြည့်လို့ကိုမရဘူး"

ဝီရက တဖျစ်တောက်တောက် မြည်တွန် တောက်တီးလျက် ကျန်ရစ်ခဲ့သည်။ ဝီရ သူငယ်ချင်း နေမင်းက သူ့ပခုံးကို ဖက်ကာ ချော့မော့ ဖျောင်းဖျဟန်ဖြင့် ...

"ထားလိုက်ပါကွာ ... မင်းကလည်း အဲဒီလောက် ဒေါသကြီးစရာမလိုပါဘူး၊ ဒီကောင်လေးတွေ အဲဒီ လောက်လည်းမရိုင်းပါဘူး၊ ယဉ်ယဉ်ကျေးကျေး ကလေး တွေပါ၊ မင်းက သွားပြီး ဝုန်းဒိုင်းကြဲတော့ သူတို့လည်းမ ခံချင်စိတ်နဲ့ ပြန်ပက်သွားတာ ဖြစ်မှာပါ၊ ထားလိုက် ပါ... မေ့ထားလိုက်ပါ၊ မင်းခေါင်းထဲ ထည့်မနေနဲ့ လာ ... ဆိုင်ထဲဝင်ရအောင်၊ မင်းကိုမင်း Celeb- rity တစ်ယောက်ဆိုတာ မေ့မထားနဲ့ဦးလေ၊ သူတို့က လည်း Celebrity တွေ ဖြစ်နေပြီ၊ မင်းတို့အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ရှန်းရင်း ဆန်ခတ် ဖြစ်ကြတယ်ဆိုရင် သတင်းတွေက ချက်ချင်း ပျံ့သွားကုန်မှာ၊ အဲဒီလောက်ကြီး ရုပ်ပျက်ဆင်းပျက် မဖြစ်စမ်းပါနဲ့ကွာ”

“မဟုတ်သေးဘူးကွ . . . ငါ ဒီကောင်တွေကို ကြည့်မရတာ ကြာပြီ၊ ဟိုတစ်လောတုန်းကလည်း ဈေးရောင်းပွဲတော်တုန်းက ငါ့သမီးကို ရစ်သီရစ်သီ လာလုပ်သွားကြပြီးပြီ၊ အဲဒီတုန်းကတည်းက ငါ ကြည့်လို့ရတာ မဟုတ်ဘူး”

သူ ဒေါသတွေ တော်တော်နှင့် မပြေနိုင်။ သူ ငယ်ချင်းတွေက စိတ်ရှည်လက်ရှည်ပင်ဖျောင်းဖျနှစ်သိမ့်နေသည်။ နောက်ဆုံးတော့ သူ စိတ်ကို မနည်းကြိုးစားပြီး လျှော့ချပစ်လိုက်ရသည်။ သူ့ကိုယ်သူလည်း အံ့ဩမိပါသည်။ သူ့ သက်တမ်းတစ်လျှောက်မှာ တစ်ခါမှ အခုလောက် ဒေါသတကြီး မ ဖြစ်ခဲ့ဘူးပါ။ အထူးသဖြင့် သူက အများပြည်သူ၏ အာရုံစိုက်ခြင်းကို ခံနေရသော Celebrity တစ်ယောက်ဖြစ်သည်မို့ အများပတ်ဝန်းကျင် ပရိတ်သတ်၏ ရှေ့မှောက်မြင်ကွင်းမျိုးမှာ သူ့ကို သူ အမြဲတမ်း ထိန်းသိမ်းချုပ်ထိန်းစွာ နေထိုင်ခဲ့သူ





ဖြစ်သည်။ ဒီကောင်လေးတွေနှင့်မှ ဘာဖြစ်လို့ အခုလောက် မလိုအပ်ဘဲ ဒေါသတကြီး ပေါက်ကွဲသွားခဲ့ရသည်မသိ။ နောက်တော့မှ သူ ပြန်စဉ်းစားမိသည်။ အဓိက,ကတော့ သူ့သမီးနှင့် ပတ်သက်နေသောကြောင့်သာ ဖြစ်မည်။ သမီးနှင့်သာ မပတ်သက်လျှင် ဒီကောင်လေးတွေကို သူ ဂရုစိုက်စရာလည်း မလို၊ အာရုံထဲမှာ လည်းမရှိ။ သူတို့လည်း သူတို့လိုင်းနှင့် သူတို့ အောင်မြင်ကျော်ကြားနေသလို ဝီရဆိုသည်မှာလည်း Rock ဂီတလောကကမှာ အခုအချိန်ထိ သရဖူဆောင်းဆဲ ဒိတ်ဒိတ်ကြဲအဆိုတော်တစ်ယောက်သာ ဖြစ်သည်။ ဘယ်သူ့ကိုမှ သူ အာရုံစိုက်လေ့မရှိ။ မနာလိုဖြစ်စရာလည်းမရှိ။ သမီးနှင့် ပတ်သက်လာလျှင်သူ အမြဲတမ်း သဝန်တိုစိတ်ပြင်းစွာ ဒေါကြီးမာန်ကြီး ဖြစ်နေကြဖြစ်သည်။ သမီးက သူ့ရဲ့ နှလုံးသည်း အိမ်ကလေးပင်။ တစ်ဦးတည်းသော သမီးကလေးမို့ လိုလေသေးမရှိ လိုတရအောင် အလိုလိုက်ထားကာ ဖူးဖူးမှုတ်ထားသည်မို့ သမီးကလေးက အလွန် ကလေးဆန်ကာ ရှေ့နောက် သိပ်မဆင်ခြင်တတ်ဘဲ ကလေးတစ်ယောက်လို တဇွတ်ထိုး ဆိုးချင်တိုင်း ဆိုးနွဲ့တတ်သူမို့ သမီးအတွက် သူ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ရင်လေးရသည်။ အခုလို အရွယ်ကလေးရလာပြီး မြီးကောင်ပေါက်ကလေး ဖြစ်လာတော့ သမီးရဲ့ ရုပ်ကလေးက အများသူငါထဲမှာ သူမတူ တမူခွဲပြီး ထူးထူးခြားခြား ပေါ်လွင်ထင်ရှားနေကာ အချောအလှကြီး မဟုတ်သော်လည်း အလွန်ချစ်စရာကောင်းပြီး Cute ဖြစ်လွန်းသည်မို့ သမီးကို ကောင်ကလေးတွေတော်တော်များများက သဘောကျကြသည်။ အဲဒါကို သူအလွန်သဝန်တိုသည်။

တကယ်တော့ သမီးသည် ကလေးလေးတစ်ယောက် မဟုတ်တော့။ အရွယ်ရောက်လာပြီး လှချင်တိုင်းလှကာ လိပ်ပြာကလေးတစ်ကောင်လို အရောင်အသွေးစုံလင်လျက် လန်းဆန်းမြူးတူးနေသော အရွယ်ကလေးမို့ သူ သမီးကို ဘယ်တော့မှ စိတ်မချနိုင်။ အခုလို ထောင့်မကျိုးသောကောင်ကလေးတွေနှင့်ဆို ပို၍ပင် စိတ်မချနိုင်။

"ဒီကောင်လေးတွေက မဆိုးပါဘူးကွာ၊ ငါ့ဆိုင်မှာ လာလာပြီး Game အမြဲတမ်း လာကစားနေကျပါ၊ စကားပြောလည်း ယဉ်ကျေးသိမ်မွေ့ပါတယ်၊ လူငယ်တွေဆိုတော့ မဟုတ်မခံစိတ်တော့ ရှိမှာပေါ့ကွာ၊ မင်းကလဲ





ကိုယ့်ကားရှေ့မှာ ခဏလေး ရပ်ရုံလေးနဲ့ အဲဒီလောက်တောင် ဒေါသဖြစ်စရာလားကွ"

"အေး . . . ဖြစ်တယ်ကွ၊ တခြားလူတစ်ယောက် လာပိတ်ရပ်ရင် ငါ ဘာမှ ဖြစ်မှာ မဟုတ်ဘူး၊ အဲဒီကောင်လာပိတ်ရပ်လို့ကို ဖြစ်တာ၊ ငါ လုံးဝကိုကြည့်မရဘူး၊ ငါ့ သမီးကို လာပြီး ရိသဲ့သဲ့လုပ်ကတည်းကကို ကြည့်မရတာ"

"ဟား . . . ဟား . . . ဟား"

သူငယ်ချင်းက သဘောကျစွာ ရယ်မောလျက် သူ့ပခုံးကို တပုတ်ပုတ် ပုတ်လေသည်။ သူ သက်ပြင်းမောကို ချလိုက်မိသည်။ အဲဒီသမီးတစ်ယောက်အတွက် သူ ဘယ်တော့မှ စိတ်မအေးနိုင်။ သမီးနှင့်ပတ်သက်ပြီး သူ့မိန်းမနှင့်လည်း တကျက်ကျက် ရန်ဖြစ်ရသည်မှာ မကြာခဏ။ သမီးက အသွက်လွန်လွန်းကာ တဖျပ်ဖျပ်နှင့် လျှပ်စီးလက်သလို သွက်လက်လွန်းတာမို့ သမီးကို မျက်စိဒေါက်ထောက် ကြည့်နေရင်းပင် သူ့ ချာချာလည်ကာ မျက်ခြည်ပြတ်လျက် ကျန်ရစ်ရတတ်မြဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသမီးက ချစ်စရာကောင်းဟာကိုကွ၊ ချစ်စရာကောင်းတော့ လူတိုင်း ချစ်ကြမှာပေါ့၊ ဒါ မဆန်းပါဘူး၊ မင်းလည်း မင်းမိန်းမကို ပိုးခဲ့တုန်းက မင်းမိန်းမက သူတစ်ပါးရဲ့ သမီးပဲ၊ ဒီလိုပဲ အဖေဆိုတာ တစ်ခါတုန်းက သားပါပဲ ဟား . . . ဟား . . . ဟား"

သူငယ်ချင်းက ရယ်စရာမောစရာတွေ ပြောရင်း သူ့ကို စိတ်ဆိုးပြေအောင် ချော့မော့ဖျောင်းဖျနေသည်။ ခဏနေတော့ သူ မေ့မေ့ပျောက်ပျောက်ပင်ပြန်ဖြစ်သွား၏။ သူငယ်ချင်းနှင့် လာရင်းကိစ္စကို တိုင်ပင်ဆွေးနွေးဖြစ်ကြသည်။ တကယ်တော့ သူ့ရဲ့ Live Show အတွက် သူငယ်ချင်းကို စတိတ်ရှိုး Decoration ပြင်ဆင်ပေးဖို့ လာရောက်စကားပြောခြင်း ဖြစ်သည်။ သူငယ်ချင်းက အနုပညာမျက်စိ အလွန်ရှိသူမို့ သူ့ရဲ့ Show တွေတိုင်း သူငယ်ချင်းကိုပင် ပြင်ဆင်ခိုင်းနေကျဖြစ်သည်။

"ဒီကောင်လေးတွေလဲ မဆိုးဘူးနော်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ တော်တော် အောင်မြင်လာတယ်၊ မိန်းကလေးတွေ တော်တော်ကြိုက်ကြတယ်ကွ"





"တော်စမ်းပါကွာ၊ မိန်းကလေးတိုင်း ကြိုက်ကြပေမဲ့ အဲဒီမိန်းကလေးတွေထဲမှာ ငါ့သမီးတော့ မပါဘူးကွ"

သူ ခေါင်းမာမာဖြင့်ပင် ဘုဆတ်ဆတ် ပြန်ပြောပစ်လိုက်သည်။ ရင်ထဲမှာ ထင့်ခနဲတော့ ဖြစ်သွား၏။ တကယ်ရော သူ့သမီး မပါဝင်တာ ဖြစ်နိုင်ပါ့မလား . . .။

ဋဋဋ

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာ သူတို့အုပ်စု လုံးဝ ပေါက်ကွဲလျက် ရှိကြသည်။ ဆန်းသစ်က စတီယာရင်ကို လက်ဖြင့် တဖြန်းဖြန်း ပုတ်ရင်း . . .

"မကျေနပ်ဘူးကွာ . . . လုံးဝမကျေနပ်ဘူး၊ အဘိုးကြီးက ဝလိုင်းကြီး လာရင့်သွားတာ"

"အေးကွာ . . . လုံးဝ မမိုက်ဘူး၊ သူ့အရွယ်ကြီးနဲ့ လူကြီးမဆန်လိုက်တာ၊ သူငယ်ပြန်နေသလား မသိဘူး၊ ငါတို့နဲ့များ ပြိုင်ဖိုက်ချင်နေသေးတယ်"

"မင်းတော့ သွားပြီ ဆန်းသစ်၊ မင်းနဲ့ သူ့သမီးရဲ့ ရှေ့ရေးကတော့ ရင်မအေးစရာပဲ"





"မရဘူး . . . မရဘူး ငါ ဆုံးဖြတ်လိုက်ပြီ၊ ဒီနေ့ကစပြီး သူ့သမီးကို မရအရ ခြွေယူတော့မယ်၊ အဲဒါ ငါ့ရဲ့ သန္နိဋ္ဌာန်ပဲ"

သူတို့အုပ်စု ကားပေါ်မှာ တစ်ယောက်တစ်ပေါက် ဆူညံစွာ အော်ဟစ်နေကြခြင်းဖြစ်သည်။ ဆန်းသစ်က ကားကို အင်းယားကန်စောင်းဘက်သို့ မောင်းသွားပြီး အင်းယားရေပြင်ကြီးကို ကြည့်ကာ လေတွေတဝကြီးရှူသွင်းလျက် ဒေါသကို ဖြေဖျောက်ရသည်။ တကယ်တော့ သူ ဝီရနှင့် ရန်သူတွေ မဖြစ်ချင်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူ့သမီးကို ကိုယ်က စိတ်ဝင်စားခဲ့မိပြီကို။ ဘာကြောင့်မှန်းမသိ အလွန်ချစ်စရာကောင်းသော သွက်သွက်လက်လက် ချက်ချက်ချာချာနှင့် ကလေးဆန်လွန်းလှသော အမူအရာတွေ ပိုင်ဆိုင်ထားသည့် [illegible]လိုက်ကို ဦးဝီရ၏ သမီးအဖြစ် မဂ္ဂဇင်းတွေထဲမှာ တွေ့ရစဉ်ကတည်းက သူ စိတ်ဝင်စားနေခဲ့မိတာ။ လူချင်း တော့တော့ဆိုင်ဆိုင် ရင်ဆိုင်ဆုံတွေ့ခဲ့ရသည်ကတော့ ဈေးရောင်းပွဲတော်ညမှာဖြစ်သည်။ အဲဒီညမှာလည်း တိုက်တိုက်ဆိုင်ဆိုင်ပင် သူ့ကိုမှ [illegible]လိုက်က လူချင်း လာရောက်ထိတွေ့ခဲ့မိခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော ထိတွေ့ခြင်းတော့ မဟုတ်ဘူးပေါ့လေ။ ကြံကြံဖန်ဖန် သူ့အကျီမှာ နှပ်ချေးလာသုတ်သော ကောင်မလေးဖြစ်သည်။ သို့သော် ထိုကောင်မလေးကိုပင် သူ စွဲစွဲလမ်းလမ်းဖြစ်သွားခဲ့သည်။ ပြီးတော့ သူ့ရဲ့စိတ် နဂို အရင်းခံကလည်း ဦးဝီရအပေါ် လေးစားအထင်ကြီးစိတ်နှင့် စွဲလမ်း သဘောကျခဲ့တာကြောင့်လည်း သူ့ သမီးဖြစ်သူကို ပို၍ နှစ်လိုမက်မောသွားခဲ့သည်လားမသိ။ အခုလို ရုပ်ပျက် ဆင်းပျက် အခြေအနေမျိုးနှင့် ပဋိပက္ခ ဖြစ်ကြရလိမ့်မည်ဟု သူ လုံးဝ မမျှော်လင့်ခဲ့။

သူ စိတ်ပြေသလောက်ရှိသွားချိန်မှာ ဟိုတစ်နေ့ညကစပြီး သူ စုံစမ်းထားခဲ့သော ပိုလိုက်၏ Mobile ဖုန်းကလေးဆီသို့ Message တစ်ခု ခပ်သွက်သွက် ပို့ပစ်လိုက်တော့သည်။

ဋဋဋ



အဲဒီအချိန်က ယဉ်ကျေးက သူငယ်ချင်းတွေနှင့် ဆန်းသစ်အုပ်အကြောင်းကို မြိန်ရေရှက်ရေ စားမြုံ့ပြန်နေကြချိန်ဖြစ်သည်။ ရုတ်တရက် ယဉ်ကျေး၏ Motorola ဖုန်းရောင် ခေါက်ဖုန်း ပြားပြားသေးသေးကလေးဆီမှ Message ဝင်လာသော တီးလုံးသံကလေး မြည်လာခဲ့ခြင်း ဖြစ်သည်။ ယဉ်ကျေးက ဘာရယ်မဟုတ် အမှတ်တမဲ့ ဖွင့်ကြည့်လိုက်တော့ ဖုန်း Screen ကလေးပေါ်မှာ စာတန်းလေးတစ်ခု။

"ကိုယ်နဲ့ ကော်ဖီသောက်လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်။ ကိုယ့်ကိုခင်ရင် လိုက်ခဲ့နော်၊ ညနေ ၆နာရီ အဆိုမှာ



www.burmeseclassic.com

www.burmeseclassic.com



*ကိုယ်မင်းရဲ့အိမ်မှာ လာခေါ်မယ်၊ လှလှပြင်ပြီး စောင့်နေပါ . . .*

*S.T.U* ”

ဟူသော အင်္ဂလိပ်လို ရေးထားသော စာတန်းကလေး ဖြစ်သည်။ ယဉ်ကျေးက မျက်မှောင်ကလေး ကြုံ့လိုက်ကာ . . .

“ကြည့်စမ်း . . . STU ဆိုတော့ ဆန်းသစ်အုံ့ပေါ့၊ အခုပဲ သူ့အကြောင်း ပြောနေကြသေးတယ်၊ သူ့ဆီက Message ဝင်လာတယ်တော့၊ မောင်မင်းကြီးသား သက်တော်ရာကျော် ရှည်ဦးမယ်၊ ကျွန်မကို ကော်ဖီသောက်ဖိတ်တာတဲ့၊ ဒီနေ့ညနေ ၆နာရီမှာ အိမ်မှာ လာခေါ်မယ်တဲ့၊ အဲဒါ ဘယ်လိုလုပ်ကြမလဲ . . .”

ယဉ်ကျေးက Message ကို ဖတ်ပြီးတာနှင့်ထိုင်နေရာမှ ဝုန်းခနဲ ခုန်ထပစ်လိုက်ကာ ကိုယ်ကလေးကိုတွန့်တွန့်လိမ်လိမ်ကလေးလုပ်ကာ ကလိုက်ရင်း ဝမ်းသာအားရကြီး အော်ဟစ်လိုက်သည်။ ယဉ်ကျေး၏ပုံစံကို ကြည့်ပြီးသူငယ်ချင်းတွေကလည်း အသည်းတယားယား ပျော်ရွှင်သွား





ကြပုံတွေဖြင့် ဝိုင်း၍ ကောင်းချီးသြဘာ ပေးနေကြ၏။

“ကြည့်စမ်း . . . ဆန်းသစ်အုံ့က ခြေလှမ်းတွေ သွက်လှချည်လား၊ ဒီလောက် မြန်မြန်ကြီး ဆက်သွယ်လာလိမ့်မယ်လို့တောင် ထင်မထားဘူး၊ သူ ဆက်သွယ်လာပုံကလည်း အပျံစားပဲဆရာ၊ ဟဲ့ . . . အခု လေးနာရီတောင် ထိုးပြီ၊ ခြောက်နာရီလာခေါ်မှာဆိုတော့ ရှင်အိမ်ပြန်တော့လေ၊ ကျွန်မတို့ရော လိုက်ခဲ့လို့ မရဘူးလား”

“ဘယ်ရမလဲဟဲ့ . . . ကျွန်မတစ်ယောက်တည်းကို ဖိတ်တဲ့ဥစ္စာ၊ နေဦး . . . ခြောက်နာရီဆိုရင် ဖေဖေများအိမ်မှာ ရှိနေမလားမသိဘူး၊ ဖေဖေရှိနေရင်တော့ ဂွပဲ၊ အကျိုးနည်းပြီ . . .”

“ရှင့်မေမေကို အကျိုးအကြောင်း အရင်ပြောထားပြီးလှည့်ပတ်ထွက်ပေါ့ပါဟယ်၊ ခါတိုင်းလည်း ဒီလိုပဲ ထွက်နေကြဥစ္စာ”

“အေး . . . အေး ၊ ကျွန်မ ပြန်ပြီဟေ့၊ အားလုံး တာ့တာ”



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးက ပျာယီးပျာယာဖြင့် သူငယ်ချင်းတွေကို နှုတ်ဆက်ခဲ့ကာ သူငယ်ချင်းတွေနှင့် စုရပ်ဆီကနေ အိမ်သို့ ကမန်းကတန်း ပြန်လာခဲ့ရသည်။ ရင်တွေလည်း တထိတ်ထိတ် ခုန်နေသည်။ အဲဒီဆန်းသစ်အံ့ဟာလေ လုပ်လိုက်ရင် အဆန်းတကြယ်နဲ့ အမောတကောကြီးပဲ။ လူကို ကမူးရှူးထိုးကို ဖြစ်နေတော့တာပဲ။ ဖေဖေသိလျှင်တော့ လုံးဝ ခွင့်ပြုလိမ့်မည် မဟုတ်။ ဒီလိုပဲ ညာတာပါတေးနှင့် လိမ်ညာပြီး ထွက်ရမှာပဲ။ မထွက်လို့တော့ မဖြစ်။ ဒီလောကမှာ ဆန်းသစ်အံ့ ကော်ဖီသောက်ဖိတ်သည့် မိန်းကလေးဆိုလို့ ယဉ်ကျေးတစ်ယောက်တည်းသာ ရှိလိမ့်မည် ထင်သည်။ အဲဒါ ဘယ်လောက် ဂုဏ်ယူစရာ အခွင့်အရေးတစ်ရပ်လဲ။ ဒါကို ဘယ်သူမှ တားလို့ မရနိုင်တော့။

အိမ်သို့ရောက်သည်နှင့် ယဉ်ကျေးက ဝုန်းဝုန်းဝုန်းဝုန်းနှင့် မေမေ့ကို အရင်ဆုံး ရှာဖွေကာ ...

"ပြောစရာရှိတယ် မေမေ ... ဖေဖေရော ဟင်"

"သမီး ဖေဖေ သူ့ Studio အခန်းထဲမှာ ရှိမှာပေါ့၊ ဘာဖြစ်လာတာတုန်း၊ ပြူးပြူးပျာပျာနဲ့၊ မထိတ်သာ မလန့်





သာ ရှိလိုက်တာ သမီးရယ်၊ ဘာဖြစ်လာပြန်ပြီလဲ ..."

"ဟင့်အင်း ... ဘာမှမဖြစ်ဘူး မေမေ၊ သမီးကို ဆန်းသစ်အံ့က ဒီနေ့ ကော်ဖီသောက်ဖိတ်လို့ ညနေ ၆နာရီ အတိမှာ သူ လာခေါ်မယ်တဲ့ မေမေ၊ အဲဒါ သမီး လိုက်သွားချင်လို့၊ ဖေဖေသိရင် မလွယ်ဘူး၊ ဖေဖေမသိအောင် မေမေ တာဝန်ယူပေးမလားဟင်"

ယဉ်ကျေး၏ စကားကြောင့် မေမေက မျက်ခုံးကလေးပင့်ကာ မျက်လုံးပြူးကလေးနှင့် ယဉ်ကျေးကို ကြည့်၏။ တအံ့တသြနှင့် ရင်ဘတ်ကိုလည်း ဖိထားလိုက်သေးသည်။

"အံမယ် ... သမီးက ဆန်းသစ်အံ့နဲ့ ဘယ်တုန်းက သူငယ်ချင်းတွေ ဖြစ်သွားတာလဲ၊ ဒါက Date လုပ်တဲ့ သဘောလား"

"မဟုတ်ပါဘူး ... မေမေ၊ ကော်ဖီသောက်ရုံပါ၊ သူ ဘယ်မိန်းကလေးကိုမှ ဒီလို တစ်ခါမှ မဖိတ်ဖူးဘူး မေမေ၊ သမီးက ပထမဆုံးပဲ ... ဟီး ဟီး၊ အဲဒါ သမီး လိုက်သွားချင်တယ်၊ မေမေတားလို့မရတော့ဘူး နော်"



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးက ခုန်ဆွခုန်ဆွကလေးပင် ဖြစ်နေကာ မေမေ့ကို ပရောပရီ ချွဲနွဲ့ပွတ်သတ်ရင်း ဇွတ်တရွတ် ပြောလိုက်သည်။ မေမေက သဘောကျစွာ ခပ်တိုးတိုးရယ်မောရင်း . . .

"အြော် . . . မေမေ့သမီးတော်င် ဒီအရွယ် ရောက်နေပြီကို၊ ကဲပါ မေမေက မသွားနဲ့လို့ မတားပါဘူး၊ ဒါပေမဲ့ သိပ်အကြာကြီး မနေရဘူးနော်၊ ပါစ်နာရီ တစ်နာရီခွဲပဲ အချိန်ပေးနိုင်မယ်၊ အလွန်ဆုံး ခုနှစ်နာရီခွဲ အရောက် သမီး အိမ်ပြန်လာရမယ်၊ ဟုတ်ပြီလား . . ."

"အိုကေ . . . မေမေ"

ယဉ်ကျေးက ဝမ်းသာအားရ အော်ဟစ်လိုက်ကာ အခန်းထဲသို့ ကမူးရှူးထိုး ပြေးဝင်လာခဲ့သည်။ ဘုရား . . . ဘုရား ဘာဝတ်ရင် ကောင်းမလဲဟင်။ ဗီရိုဆီသို့ ဝုန်းဒိုင်းကြဲ ပြေးသွားပြီး တန်းမှာချိတ်ထားသော အဝတ်တွေကို လက်ဖြင့် တဒိုင်းဒိုင်း ဆွဲခွါ ရွေးချယ်ရသည်။ နောက်ဆုံးတော့ လိမ္မော်ရောင်တောက်တောက် တီရှပ် လက်တိုကလေးနှင့် သရီးကွာတား ဂျင်းဘောင်းဘီ အဖြူကလေးကိုသာ ရွေးချယ်





လိုက်၏။ ဆံပင်တွေကို စပရိန်ကလေးတွေလို တွန့်လိန်ကောက်ကွေးနေအောင် ဆက်တင် အမြန်လိပ်ရသည်။ ရေကို ခပ်သွက်သွက်ချိုးပြီး မျက်နှာပေါ်မှာ ပေါင်ဒါ ခပ်ဖုန်ဖုန်အုပ်ပြီး နှုတ်ခမ်းကို လိမ္မော်ရောင် ရွှဲရွှဲကလေး ဆိုးလိုက်၏။ ဖေဖေဝယ်ပေးထားသော Skecher တံဆိပ် Walking Shoe အဖြူနှင့် ပန်းရောင်အကြားကလေးကို ခြေအိတ်ကလေးနှင့် တွဲဝတ်လိုက်သည်။ အားလုံးပြင်ဆင်ပြီးချိန်မှာ ငါးနာရီခွဲနေပြီ။ ရင်တထိတ်ထိတ် ခုန်လာကာ ဖေဖေ့ကို Studio ထဲမှာ ပြေး၍ သွားချောင်းရသေးသည်။ ဘုရားသကြားမလို့ ဖေဖေ Studio ထဲကနေ ထွက်မလာပါစေနဲ့။ အဲဒီမှာ အလုပ်တွေ အရမ်းများနေပါစေ။

ခြောက်နာရီထိုးဖို့ ငါးမိနစ်အလိုမှာ တီခနဲ ဟွန်းသံတစ်ချက်နှင့်အတူ ယဉ်ကျေးတို့ အိမ်ခြံဝန်းကလေးအတွင်းသို့ ဆန်းသစ်အံ့ရဲ့ Celica ပြိုင်ကားကလေး တီခနဲ ရပ်လာခဲ့သည်။

"မေမေရေ သမီးသွားပြီ တာ့တာ . . ."

ဟု မေမေ့ကို နှုတ်ဆက်လိုက်စဉ်မှာပင် ယဉ်ကျေး၏ ကံဆိုးမိုးမှောင်ကြီးက ဝုန်းခနဲ ကျလာခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် အဲဒီအချိန်ကျမှ ဖေဖေက စတူဒီယို အခန်းတံခါးကို ဖွင့်ကာ ဧည့်ခန်းထဲသို့ ဝင်လာ၏။ အပြင်သွားဖို့ ပြင်ပြင်ဆင်ဆင် လုပ်ထားသော ယဉ်ကျေးကို မျက်မှောင်တစ်ချက် ကြုတ်၍ကြည့်ကာ မေးဆတ်ပြရင်း . . .

"ဒါက ဘယ်လဲ သမီး . . ."

ဟု မေးနေစဉ်မှာပင် တံခါးဝဆီမှ ဘဲလ်တီးသံကလေး မြည်လာ၏။ သွားပြီ . . . ယဉ်ကျေး ရင်ဘတ်ထဲ ဘာမှ မရှိတော့သလို ဟာလာဟင်းလင်းကြီး ဖြစ်သွားကာ အကြီးအကျယ် စိတ်ဓါတ်ကျသွား၏။ ဖေဖေက သူကိုယ်တိုင် တံခါး သွားဖွင့်လိုက်ပါသည်။

အဖြစ်အပျက်က အားလုံး စနစ်တကျ စီစဉ် အကွက်ချထားသလို စီစဉ်တကျ ဖြစ်သွားခဲ့ခြင်း ဖြစ်သည်။ ဝီရက တံခါးသွားဖွင့်လိုက်ချိန်မှာ တံခါးဝမှာ ရပ်နေသော ဆန်းသစ်အံ့ကို လုံးဝမမျှော်လင့်ထားဘဲ မြင်လိုက်ရသောကြောင့် မျက်မှောင်ကြီး အကြီးအကျယ် ကြုတ်သွား၏။ ဆန်းသစ်ကလည်း တံခါးလာဖွင့်ပေးသူကို ဝီရဟု မျှော်လင့်မထားသောကြောင့် လန့်၍တောင်သွား၏။ ယဉ်ကျေးကတော့





အနောက်နားဆီမှာ ရင်တထိတ်ထိတ် သည်းတဖိုဖိုဖြင့် စောင့်ကြည့်လျက်။ မေမေက ဖေဖေ့ကို ထိန်းဖို့ အပြေးအလွှား ရောက်ချလာသည်။

"ဟေ့ကောင် . . . မင်း ဘာလာလုပ်တာလဲ၊ ဘာကိစ္စ မင်းက ငါ့အိမ်အထိ အိမ်တိုင်ရာရောက် ကျူးကျော် ရောက်လာရတာလဲ"

ဝီရရဲ့ အသံက ဒေါသတကြီး။ မထူးတော့ပြီမို့ ဦးဝီရနှင့် ရဲရဲဝံ့ဝံ့ပင် မျက်နှာချင်းဆိုင်လိုက်ကာ . . .

"ကျွန်တော် ပိုလိုက်ကို ကော်ဖီသောက် လာခေါ်တာပါ"

ဟု ခပ်တည်တည်ပင် အဖြေပေးလိုက်၏။ သူ့ရဲ့ အဖြေစကားကြောင့် ဝီရတစ်ကိုယ်လုံးရှိသမျှ ဒေါသတွေ အကုန် ပေါက်ကွဲသွားသလို ခံစားလိုက်ရ၏။

"ဘာ . . . မင်းကများ ငါ့သမီးကို ရာရာစစ၊ မင်းလို ကောင်မျိုးက ငါ့သမီးကို ကော်ဖီသောက်ဖို့ခေါ်သလေး ဘာလေးနဲ့ မင်းကိုယ်မင်း ဘာကောင်များ မှတ်နေသလဲကွ၊ ဒါမျိုးတွေ ငါတို့ယဉ်ကျေးမှုမှာ လုံးဝမရှိဘူး၊ မလိုချင်ဘူး ဟေ့ကောင်၊ မင်း ငါ့သမီးနဲ့ ဘာမှကို လာမပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်နဲ့၊ မင်းနဲ့ ဘာမှ မပတ်သက်ချင်ဘူး၊ မင်းပြန်တော့၊ အေးအေးဆေးဆေး ပြန်ရင်ပြန်၊ မပြန်ရင် ငါ ဘာလဲဆိုတာ မင်းသိသွားစေရမယ်"

ဝီရ၏ တစ်ကိုယ်လုံးက ဒေါသဖြင့် နတ်ပူးသလို တဆတ်ဆတ် တုန်ယင်နေ၏။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်လိုက်၊ ပြန်ဖြန့်လိုက်၊ အံတင်းတင်းကျိတ်လိုက်ဖြင့် ဆောက်တည်ရာ မရလောက်အောင် ယောက်ယက်ခတ်နေသလောက် ဆန်းသစ်ကတော့ ခပ်အေးအေးပင်။ ဆန်းသစ်စိတ်ထဲမှာ အဲဒီလောက် ကဲကဲဆတ်အဖြစ်သည်းလွန်းလှသောဦးဝီရကို နည်းနည်းတော့ ပညာပေးချင်စိတ် ပေါက်လာ၏။

"နေပါဦး . . . အန်ကယ်၊ အန်ကယ်နဲ့ ကျွန်တော့်ကြားမှာ ဘာရန်ငြိုးရန်စများ ရှိဖူးလို့လဲ၊ ကျွန်တော့်ကို ဘာဖြစ်လို့ အဲဒီလောက် ခါးသီးနေရတာလဲ၊ ကျွန်တော်လည်း အရွယ်ရောက်ပြီးတဲ့ လူငယ်တစ်ယောက်ပါ၊ ပိုလိုက်လည်း အရွယ်ရောက်နေတဲ့ မိန်းမပျိုလေးတစ်ယောက်ပဲ၊ အရွယ်ရောက်ပြီးသား မိန်းကလေးတစ်ယောက်ကို အရွယ်ရောက်ပြီးသားယောကျာ်းလေးတစ်





ယောက်က လွတ်လပ်စွာ မိသားဖသားပီပီ ကော်ဖီသောက်ဖိတ်ခွင့် ရှိပါတယ်၊ အဲဒါကို အဲဒီလောက်ကြီး အန်ကယ် မပေါက်ကွဲသင့်ပါဘူး"

"ဘာကွ . . . မင်းကများ ကြီးကြီးကျယ်ကျယ် လူပါး၀လှချည်လား၊ ဟေ့ကောင် မင်း အခုချက်ချင်း ငါ့အိမ်ရှေ့က ထွက်သွားမလား မသွားဘူးလား၊ အေး မင်း ငါ့အကြောင်း သိမယ်"

ဝီရသည် ဒေါသကို မထိန်းချုပ်နိုင်တော့ဘဲ တဝုန်းဝုန်းနှင့် ပြေးထွက်သွားကာ ဧည့်ခန်းတွင်ချိတ်ထားသော ဂျပန်ကင်ဒိုဓါးကိုဆွဲယူ၍ ဓါးကို ဓါးအိမ်မှဆွဲထုတ်လိုက်သည်။

ဓါးကို လက်နှစ်ဘက်နှင့်စုံကိုင်ပြီး ပြေးထွက်လာသော ဦးဝီရကို မြင်လျှင် ဆန်းသစ်က မထိန်းနိုင် မသိမ်းနိုင်ပင် ရယ်မောလိုက်မိသည်။ ရယ်စရာကောင်းလိုက်တာ ဦးဝီရ၏ ပုံစံကြီးက။ သူ ချက်ချင်းပင် ဦးစိတ်တိုနှင့် မျောက်ညိုကာတွန်းကို ပြေးမြင်ယောင်လိုက်ပြီး ရယ်ချင်စိတ်ကို ဘယ်လိုမှ မထိန်းချုပ်နိုင်။ သူ ရယ်မောလိုက်သဖြင့် ဦးဝီရ၏ ဒေါသတွေက အထွတ်အထိပ်သို့ ရောက်ရှိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာရယ်တာလဲ ဟေ့ကောင်၊ မင်း ငါ့ကို အိမ်တိုင်ရာရောက် လာစော်ကားတယ်ပေါ့လေ၊ မင်းကို ငါ မခုတ်ရဲဘူးထင်နေသလား၊ အေး . . . ငါ တစ်ကနေ သုံးအထိ ရေမယ်၊ မင်းဘာသာမင်း အေးအေးဆေးဆေး လှည့်ပြန်ရင်ပြန်၊ မပြန်လို့ကတော့ ငါ့ ဓါးလွတ်က မင်းကို နှစ်ခြမ်းခွဲပြီးသားပဲ၊ ပြီးမှ ဖြစ်ချင်ရာဖြစ်၊ ငါ ထောင်အကျ ခံလိုက်မယ်၊ မင်းလိုကောင်မျိုးကိုတော့ ငါ သေးသေးတင်ကလေးမှ အထိပါး မခံဘူးကွ"

ဝီရက ဓါးကြီးဖြင့် ဆန်းသစ်ကို မြှောက်ရွယ်ကာ အော်ဟစ်နေသည်။ ဦးဝီရ တကယ်ခုတ်လိုက်မည်ဆိုတာကို ဆန်းသစ်က သံသရမရှိ။ သူ ဘယ်လောက် ဒေါသထွက်နေသလဲဆိုတာ သူ့မျက်နှာကြီး တစ်ခုလုံး နီရဲ တုန်ခါနေခြင်းက သက်သေပြလျက်ရှိသည်။

"ဒါဆိုရင်လည်း ကျွန်တော် ပြန်လိုက်ပါဦးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို နှစ်ခြမ်းခွဲတာ မခံနိုင်ဘူး ခင်ဗျ၊ ပိုလိုက် ကိုယ်ပြန်လိုက်ဦးမယ်၊ နောက်မှပဲ ကိုယ် တစ်ခေါက်ထပ်ဖိတ်မယ်၊ အန်တီ ကျွန်တော် ပြန်လိုက်ပါ





ဦးမယ် ခင်ဗျာ၊ ပိုလိုက် တော့ . . . တာ"

ဆန်းသစ်က အကြောက်အလန့် မရှိသလို မျက်နှာပေးဖြင့် လူစေ့တက်စေ့ နှုတ်ဆက်သွားပြီး အေးအေးလူလူပင် ကားပေါ်သို့ ပြန်တက်သွား၏။ ဆန်းသစ်၏ ဘာကိုမှ ဂရုမစိုက်သော ပုံစံမျိုးနှင့် သူ့ကို ပမာမခန့် မထီတရီ လုပ်သွားသော အမူအရာကြောင့် ဝီရမှာ ဓါးကြီးတဝင့်ဝင့်ဖြင့် မီးကုန်ယမ်းကုန် ပေါက်ကွဲ၍ မဆုံးနိုင်တော့ချေ။

ဆန်းသစ်၏ ကားကလေး ခြံထဲမှ ထွက်သွားသည်နှင့် ယဉ်ကျေးသည် အခုမှပင် ဖေဖေ့ကို စိတ်ဆိုးဖို့ သတိရလာကာ ခြေထောက်နှစ်ဖက်ကို အပြင်းအထန် ဆောင့်ပစ်လိုက်ကာ . . .

"ဖေဖေ မတရားဘူး၊ ဖေဖေ လုံးဝ မတရားဘူး၊ အဲဒါ တမင်သက်သက် သမီးရဲ့ ကိုယ်ပိုင် လွတ်လပ်ခွင့်ကို ကျူးကျော်တာ၊ သမီး ဘာမှ မဟုတ်တာ လုပ်တာလည်း မဟုတ်ဘဲနဲ့၊ ဒီအရွယ်ပဲရောက်နေပြီ၊ ယောကျာ်းလေး သူငယ်ချင်း မရှိရဘူးတဲ့လား၊ သူငယ်ချင်းနဲ့ အတူတူ ကော်ဖီသွားသောက်တာပဲ၊ ဖေဖေ အဲဒီလော



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပျက်ဆင်းပျက် တုံ့ပြန်ဖို့ မကောင်းဘူး”

ယဉ်ကျေးက မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လာပြီး စိတ်ဆိုးမာန်ဆိုး အော်ပစ်လိုက်မိသည်။ ခုနက တော့ ဘာများဖြစ်မလဲဟု ရင်တမမနှင့် ထိတ်လန့်နေရသော ကြောင့် ဖေဖေ့ရဲ့ဒေါသကို ဆွပေးရာ ရောက်စေမည့် ဘယ်လို အပြုအမူမျိုးမှ မလုပ်ရဲသဖြင့် အသက်တောင် ရဲရဲမရှူမိ။ ဆန်းသစ် အန္တရာယ်ကင်းကင်းနှင့် ပြန်သွားပြီဆိုတော့မှ ယဉ်ကျေးက ဖေဖေ့ကို ရင်ဆိုင်ဖို့ သတ္တိအင်အားတွေ ဘယ်က ဘယ်လို ဝင်ရောက်လာမှန်းမသိ ဝင်လာခဲ့ခြင်းဖြစ်သည်။

“အောင်မယ် . . . ဘာ မတရားဘူးလဲ၊ တရားတယ်ကွ၊ ဖေဖေ့သမီးကို ဘယ်လိုကောင်မျိုးနဲ့မှ သဘောမတူနိုင်ဘူး၊ မကြည်ဖြူနိုင်ဘူး၊ အထူးသဖြင့် အဲဒီကောင်နဲ့ လုံးဝကို မပတ်သက်စေချင်ဘူး၊ အဲဒီကောင်ကို ဖေဖေ နည်းနည်းလေးမှ ကြည့်လို့မရဘူး၊ ပုံစံကိုက ဆောင့်ကြွားကြွား မြောက်ကြွကြွနဲ့ သူ့ကိုယ်သူ ဘာထင်နေလဲမသိဘူး၊ မနေ့တစ်နေ့ကမှ လူဖြစ်လာပြီး နှပ်ချေးတောင် မစင်သေးဘဲနဲ့ ဖေဖေ့လို လူတစ်ယောက်ကို ခြေခွာရာ





လာတိုင်းချင်တဲ့ကောင်၊ အဲဒီလို မလောက်လေး မလောက်စား ကောင်မျိုးကို ဖေဖေက စိတ်ကူးထဲ တောင် မထည့်ဘူးမှတ်၊ သမီးလည်း လုံးဝပတ်သက် စရာ မလိုဘူး၊ တခြားရိုးရိုးသားသား ကောင်လေးတွေနဲ့ ဆို ဖေဖေနားလည်ပေးလို့ရသေးတယ်၊ ဒီလိုကောင်မျိုးနဲ့ တော့ လုံးဝ နားလည်မပေးနိုင်ဘူး၊ သမီး ကော်ဖီ သောက်ချင်ရင်လာ၊ အခု ဖေဖေနဲ့လိုက်ခဲ့ . . . ဖေဖေနဲ့ အတူတူ သွားသောက်ကြမယ်”

“ဟင့်အင်း . . . ဟင့်အင်း မဖေဖေနဲ့ ဘာဖြစ်လို့ သောက်ရမှာလဲ၊ ဖီလင်ချင်းမှ မတူတာ၊ သွား ဖေဖေ့ကို မုန်းတယ် . . . သိလား”

ယဉ်ကျေးက မျက်စိစုံမှိတ်ကာ ဖေဖေ့ကို အော်ပစ်ခဲ့ပြီး အခန်းထဲသို့ တဝုန်းဝုန်းတဒိုင်းဒိုင်း ပြေးဝင်လာခဲ့သည်။ ဖေဖေဝင်လာပြီး ချော့လို့မရအောင် အခန်းတံခါးကို အသေ ပိတ်ထားလိုက်သည်။ ယဉ်ကျေးဘာလုပ်ရင်ကောင်းမလဲ။ အမျှော်လင့်ကြီး မျှော်လင့်ပြီး စိတ်ကူးတွေ အယဉ်ကြီး ယဉ်ထားပြီးကာမှ လွဲချော်သွားရသည့်အတွက် ဆွေ့ဆွေ့ခုန်



www.burmeseclassic.com

www.burmeseclassic.com



၍ မဆုံးနိုင်။

ကွန်ပျူတာရှေ့မှာ သွားထိုင်လိုက်ပြီး ချက်ချင်း သူ့ဆီ e-mail ပို့ကာ လှမ်းတောင်းပန်ဖို့ စိတ်ကူးရသဖြင့် Internet ဝင်လိုက်သည်။ အခုအချိန်ထိ ရင်ခုန်မပြေနိုင်သေး။ ဆန်းသစ်၏ မျက်နှာကလေးကို အာရုံထဲမှာ တရစ်ဝဲဝဲ မြင်ယောင်မိဆဲ။ ဖေဖေဟာ ဘယ်လိုကြီးပါလိမ့်။ ဒီလောက် ချစ်စရာကောင်းပြီး မိန်းကလေးတိုင်း အသည်းစွဲ စုံမက်ကြရသော ဆန်းသစ်ကိုမှ ဘာဖြစ်လို့ အခုလောက် ကြည့်မရနိုင်အောင် ဖြစ်နေရတာလဲ။ ရှင်းရှင်းကလေးပေ့ါ။ ဖေဖေ ဆန်းသစ်ကို မနာလိုဖြစ်နေတာ ... ဒါပဲ။

ယဉ်ကျေးက ဆန်းသစ်၏ e-mail address ကို မဂ္ဂဇင်းတွေထဲမှာ သိခွင့်ရပြီးသားမို့ ကောင်းကောင်း မှတ်မိနေသည်။

ဆန်းသစ် ...

*ဒီနေ့ ဖြစ်ခဲ့တဲ့ အဖြစ်အတွက် ဝမ်းနည်းပါတယ်။ ဖေဖေ့ကို နားလည်ပေးလိုက်ပါ။ ဖေဖေ့ရဲ့ အပြုအမူအတွက် ကျွန်မတောင်းပန်ပါတယ်။*





*မနက်ဖြန်ကြရင် ဆန်းသစ်ကို ကျွန်မကိုယ်တိုင် လုပ်ထားတဲ့ Sandwich နဲ့ လာတောင်းပန်မယ်နော် . . . စောင့်နေပါ။*

**Polite**

ယဉ်ကျေးက ထိုစာကလေးကို ခပ်သွက်သွက် ရိုက်လိုက်ပြီး ဆန်းသစ်ဆီသို့ ချက်ချင်း e-mail ပို့လိုက်သည်။ သူ ချက်ချင်း ဖတ်ဖြစ်ဦးမည် မထင်သေး။ သူ အိမ်ပြန်ရောက်လျှင် e-mail တော့ Check လုပ်ရမှာ။

e-mail လုပ်ပြီးလျှင် ယဉ်ကျေးက ကုတင်ပေါ်မှာ ဝမ်းလျားမှောက်ကြီး ထိုးအိပ်လိုက်ပြီး ဖေဖေ့ကို စတင်၍ ဆန္ဒပြ စိတ်ကောက်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက သူ ပြန်လာသည်ကို ကြည့်ပြီး တအံ့တဩနှင့် ဝိုင်းမေးကြသည်။

"ဟော့ကောင် ... ဘာဖြစ်လို့ အစောကြီး ပြန်လာရတာလဲ၊ ကော်ဖီ မသောက်ဖြစ်ဘူးလား၊ ထွက်သွားတုန်းကတော့ ဟုတ်ပြီ ဟုတ်ရဲ့နဲ့၊ ကြော့ကြော့မော့မော့ကလေး၊ ပြန်လာတော့ မျက်နှာက လင်းတကို ရေဆွတ်ထားတဲ့ အတိုင်းပဲ ... ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမလဲ ... အဘိုးကြီးပေါ့ကွ အဘိုးကြီး သူ ဂျပန်ဓါးကြီးနှင့် ရွယ်လိုက်လို့ ငါ့မှာ တပ်ခေါက်ပြီး ပြန်





လာခဲ့ရတယ်၊ တောက် ... မကျေနပ်ဘူးကွ၊ သူ့ကို လေးစားခဲ့တဲ့ အချိန်တွေတောင် ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး၊ တကယ် ကလေးဆန်တယ်ကွာ၊ လူငယ်တွေအပေါ် လုံးဝနားလည်မှု မရှိဘူး၊ သေချာတာကတော့ သူ ငါ့ကို မနာလို ဖြစ်နေတာ၊ လူကြီးတန်မဲ့နဲ့ကွာ၊ ငါကလည်း အဲဒီလို အခက်အခဲတွေ ဖြစ်လာပြီဆိုရင် မရ ရအောင်ကို ယူပြချင်လာတယ်၊ ပိုလိုက်က ချစ်စရာလေးပါ၊ ပိုလိုက်မှာ ဘာမှ အပြစ်မရှိဘူး၊ ငါ သူ့ကို ချစ်တယ်၊ ဒါပေမယ့် သူ့အဖေကြီးကိုတော့ ရေရေလည်လည် အမြင်ကတ်တယ်ကွာ"

သူ့စကားကြောင့် သူငယ်ချင်းတွေက ဝိုင်း၍ ရယ်မောကြသည်။

"လိုက်သာလိုက်ကွာ ... ကောင်မလေးကို မရ,ရအောင်သာ ဆက်လိုက်၊ အဲဒီလို ရက္ခ ဂုမ္ဘာန်ကြီး စောင့်ကြပ်နေတဲ့ကြားက မရ,ရအောင် လိုက်နိုင်ရင် မင်းရဲ့ အစွမ်းပဲ ..."

"မပူနဲ့ ဟော့ကောင်တွေ လိုက်ကို လိုက်မှာ၊ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ခြေတစ်လှမ်းနောက်ဆုတ်ပြီး ပြန်လာခဲ့ရတယ်၊ ဒါပေမဲ့ အဲဒီ နောက်ဆုတ်လိုက်ရတဲ့ ခြေတစ်လှမ်းအတွက် ငါ နောက်ထပ် ခြေလှမ်းတွေ အများကြီး ရှေ့ဆက်တိုးဦး မှာ . . . မင်းတို့ စောင့်ကြည့်"

ဆန်းသစ်က အခဲမကျေနိုင်သလို မျက်ဝန်းတွေကို မှေးကျဉ်းပစ်လိုက်ပြီး ပြောလိုက်သည်။ ပိုလိုက်၏ မျက်နှာကလေးကို ပြန်မြင်ယောင်လာစဉ်မှာ သူမ၏ မျက်ဝန်းလှလှတွေထဲက သူ့အပေါ် နွေးထွေးချိုမြိန်သော သံယောဇဉ် ရိပ်ကို သူ ပြန်လည်မြင်ယောင်၍ ခံစားမိသည်။ လူငယ်ချင်းက ပြေလည်နေကြပါလျက်နှင့် ဘာကြောင့် အဘိုးကြီးက ကန့်လန့် ကန့်လန့်နှင့် ဝင်ရှုပ်နေရပါသလဲ။ သူ တောက်တစ်ချက် ခပ်တိုး တိုး ခတ်လိုက်မိသည်။

ဒီဒီဒီ



ညက ဖေဖေ့ကို စိတ်ကောက်ပြီး ခပ်စောစော ...င် အိပ်ပစ်လိုက်သည်။ မနက်ကျတော့ အစောကြီး နိုးလာကာ ...ဉ်ကျေးက ထမင်းစားခန်းထဲသို့ ဝင်လာခဲ့သည်။ ထမင်းစား ...န်းထဲမှာ ဘယ်သူမှ မရှိကြသေး။ ယဉ်ကျေးတစ်ယောက် ...ည်း Sandwich လုပ်ဖို့ စတင်၍ ပြင်ဆင်သည်။ Sandwich ပေါင်မုန့်ကလေးတွေကို တြိဂံပုံစံ လှလှပပလှီးဖြတ်ပြီး ...န်းကန်ပြားပေါ်မှာ စီစီရီရီ တင်ထားလိုက်သည်။ အဲဒီနောက် Tuna ငါးဘူးကို ဖေါက်လိုက်ကာ Tuna ငါးနှင့် Mayonnaise ကို သမအောင် ရောမွှေလျက် Carrot (မုန်လာဥနီ) ...ို အမျှင်အမျှင်ကလေးတွေရအောင် ခြစ်ပြီး Tuna နှင့် ရော



www.burmeseclassic.com

www.burmeseclassic.com



မွှေလိုက်လျှင် Sandwich ထည့်ဖို့ အဆာဖြစ်သွားပြီ။ ပေါင်မုန့်ချပ်ကလေးတွေကြား မှာ အဲဒီ Tuna Mayonnise နှင့် Carrot အမျှင်ကလေးတွေ ရောမွှေထားသော အရာတွေကို လှလှပပ ထည့်ညှပ်လိုက်လျှင် Sandwich ကလေးတွေ ဖြစ်သွားပြီ။ Sandwich တွေကို တစ်ယောက်တည်း စိတ်ရှည်လက်ရှည် လုပ်နေမိစဉ်မှာ ယဉ်ကျေး၏ နှုတ်ခမ်းကလေးပေါ်မှာ အပြုံးကလေးက ချိုမြနေသည်။ အဲဒီနောက် လုပ်ပြီးသား Sandwich ကလေးတွေကို ပလပ်စတစ်ဘူး ကြည်ကြည်ကလေးထဲမှာ လှလှပပစီစီရီရီထည့်လိုက်ပြီး အခန်းထဲသို့ ပြန်ယူလာခဲ့သည်။ အခန်းထဲရောက်မှ အဲဒီ Sandwich ဘူးကလေးကို ပါကင်ပေပါကလေးဖြင့် လှလှပပထုပ်ပိုးကာ ပန်းနုရောင် ဖဲကြိုးကလေးဖြင့် ဖဲပွင့်ကလေးပါ စည်းနှောင်လိုက်သည်။ အားလုံးပြီးသွားချိန်မှာ ယဉ်ကျေးက မေသစ်၊ သင်းပျံ့နှင့် မဥ္ဇူတို့ သုံးယောက်ဆီသို့ တစ်ယောက်ပြီး တစ်ယောက် ဖုန်းခေါ်လိုက်ကာ ဆန်းသစ်အိမ်သို့ Sandwich သွားပို့မည့် အကြောင်း သတင်းပို့လိုက်သည်။ သူတို့သုံးယောက်စလုံးကို အဆင်သင့် ပြင်ဆင်ထားစေပြီး ယဉ်ကျေးက တစ်ယောက်ဆီ





ကို ဝင်ခေါ်ကာ ဆန်းသစ်အိမ်သို့ လေးယောက်သား ချီတက်လာခဲ့ကြသည်။ ကားပေါ်မှာ လှလှပပ ပါကင်ထုတ်ထားသော Sandwich ဘူးကလေးကို သုံးယောက်သား တစ်ယောက်တစ်လှည့်စီ ကိုင်ကြည့်ကြရင်း . . .

"ပိုလိုက်ရယ် . . . ရှင်တော်တော် တရားမျှတတယ် နော်၊ ကျွန်မတို့ကိုကျတော့ မနက်စောစော ဖုန်းတွေဆက်ခေါ်ပြီး Sandwich ကလေးတောင် ပိုလုပ်မလာဘူး၊ အမလေး ပေးတာများ ရှိုးရှိုးသားသား ဒီအတိုင်း ဖော့ဘူးနဲ့ ပေးလည်းရတယ်ဟယ်၊ ပိုလိုက်က ပိုကို ပိုလွန်းတယ်၊ ပါကင်တွေ ဘာတွေထုပ်လို့ . . ."

"ရှင်တို့ ဘာသိလို့လဲ၊ ဆန်းသစ်က အရမ်း Romantic ဖြစ်တာ၊ ညက သူ့ကို ဖေဖေ ကင်ဒီခါးကြီးနဲ့ ရွယ်ပြီး မောင်းထုတ်လိုက်တာ ရှင်တို့ သိပြီးပြီမှတ်လား၊ အဲဒါကို အားနာလို့ ဒီ Sandwich နဲ့ သူ့ကို ပြန်တောင်းပန်တာ"

ယဉ်ကျေးက ကားမောင်းနေရင်း ခပ်ပြုံးပြုံး ပြန်ပြောလျက် ဆန်းသစ်ရဲ့ လိပ်စာကို ခက်ခက်ခဲခဲ မရှာရပါ။ ဆန်းသစ် ဘယ်မှာနေသည်ဆိုတာ သူ့ရဲ့ ပရိတ်သတ်အားလုံး



www.burmeseclassic.com

www.burmeseclassic.com



သိပြီးသား။

ဆန်းသစ်တို့ ခြံရှေ့သို့ရောက်လျှင် လေးယောက်သား Sandwich ဘူးကလေးကို သူသွားပေး ငါသွားပေးနှင့် ကားထဲမှာ အတော်လေး ရှန်းရင်းဆန်ခတ် ဖြစ်လိုက်ကြသေးသည်။ နောက်ဆုံးတော့ လေးယောက်စလုံး အတူတူသွားပေးကြမည်ဟု ဆုံးဖြတ်လိုက်ကာ ယဉ်ကျေးတို့ လေးယောက်သား ကားပေါ်မှ ဆင်းလာခဲ့ကြသည်။ ခြံတံခါးဘဲလ်ကို တီးလိုက်ပြီး အထဲမှ တစ်ယောက်ယောက် ထွက်အလာကို စောင့်နေစဉ်မှာ ယဉ်ကျေးသည် ကိုယ့်ကိုယ်ကို ဘာတွေလုပ်လို့ လုပ်နေမိမှန်း မသိနိုင်လောက်အောင်ပင် အံ့ဩရင်ခုန်မှုဖြင့် နှလုံးသားက လှုပ်ရှားမှုရှိနေတော့၏။

ခဏအကြာမှာ ဆန်းသစ်ကိုယ်တိုင် ညဝတ်အင်္ကျီကလေးဖြင့် ထွက်လာသည်။

"ညက e-mail ရလို့ ကိုယ်စောင့်နေတာ၊ ခြံတံခါးဘဲလ်သံကြားရင် ဘယ်သူမှ မဖွင့်နဲ့လို့ မှာထားရတယ်၊ ကိုယ်ကိုယ်တိုင် ဆင်းယူချင်လို့"

ယဉ်ကျေးက ယောကျာ်းလေးတစ်ယောက်၏





အိပ်ရာထကာစ မျက်နှာကို သဘောကျစွာ ကြည်ကြည်နူးနူးငေးကြည့်နေရင်း ပါကင်ဘူးကလေးကို ဆန်းသစ်လက်ထဲသို့ ထည့်ပေးလိုက်သည်။

"သိုင်းကျူး ပိုလိုက်၊ ဟာ . . . Sandwich ဘူးက အပျံစားပါလား၊ အိမ်ထဲဝင်ကြဦးလေ၊ ပိုလိုက်တို့ကို ကိုယ် Breakfast တစ်ခုခု လုပ်ကျွေးမယ်"

"အို . . . နေပါစေ၊ အားနာစရာကြီး၊ မနေ့က ဖေဖေရဲ့ အပြုအမူကြောင့် ဆန်းသစ်ကို ကျွန်မ တော်တော် အားနာသွားတာ၊ အဲဒါကြောင့် အခု လာတောင်းပန်တာ"

"ပိုလိုက် တောင်းပန်လိုက်လို့ ကိုယ် ကျေအေးပြီးသားပါ၊ ဖြစ်ဖြစ်ချင်းတုန်းကတော့ ရင်ထဲမှာ တော်တော် တင်းတာဗျ၊ ပိုလိုက်ဖေဖေ အဲဒီလောက် ကြမ်းလိမ့်မယ်လို့ ကိုယ် မထင်ခဲ့ဘူးလေ၊ လာပါ . . . လာကြပါ၊ အိမ်ထဲဝင်ကြပါ၊ အိမ်မှာ ဘယ်သူမှ မရှိကြဘူး၊ ဖေဖေနဲ့မေမေက ဘန်ကောက်ကို ခရီး ခဏ ထွက်သွားကြတယ်၊ ကိုယ်နဲ့ အိမ်က အလုပ်သမားတွေနဲ့ပဲရှိတာ၊ လာပါကွာ Breakfast ကျွေးချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက ခြံတံခါးကို ဖွင့်ပေးလိုက်သည်။ ယဉ်ကျေးတို့လေးယောက်သား မငြင်းဆန်နိုင်ဘဲ အစီအစဉ်လဲ မရှိဘဲ သူ့အိမ်ထဲသို့ လိုက်ဝင်လာခဲ့ကြသည်။ သူ့ရဲ့ အိမ်ကလေးက ချစ်စရာလေး။ အိမ်ရှေ့မှာ မြက်ခင်းစိမ်းစိမ်းနှင့်ရေကူးကန်တစ်ခုရှိကာ ခြံဝန်းကလေးက အတော်အသင့် ကျယ်ဝန်းပါသည်။ အိမ်ရှေ့မှာ ပေါ်တီကို မြင့်မြင့်ကို ပွတ်လုံးတိုင်တွေနှင့် ဆောက်ထားပြီး အိမ်တံခါးမကြီးမှာ ကျွန်းကနုတ်တွေပါသော တံခါးကြီးဖြစ်သည်။ ဧည့်ခန်းထဲသို့ဝင်လိုက်လျှင် နံရံပေါ်မှာ အဖိုးတန် ပန်းချီကားတွေ သူ့နေရာနဲ့သူ စီစီရီရီ ချိတ်ဆွဲထားပြီး ဆန်းသစ်ရဲ့ ဆီဆေးပန်းချီကားကြီးကို ကနုတ်ပန်းခက်များဖြင့် ဘောင်ကွပ်ထားသည်။ အခန်းထောင့်မှာ သပြေသီးမှည့်ရောင် ကျွန်းစန္ဒရားကြီးက ခန့်ညားနေကာ ဒီဘက်မှာ ဆိုဖာဆက်တီတွေ ခင်းထား၏။ အခန်းရဲ့ထောင့်တိုင်းမှာ Indoor Plants တွေထားထားပြီး မတ်တပ်မီးအိမ်လှလှကလေးတွေလည်း သူ့နေရာနဲ့သူ စနစ်တကျ အလှဆင်ထား၏။ ဧည့်ခန်းတစ်ခုလုံး အေးစက်တိတ်ဆိတ်ကာ မွှေးပျံ့နေလေသည်။ ကောင်ကလေးတစ်ယောက်ရဲ့နေအိမ်ကို မနက်





စောစောစီးစီး ယဉ်ကျေးတို့ ရောက်နေတာများ ဖေဖေသိလျှင် ဆွေ့ဆွေ့ခုန်ပြီး တစ်ခါတည်း အသက်တောင် ထွက်သွားမလား မသိ။

"ကဲ . . . ခဏထိုင်ကြဦး၊ ကိုယ် Breakfast သွားလုပ်ပေးမယ်၊ ပိုလိုက်တို့ ဘာစားချင်သလဲပြော၊ ပေါင်မုန့်မီးကင် Toast နဲ့ Bacon ရယ်၊ ဝက်အူချောင်းရယ်၊ ကြက်ဥကြော်ရယ် စားကြမလား၊ ဒါမှဟုတ် Jacket Potato စားမလား"

"ကြိုက်တာသာ လုပ်ပါ ဆန်းသစ်ရယ်၊ ဆန်းသစ် ကိုယ်တိုင် လုပ်မလို့လား၊ ဒါဆိုရင် ကျွန်မတို့လည်း ဝင်ကူလုပ်ပေးမယ်လေ"

"ကိုယ်ကိုယ်တိုင် လုပ်ကျွေးချင်လို့ပါ၊ ဒါဆို မီးဖိုခန်းထဲလာကြလေ၊ ဘယ်သူမှ မရှိဘူး . . . ဘာမှ အားနာစရာ မလိုဘူး"

ဆန်းသစ်က ဦးဆောင်ပြီး မီးဖိုခန်းထဲသို့ ဝင်လာခဲ့ကြသည်။ မီးဖိုခန်းကို အပျံစားပြင်ဆင်ထားသည်။ နံရံကပ် ဗီရိုတွေနှင့် မီးဖိုကိုလည်း လျှပ်စစ်မီးခွေလေးခွေပါသော



www.burmeseclassic.com

www.burmeseclassic.com



Over နှင့် Grill ပါဝင်သော ရောမ မီးဖိုကြီးဖြစ်သည်။

"ကဲ . . . တာဝန်တွေ ခွဲယူကြမယ်၊ ကိုယ်က Bacon နဲ့ Sausage ကြော်ပေးမယ်၊ ပိုလိုက်က ပေါင်မုန့်တွေ မီးကင်ပေး၊ ပိုလိုက်ရဲ့သူငယ်ချင်းတွေက တစ်ယောက်က ကြက်ဥကြော်ပေး တစ်ယောက်က ကော်ဖီစက်ထဲကို ကော်ဖီမှုန့် ဖြည့်ပေး၊ တစ်ယောက်က ပန်းကန်တွေ ပြင်ပေး ဟုတ်ပြီလား . . . နေဦးကွာ ဒီသုံးယောက်ရဲ့ နာမည်တွေ ပြောထားဦးလေ၊ အခုဆို သူငယ်ချင်းတွေတောင် ဖြစ်နေပြီ အခုထက်ထိ နာမည် မသိရသေးဘူး"

"ဪ . . . ဟုတ်သားပဲ မေ့နေလိုက်တာ ခစ် ခစ်၊ ကဲ . . . မိတ်ဆက်ပေးမယ် ဟောဒါက မေသစ်လွင်၊ သူက သင်းပုံ့ရီ၊ ဒါက မဠူရီ၊ ကျွန်မတို့လေးယောက်က ဟိုး KG တန်းကတည်းက တွဲလာခဲ့ကြတဲ့သူငယ်ချင်းတွေလေ၊ တစ်ယောက်နဲ့တစ်ယောက် ညီအစ်မတွေထက်တောင် ပိုချစ်ကြသေးတာ၊ ကဲ . . . ဒါကတော့ ဆန်းသစ်အုံနော် . . . မသိသူ မရှိပါဘူး"

ယဉ်ကျေးက ဦးဆောင်ပြီး မိတ်ဆက်ပေး





လိုက်သည်။ လူငယ်တွေမို့ ခဏတွင်းမှာပင် ရင်းရင်းနှီးနှီး ခင်မင်သွားတော့သည်။ ဟိုမိန်းမတွေက နဂိုကမှ ဆန်းသစ်ကို ဆွေ့ဆွေ့ခုန်လောက်အောင် သဘောကျသူတွေမို့ ချက်ချင်းပင် ငယ်ပေါင်းကြီးဖော်တွေပမာ ရင်းနှီးပစ်လိုက်တော့သည်။ ဆန်းသစ် တာဝန်ခွဲပေးသည့်အတိုင်း တစ်ယောက်တစ်လက် ဝိုင်းလုပ်ကြရင်း ခဏအကြာမှာ Breakfast ပွဲကလေးက စည်စည်ကားကားဖြစ်လာသည်။ ငါးယောက်သား ကိုယ့်နေရာကိုယ် ဝင်ထိုင်လိုက်ကြစဉ်မှာ ဆန်းသစ်က ယဉ်ကျေး၏ Sandwich ပါကင်ဘူးကလေးကို သူ့ရှေ့မှာ မြတ်မြတ်နိုးနိုး ချထားလိုက်တော့ . . .

"စိတ်မရှိနဲ့နော် . . . ကိုယ်ကတော့ ဒီ Sandwich ကို ဘယ်သူနဲ့မှ မျှဝေပြီးမစားနိုင်ဘူး၊ ကိုယ်တစ်ယောက်တည်းပဲ စားမှာ၊ ဒါက ပိုလိုက်ကိုယ်တိုင် လုပ်ယူလာတာ မဟုတ်လား"

"ဟုတ်ပါ့ . . . ကျွန်မမှာ မနက်က အစောကြီး ထရတယ်၊ တစ်ယောက်တည်း မီးဖိုခန်းထဲမှာ ကုပ်ကုပ် ကုပ်ကုပ်နဲ့ ကြိုးစားပမ်းစား ဝင်လုပ်ခဲ့ရတာ၊ အခုမနော်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေနဲ့ အပြင်သွားမယ်လို့ ပြောပြီး ထွက်လာတော့ ဖေဖေက ဘာမှ မပြောဘူးလေ၊ အခုချိန်ထိ ကျွန်မ ဖေဖေ့ကို စိတ်ကောက်ထားတုန်း၊ အဲဒီလို စိတ်ကောက်ထားမှ ကိုယ်လုပ်ချင်တာ လုပ်ခွင့်ရမှာ ဟီ. . . ဟိ"

ယဉ်ကျေးက ပြုံးစိစိစပ်ဖြဲဖြဲ မျက်နှာကလေးဖြင့် ပြောပြနေသည်။ ဆန်းသစ်က ယဉ်ကျေး၏ မျက်နှာချိုချိုလေးကို ခပ်စူးစူး စိုက်ကြည့်နေရင်း . . .

"မနေ့က ကင်ဒိုဓါးကြီးနှင့် အရွှယ်ခံရတာကပဲ ခပ်ကောင်းကောင်းလို့ ပြောရမယ်ထင်တယ်"

"ဘာဖြစ်လို့ . . ."

"ပိုလိုက်ရဲ့ ဖေဖေ . . . သူ ပွဲကြမ်းလိုက်တဲ့ ရလာဒ်ကို သူ မသိရှာဘူးနော်၊ သိများသိရင် ရင်ဘတ်ကြီး ဟက်တက်မျှား ကွဲသွားမလားမသိဘူး၊ မနေ့က သူ အဲဒီလို ပွဲကြမ်းထားလို့ ပိုလိုက်တို့ ဒီနေ့ ကိုယ့်အိမ်ကို ရောက်လာကြတာပေါ့ မဟုတ်ဘူးလား၊ မနေ့ကသာ အေးအေးဆေးဆေး ကော်ဖီသွားသောက်ဖြစ်ကြရင် ဒီနေ့ ပိုလိုက်





လည်း ကိုယ့်ကို Sandwich တွေ ကိုယ်တိုင်လုပ်ပြီး လာပို့မှာ မဟုတ်ဘူး၊ ပြီးတော့ . . . ကိုယ်တို့ အခုလို တစ်ချိန်ချိန်မှာ အမှတ်တရဖြစ်လာမယ့် Breakfast ဝိုင်းကလေးလည်း လုပ်ဖြစ်ကြမှာ မဟုတ်ဘူး၊ အဲဒါ လူကြီးတစ်ယောက်ရဲ့ လူငယ်တွေအပေါ် မသိတတ်တဲ့ နားလည်မှု မရှိတဲ့ ဖြစ်ရပ်ရဲ့ နောက်ဆက်တွဲ ရလဒ်ပဲ"

ဆန်းသစ်ပြောတာကို ဘယ်သူမှ မငြင်းနိုင်ကြ။ ဆန်းသစ်က ယဉ်ကျေး၏ Tunar Sandwich ကလေးတွေကို တစ်ခုပြီးတစ်ခု အားပါးတရ မက်မက်မောမော စားပြီးနောက် . . .

"ကိုယ့်တစ်သက်မှာ Sandwich တွေအများကြီး စားခဲ့ဖူးပါတယ်၊ အခုလောက် အရသာရှိပြီး နွေးထွေးမှု ပေးနိုင်တဲ့ Sandwich မျိုး တစ်ခါမှ မစားဖူးသေးဘူး၊ အဲဒီအတွက် ကျေးဇူးတင်ပါတယ် ပိုလိုက်"

"You're Welcome"

ယဉ်ကျေးက ပန်းကလေးကျုံ့ကာ ပီတိအပြည့်ဖြင့် ပြုံးပြုံးကလေး ပြောလိုက်သည်။ အဲဒီနေ့က Breakfast



www.burmeseclassic.com

www.burmeseclassic.com



စားပြီး စကားတွေ တောင်စဉ်ရေမရ ပြောကြသေးကာ ယဉ်ကျေးတို့ မပြန်ခင် မေသစ်တို့က ဝိုင်း၍တောင်းဆိုကြသဖြင့် ဆန်းသစ်က သီချင်းတစ်ပုဒ် ဆိုပြလိုက်သေးသည်။ ဆန်းသစ်ကို နှုတ်ဆက်ပြီး သူ့အိမ်မှ ပြန်လာတော့ နေ့လည် ဆယ့်နှစ်နာရီပင် ကျော်နေပြီ။

ဥဥဥ



အခန်း . . . (၃)

အကယ်တော့ ဘယ်အရာကိုမှ တားဆီးပိတ်ပင်ထားလို့ မရဘူးဆိုတာ ဖေဖေ မရိပ်မိခဲ့လို့ပါ။ အဲဒီနောက်ပိုင်းမှာ ယဉ်ကျေးနှင့်ဆန်းသစ်တို့ ပို၍ ရင်းနှီးငြိတွယ်သွားကြကာ တစ်ယောက်နှင့်တစ်ယောက် အဆက်အသွယ်မပြတ် အမြဲရှိကြသည်။ နေ့တိုင်း e-mail အပြန်အလှန် ပို့သည့်အခါ ပို့သည်။ တစ်ခါတစ်ရံ ဖုန်း message တွေ သတိရသည့်အခါတိုင်း ပို့ကြသည်။ တစ်ခါတစ်ရံမှာတော့ ဖုန်းတွေ ပြောဖြစ်ကြသည်။ ဆန်းသစ်က သူ့ရဲ့ တိတ်ရှိုးပွဲတိုင်းဆီသို့ ယဉ်ကျေးတို့ သူငယ်ချင်းလေးယောက်ကို အထူး ဧည့်သည်တွေအဖြစ် ဖိတ်ခေါ်တတ်မြဲ။ ဆန်းသစ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



စတိတ်ရှိုးတွေတိုင်းမှာ ယဉ်ကျေးတို့က VIP နေရာမှာ ထိုင်ခွင့်ရကြပြီး ယဉ်ကျေးက Mobile ဖုန်းကလေးဖြင့် Video မှတ်တမ်း အမြဲတမ်းတင်ထားလေ့ရှိသည်။ ယဉ်ကျေး၏ Mobile ဖုန်းကလေးက Video ပါ ရိုက်ယူထားလို့ ရသည်မို့ ဆန်းသစ်ရဲ့ စတိတ်ရှိုးပွဲတိုင်းကို အမှတ်တရအဖြစ် အနည်းငယ်စီ Video ရိုက်ယူထားပြီး ဖုန်းထဲမှာပင် သိမ်းဆည်းထားခဲ့သည်။ ထို့ကြောင့် ဘယ်နေ့က ဘယ်စတိတ်ရှိုးမှာ သူ ဘာအဝတ်အစားလေးတွေ ဝတ်ထားသည်ဆိုတာကို ယဉ်ကျေးက အချိန်မရွေး ပြန်ဖွင့်ကြည့်နိုင်သည်။ သူ့ကိုပြောပြတော့ သူက ယဉ်ကျေးကို ခပ်ပြုံးပြုံးကလေး စိုက်ကြည့်နေကာ ...

"အဲဒါတော့ မတရားဘူးကွာ၊ ပိုလိုက်ကိုလည်း ကိုယ်ပြန်ရိုက်မယ် ..."

ဟု ဆိုပြီး သူ့ရဲ့ Sony ကင်မရာလေးနဲ့ Video ပြန်ရိုက်ယူလေသည်။ ပြီးလျှင် Video ကင်မရာကလေးကို နှစ်ယောက်စလုံး ပါနိုင်သော အနေအထားတွင် သွားထောင်ထားလိုက်ပြီး ယဉ်ကျေးနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်ကာ မေးစေ့မှာ လက်ဖဝါးလေး ထောက်ထားရင်း ...





"ကဲ ... ပိုလိုက် ကိုယ့်ကို အင်တာဗျူးလုပ်၊ အဲဒီအင်တာဗျူးကို ကိုယ် မှတ်တမ်းတင်ထားချင်လို့"

ဟု ခပ်တည်တည် ပြောလျှင် ယဉ်ကျေးသည် ခဏတရက် စိတ်လှုပ်ရှားကာ ရင်တထိတ်ထိတ် ခုန်သွား၏။ ပြီးတော့ ပျော်လည်း ပျော်သွားလေသည်။ ကစားနည်း အသစ်အဆန်းတစ်ခု ကစားရတော့မည့် ကလေးလေးတစ်ယောက်လို ရွှင်ရွှင်လန်းလန်း ပြုံးလိုက်ရင်း ယဉ်ကျေးက ...

"ကောင်းပြီ ... စမေးမယ်၊ ဆန်းသစ်အံ့ရဲ့ဘဝမှာ အရေးကြီးဆုံး လူတစ်ယောက်က ဘယ်သူလဲ ..."

"ကိုယ့်ရဲ့ မေမေပေါ့"

သူ့အဖြေကြောင့် ယဉ်ကျေးက အနည်းငယ်တော့ မနာလိုသလိုကလေး ဖြစ်သွား၏။ သို့သော် ထားလိုက်ပါလေ။ ယဉ်ကျေးကမှ သူနှင့် ဘာမှ မဆိုင်သေးတာ။

"ဟုတ်ပြီ ... နောက်ထပ် မေးခွန်းတစ်ခု၊ ဆန်းသစ်အံ့ရဲ့ ဘဝမှာ အရမ်းအရေးကြီးတဲ့ အတွေးအခေါ် အယူအဆ တစ်ခု ပြောပြပါ ..."

"ကိုယ်က စိတ်ချမ်းသာချင်တယ်၊ ကိုယ့် ဘေးပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်မှာ ရှိသမျှ လူတွေအားလုံးကိုလည်း စိတ်ချမ်းသာ စေချင်တယ်၊ အထူးသဖြင့် ကိုယ့်ကြောင့် လူတွေကို စိတ်ချမ်းသာအောင် လုပ်ပေးချင်တယ်၊ အဲဒါ ကိုယ့်ရဲ့ အရေးကြီးဆုံး အယူအဆပဲ"

"ဟိုက် ရှားပါး . . . သိပ်ကောင်းတဲ့ အယူအဆပါလား ဟုတ်ပြီ . . . နောက်တစ်ခု ထပ်မေးဦးမယ် . . . ဆန်းသစ်အံ့ရဲ့ အမြဲတမ်း ကိုင်ဆွဲထားတဲ့ ဆောင်ပုဒ်က ဘာလဲ"

"အမြဲတမ်း ရှေ့သို့ ချီတက်မယ် . . ."

သူက ခပ်တည်တည်အဖြေပေးနေခြင်း ဖြစ်သည်။ ယဉ်ကျေးက လက်ခုပ်ကလေး တီးလိုက်ကာ . . .

"တော်တယ်ကွာ . . . ကဲ နောက်ဆုံးမေးခွန်းတစ်ခုမေးမယ်၊ ဆန်းသစ်ရဲ့ နှလုံးသားအကြောင်း သိချင်တယ်"

"နှလုံးသားအကြောင်း . . . အင်း သိစေရမယ်၊ အခုချိန်တော့ ကိုယ့်နှလုံးသားက တစ်ခုခုကို ဆာနေတာတော့ အမှန်ပဲ"

"ဘာဆာတာလဲ . . . ကော်ဖီလား"





ထို့နောက် နှစ်ယောက်သား ဟန်မဆောင်နိုင်ကြဘဲ တခစ်ခစ် ရယ်မောမိကြလေသည်။ ဆန်းသစ်က အဲဒီလို ထင်မှတ်တာလေးတွေလည်း လုပ်တတ်သေးသည်။

တစ်ခါကဆိုလျှင် ဆန်းသစ်ဆီမှ ဖုန်းဝင်လာတာ . . .

"ပိုလိုက် . . . ကိုယ် စကိတ်သွားစီးမလို့ လိုက်မလား"

ဟု မေးသည်။ ယဉ်ကျေးက အလန့်တကြားဖြင့် . . .

"ဘုရားရေ . . . ကျွန်မမှ စကိတ်မစီးတတ်တာ"

"ကိုယ်သင်ပေးမှာပေါ့၊ ပိုလိုက်ရဲ့ သူငယ်ချင်းတွေကိုလည်း ခေါ်ခဲ့လေ၊ ပိုလိုက်ကို ကိုယ်လာခေါ်ချင်ပေမဲ့ ဒက်ဒီနဲ့ တိုးနေမှာစိုးလို့ လာမခေါ်တော့ဘူး၊ ပိုလိုက်ပဲ သူငယ်ချင်းတွေနဲ့ လာခဲ့နော်၊ သုဝဏ္ဏ အားကစားကွင်း သိတယ်မှတ်လား။ သုဝဏ္ဏ အားကစားကွင်းဘေးက စကိတ်ကွင်းရှိတဲ့ Restaurant လေ၊ အဲဒီမှာ ကိုယ်နဲ့ ကိုယ့်သူငယ်ချင်းတွေစောင့်နေမယ်၊ အခုချက်ချင်း လာခဲ့နော်၊ ဆယ့်ငါးမိနစ်အတွင်း ဆုံကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ကျွန်မတို့မှာ စီးဖို့ စကိတ်ဖိနပ်တွေမှ မရှိတာ"

"အဲ့ဒါတွေအတွက် ဘာမှမပူနဲ့၊ ကိုယ် အားလုံး စီစဉ်ပေးမယ် . . . လာသာလာခဲ့"

ဟု ပြောပြီး ဖုန်းချသွားသည်။ ယဉ်ကျေးမှာ သူငယ်ချင်းတွေဆီ ဖုန်းဆက်ပြီး လူစုကာ သူချိန်းသော နေရာသို့ စိတ်ဝင်တစားပင် သွားရောက်မိလေသည်။ ယဉ်ကျေးတို့ ရောက်သွားတော့ သူတို့ သူငယ်ချင်းအုပ်စုက ကြိုတင်ရောက်နှင့်နေပြီ။ ယဉ်ကျေးက အဲဒီနေ့က ပိုလို စပို့ရှပ်လက်တို အနီရဲရဲလေးနှင့် Scotish စကတ် အနီနှင့် အစိမ်းပုတ် အကွက်ကလေး ဝတ်ထားခဲ့ကာ ခြေအိတ်အနက် ရှူးဖိနပ် အနီရဲရဲကလေးနှင့် ဖြစ်သည်။ သူက ယဉ်ကျေးကို မြင်သည်နှင့် . . .

"ဟဲလို . . . နီတာရဲလေး"

ဟု ချစ်စနိုး မျက်နှာပေးကလေးနှင့် အမှတ်မထင် လှမ်းနှုတ်ဆက်လိုက်လျှင် ယဉ်ကျေးသည် စိတ်လှုပ်ရှားသွားကာ မျက်နှာတစ်ပြင်လုံး ပူနွေးရှိန်းမြသွား၏။ သူကတော့ ဘာမှ မထူးခြားသလို ယဉ်ကျေးအတွက် စကိတ်စီး ဖိနပ်တစ်ရံ လှမ်းပေးလိုက်ကာ . . .





"ရော့ . . . ဒီဖိနပ်ကို စီးလိုက်၊ ဘယ်လို စီးရသလဲဆိုတာ ကိုယ်သင်ပေးမယ်၊ အသားယူတာတော့ မဟုတ်ဘူးနော်၊ လက်တွေ ဘာတွေတော့ နည်းနည်း ကိုင်ခွင့်ပြုပါ၊ တစ်ခါတလေ ပခုံးလေးဘာလေးလည်း ထိမိချင်ထိမိလိမ့်မယ်၊ စိတ်မဆိုးကြေးနော်၊ ကိုကောင်တွေက ပိုလိုက်ရဲ့ သူငယ်ချင်းတွေကို သင်ပေးလိမ့်မယ်၊ စကိတ်စီးရတဲ့ အရသာဟာ ဘာနဲ့မှ မတူဘူး၊ အရမ်းရင်ခုန်ဖို့ကောင်းတယ်၊ အဲ့ဒီ အရသာကို ပိုလိုက်ကို ခံစားစေချင်လို့"

သူပြောတဲ့အတိုင်းပင် စကိတ်စီးသင်ရသည်မှာ အသည်းတထိတ်ထိတ် ရင်တဖိုဖိုရှိလှသည်။ သူ့ရဲ့လက်နှင့် ယဉ်ကျေးရဲ့ လက်တို့ အကြိမ်ပေါင်းများစွာ ထိတွေ့ ဆုပ်ကိုင်ကြသလို ယဉ်ကျေး၏ ပခုံးကလေးနှစ်ဖက်ကိုလည်း သူ့လက်နှစ်ဖက်ဖြင့် ခပ်တင်းတင်းဆုပ်ကိုင်မိသည့်အခါ ကိုင်မိကြသည်။ ယဉ်ကျေးဆီမှ အသည်းတယားယားဖြင့် အာခေါင်ခြစ်၍ စူးစူးရှရှ အော်ဟစ်သံတွေလည်း ထွက်ပေါ်လာတတ်သည်။ မေသစ်တို့၊ သင်းပျံ့တို့၊ မဉ္ဇူတို့ကလည်း ဆန်းသစ်၏ သူငယ်ချင်းတွေနှင့် ကောင်းကောင်းအဖွဲ့ကျကာ ရယ်ရယ်မောမော



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြသည်။ သိပ်မကြာခင်မှာ ယဉ်ကျေး စကိတ်စီးတတ်သွား၏။ စကိတ်ကွင်းထဲမှာ ယဉ်ကျေးတို့အုပ်စု ရှုပ်ယှက်ခတ်ကာ တစ်ယောက်နှင့်တစ်ယောက် တိုက်မိလိုက်ကြ၊ ချော်လဲကျလိုက်နှင့် ကလေးတွေလို တစ်ပျော်တစ်ပါးကြီး အော်ဟစ်ဆူညံ၍မဆုံး။ ယဉ်ကျေးအတွက် ဒါသည် ပထမဆုံး အတွေ့အကြုံဖြစ်သည်။ ထိုအတွေ့အကြုံကို ယဉ်ကျေး၏ လူငယ်ကလေးက မိတ်ဆက်ပေးခဲ့ခြင်း ဖြစ်သည်။ အဲဒီနေ့က စပြီး ယဉ်ကျေးတို့အားလျှင် အားသလို သူတို့နှင့် ချိန်းပြီး စကိတ် သွားစီးခဲ့ကြသည်။ အဲဒါတွေကိုများ ဖေဖေသိလျှင် မိုးမီးလောင်လိမ့်မည် ထင်ပါရဲ့။

နောက်တစ်ခါကျပြန်တော့ သူက ဆန်းသစ်အံ့ဆိုသည့်အတိုင်း နောက်တစ်မျိုး ဆန်းသစ် တီထွင်ပြန်သည်။

"ပိုလိုက်ရေ . . . ကိုယ်တို့ ငါးသွားများရအောင် လိုက်မလား"

ဟု တစ်မျိုး ဆိုလာပြန်လျှင် သူ့ကို ထူးပြီး မအံ့ဩတော့သလို . . .

"ဆန်းသစ် ရှင်ဟာလေ တော်တော် အတတ်ဆန်းထွင်





တယ်၊ ကျွန်မမှ ငါးမမျှားတတ်တာ"

"ငါးမျှားတာပဲကွာ . . . ဘာဆန်းလို့တုန်း၊ ငါးမျှားချိတ်မှာ အစာလေးချိတ်ပြီး ရေထဲပစ်ထည့်ပြီး စောင့်နေရုံပဲ၊ ငါးမျှားရတဲ့ဖီလင်ကလည်း ဘာနဲ့မှမတူဘူးကွ၊ ကိုယ် ဘယ်လို ငါးမျိုးရမလဲဆိုတဲ့ စိတ်လှုပ်ရှား ရင်ခုန်မှုနဲ့ ကိုယ့်ရဲ့ ငါးစာမှာ ငါးလာဟပ်မဲ့ အချိန်ကို ရင်တမမနဲ့ စောင့်နေရတဲ့ အရသာဟာ သည်းထိတ်ရင်ဖိုပဲ၊ အဲဒီ ဖီလင်ကို ကိုယ် ကြိုက်တယ်၊ ဒါကြောင့် ခဏ ခဏ ငါးသွားမျှားတတ်တယ်၊ ငါးရရင်တော့ ကိုယ် ဘာငါးလဲ ဆိုတာ ကြည့်ပြီး ပြန်လွှတ်ပေးလိုက်တာပဲ၊ ကိုယ်လိုချင်တာက ငါးမျှားရတဲ့ ဖီလင်ကို လိုချင်တာ၊ ကဲ လိုက်မလား . . . မလိုက်ဘူးလား"

"လိုက်မှာပေါ့ . . . မေသစ်တို့ သင်းပျံ့တို့ကိုပါ ခေါ်ခဲ့မယ်"

"ကောင်းပြီ . . . ကိုယ်တို့ Mr. Lonely မှာ ဆုံကြမယ်၊ ပြီးတော့မှ ငါးမျှားတဲ့ ကန်ဆီ သွားကြတာပေါ့"

အဲဒီလို ချိန်းကြပြီး ငါးသွားမျှားကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြောသလိုပင် ပျော်စရာလည်း ကောင်းသည်။ ဘာမှန်းမသိသော ငါးကို စောင့်မျှော်နေကြရင်း စကားတွေ တပြောပြောနှင့် အချိန်တွေ ကုန်မှန်းမသိ ကုန်ဆုံးစေသည်။ ယဉ်ကျေးကတော့ သူ့ရဲ့ လွတ်လပ်ပေါ့ပါးစွာ နေထိုင်ပြုမူတတ်ပုံကလေးတွေကို နှစ်ခြိုက်မြတ်နိုးခြင်းများဖြင့် အကဲခတ် စောင့်ကြည့်နေမိတတ်သည်။ အခုဆို ယဉ်ကျေး၏ နှလုံးသားနေရာ တော်တော်များများကို သူက သိမ်းပိုက်လွှမ်းမိုးထားခဲ့ပြီ။ သူနှင့် နေ့တိုင်းလိုလို တွေ့ဖြစ်ကြကာ မတွေ့ဖြစ်သော နေ့များမှာဆိုလျှင် ယဉ်ကျေးသည် ဘာကို အလိုမကျမှန်းမသိ တစ်ခုခုလိုအပ်နေသလို မပြည့်စုံသလိုကြီး ခံစားရကာ ဘေးနားက သူငယ်ချင်းတွေကို တစ်ယောက်မဟုတ် တစ်ယောက်ကို မည်းပြီး ရန်လုပ်တတ်လာသည်။ သူနှင့်သာတွေ့နေရမည်ဆိုလျှင် ယဉ်ကျေး၏ မျက်နှာကလေးက ပြုံးချင်တိုင်း ပြုံးနေကာ ပျော်၍ မဆုံးချေ။ သေချာသည် ... ယဉ်ကျေး သူ့ကို ချစ်နေမိပြီ။ သူကရော ယဉ်ကျေးကိုမြင်လျှင် ချစ်စနိုး အခေါ်အဝေါ်ကလေးတွေ တစ်ခုမဟုတ် တစ်ခု ဆန်းသစ်တီထွင်ကာ ခေါ်တတ်သည်။ ယဉ်ကျေးကို ကြည့်သော မျက်ဝန်းတွေက





ရွှန်းလဲ့ရီဝေစွာ အရည်တဖိတ်ဖိတ် လက်နေတတ်သည်မှာ အချစ်ကြောင့်များလား။ အို ... သူလည်း ယဉ်ကျေးလိုပဲ ယဉ်ကျေးကို မချစ်ဘဲ မနေနိုင်ပါဘူး။ ဘယ်လို အတားအဆီး အနှောင့်အယှက်တွေပဲ ရှိပါစေ သူဟာ တစ်နေ့နေ့မှာ ယဉ်ကျေးကို ချစ်စကား ဆိုရမည်။ အဲဒီနေ့ကို ယဉ်ကျေး တိတ်တဆိတ် မျှော်လင့် စောင့်စားနေခဲ့မိသည် မှန်သော်လည်း တကယ်တမ်းမှာ အဲဒီနေ့ကလေး ရောက်ရှိလာခဲ့ချိန်တွင် ယဉ်ကျေး လုံးဝ ကြိုတင်သတိမထားမိဘဲ အငိုက်မိပါသွားခဲ့ခြင်း ဖြစ်သည်။ သိတယ် မဟုတ်လား ... ထုံးစံအတိုင်း ဆန်းသစ်အံ့ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



"ပိုလိုက် . . . ကိုယ် ပိုလိုက်ကို တစ်ခု တောင်းဆိုမလို့ ခွင့်ပြုမလား"

"ဘာလဲဟင် . . . ဘာတောင်းဆိုမှာလဲ"

"ပိုလိုက်ကို ကိုယ် တစ်နေရာကို ခေါ်သွားပြီး တစ်ခုခု ပြချင်လို့၊ ဒါပေမယ့် ဒီအတိုင်း ခေါ်သွားလို့တော့ မဖြစ်ဘူး၊ ပိုလိုက်ကို မျက်လုံးတွေ မှိတ်ပြီး ခေါ်သွားချင်တာ၊ အဲဒါကို ခွင့်ပြုမလား"

ယဉ်ကျေးသည် သူ့စကားကြောင့် နည်းနည်းတော့ ကြောင်သွား၏။ အဲဒီ ဆန်းသစ်ဟာ ဘာတွေ အံတတ်ဆန်း ထွင်ဦးမည်မသိ။ သို့သော် ယဉ်ကျေးသည် သူ့ကို ဘယ်တုန်းကမှ ငြင်းဆန်ပယ်ရှားခြင်း မရှိခဲ့ဖူးသူပီပီ ခေါင်းကလေး





သာ ညိတ်ပြလိုက်သည်။

"ကောင်းပြီလေ . . . မဟုတ်တရုတ်တွေတော့ မကြံစည်နဲ့နော် . . ."

ဟု အသာတကြည်ပင် ခွင့်ပြုလိုက်မိ၏။ သူက ခပ်ပြုံးပြုံး မျက်နှာပေးနှင့် ယဉ်ကျေး၏ မျက်လုံးတွေပေါ်မှ ပုဝါကလေးတစ်ခု စည်းနှောင်ပစ်လိုက်၏။ ပုဝါကလေးက ပိုးသားပုဝါကလေးမို့ ယဉ်ကျေး၏ မျက်လုံးတွေပေါ်မှာ နူးညံ့ပျော့ပျောင်းစွာ ထိတွေ့နေလျက် ဘာကိုမှ ယဉ်ကျေး မမြင်ရတော့ချေ။

"ကဲ . . . လာ ကားပေါ်တက်၊ ခလုတ်တိုက်မယ်နော် သတိထားဦး"

သူက သူ့ကား ရှေ့ခန်းမှာ ယဉ်ကျေးကို ထိုင်စေသည်။ ယဉ်ကျေးသည် ချက်ချင်းပင် အကောင်းပကတိကနေ မျက်စိမမြင်သူတစ်ယောက်လို စမ်းတဝါးဝါးဖြင့် ကားပေါ်သို့ တက်ရ၏။ သူက အေးအေးဆေးဆေးပင် ယဉ်ကျေး ကားပေါ်သို့ တက်ပြီးချိန်မှာ ယဉ်ကျေး၏ ကားတံခါးကို ညင်ညင်သာသာ ပိတ်ပေးပြီး သူလည်းကားပေါ်သို့တက်ကာ မောင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သည်။

တစ်လမ်းလုံး မျက်စိတွေကို အပိတ်ခံရထားသောကြောင့် ယဉ်ကျေး၏ အဖြစ်က ပြန်ပြေးဆွဲ ခံလာရသူတစ်ယောက်လို ရယ်စရာလည်းကောင်းသည်။ လူတွေများမြင်လျှင် ဘယ်လောက်များ ရယ်မောကြမည် မသိ။

"ဘာလုပ်မလို့လဲ . . . ဟင်"

ဟု မေးကြည့်လျှင် သူက . . .

"ကျေးဇူးပြုပြီး မေးခွန်းတွေကို မမေးကြေးကွာ . . ."

ဟု ခပ်တိုးတိုးသာ ဖြေ၏။ သူ့ကားပေါ်မှာ ထုံးစံအတိုင်း ရေမွှေးနံ့ကလေး သင်းပျံ့ပျံ့လေး မွှေးအီနေကာ Aircon ကြောင့် အေးမြနေ၏။ ယဉ်ကျေးသည် သူဘာလုပ်ရမည်ဆိုတာကို မမှန်းဆနိုင်သေး။ ပဟေဠိတွေ မေးခွန်းတွေ တစ်ပုံတစ်ပင်နှင့် သူခေါ်ရာ နောက်သို့ပင် မျက်စိစုံမှိတ်ပြီး တကယ် လိုက်လာခဲ့မိခြင်းဖြစ်သည်။ ကားသံတွေ ဆူညံနေတာကိုတော့ ကြားနေရသားပင်။ ဒါဆို မြို့လယ်ခေါင် တစ်နေရာရာ ဖြစ်ချင်ဖြစ်မည်။ မြို့ပြင်တော့ မဖြစ်နိုင်။ သေချာတာကတော့ သူဟာ ယဉ်ကျေးကို ကားတင်ပြေးတာတော့ မဖြစ်နိုင်။





အတော်လေးကြာအောင် မောင်းလာခဲ့ပြီးမှ သူက ကားကို တစ်နေရာမှာ ရပ်လိုက်သည်။

"ကဲ . . . ဆင်းလို့ရပြီ . . . လာ"

သူက တံခါးဖွင့်ပေးလျှင် ယဉ်ကျေးသည် အကန်းတစ်ယောက်လို ဟိုစမ်းဒီစမ်းနှင့် ကားပေါ်မှ ဆင်းလိုက်ရသည်။ ဘယ်နေရာရောက်ပြီလဲဟင်ဟု သူ့ကို မမေးရဲ။ သူက မေးခွန်းတွေ မမေးပါနှင့်ဟု ဆိုထားသည် မှတ်လား။ သူတွေများ ဝိုင်းကြည့်နေကြသလားဟင်။ သူဟာ သိပ်ကို အတတ်ဆန်းထွင်လွန်းတဲ့ ကောင်ကလေးပဲ။ ယဉ်ကျေးသည် နှုတ်ခမ်းပေါ်မှာ ရှက်ပြုံးကလေး ပွင့်လန်းစွာဖြင့် ခပ်ဖြေးဖြေးချင်း လျှောက်လှမ်းလာခဲ့သည်။

"ဘာမှ စိတ်မပူနဲ့၊ ပိုလိုက် ဘာမှ မဖြစ်စေရဘူး၊ ကိုယ့်လက်ကို အသာလေးဆွဲထား၊ ကိုယ်အသားယူတာ မဟုတ်ဘူးနော်၊ ပိုလိုက်ကို ကူညီတာ ခလုတ်တိုက်လဲမှာစိုးလို့ . . ."

ဟု သူက ဆိုလိုက်သေးသည်။ ယဉ်ကျေးသည် သူ့လက်တစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ပြီး ခပ်တိုးတိုး ရယ်မောမိ



www.burmeseclassic.com

www.burmeseclassic.com



လျက် သူခေါ်ရာ နေရာဆီသို့ ဆက်လိုက်သွားခဲ့၏။ စိတ်ထဲမှာ ဘယ်နေရာလဲဆိုတာကို မှန်းဆမြင်ယောင် ကြည့်မိသည်။ သေချာတာတော့ အဆောက်အအုံကြီးတစ်ခုပဲ။ Hotel ကြီး တစ်ခုလား ဒါမှမဟုတ် Shopping Mall ကြီး တစ်ခုများလား။ အဝင်အဝ တံခါးကနေ ဝင်လာခဲ့ပြီး ရုတ်တရက် အေးစက်သွားသော အထိအတွေ့ကို ခံစားမိသည်။ ဟုတ်ပါတယ် . . . Aircon တွေ ဖွင့်ထားတဲ့ အဆောက်အဦးကြီးတစ်ခု ဖြစ်မှာပါ။

တစ်နေရာသို့ရောက်လျှင် သူက ရပ်လိုက်သည်။ ယဉ်ကျေးက မသိမသာလေးနားစွင့်နေလိုက်သည်။ သူ တစ်စုံတစ်ယောက်ကို ခပ်တိုးတိုး တစ်ခုခု ပြောနေပုံရသည်။

"ကဲ . . . ယဉ်ကျေး မျက်လုံးတွေ ဖွင့်လို့ရပြီ"

ဟု သူက ခွင့်ပြုလိုက်သောအခါ ယဉ်ကျေးသည် မျက်နှာပေါ်မှာ စည်းထားသော ပန်းနုရောင် ပိုးပုဝါလေးကို ဆတ်ခနဲ အလျှင်အမြန် ဆွဲဖယ်ပစ်လိုက်ကာ မျက်လုံးတွေကို အမြန်ဆုံး အလုပ်ပေးလိုက်သည်။ အိုး . . . ယဉ်ကျေးရောက်နေသည်မှာ Myanmar Shopping Mall ထဲရှိ ရတနာတွေ ရောင်းသောကောင်တာမှာကို။ ယဉ်ကျေးရဲ့ရှေ့မှာ ကတ္တီ





ပါဘူးကလေးတစ်ခု ဖွင့်ထားသည်။ ဘူးကလေးထဲမှာ အသည်းပုံဖော်ထားသော ပလက်တီနမ်ဖြင့် ကွပ်ထားသည့် စိန်ပွင့်ကလေး နှစ်ပွင့်သာပါသည့် လက်စွပ်ကလေး နှစ်ကွင်း။ ဘုရားရေ . . . ဒါ ဘာအဓိပ္ပါယ်ပါလိမ့်။

ယဉ်ကျေးသည် တထိတ်ထိတ် ရင်ခုန်လိုက်မောသွားပြီး သူ့မျက်နှာကို အလန့်တကြား လှမ်းကြည့်လိုက်မိလျှင် သူ့မျက်လုံးများက ယဉ်ကျေးကို ရီဝေညို့ငင်စွာ စိုက်ကြည့်နေကြသည်။ ပြီးတော့ လေသံခပ်တိုးတိုးဖြင့် တစ်ခွန်းပြော၏။

"ပိုလိုက် ကိုယ့်ကို မေတ္တာမျှပါ"

တဲ့။ ဘယ်လိုမှ မျှော်လင့်မထားသော ယဉ်ကျေး၏ သက်တမ်းတစ်လျှောက်မှာ တစ်ခါမှ မကြားဖူးခဲ့သောထို ရည်းစားကလေးကြောင့် ယဉ်ကျေး၏ နှလုံးသားတွေ တသိမ့်သိမ့်ခုန်သွားလေသည်။ ကြည့်စမ်း . . . သူ ပြောတတ်လိုက်တာ မေတ္တာမျှပါတဲ့။ ယဉ်ကျေးသည် ဘယ်လိုမှ ခုခံနိုင်စွမ်း မရှိသူလို နှလုံးသားတစ်ခုလုံး ယစ်မူးတုန်ယင်လျက် သူ့မျက်နှာကလေးကို ပြန်လည် ရင်ဆိုင်စိုက်ကြည့်နေလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



တာ . . .

"ဆန်းသစ်ရယ် ရှင် သိပ်တတ်နိုင်တာပဲ၊ မေတ္တာမျှပါတဲ့လား၊ အဲဒီ မေတ္တာမျှခွင့်ကိုရဖို့ ကျွန်မ ဘယ်လောက်တောင် မျှော်လင့်ရင်ဖိုခဲ့ရသလဲဆိုတာ ရှင်မသိဘူးနော်၊ ကျွန်မကတော့ ရှင့်လို စကားအဆန်းတွေ မပြောတတ်ဘူး၊ ရိုးရိုးကလေးပဲပြောမယ် . . . ရှင့်ကို ကျွန်မ သိပ်ချစ်တယ် . . ."

ယဉ်ကျေး၏ အဖြေစကားကြောင့် ကောင်တာမှ အမျိုးသမီးကလေးတွေက သဘောကျစွာ ပြုံးရယ်လိုက်ကြသည်။ အားလုံးက ယဉ်ကျေးတို့နှစ်ယောက်ကို ဝိုင်းကြည့်နေကြသည်။ နေရာကလေးက တကယ့်ကို Romantic ဖြစ်သော နေရာလေး။ သူ့ရဲ့ အပြုအမူကလေးကလည်း တစ်သက်မမေ့စရာ Romantic အပြုအမူကလေး။ ပြီးတော့ . . . သူပြောခဲ့သော စကားလေးတစ်ခွန်းကလည်း "ယဉ်ကျေး ဘယ်လိုမှ ငြင်းဆန်နိုင်စွမ်းမရှိလောက်အောင် ဆွဲဆောင်မှု ရှိလွန်းသော မေတ္တာစကားလေး။ ကဲ . . . ဘယ်လိုလုပ်ပြီး သူ့ကို ယဉ်ကျေး ငြင်းဆန်နိုင်မှာတဲ့လဲ။ နဂိုကတည်းက ယဉ်ကျေး





သူ့ကို သိပ်ချစ်နေခဲ့ပြီးသား ဖြစ်သည်။ အဲဒီမှာ ထပ်ပြီး သူ့ရဲ့ ချစ်ရေးဆိုပုံလေးက ဘယ်သူနှင့်မှ မတူအောင် ထူးခြား ဆန်းကြယ်လွန်းလှသည်မို့ ယဉ်ကျေး၏ ယစ်မူးတိမ်းညွှတ်မှုတို့က ဘယ်လိုမှ တားဆီးထိန်းချုပ်၍ မရနိုင်တော့။

ယဉ်ကျေး၏ အဖြေကြောင့် သူ့မျက်နှာတစ်ခုလုံး လင်းလက်တောက်ပစွာ ပြုံးလျက်ရှိသည်။ အဲဒီနောက် သူက ယဉ်ကျေး၏ လက်ကလေးတစ်ဖက်ကို ဆွဲကာ လက်စွပ်ကလေးကို ယဉ်ကျေး၏ ဘယ်ဘက်လက်သူကြွယ်ကလေးမှာ အသာအယာပင် ဝတ်ပေးလိုက်တော့၏။ လူတွေအများကြီး ဝိုင်းကြည့်နေကျသည်ကိုလည်း သူ ဇမှု။ သူ့အာရုံထဲမှာ ယဉ်ကျေးတစ်ယောက်တည်း ရှိနေတော့သလိုပင်။ ယဉ်ကျေး၏ ပလုံးသားသည် ရင်ဘတ်ထဲမှာ ယိမ်းနွဲ့ကခုန်စွာ လှုပ်ရှားနေသည်။ ယဉ်ကျေးနှင့် သူ့၏ မျက်လုံးနှစ်စုံမှာ နွေးထွေးနက်ရှိုင်းမြင့် တစ်ယောက်ကိုတစ်ယောက် မက်မောစုံမက်စွာ ငေးကြည့်နေမိကြသည်။ အဲဒီနောက်မှာတော့ ယဉ်ကျေးတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားခဲ့ကြသည်။ ဘယ်လောက် မမေ့နိုင်စရာ ကောင်းသည့် နေ့ကလေးတစ်နေ့ပါလဲ။ အဲဒီနေ့က



www.burmeseclassic.com

www.burmeseclassic.com



လေးကို နောင် ဘယ်အချိန် ဘယ်ရောက်ရောက် ယဉ်ကျေး အစအဆုံး အသေးစိတ် ပြန်ပြောနိုင်လိမ့်မည်။

"ကိုယ်တို့နှစ်ယောက် ဆူးလေဘုရားမှာ ဘုရားဖူးရအောင် ... ပထမဆုံး ချစ်သူတွေဖြစ်တဲ့ အထိမ်းအမှတ်ပေါ့"

ဟု သူက ဆိုပြီး ယဉ်ကျေး၏ လက်ကို ဆွဲကာ ဆူးလေဘုရားသို့ လမ်းလျှောက်ပြီး သွားဖူးကြသည်။ ယဉ်ကျေး တစ်သက်မှာ အခုလောက် ဘယ်တုန်းကမှ ပျော်ရွှင်ခဲ့ဖူးခြင်း မရှိ။ နှစ်ယောက်စလုံး အပျော်မျက်နှာ ကိုယ်စီဖြင့် တစ်ယောက်ကိုတစ်ယောက် မကြာခဏ ငုံ့ငုံ့ကြည့်မိကြသည်။ ဆူးလေဘုရားမှာ ယဉ်ကျေးတို့ ဘုရားဖူးကြတော့ လူတွေအားလုံးရဲ့ မျက်ဝန်းတွေက သူ့ဆီမှာ ... ပြီးတော့ ယဉ်ကျေးဆီမှာ စူးစူးစိုက်စိုက် ဝိုင်းအုံစိုက်ကြည့်လျက်ရှိကြသည်။ ယဉ်ကျေးရင်ထဲ အနည်းငယ်တော့ ရှိန်းမြနွေးဖိုကာ ရှက်သလိုလို မနေတတ်သလိုလိုကြီး ခံစားမိသည်။ သူကတော့ ဒီမျက်ဝန်းအကြည့်တွေကို ခံနိုင်ရည် ရှိပြီးဖြစ်သလို ဘာမှ ထူးထူးခြားခြား မဖြစ်။ အင်းလေ ... သူဟာ Celebrity တစ်ယောက်ပဲ။ သူ့ကို





ချစ်ကြတဲ့ ပရိတ်သတ်တွေအများကြီးရဲ့ကြားမှာ သူဟာ နေသားတကျ ရှိခဲ့ပြီ။ ယဉ်ကျေးကသာ အခုချိန်ကစပြီး Celebrity တစ်ယောက်ရဲ့ ချစ်သူအဖြစ် ပတ်ဝန်းကျင်ရဲ့ စိတ်ခံစားမှုတွေအားလုံးကို ရင်ဆိုင်နိုင်စွမ်းရှိဖို့ ကြိုးစားရမည်။ ယဉ်ကျေးအတွက်တော့ သိပ် အထူးဆန်းကြီး မဟုတ်လှပါ။ ဖေဖေနှင့်သွားလျှင်လည်း အခုလိုပင် ဖေဖေ့ပရိတ်သတ်တွေရဲ့ စိတ်ဝင်တစား အာရုံစိုက် ဝိုင်းကြည့်ခြင်းကိုခံရတာပင်။ ဒါပေမဲ့ အဲဒီတုန်းကတော့ ခံစားချက်ခြင်းက မတူချေ။ ယဉ်ကျေးသည် ဖေဖေရဲ့ သမီးအဖြစ် ဂုဏ်ယူကျေနပ်မှုတစ်မျိုးဖြင့် ပျော်ရွှင်နေရုံလောက်သာ ရှိခဲ့သည်။ အခုတော့ မြန်မာပြည်မှာ အလွန်ကျော်ကြားသော ထိတ်ထိတ်ကြွ အဆိုတော် ကောင်လေးတစ်ယောက်၏ ချစ်သူဖြစ်ခွင့် ရခဲ့ပြီမို့ ယဉ်ကျေးသည် ဖေဖေ့သမီး ဖြစ်ရသည်ထက် အတိုင်းအဆမဲ့မှာ ပို၍ ရင်ခုန်ဂုဏ်ယူမိလေသည်။ အဲဒါကိုများ ဖေဖေသိလျှင် ယဉ်ကျေးကို ဘယ်လောက်များ မွေးရကျိုးနပ်တဲ့ သမီးလည်းဟု အပြစ်ဆိုမှာ မလွဲချေ။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးနှင့် ဆန်းသစ်တို့ ချစ်သူတွေ ဖြစ်သွားမိသည့် အချိန်မှစ၍ ဖေဖေ မရိပ်မိရလေအောင် သိုသိုသိပ်သိပ် လျို့လျို့ဝှက်ဝှက်နှင့် နေခဲ့ကြရသည်ကို ဆန်းသစ်က သိပ်တော့ မကျေနပ်လှ။ သို့သော် . . . ယဉ်ကျေးက ဖေဖေ့အကြောင်းကို ယဉ်ကျေးသာလျှင် အသိဆုံးဖြစ်သည်။ ကမ္ဘာပေါ်မှာ ဖေဖေလောက် သူ့သမီးကို နှမြောတွန့်တို သဝန်တိုတတ်သော ဖခင်မျိုး နောက်ထပ်တစ်ဦး မရှိတော့နိုင်။ ဖေဖေသည် ယဉ်ကျေးကို အသည်းစွဲနေအောင် ချစ်မြတ်နိုးကာ ပိုးမွေ့သလို တယုတယမွေးလျက် ကြေးမုံပြင်တစ်ချပ်လို အရိပ်တကြည့်ကြည့်နှင့် ဂရုတစိုက် ရှိလွန်းလှသလောက် သူ့သမီးကို တခြားကောင်လေး တစ်ယောက်ယောက် သူ့ရင်ထဲကနေ ဆွဲထုတ်ယူငင်သွားမှာကိုတော့ သေမလောက် ကြောက်ရွံ့သူ





ဖြစ်သည်။ အဲဒါကို ယဉ်ကျေး အသိဆုံး။

ဆန်းသစ်ကလည်း ဘိုးတော်ကြီးအကြောင်း အနည်းအကျဉ်းတော့ မိတ်ဆက် ခံခဲ့ရပြီးပြီမို့ အခုချိန်မှာ ပြဿနာ မဖြစ်ချင်သေး။ ထို့ကြောင့် အေးအေးဆေးဆေးပင် ယဉ်ကျေး တောင်းဆိုသည့်အတိုင်း ဦးဝီရ မသိအောင် သူတို့နှစ်ယောက်၏ ချစ်သူဘဝကို လျို့ဝှက်ဖုန်းကွယ် ပေးထားရသည်။ သို့သော် သူတို့နှစ်ယောက်၏ ချစ်သူဘဝမှာ သူ့ရဲ့ တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ဆန်းသစ်တီထွင်လွန်းတတ်မှုတွေကြောင့် ပျင်းဖို့မကောင်း။ ယဉ်ကျေးက အမြဲတမ်း ရင်ခုန်ပျော်ရွှင်နေရသည်။

ဒီနေ့တော့ ယဉ်ကျေးက ဆန်းသစ်နှင့် တွေ့ဖို့ ချိန်းထားသည်မို့ ထုံးစံအတိုင်း အိမ်မှ Breakfast စားပြီးသည်နှင့် အပြင်ထွက်ဖို့ ဟန်ပြင်စဉ် အခုတလော ယဉ်ကျေးကို သက်မကင်းဟန်ဖြင့် မျက်စိဒေါက်ထောက် စောင့်ကြည့်နေသော ဖေဖေက ချောင်းတစ်ချက်ဟန့်ကာ စကားစလိုက်သည်။

"ပိုလိုက် . . . ခဏနေဦး၊ အခုတလော ငါ့သမီး တယ်
ခြေမငြိမ်ပါလား၊ နေ့တိုင်းလိုလို အပြင်ချည်း ထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ . . . ဘယ်လိုဖြစ်နေတာတုန်း၊ ဣန္ဒြေကို မရဘူး၊ မိန်းကလေးပီပီ အိမ်ထဲမှာ တစ်နေ့တစ်လေလောက် အေးအေးဆေးဆေးနေပါဦးလား၊ ဘယ်တွေ လျှောက်သွားနေတာတုန်း"

ဟု သံသယ မျက်ဝန်းများဖြင့် ကြည့်ကာ မေးလျှင် ယဉ်ကျေးသည် ထိတ်ခနဲ ရင်ဖိုသွားပြီး ဘာပြန်ပြောရမှန်း မသိလောက်အောင် ဆွံ့အတုန်လှုပ်သွား၏။ မတော်တဆ ဖေဖေ ရိပ်မိသွားမှာ စိုးရိမ်လှသည်။ မျက်နှာမပျက်အောင် ဟန်ဆောင်ထိန်းသိမ်းရင်း မေမေ့ထံသို့ မသိမသာတစ်ချက် ခိုးကြည့်မိလိုက်သည်။ မေမေက မသိချင်ဟန် ဆောင်နေ၏။ ယဉ်ကျေးနှင့် ဆန်းသစ်တို့ ချစ်သူတွေဖြစ်နေပြီ ဆိုတဲ့ အကြောင်းကို မေမေ့ကိုတော့ ယဉ်ကျေးက အစအဆုံး ဖွင့်ပြောပြထားပြီးဖြစ်သည်။ မေမေက ယဉ်ကျေးကို နားလည်သိမြင်ကာ ယဉ်ကျေးနှင့် မျှဝေခံစားပေးနိုင်သော သူငယ်ချင်းနှင့်တူသည့် မိခင်မျိုး ဖြစ်သည်။ ဖေဖေကသာ . . .။

"အဟင်း . . . ဟို ဘာမှ မဟုတ်ပါဘူး ဖေဖေရဲ့၊ သူငယ်ချင်းတွေနဲ့ ဒီလိုပဲ လျှောက်လည်နေတာပါ၊ သင်





တန်း တစ်ခုခု တက်ရရင်ကောင်းမလားလို့"

"ဘာသင်တန်းတက်မှာလဲ၊ တက်ချင်ရင်လည်း ဖေဖေ့ကို ပြောလေ၊ ဖေဖေကိုယ်တိုင် လိုက်အပ်ပေးမှာပေါ့၊ သင်တန်းတက်ချင်ရင်လည်းတက်၊ အတွေ့အကြုံတစ်ခုခုရအောင် အလုပ်တစ်ခုခု ဝင်လုပ်ရင်လည်း လုပ်ပါလား၊ သမီးကျောင်းပြီးကတည်းက ဘာမှ မလုပ်သေးဘဲ ဝေလေလေ လုပ်နေတာ နည်းနည်းကြာလာပြီ၊ ဒီလို အလဟဿကြီး အချိန်ဖြုန်းနေတာ ဖေဖေတော့ မကြိုက်ဘူး၊ အလကား စိတ်လေလွင့်တယ်၊ အားအားယားယား လျှောက်သွားနေတော့ သမီးကို ကြိုက်တဲ့ ကောင်တွေက တကောက်ကောက်လိုက်၊ သူတို့ကို လိုက်ခွင့်ရအောင် အခွင့်အရေးပေးထားသလို ဖြစ်နေမှာပေါ့၊ ကဲ . . . ဒီနေ့တစ်နေ့တော့ အိမ်ထဲမှာ မေမေနဲ့အတူတူ နေပေးစမ်း၊ အိမ်အလုပ်တွေကို မေမေနဲ့ကူလုပ်ပေး. . . ဟုတ်ပြီလား"

ဖေဖေ့စကားကြောင့် ယဉ်ကျေး အကြီးအကျယ် စိတ်ရှုပ်ထွေးသွား၏။ မျက်ခုံးကလေးတွေ တွန့်လိမ်ကွေး



www.burmeseclassic.com

www.burmeseclassic.com



ကောက်သွားကာ နှုတ်ခမ်းက စူထွက်သွား၏။ ကိုယ်ခန္ဓာက လေးကို တွန့်လိမ်ပစ်လိုက်ကာ . . .

"ဟာ . . . ဖေဖေကလည်း အမိပ္ပါယ် မရှိတာ၊ သမီး သူငယ်ချင်းတွေနဲ့ ချိန်းထားပြီးပြီ၊ ဒီနေ့ လျှောက်သွား ကြမှာ၊ သမီးမလိုက်လို့ မဖြစ်ဘူး ဖေဖေ၊ နောက်ရက်ကျ မှ နေပေးပါ့မယ်၊ ဒီနေ့တစ်နေ့တော့ သမီးကို ခွင့်ပြုပါ"

ဖေဖေက မျက်မှောင်ကြီးကြုတ်လျက် ယဉ်ကျေးကို စိုက်ကြည့်နေသည်။ ဖေဖေရဲ့ မျက်ဝန်းတွေနှင့် ခပ်ကြာကြာ ရင်မဆိုင်လိုသောကြောင့် ယဉ်ကျေးက မျက်လုံး ကို တစ်နေရာသို့ လွှဲထားလိုက်သည်။ ဖေဖေက ခဏမျှ တိတ် ဆိတ်နေကာ နောက်တော့ . . .

"ကောင်းပြီ . . . ဒါဖြင့်လည်း ဒီနေ့တော့သွား၊ မနက် ဖြန် သမီး အိမ်မှာ တစ်နေ့လုံး နေရမယ်၊ ဒါပဲ ဖေဖေ ပြောထားပြီးပြီနော်၊ သမီးကို ဖေဖေသိပ် ကြည့်မရချင် တော့ဘူး၊ တကထဲ . . . ရှုံးကလည်း များလိုက်တာ၊ အပြင်ထွက်ရင် အရင်ကနဲ့ကို မတူဘူး"

ဖေဖေက မကျေမနပ်ဖြင့် ဆူပွပွပြောပြီး





ထမင်းစား စားပွဲဆီမှ ထွက်သွား၏။ ယဉ်ကျေးသည် ဇက်က လေးကို ပုလိုက်ကာ ဖေဖေမသိအောင် အနောက်ကနေ အသံ တိတ် ဟီးဟီးဟားဟား လုပ်နေလိုက်သေးသည်။ မေမေက ယဉ်ကျေးကို ချစ်စနိုး မျက်စောင်းချိကာ . . .

"ကောင်မလေးနော် . . . တော်တော်ကဲနေ၊ သမီးဖေဖေ သိသွားရင် မလွယ်ဘူး၊ အနေအထိုင်လည်း ဆင်ခြင်ကြ ဦး၊ သူ လုံးဝ သဘောတူမှာ မဟုတ်ဘူး၊ မေမေ မနည်း ပြောယူရမှာ"

ဟု ခပ်တိုးတိုး သတိပေး၏။

"အဲဒါကြောင့် မေမေ့ကို ကမ္ဘာပေါ်မှာ အချစ်ဆုံး . . ."

ယဉ်ကျေးက မေမေ့ကို ချွဲချွဲနွဲ့နွဲ့ကလေး ပြော လိုက်ရင်း မေမေ့ပါးပြင်နှစ်ဖက်ကို အားပါးတရမွှေးကြူဖြစ်ခဲ့ ကာ အိမ်ထဲမှ ခပ်သွက်သွက်ကလေး ပြေးထွက်လာခဲ့သည်။ တော်ကြာ ဖေဖေ စိတ်ပြောင်းသွားရင် မလွယ်။

ယဉ်ကျေးက ကားမောင်းလာရင်း ဆန်းသစ် နှင့် ချိန်းထားသော အင်းလျားကန်စောင်းဘက်ဆီသို့ ထွက်လာ ခဲ့သည်။ အင်းလျားသို့ ယဉ်ကျေး ရောက်သွားချိန်မှာ ဆန်းသစ်



www.burmeseclassic.com

www.burmeseclassic.com



၏ ကားကလေးက ရောက်နေပြီ။ ယဉ်ကျေးက ဆန်းသစ်၏ ကားနှင့် ဘေးချင်းကပ်မှာ ပါ်ကင် ထိုးလိုက်ကာ ဆန်းသစ်၏ ကားမှန်တံခါးကို လက်ချောင်းကလေးများဖြင့် တစ်ဒေါက် ဒေါက် ခေါက်လိုက်၏။

"ပိုလိုက်ကလည်းကွာ ကြာလိုက်တာ၊ ကိုယ် စောင့်နေတာ ဆယ်မိနစ် ကျော်သွားပြီ"

ဆန်းသစ်က ကားထဲမှ ထွက်လာပြီး ကလေးဆိုးတစ်ယောက်လို ဆူပွပွ မျက်နှာပေးဖြင့် ပြော၏။ ယဉ်ကျေးက ချစ်စဖွယ် ရယ်မောပစ်လိုက်ကာ . . .

"အမလေး . . . ဖေဖေရစ်နေလို့တော်၊ မနည်း လစ်ထွက်လာရတယ်၊ မနက်ဖြန်ဆို အိမ်မှာ တစ်နေကုန်နေရမယ်တဲ့၊ လုံးဝ အပြင်မထွက်ရဘူးတဲ့တော်"

ဟု မျက်ခုံးကလေးကိုပင့်၊ မျက်လုံးကလေးကိုဝိုင်းကာ နှုတ်ခမ်းကလေးစူကာ မူကာဖြင့် ချစ်စဖွယ်ပြောလိုက်သည်။ ဆန်းသစ်က ယဉ်ကျေး၏ အမူအယာလေးတွေကို ချစ်မြတ်နိုးစွာဖြင့် ပါးပြင်ကလေးကို ခပ်ဖွဖွလိမ်ဆွဲပစ်လိုက်ကာ. . .





"လာ . . . သွားစို့ ကန်စပ်မှာ အေးအေးဆေး သွားထိုင်ကြမယ်"

ဟု ဆိုပြီး ယဉ်ကျေး၏ လက်ချောင်းကလေးတွေကို ခပ်တင်းတင်း ဆုပ်ကိုင် ဆွဲခေါ်လိုက်၏။ သူတို့နှစ်ယောက် ကန်စပ်ရှိ ဆိုင်ကလေးတစ်ဆိုင်မှာ ဝင်ထိုင်လိုက်ကြသည်။

"ပိုလိုက်ရဲ့ အဖေက ခေတ်မီမလိုလိုနဲ့ တော်တော်ခေတ်နောက်ပြေးတာပဲနော်၊ အဲဒီလို ကိုယ့်သမီးကို အိမ်တွင်းပုန်းခိုင်းတဲ့ အဖေမျိုး ကိုယ်မကျေနပ်ဘူး သိလား၊ သူပဲ တစ်နေ့လုံးပြည့်အောင် အိမ်ထဲမှာ နေစမ်းပါဦး"

"အမလေး . . . နေတယ်တော်ရေ နေတယ်၊ ဖေဖေက သူ့ Studio ထဲ ဝင်နေရရင် တစ်နေ့လုံးမကဘူး တစ်လလုံးလည်း နေနိုင်တယ် . . . သိလား၊ သူက သူ့ရဲ့ဂီတကို တအား ရူးသွပ်တာ၊ အဲဒီဂီတထဲမှာ သူ့ဘဝတစ်ခုလုံးကို မြှုပ်နှံ နှစ်မြှုပ်ထားဖို့လည်း ဝန်မလေးဘူး၊ ဒါပေမဲ့ သူ့သမီးကိုတော့ ဂီတထက် သူ ပိုချစ်တယ်တဲ့၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ အမြဲတမ်း ပြောတတ်တဲ့ စကားလေ . . .”

“အေး . . . နောက်ဆို သူ့သမက်ကလေးကို သူ့သမီး ထက်တောင် ပိုချစ်လာစေရဦးမယ် ဟား . . . ဟား ဟား”

ဆန်းသစ်က ခနိုးခနဲ့ပြောရင်း ကိုယ့်စကား ကိုယ် သဘောပြန်ကျကာ တခွီးခွီး ရယ်မောလေသည်။

အဲဒီအချိန်မှာ ယဉ်ကျေးတို့နားသို့ ပျားကောင် ကြီးတစ်ကောင် တဝီဝီဖြင့် တစ်ရစ်ဝဲဝဲ ရောက်လာခဲ့သည်။ ယဉ်ကျေးက ခေါင်းကို ခါရမ်း ရှောင်တိမ်းလိုက်ရင်း . . .

“အမလေး . . . ပျား ပျား ဆန်းသစ်ရေ လုပ်ပါဦး ကျွန်မက ပျားဆိုရင် အရမ်းကြောက်တယ်၊ ပျားတုပ် ခံရမှာ အကြောက်ဆုံးပဲ၊ ငယ်ငယ်တုန်းက တစ်ခါ ပျားတုပ်ခံရ ဖူးတယ်၊ ပျားကို Allergy ရှိတယ်၊ ပျားတစ်ခါ တုပ်သွားရင် အတုပ်ခံရတဲ့ နေရာတစ်ခုလုံး ဖူးရောင်နီရဲလာရော၊ အရမ်းကြောက်စရာကောင်း တာ. . . အမလေး . . . မောင်းထုတ်ပေးပါ . . . မောင်းထုတ်ပေးပါ၊ အသည်းယားလိုက်တာ”





ယဉ်ကျေးက ဆွေ့ဆွေ့ခုန်ကာ အော်ဟစ်နေ သည်။ ဆန်းသစ်က ယဉ်ကျေး၏ အမူအရာကို ကြည့်ကာ တဟားဟား အော်ရယ်ရင်း . . .

“ဟော့ကောင် . . . ပျားသွားစမ်း၊ ငါ့ချစ်သူနား မကပ်နဲ့ ကွ၊ ဒါ ငါ့တစ်ဦးတည်းမူပိုင်၊ မင်း ငါ့ချစ်သူရဲ့ ပါးကို ယောင်လို့တောင် မတို့နဲ့နော်၊ မင်းနဲ့ငါ အသက်ချင်းလဲ ပစ်လိုက်မယ်”

ဟု ပျားကို မှင်နှင့်မောင်းနှင့် ကြိမ်းနေသော ကြောင့် ယဉ်ကျေးမှာ အသည်းတယားယား ကြောက်လန့်နေရ သည့်ကြားမှပင် ရယ်မောရသေး၏။ သို့သော် ယဉ်ကျေး ကံမကောင်းပါ။ ပျားက ယဉ်ကျေး၏ အပေါ်နှုတ်ခမ်း တည့် တည့်သို့ ဖျတ်ခနဲ ဝင်တုတ်သွားတော့၏။

“အား . . . နာလိုက်တာ၊ သွားပြီ ပျားတုပ်သွားပြီ၊ အမလေး . . . သေပါပြီ”

ယဉ်ကျေးသည် အလန့်တကြား နာကျင်စွာ အော်ဟစ်လျက် ပျားတုပ်ခံလိုက်ရသော နှုတ်ခမ်းကလေးကို လက်ဖဝါးဖြင့် တအားဖိထားမိသည်။ ဆန်းသစ်က ရွှတ်နောက်



www.burmeseclassic.com

www.burmeseclassic.com



နေ့ာတ် မအော်နိုင်တော့ဘဲ . . .

"ဟာ . . . တကယ်လား . . . ကယ် တုပ်သွားပြီလား ဒီကောင် ပျားတော့ကွာ သေတော့မှာပဲ၊ မှန်း . . . ဘယ်မှာလဲ ပြစမ်း ဘယ်ကိုတုပ်သွားတာလဲ"

"ဟောဒီမှာ . . . အပေါ်နှုတ်ခမ်းကို"

ယဉ်ကျေးသည် လက်နှင့်အုပ်ထားသော အပေါ်နှုတ်ခမ်းကို ဖွင့်ပြလိုက်သည်။

"ဟာ . . . ဟုတ်တယ် ချက်ချင်းကို နီရဲလာတာပဲ၊ ဘယ်လိုလုပ်မလဲ . . . ဆေးခန်းသွားမလား"

"ဟာ . . . ပေါက်ပေါက်ရှာရှာ၊ ပျားတုပ်တာများ ဘယ်လိုလုပ်ပြီး ဆေးခန်းသွားရမှာတုန်း၊ ဒါပေမယ့် . . . ဒုက္ခပဲ အဲဒီဒဏ်ရာက ခဏနေရင် အရမ်းကို ဖူးရောင် နီရဲလာတော့မှာ၊ ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်လာရင် ရှက်စရာကြီး၊ ပြန်ရအောင် ဆန်းသစ်ရယ် ပြန်ကြစို့"

"ပိုလိုက်ကလဲကွာ . . . ပျားတုပ်တာများ မြွေပေါက်ခံရတာ ကျနေတာပဲ မျက်စိပျက် မျက်နှာပျက်နဲ့၊ လာပါ





ဆေးခန်းသွားကြမယ် ဆရာဝန်က တစ်ခုခု လုပ်ပေးနိုင်တာပေါ့၊ လိမ်းဆေးဖြစ်ဖြစ်လေ . . . လာ"

ဆန်းသစ်က ယဉ်ကျေး၏လက်ကို ဆွဲခေါ်[illegible] ဆိုင်ကလေးထဲမှ ပြန်ထွက်လာသည်။ ယဉ်ကျေး၏ နှုတ်[illegible]လေးက မျက်စိရှေ့မှာတင် တဖြည်းဖြည်း နီရဲ ဖူးရောင်[illegible]လာသည်။ ယဉ်ကျေးက နှုတ်ခမ်းကလေးကို လက်ကလေး[illegible]က်ဖြင့် အုပ်ကွယ်ထားလျက် ကိုရွှေပျားကို တတွတ်တွတ်[illegible]ဆဲ မြည်တမ်းလာ၏။

အဲဒီအချိန်မှာ ကံဆိုးမိုးမှောင် ကျဖို့ ဖြစ်လာခဲ့[illegible]ဖြစ်သည်။ အင်းယားကန်စောင်းဝင်းထဲသို့ ကားတစ်စီး[illegible]လာသည်ကို အမှတ်မထင်တွေ့လိုက်ရ၏။ ကားက ဖေဖေ့[illegible] ဖြစ်သည်။ ဖေဖေ့ကားကို မြင်လိုက်ရသည်နှင့် ယဉ်ကျေး[illegible]လုံးတွေ ပြာခနဲဖြစ်သွားကာ . . .

"ဟာ . . . ဒုက္ခပဲ ဆန်းသစ်ရေ ဖေဖေလာနေပြီ . . . ဘယ်လိုလုပ်ကြမလဲ"

"ဘာမှမလုပ်နဲ့ ရင်ဆိုင်ကြရုံပဲ ရှိတာပေါ့ . . ."

ဝီရက တစ်ယောက်လက်ကို တစ်ယောက်တွဲ



www.burmeseclassic.com

www.burmeseclassic.com



ကာ သူ့ဆီသို့ အံ့ဩထိတ်လန့်နေသော မျက်ဝန်းများဖြင့် ကြည့်နေသော သမီးတို့ စုံတွဲကို မျက်ခြင်းပင် တန်းမြင် မြင်လိုက်ရခြင်းပင် ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွား မျက်လုံးတွေ ပြာဝေသွား၏။ သမီးရဲ့လက်ကို ပိုင်ဆိုင်ပိုင် ဆွဲကိုင်ထားသော ကောင်မှာ သူလုံးဝ ကြည့်မရသော Hop ကောင် ဖြစ်နေသည်က အဆိုးဆုံး ဖြစ်သည်။ ထို့ခဏ သူ့ခန္ဓာကိုယ် ဟစ်ခုလုံး ဒေါသတွေ တဖျင်းဖျင်း လောင်သွား၏။

"တောက် . . ."

တောက်တစ်ချက်ကို ခပ်ပျင်းပျင်းခေါက် သူ ကားကို တရကြမ်းပင် ထိုးရပ်ပစ်လိုက်ပြီး ကား ဝုန်းဒိုင်းကြကာ ဆင်းသွား၏။

"ကြည့်စမ်း . . . တော်တော်လိမ္မာတဲ့ သမီး ဟောကောင် . . . မင်း ငါ့သမီးရဲ့ လက်ကို အ ချင်း လွှတ်လိုက်စမ်း၊ မင်း ဘာကောင်လဲ၊ အကြောက်အလန့် မရှိတဲ့ကောင်၊ မင်းနဲ့ငါ ကျွ ဟောကောင်၊ မင်းလိုကောင်ကများ ငါ့သမီးကို





လား တန်လို့လား ရေရာစစကွာ . . . သမီး လာခဲ့ စမ်း"

သူ သမီးရဲ့လက်ကို ဝုန်းခနဲ ဆောင့်ဆွဲ ခေါ် လိုက်သည်။ ထိုခဏမှာ သမီး၏ အပေါ်နှုတ်ခမ်း သစ်ခုလုံး ရောင်အန်းလျက် နှုတ်ခမ်းကို သူ တွေ့လိုက်ရတော့ ဘဝကိုယ် တဆတ်ဆတ်တုန်သွားကာ သူ့ဒေါသတွေ ဟရပေါ ပေါက်ကွဲပြုဆင်းသွားတော့၏။ သူ့လက်သီးက Hip Hop ကောင်၏ မျက်နှာတည့်တည့်သို့ အဆက်မပြတ် ပြေးဝင် တော့သည်။

"မင်းကများ ငါ့သမီးကို . . . မင်းကများ ငါ့သမီးကို"

အဲဒီစကားကိုသာ သူ ထပ်တလဲလဲ ရေရွတ် ဟစ်လေသည်။ ဒီထက် သူ ဆက်မပြောနိုင်။ ရင်ထဲမှာ ကြီးနင့်လျက်ရှိကာ ရှက်လည်းရှက် နာလည်း နာကျင် ၏။

ဆန့်သတ်က ဦးဝီရ၏ လက်သီးချက်တွေကို ဘား၍ ရှောင်တိမ်းနေရသည်။ တစ်ချက်တစ်ချက် ထိ သည်လဲ ရှိသလို လွတ်ခြောက်သွားတာလဲ ရှိသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



လူကြီးမို့ ဦးဇီရာကို ပြန်မတိုက်ခိုက်ချင်သောကြောင့် ကြိုး...
သာ ရှောင်တိမ်းနေရသည်။ လူတွေ ဝိုင်းကြည့်လျက်...
ခဏကြာတော့ လူတချို့ပြေးထွက်လာပြီး ဦးဇီရာကို ဆွဲ...
ထိန်းချုပ်လိုက်ကြသည်။ နှစ်ယောက်စလုံး လူသိများ...
ကြားလှသည့် Celebrity တွေ ဖြစ်နေသောကြောင့် သူတို့...
ယောက်ကို မသိသူ မရှိချေ။

“မင်းနဲ့ငါ နောက်တစ်ကြိမ် ထပ်တွေ့မယ် ဟေ့...
ငါ့သမီးကိုတော့ မင်းရမယ်မထင်နဲ့ . . . မင်း...
အသက်ချင်း လဲပစ်မယ် လာ . . . သမီး ကား...
တက်စမ်း”

သူ သမီးကို ကားပေါ်သို့ ဖွတ်အတင်း...
တင်ပစ်လိုက်သည်။ ယဉ်ကျေးသည် ရှက်လည်းရှက် ကြော...
လည်းကြောက်လွန်းသောကြောင့် တစ်ကိုယ်လုံး တုန်ယင်...
သည်။ ဖေဖေ့ကိုလည်း ဝင်မဆွဲရဲ။ ဆန်းသစ်ကိုလည်း ရင်...
အောင်ပင် သနားလွန်းမိသည်။ ဖေဖေ့ကို တစ်ချက်မှ ပြ...
ထိုးဘဲ ကြိုးစား၍ရှောင်တိမ်းနေရသော ပုံစံကလေး...
ယဉ်ကျေး၏ မျက်လုံးထဲမှ မထွက်တော့ချေ။ သူ့မှာ ...





အပြစ်မှမရှိဘူး ဖေဖေ။ သူ့ကို သမီး သိပ်ချစ်တယ်။ သမီး သိပ်ချစ်တဲ့ လူငယ်လေးတစ်ယောက်ကို ဖေဖေ ဘာဖြစ်လို့ အဲဒီလောက် အပြီးတကြီး ရက်ရက်စက်စက် ထိုးနှက်တိုက်ခိုက် နေရတာလဲဟင်။ သမီးရဲ့ ချစ်သူဟာ ဖေဖေရဲ့ရန်သူ မဖြစ် သင့်ပါဘူး။

ယဉ်ကျေး၏ ရင်ထဲမှာ ထိုစကားတွေက အကျယ်ကြီး ပဲ့တင်ထပ်လျက်ရှိသည်။ အပြင်မှာတော့ စကားတစ်ခွန်းမှ မပြောနိုင်ဘဲ နင်နေသည်။

“ဖေဖေ . . . သမီးရဲ့ကား”

“အဲဒီကားကို ထားပစ်ခဲ့၊ နောက်မှ တစ်ယောက်ယောက်ကို ယူခိုင်းလိုက်မယ်၊ ဇီရာယဉ်ကျေး . . . နင် သိပ်လူစွမ်းကောင်း လုပ်နေတယ်ပေါ့လေ၊ ငါ့မှာတော့ ချစ်လိုက်ရတာ၊ မွေးမြူစောင့်ရှောက်လိုက်ရတာ၊ တန်ဖိုးထားလိုက်ရတာ၊ မင်းကတော့ ကိုယ့်တန်ဖိုးကို အဲဒီကောင်ရဲ့ ခြေဖဝါးအောက်မှာ ချခင်းပေးနေတယ်ပေါ့လေ၊ ဟုတ်လား . . . ရက်ရက်ရောရောကြီးကို ပေးဆပ်နေတာပေါ့လေ၊ ရင်နာဖို့ကောင်းလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကွာ. . . ငါ သိပ်တန်ဖိုးထားတဲ့ ငါ့သမီးရဲ့ ဂုဏ်သိက္ခာတွေ အရှက်တရားတွေ ဘယ်တွေ ရောက်ကုန်ပြီလဲ၊ သမီး အဲဒီလောက် ဖေဖေ့ကို လုပ်ရက်လိမ့်မယ်လို့ ဖေဖေ မထင်ဘူး၊ ဘာဖြစ်လို့ အဲဒီလောက်တောင် မိုက်မဲရတာလဲ"

ဖေဖေ့မျက်ဝန်းတွေ ရုတ်ချည်းပင် နီရဲပြောင်လက်လာကာ မျက်ရည်တွေ ရစ်ဝဲလာသည်ကို ယဉ်ကျေး တအံ့ကြသြပင် မြင်တွေ့ရ၏။ တစ်သက်နှင့်တကိုယ် အခုအချိန်အထိ ဖေဖေ့မျက်ရည်ဆိုတာကို ယဉ်ကျေး တစ်ခါမှ မမြင်ဖူးခဲ့ချေ။ ဖေဖေ ဘယ်လောက်တောင် နာကျင်ထိခိုက်သွားသလဲဆိုတာကို ခံစားမိသောကြောင့်ပင် ယဉ်ကျေးရင်ထဲ နင့်ခနဲနာကျင်သွား၏။ တစ်ဖက်မှာလည်း သိပ်ချစ်ရသော ချစ်သူကိုနောက်ဆံတငင်ငင်ဖြင့် ချန်ရစ်ထားခဲ့ရသည်ကို ကြေကွဲ၍မဆုံးချေ။

ဆန်းသစ်သည် မုန်တိုင်းတစ်စင်း ဝင်မွှေနှောက်သွားသလို ဝုန်းဒိုင်းကြဲသွားကာ သူ့သမီးသူ ပြန်ခေါ်သွားသော ဦးဝီရကို မမုန်းစဖူး အမုန်းကြီး မုန်းတီးသွားမိ





ည်။ နှစ်ချက်မျှ သူ့လက်သီးနှင့် အထိုးခံလိုက်ရသည့် အတွက် ပါးစပ်ထဲမှာ သွေးစို့လာသလို ငံကျိကျိ အရသာကို စားရသည်။ လူတွေအများကြီး ဝိုင်းအုံကြည့်နေကြသည့် ဖြစ်ကို ရှက်လည်းရှက်ကာ ကားပေါ်သို့ ခပ်မြန်မြန်တက်ပြီး င်းထွက်လာခဲ့ရသည်။ ကားပေါ်ရောက်တော့မှ သူ့ဒေါသ ွှ တလိပ်လိပ် ဆောင့်တက်လာ၏။ သူ တောက်တစ်ချက် း‌ထန်စွာ ခေါက်လိုက်မိသည်။ ဘယ်လိုလူကြီးလဲ . . . ဖြစ်လို့ အဲဒီလောက် ဆင်ခြင်တုံတရား ကင်းမဲ့ရတာလဲ။ ယ်ရောက်ပြီးနေတဲ့ သူ့သမီးနှင့် သူ ချစ်သူတွေ ဖြစ်ကြတာ ဆန်းသလဲ။ အဲဒီလောက် ခါးခါးသီးသီး ရက်ရက်စက်စက် န်ဖို့ လိုအပ်သလား။ သူက ဘာကောင်မို့လဲ။ သူသည် မ်းဘေးက တေလေကြမ်းပိုး ကလေကချေ တစ်ကောင် ည်း မဟုတ်။ အဆင့်အတန်းမြင့်မြင့် ဂုဏ်သိက္ခာရှိရှိ ာင်းဖခင် သားတစ်ယောက်ဖြစ်သည်။ အဲဒါကို မတူသလို န်သလို ရက်ရက်စက်စက် ချိုးနှိမ်စော်ကားခွင့် အဲဒီလူမှာ လား။ သူ့ဘက်က တစ်ချက်ကလေးမှ မတုန့်ပြန်ခဲ့မိသည် အခုမှ နောင်တရကာ နာကျင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြင့် သူ ကားကို တရကြမ်းမောင်းကာ သူငယ်ချင်းတွေ ရှိနေမည့် Mr. Lonley ဆိုင်သို့ ကမူးရှူးထိုး ရောက်သွားလေသည်။ ကော်ဖီဆိုင်ထဲမှာ ကွန်ပျူတာ ဂိမ်း ကစားလျက်ရှိသော သူငယ်ချင်းတွေက သူ့ကိုမြင်တော့ တအံ့တဩ ထိတ်ထိတ်ပျာပျာတွေ ဖြစ်ကုန်ကာ . . .

"ဟေ့ကောင် . . . ဆန်းသစ် ဘာဖြစ်လာတာလဲ၊ မျက်နှာကြီးကလည်း နီရဲလို့၊ ဟ . . . မင်းနှုတ်ခမ်း ပေါက်သွားတာလား . . . သွေးတွေထွက်နေတယ်"

"ဘာဖြစ်တာလဲ . . . ဟေ့ကောင်၊ မင်းကို ဘယ်သူ ထိုးလိုက်တာလဲ၊ ဘယ်ကကောင်တွေလဲ၊ လာ . . . ငါတို့ အခုချက်ချင်း လိုက်ဖြိုမယ်"

ဟု တစ်ယောက်တစ်ပေါက် ဝိုင်းအော်နေကြသည်။ သူ ဆိုဖာတစ်ခုပေါ်မှာ ဝုန်းခနဲ ခြေပစ်လက်ပစ် ပစ်မှီလှဲချလိုက်ရင်း . . .

"အဘိုးကြီး လုံးဝမတရားဘူးကွာ၊ ငါ့ကို သက်သက် စော်ကားလွန်းတယ်၊ ဘာဖြစ်လို့ ငါ့ကို အဲဒီလောက် အထင်သေးနှိမ်ချနေရတာလဲ၊ သူက ဘယ်လောက်များ





တော်နေလို့လဲ၊ ငါ့ကို အစွမ်းအစမရှိတဲ့ နလပိန်းတုန်း တစ်ကောင်လို ဘာဖြစ်လို့ ဆက်ဆံရတာလဲ၊ ငါ မကျေနပ်ဘူးကွာ၊ ဘာဖြစ်လို့ သူ့သမီးနဲ့ ငါ့ကို မတူသလို မတန်သလို အချိုးမျိုး ဆက်ဆံရတာလဲ၊ သူ့သမီးကို ငါ ချစ်မိတာ အပြစ်လား၊ ငါ တစ်ခုခုတော့ တုံ့ပြန်ရလိမ့်မယ်"

"ဩော် . . . မင်း ပိုလိုက်ရဲ့ အဘိုးကြီးနဲ့ ဆုံလာပြန်ပြီပေါ့ . . . ဟုတ်လား"

"အေး . . . ဟုတ်တယ်၊ ငါ့မျက်နှာကို သဲအိပ်တစ်လုံးလို အဆက်မပြတ် ထိုးသွားတာကွ၊ ငါ ရှောင်နိုင်လွန်းလို့ နှစ်ချက်တော့ ထိသွားတယ်၊ ငါ လုံးဝ မကျေနပ်ဘူးကွာ၊ အသားနာတာထက် ငါ့နှလုံးသားထဲက ပိုနာတာ၊ ငါ သူ့ကို တစ်ခုခုတော့ တုံ့ပြန်စိန်ခေါ်ရလိမ့်မယ်၊ ငါ့ကို ဘာမှမဟုတ်တဲ့ ကောင်တစ်ကောင်လို စော်ကားနှိမ်ချတာကို ငါ မခံနိုင်တော့ဘူး၊ သူ ငါ့ကို ဘာဖြစ်လို့ အဲဒီလောက် အငြိုးတကြီးဖြစ်နေရတာလဲ"

"ရှင်းရှင်းလေးပဲကွာ . . . မင်းကို သူ မနာလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ ပိုဆိုးတာက မင်းက သူ့သမီးရဲ့ နှလုံးသားကို မှ သွားပြီး သိမ်းပိုက်ပစ်ခဲ့တာကို"

"မင်းတို့ စဉ်းစားကြည့်စမ်း၊ ငါ . . . သူ့ကို ဘယ်လိုပုံစံမျိုးနဲ့ ပြန်တုံ့ပြန်ရင်ကောင်းမလဲ၊ ငါ သူ့ကို အနိုင်ပြန်ယူချင်တယ်၊ ငါ့ဘဝ တစ်ခုလုံးနဲ့ပဲ လောင်းကြေးထပ်ရ ထပ်ရ ငါ သူ့ကို စိန်ခေါ်ချင်တယ်"

သူငယ်ချင်းတွေက သူ့ကို ကိုယ်ချင်းစာစိတ်အပြည့်ဖြင့် ဝိုင်းကြည့်နေကြသည်။ သူ့တစ်ကိုယ်လုံး နာကျင်မှု၊ နာကြည်းမှု မခံမရပ်နိုင် ဖြစ်မှုတို့ဖြင့် မဖျော့တော့နွမ်းလျနေသည်။ သူချစ်သော ပိုလိုက်၏ မျက်နှာကလေးကို မြင်ယောင်တမ်းတလိုက်မိချိန်မှာ သူ့ရင်ထဲ ပို၍ နွမ်းလျသွား၏။ ပိုလိုက်ရယ် မင်းကို သိပ်ချစ်လွန်းလို့သာ ကျည်ဆံတွေ တရစပ်ပြေးလာနေတဲ့ဆီကို ရင်ဘတ်ဖွင့်ပြီး တည့်တည့်မတ်မတ်ဝင်တိုးခဲ့မိတဲ့ ကိုယ်ပါ။ မင်းရော ကိုယ့်ကို ဘယ်လောက်ချစ်သလဲဟင်။

"သမီး အဲဒီအခန်းထဲကနေ လုံးဝ မထွက်နဲ့၊ ဖေဖေ ပြန်မလာမချင်း ထွက်ခွင့်မရှိဘူး . . . ကြားလား၊ မင်း . . . သမီးရဲ့နားမှာ စောင့်နေစမ်း၊ သူ့ Mobile ကိုလည်း သိမ်းထားလိုက်၊ အိမ်က ဖုန်းလည်း လုံးဝ မကိုင်စေနဲ့၊ Computer လည်း မကိုင်စေနဲ့ ငိုချင်ရင် ငိုပါစေ၊ မချော့နဲ့ . . . အလိုလိုက်မှန်းသိလို့ အမိုက်စော်ကားတာ၊ မင်း သမီး ဘာသွားလုပ်နေတယ် မှတ်သလဲ၊ အဲဒီမှာ မျက်နှာကိုသာကြည့်တော့၊ ဟိုကောင်နဲ့ သွားမျှိန်းတွေ့နေတာလေ၊ ကိုယ့်အဖေရဲ့ ဂုဏ်သိက္ခာကိုတောင် မထောက်တော့ဘူး၊ တော်တော်ရင့်ကျက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီး"

ဖေဖေက ဒေါသရှိန်မပြေသေးသလို အိမ်ကျတော့ ဆက်ပြီး ဝုန်းဒိုင်းကြဲနေပြန်သည်။ ယဉ်ကျေးသည့် ပျားတုပ်ထားသော အရှိန်ကြောင့် နှုတ်ခမ်းတစ်ခုလုံးမှာ ဖူးရောင်ရောင်ရမ်းကာ ကားပေါ်မှာ တောက်လျှောက် ငိုလာခဲ့မိသည်မို့ သိပ်ကို ပင်ပန်းနွမ်းနယ်နေပြီ။ ကုတင်ပေါ် ဝမ်းလျားထိုးမှောက်လှဲပစ်လိုက်ကာ လူးလိမ့်နေအောင် ဆက်၍ ရှိုက်ငိုနေမိ၏။ မေမေက ယဉ်ကျေးကို ပွေ့ဖက်ချော့မြှူလျက် . . .

"ဘယ်လိုဖြစ်လာတာလဲ သမီးရယ် . . . မထိတ်သာမလန့်သာ ရှိလိုက်တာ၊ သမီးတို့ ထွက်သွားပြီး သိပ်မကြာဘူး သမီးဖေဖေလည်း ကားတစ်စင်းနဲ့ ထွက်သွားတာ၊ သမီးတို့နောက်ကို နောက်ယောင်ခံ လိုက်လိမ့်မယ်လို့ မေမေ ဘယ်ထင်မလဲ၊ အဲဒီလိုမှန်းသိရင် မေမေ သူ့ကို တစ်နည်းနည်းနဲ့ တားမိမှာ၊ ဒါမှမဟုတ်ရင်လည်း ထိန်းထိန်းသိမ်းသိမ်းဖြစ်ရအောင် မေမေလိုက်ခဲ့မှာပေါ့။ ဒုက္ခပါပဲ. . . ဘာတွေ ဖြစ်ကုန်ပြီလဲ သမီးရယ်"

"ဖေဖေ မတရားဘူး မေမေ၊ ဖေဖေ လုံးဝ မတရားဘူး။





ဖေဖေ လူငယ်တွေရဲ့ နှလုံးသားကို လုံးဝ မလေးစားဘူး. . . မရှိသေးဘူး၊ သမီးတို့ လူငယ်တွေမှာလည်း ကိုယ်ချစ်တဲ့ ချစ်သူကို လွတ်လွတ်လပ်လပ် ချစ်ပိုင်ခွင့် ရှိရမှာပေါ့၊ အဲဒါကို ဖေဖေသိဖို့ကောင်းတယ်၊ နားလည်ဖို့ ကောင်းတယ်၊ သမီးကို အဲဒီလို ချုပ်ချယ်ပိတ်ပင်တာ လုံးဝမကြိုက်ဘူး မေမေ၊ ဆန်းသစ်ကိုလည်း ရန်သူကြီးတစ်ယောက်လို အငြိုးတကြီးနဲ့ ထိုးပစ်ခဲ့တယ် မေမေ၊ ဟိုက တစ်ချက်မှ ပြန်မတုံ့ပြန်ရှာဘူး၊ လူကြီးနဲ့ လူငယ် ဘယ်လောက် ရှက်ဖို့ကောင်းသလဲ၊ ဖေဖေကသာ ဒေါသဟကြီး မီးကုန်ယမ်းကုန် ပေါက်ကွဲနေတာ၊ ဆန်းသစ်မှာ ဘာအပြစ်ရှိလို့ သူ့ကို ဖေဖေ အဲဒီလောက် ခါးခါးသီးသီး ရန်ငြိုးထားနေရတာလဲ မေမေ"

"သမီးကြောင့်ပေါ့ သမီးရယ်၊ သမီးကို သိပ်ချစ်လို့ပေါ့၊ သမီးကို သူ ဘယ်သူ့လက်ထဲမှ ထည့်မပေးချင်လို့ပေါ့၊ သူ့ထက်ပိုပြီး တခြားတစ်ယောက်ယောက်ကို သမီး ပိုချစ်သွားမှာ သူ အစိုးရိမ်ဆုံးပဲ . . . အဲဒါကြောင့်ပါ"

"အဲဒါ သဘာဝပဲ မေမေ၊ သဘာဝကို ဖေဖေ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ဖိနှိပ်တားဆီးနိုင်မှာလဲ၊ သမီး သူ့ကို သိပ်ချ
တယ် မေမေ၊ အဲဒါကို ဖေဖေ ဘယ်အရာနဲ့မှ တားဆ
ထားလို့ မရဘူး . . . ”

ဝီရသည် သမီး၏ အခန်းတံခါးဝမှာ နား
ကာ နားထောင်နေခဲ့မိသောကြောင့် သမီးပြောနေခဲ့သေ
စကားတွေအားလုံးကို အတိုင်းသား ပြန်ကြားနေရ
နှလုံးသားတစ်ခုလုံး အစိတ်စိတ် အမွှာမွှာ ခွဲခြမ်းလိုက်ရသ
အကြေကြေအမွမွ နာကျင်သွားမိကာ သူ့ပါးပြင်ပေါ်သို့ မျ
ရည်စီးကြောင်းနှစ်ခု ဒေါသတကြီး လိမ့်ဆင်းလာခဲ့မိ၏။
တစ်ခုခု လုပ်မှဖြစ်မယ်။ အဲဒီ Hip Hop ကောင်ကို သူ
နည်းနည်းဖြင့် ထိမ်တိုက်ရင်ဆိုင်ကာ အလဲထိုး အနိုင်
တော့မယ်။

⌛⌛⌛



အခန်း . . . (၄)

သူ့ကားနောက်မှ Hip Hop ကောင်၏ Celica ပြိုင်ကား
တကောက်ကောက် လျှောက်လိုက်နေတာ ကြာပြီ။ သူမှတ်မိသ
လောက် အိမ်ကနေ ထွက်လာကတည်းက သူတို့ အနောက်က
နေ ပါလာခြင်းဖြစ်သည်။ ဟိုတစ်နေ့ကမှ ပြဿနာတက်ထား
သောကြောင့် ဖဲ့ဂါကို သူတို့ မကျေနပ်လို့ အနောက်ကနေ
တမင်သက်သက် လိုက်ပြီး ရီနေတာပဲ ဖြစ်မည်။ သူ့ရင်ထဲက
ဒေါသတွေက အသစ် ပြန်ဖြစ်လာသည်။ ဒီကောင်တွေ
ဘာဖြစ်ချင်တာလဲ။ လူကလေးတွေကြည့်တော့ လက်ဖော်က်
လောက်နှင့် သူလို လူတစ်ယောက်ကို အကြောက်အလန့်မရှိ



www.burmeseclassic.com

www.burmeseclassic.com



အနောက်ကနေလိုက်ကြီး ရှိနေတာဟာ တမင်သက်သက် သူ့ကို ရန်စ စိန်ခေါ်တာနှင့် အတူတူပဲ။ ... ပြီ . . . သူကလည်း အဲဒီကောင်နှင့် ဒုတိယအကြိမ် ပွဲကြီးပွဲကောင်း ထပ်ပြီးတော့ ဆုံချင်နေတာနှင့် အတော်ပဲ။ သူ ကားကို Mr. Lonely Internet Cafe ဆိုင်ကလေးသို့ ဦးတည်၍ မောင်းလိုက်သည်။ သူတို့၏ ကားကလည်း အနောက်ကနေ ထက်ကြပ်မကွာ ပါလာခဲ့၏။

ဆန်းသစ်တို့ အုပ်စုက ဒီနေ့ ဦးဝီရနှင့် ထိပ်တိုက်ဆုံကြဖို့ ဆုံးဖြတ်ထားပြီး ဖြစ်သောကြောင့် တမင်သက်သက် ဦးဝီရ၏ လမ်းထိပ်ကနေ စိတ်ရှည်လက်ရှည် သွားစောင့်နေခဲ့ကာ သူ့ကားနောက်မှ တကောက်ကောက် လျှောက်လိုက်နေခဲ့ကြခြင်း ဖြစ်သည်။ ဘယ်လိုပုံစံမျိုးနှင့် ထိပ်တိုက် တွေ့ဆုံကြမလဲဆိုတာကို ဆန်းသစ်တို့ စိတ်ကူးထားပြီးသား။ ဦးဝီရကို စိန်ခေါ်ဖို့ပဲ လိုတော့သည်။

"ဟော့ကောင် ဆန်းသစ်၊ ဒီလူကြီး Mr. Lonely ကို သွားနေတာကွ၊ ကြည့်ရတာ သူလည်း မင်းနဲ့ ရင်ဆိုင်ဖြေရှင်းချင်ပုံရတယ်"

"အဲဒီတော့ ဆီ မကုန်တော့ဘူးပေါ့ကွာ၊ သေချာတယ်





Mr. Lonely ထဲဝင်သွားပြီ၊ မင်းတို့အားလုံး ငါနဲ့ လိုက်ခဲ့ကြ"

ဆန်းသစ်က ကားကို လွယ်လွယ်ကူကူ တစ်နေရာမှာ ပါခ်ကင်ထိုးရပ်လိုက်သည်။ ဦးဝီရက သူ့ကားကို ဆိုင်ရှေ့တည့်တည့်မှာ ထိုးရပ်လိုက်ပြီး ဆိုင်ထဲသို့ ခပ်တည်တည်ပင် ဝင်သွား၏။ ဒီနေ့တော့ Cafe ဆိုင်ထဲမှာ လူအတော်ရှင်းနေသည်။ ဝီရက ဆိုင်ထဲသို့ ဝင်လာခဲ့ပြီး ခုံတစ်ခုမှာ အသာထိုင်စောင့်နေလိုက်၏။ သိပ်မကြာခင်မှာ ဟိုကောင်တွေ ဝင်လာတော့မယ်ဆိုတာကို စိတ်က အလိုလို သိနေနှင့်ပြီးသား။ မကြာပါ . . . တကယ်လည်း သူတို့အုပ်စု သူရှိရာဆီသို့ တန်းတန်းမတ်မတ် လျှောက်လာနေသည်ကို သူ လှမ်းမြင်နေ၏။ သူ့ရင်ထဲ တင်းမာအေးစက်မှုက ရုတ်ချည်း လွှမ်းမိုးသွားသည်။ ဒီလိုကောင်မျိုးလေးတွေနှင့် အခုလို ရင်ဆိုင်ရန်ဖြစ်ရမည့်အစား ကုတ်ကနေ ဆွဲပြီးတော့ အင်းယားရေပြင်ထဲ တစ်ကောင်ပြီးတစ်ကောင် ပစ်ပေါက် တွန်းချပစ်လိုက်ချင်သည်။ ပုံစံတွေကိုက လေထဲမှာ လမ်းလျှောက်နေသလို မြောက်ကြွ ဆောင့်ကြွားကြွားနှင့် မျက်နှာပေးတွေက သူတို့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ယုံကြည်စိတ်ချမှု ပြည့်လျှံလွန်းနေသော Ove
Confedience ဖြစ်နေသော မျက်နှာပေးတွေနှင့်။ ပုံစံတွေကို
သိမ်းကျုံးပြီး ရိုက်ပစ်ချင်စရာ . . .။

ဆန်းသစ်တို့ လေးယောက်က ဦးဝီရ ရှိရာ
သို့ တည့်တည့်မတ်မတ်ပင် လျှောက်သွားလိုက်ကာ ဆန်းသ
က ဦးဝီရနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ကျွန်တော့်ကို စကားနည်းနည်းပြောခွင့်ပြုပါ . . .
အန်ကယ်"

"ပြော . . . ဘာပြောမလို့လဲ၊ မင်းတို့ ကောင်တွေ
ကားနောက်က တကောက်ကောက် ပါလာတာ သိ
တမင်သက်သက် ဒီဆိုင်ထဲ ဝင်လာတာ၊ မင်းတို့
ဒီနေရာမှာ အပြတ် စာရင်းရှင်းမယ်၊ ကဲ . . . ပြော
မင်း ဘာဖြစ်ချင်တာလဲ"

"ကျွန်တော် အန်ကယ့်ကို စိန်ခေါ်ပွဲကလေး တ
အကြောင်း ပြောပြချင်လို့ပါ"

"စိန်ခေါ်ပွဲ . . . ဘာစိန်ခေါ်ပွဲလဲ၊ ရှည်ရှည်ဝေး
စကားတွေ ရှည်မနေနဲ့ ဟိုကောင်၊ လိုရင်းကို





ရှင်း ပြတ်ပြတ်ပြော၊ မင်းနဲ့ငါ စကားတွေ အများကြီး
မပြောချင်ဘူး"

ဆန်းသစ်က တင်းမာအေးစက်လွန်းနေသော
ဝီရကို ကြည့်ကာ တင်းမာ ဖြစ်သွားပြီး [illegible]
[illegible]လိုက်သည်။ သူကလည်း ဒီလို လူကြီးမျိုးနှင့် စကားတွေ
အများကြီး မပြောချင်ပါဘူး။

"ဒါဆို . . . ကျွန်တော် တိုတိုပဲ ပြောတော့မယ်၊
ကျွန်တော်နဲ့ အန်ကယ် စိန်ခေါ်ပွဲကလေး တစ်ခု
လောက် လုပ်ချင်လို့ပါ"

"ဘာကွ . . ."

ဝီရက ဆန်းသစ်၏ စကားကြောင့် ထိုင်ခုံမှ
[illegible]ထရပ်ပစ်လိုက်ကာ ဒေါသတကြီး လက်သီးနှစ်ဖက်ကို
[illegible]ဆုပ်လိုက်ပြီး အံကြိတ်ပစ်လိုက်၏။ သူ့မျက်နှာသည်
[illegible]သနှင့် မာနတို့ကြောင့် နီမြန်းတောက်ပသွားပြီး ဆန်း
[illegible]တော့ ခပ်အေးအေးပင်။

"မင်းက ငါ့ကို စိန်ခေါ်တဲ့ သဘောလား၊ ကောင် . . .
[illegible]ရာရာစစကွာ၊ မင်းတို့လို မလောက်လေး မလောက်စား



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတွေကများ ငါလိုလူတစ်ယောက်ကို ဘာစိန် ခေါ်ချင်တာလဲ ... ပြောစမ်း"

"ကျွန်တော့်ကို ဘာမဟုတ်တဲ့ နလပိန်းတုံး အလေ တော တစ်ယောက်လို အန်ကယ် ဆက်ဆံလိုက်တာ ကျွန်တော့်ဘက်က တုံ့ပြန်ချင်တဲ့ သဘောပါ။ ကျွန်တေ ဘာလဲဆိုတာ အန်ကယ့်ကို သက်သေပြချင်လို့ အကယ်တော့ ဒီလို စိန်ခေါ်ရတာ ကောင်းတေ မကောင်းပါဘူး။ ဒါပေမယ့် ကျွန်တော့်မှာ ဒီနည်းက ပြီး တခြားနည်းလမ်း မရှိတော့လို့ပါ။ ကျွန်တေ အန်ကယ့်သမီးကို နှလုံးသားအစစ်နဲ့ နှစ်နှစ်ကာ ချစ်ခဲ့တာပါ။ ကျွန်တော်တို့ နှစ်ယောက်စလုံး တ ယောက်ကိုတစ်ယောက် တူညီတဲ့ နှလုံးသားတွေ မေတ္တာမျှခဲ့ကြတာပါ။ အဲဒါကို အန်ကယ့်ဘက် မတရားသဖြင့်ကြီး တစ်ဖက်သတ် နိုင်ငံထက်စီးနင်း ဖိနှိပ်ချုပ်ချယ်ပစ်လိုက်တာကို ကျွန်တော်ကတော့ လုံး တရားမျှတမှု မရှိဘူးလို့ မြင်ပါတယ်၊ အဲဒါကြောင့် စိန်ခေါ်ပွဲကလေးကို ကျွန်တော် စိတ်ကူးမိတာပါ"





"မင်းကများကွာ ... ပြောစမ်း မင်းက ငါ့ကို ဘာနဲ့ စိန်ခေါ်မှာလဲ"

"ကျွန်တော်နဲ့ အန်ကယ်တို့ တစ်ယောက်ချင်းဆီရဲ့ အနုပညာ အရည်အသွေး ဘယ်လောက်ရှိသလဲ ဆိုတာရယ်၊ ဘယ်သူက ပရိတ်သတ်ပိုများသလဲ ဆိုတာကိုပါ ပြိုင်ပွဲကလေးတစ်ခု လုပ်ချင်လိုက်တာပါ။ အန်ကယ်လည်း အန်ကယ်ရဲ့ Rock ဂီတမှာ ကိုယ့်ပရိတ်သတ်နဲ့ကိုယ် အထင်ကရဖြစ်နေသလို ကျွန်တော်လည်း ကျွန်တော့်ရဲ့ Hip Hop နယ်ပယ်မှာ အညာကရတစ်ယောက် မဟုတ်ဘူးဆိုတာ ပြချင်လို့ပါ။ အန်ကယ် သိထားဖို့က လူငယ်တွေကို မျက်မှန်စိမ်းကြီးတပ်ပြီး အထင်မသေးဖို့ပါ"

"ရာဇဝင်ရိုင်းလိုက်တာကွာ ...၊ မင်းလိုကောင်ကများ ငါလို လူတစ်ယောက်ကို စိန်ခေါ်ရတယ်လို့ တော်တော် သွေးနားထင်ရောက်နေတဲ့ ကောင်ပဲ"

"မင်းလိုကောင် ... ငါလိုကောင် ဆိုတဲ့စကားတွေကို ထပ်တလဲလဲ မသုံးနှုန်းပါနဲ့ အန်ကယ်၊ အဲဒီစကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို သုံးနေကြအချိန်က၊ အန်ကယ့် စိတ်ထဲမှာ အန်ကယ့်ကိုယ်အန်ကယ် အယ်လောက်အထိ မြှင့်တင်ထားပြီး ကျွန်တော့်အပေါ် ဘယ်လောက်အထိ အထင်သေး နှိမ်ချထားသလဲဆိုတာ သိသာလွန်းပါတယ်၊ အန်ကယ် သိထားဖို့က လူတိုင်းလူတိုင်းမှာ သူတို့ကိုယ်သူတို့ သတ်မှတ်ထားတဲ့ "စံ" တန်ဖိုးတွေကိုတော့ ကိုယ်စီ ရှိကြပါတယ်၊ လူတိုင်းမှာ တန်ဖိုးမဲ့တယ်ဆိုတာ မရှိပါဘူး"

"ဟိတ်ကောင် . . . စကားရှည်မနေနဲ့၊ မင်း . . . ငါ့ကို တကယ်ပဲ စိန်ခေါ်ခဲ့ပြီနော်၊ အေး . . . ကောင်းပြီ မင်းနဲ့ငါ တစ်ယောက်တစ်ပွဲဆီ Live Show နှစ်ပွဲ တစ်ရက်ဆီ ကျင်းပမယ်၊ မင်းပြောသလို ဘယ်သူက ပရိတ်သတ် အနိုင်အမာ ပိုရထားသလဲ၊ ဘယ့်သူ့ရဲ့ အနုပညာ အရည်အသွေးက အဆင့်အတန်း ရှိသလဲဆိုတာ မင်း သိစေရမယ်၊ မင်းလို မနေ့ တစ်နေ့ကမှ ဂီတလောကထဲ ရောက်လာတဲ့ကောင်လေးမျိုးကို ငါက လုံးဝကို အထင်မကြီးတာကွ နားလည်လား၊ ငါ အထင်မကြီးတဲ့ မလောက်လေးမလောက်စား လူတစ်ယောက်





လက်ထဲ ငါ့သမီးကို ဘယ်လိုမှ ထည့်မပေးနိုင်တာ ငါ့ရဲ့ မာနပဲ၊ အဲဒီ ငါ့ရဲ့မာနကို မင်း ဘာနဲ့မှ ဖျက်ဆီးပစ်လို့ မရနိုင်ဘူးဆိုတာ မင်းခေါင်းထဲ အမြဲတမ်း ရိုက်သွင်းထား . . ."

"စိန်ခေါ်ပြီ ဆိုကတည်းက တစ်ခုခုကို ရဖို့အတွက် ပြိုင်ကြရတာပါ၊ ကျွန်တော်လိုချင်တာက ကျွန်တော်တို့ နှစ်ယောက်ရဲ့ ပြိုင်ပွဲမှာ အန်ကယ် အနိုင်ရခဲ့ရင် ကျွန်တော် အန်ကယ့်စိတ်တိုင်းကျ ပိုလိုက်နဲ့ လုံးဝ မပတ်သက်တော့သလို အဝေးဆုံးကို ထွက်သွားပေးပါ့မယ်၊ အကယ်၍ အန်ကယ့်ကို ကျွန်တော် အနိုင်ရခဲ့ရင် ပိုလိုက်ကို ကျွန်တော် ပိုင်ဆိုင်ခွင့် ရချင်တယ်"

"တောက် . . . စိန်ခေါ်ပွဲရဲ့ လောင်းကြေးက လက်စသတ်တော့ ငါ့သမီး ဖြစ်နေတာကို၊ အေး . . . လုံးဝတော့ အဓိပ္ပါယ်မရှိဘူး၊ ဒါပေမယ့် မင်း စိန်ခေါ်တာကို ငါကလည်း ငါ့ရဲ့ ဂုဏ်သိက္ခာအတွက် ရှောင်မထွက်နိုင်ဘူး၊ အဲဒီတော့ စိန်လိုက်စမ်း ဟေ့ကောင် . . . ဘယ်မှာလုပ်မလဲ၊ မင်းတစ်ရက် ငါတစ်ရက် One Man



www.burmeseclassic.com

www.burmeseclassic.com



Show ပွဲတစ်ပွဲစီ လုပ်ကြမယ်၊ မင်းရှုံးရင် ငါ့သမီးကို မျက်လုံးနဲ့တောင် စေ့စေ့မကြည့်နဲ့ . . . ကြားလား" "ကျွန်တော် ယောကျ်ားကတိကို အသက်နဲ့လဲပြီး တည်မှာပါ၊ အန်ကယ့်ဘက်ကလည်း ကတိကို မဖျက်ပါနဲ့ ကျွန်တော်တို့ ပွဲစီစဉ်လိုက်မယ်၊ (. . .) Club မှာ နှစ်ရက်ဆက်တိုက် လုပ်ကြတာပေါ့၊ အန်ကယ် ဘယ်နေ့ ယူမလဲ ရှေ့ရက်ယူမလား၊ နောက်ရက်ယူမလား၊ ပွဲစီစဉ်တဲ့ လူတွေနဲ့ ကျွန်တော် စီစဉ်လိုက်မယ်၊ အန်ကယ့်ဘက်က ကြိုက်သလိုပုံစံနဲ့ ကြော်ငြာနိုင်တယ် . . . ကြိုက်သလိုပုံစံနဲ့ လက်မှတ်ရောင်းနိုင်တယ်၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ အနိုင်အရှုံး အဆုံးအဖြတ်ထဲမှာ လက်မှတ်စောင်ရေ ဘယ်သူ ပိုများလဲဆိုတဲ့ အချက်တလည်း အဓိက အချက်အနေနဲ့ ပါဝင်တယ်၊ စင်ပေါ်မှာ တစ်ယောက်ချင်းဆီရဲ့ Performance တွေအပြင် ပရိသတ်ရဲ့ အားပေးမှု၊ အဆိုတော်နဲ့ ပရိသတ် တစ်သားတည်းရှိမရှိ ပြီးတော့ . . . ပရိသတ်ကို ဘယ်လောက် ဖမ်းစားဆွဲခေါ်နိုင်စွမ်းရှိသလဲ ဆိုတာတွေကို





ပါ အမှတ်ပေးစည်းမျဉ်းထဲမှာ ထည့်သွင်းထားမယ်"

"ဟိုတ်ကောင် . . . ဆိုလိုတာက မင်းနဲ့ငါ ပြိုင်ကြမယ် ဆိုတာကို အကဲဖြတ် ဒိုင်တွေ ဘာတွေထားပြီး ဆုံးဖြတ်မယ်ဆိုတဲ့ သဘောလား၊ အဲဒီ အဖြစ်မျိုးတော့ ငါ အရောက်မခံနိုင်ဘူး ဟေ့ကောင်၊ မင်း ငါ့ကို အခုလို လာစိန်ခေါ်တာကတင် ငါ့အတွက် ဂုဏ်သိက္ခာ တအား ကျဆင်းနေပြီ၊ ငါ့ဘက်က မခံချင်လွန်းလို့သာ မင်းရဲ့ စိန်ခေါ်မှုကို လက်ခံလိုက်တာ၊ အဲဒီတော့ ရှင်းရှင်းပဲ ဆုံးဖြတ်မယ်၊ ငါတို့နှစ်ယောက်ရဲ့ အနိုင်အရှုံးကို ဘယ်သူ ပရိသတ် ပိုများသလဲဆိုတဲ့ လက်မှတ်စောင်ရေ အရေအတွက်နဲ့ပဲ ခပ်ပြတ်ပြတ် ဆုံးဖြတ်လိုက်မယ်၊ လက်မှတ်စောင်ရေ ပိုရောင်းရတဲ့သူက ပရိသတ် ပိုများသူလို့ အကြမ်းဖျင်း သတ်မှတ်လိုက်၊ အဲဒီလူက အနိုင်ပဲ၊ အဲဒီလောက်ဆို တော်ပြီ၊ မင်းနဲ့ငါ ကြားမှာ ရှုပ်ရှုပ်ထွေးထွေး စာရင်းဇယားတွေ မရှုပ်ချင်ဘူး"

ဝီရသည် ရင်ထဲမှာ တခစ်ခစ်နှင့် ခံပြင်းမဆုံးနိုင်အောင် ရှိနေသည်။ ကိုယ့်သမီးနှင့်မှ ရွယ်တူ၊ မရောက်



www.burmeseclassic.com

www.burmeseclassic.com



လေးမလောက်စား ကောင်ကလေးတစ်ယောက်က သူလို လူတစ်ယောက်နှင့် ပခုံးချင်းယှဉ်ပြီး ကပ်စိန်ခေါ်နေတာကို သူ ဘယ်လိုမှ မခံစားနိုင်။ သို့သော် . . . သမီးနှင့် ပတ်သက်နေသည်မို့ သူ့ဘက်ကလည်း ဒီကောင့်ကို တစ်နည်းနည်းနှင့် အလဲထိုးအနိုင်ယူဖို့ စဉ်းစား ကြံစည်နေချိန်မို့ ဒီစိန်ခေါ်ပွဲကပင် အဆုံးအဖြတ်တခုခု ရရှိနိုင်မှာမို့ သူ အလွယ်တကူ သဘောတူလိုက်ခြင်း ဖြစ်သည်။

"အဲဒါဆိုရင်လည်း ဖြစ်ပါတယ် . . . အန်ကယ်၊ ကဲ. . . ကျွန်တော်တို့ (. . . ) club ကို သွားလိုက်ကြရအောင်၊ ပွဲစီစဉ်တဲ့ မန်နေဂျာနဲ့ စကားပြောပြီး ပွဲနှစ်ပွဲ စီစဉ်ခိုင်းလိုက်ရအောင်"

ဝီရက စကားတစ်ခွန်းမှ ထပ်မပြောတော့။ ထိုင်နေရာမှ ဝုန်းခနဲထပြီး ဆန်းသစ်တို့ကို တွန်းတိုက်ကျော်ဖြတ်ထွက်ခဲ့ကာ ကားဖေါ်သို့ ဝုန်းခနဲတက်ပြီး မောင်းထွက်သွားသည်။

"အဘိုးကြီးတော့ ရှေ့ရေလည်လည် တင်းသွားပုံပဲ၊ သူ့ကို မင်း အဲဒီလို ပုံစံမျိုးနဲ့ ပြောင်းပြောင်းတင်းတင်းကြီး





လာစိန်ခေါ်လိမ့်မယ်လို့ သူ လုံးဝ မျှော်လင့်ထားမှာ မဟုတ်ဘူး"

"ငါပြောပြီးပြီးလေ . . . ငါ့နှလုံးသားထဲမှာ ဒဏ်ရာရသွားသလို သူ့ရင်ဘတ်ထဲမှာလည်း ဒဏ်ရာတစ်ခုခုတော့ ရသွားစေချင်တယ်၊ သူ့ကို နာအောင် ထိုးနှက်မှတော့ ဒီလို စိန်ခေါ်နည်းကလွဲပြီး ဘာနည်းရှိဦးမလဲ၊ မင်းတို့ တွေ့တယ်မှတ်လား၊ သူ့မျက်နှာပေါ်မှာ မာနတွေ သူ့ကိုယ်သူ ငါမှ ငါဆိုတဲ့ဇောတွေ၊ အတ္တတွေ အခုအချိန်အထိ တလွင့်လွင့်တလူလူ ရှိနေတုန်း၊ အဲဒီလို လူကြီးတစ်ယောက်ကို ငါလိုချာတိတ်တစ်ယောက်က သွားစိန်ခေါ်လိုက်တော့ သေပြီပေါ့။ အဲဒါ သူ့ကို ကိုယ်ထိလက်ရောက် သတ်လိုက်တာထက်တောင် ဆိုးတယ်၊ မင်းတို့မှတ်ထား . . ."

"ဟေးပါကွာ . . . ပညာရှိပါတယ်ကွာ . . .၊ ကဲ ကဲ (. . .) club ကို သွားရအောင်၊ ဟိုမှာ အဘိုးကြီး ထွက်သွားပြီ"

ဆန်းသစ်သည် စိတ်ထဲမှာတော့ မကောင်း။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို စိန်ခေါ်ပွဲတစ်ခု လုပ်လိုက်ပြီဆိုကတည်းက သူနှင့် ဗိုလ်လိုက်တို့ရဲ့ အချစ်သမိုင်းမှာ အမည်းစက်တစ်ခုတော့ ထင်ကျန်ခဲ့မှာပင်။ သူက ဦးဝီရကို ရှုံးခဲ့လျှင်လည်း သူ့အသည်းကွဲ ရလိမ့်မည်။ အကယ်၍ ဦးဝီရက သူ့ကို ရှုံးခဲ့လျှင်လည်း ဦးဝီရသည် သူ့ကို တစ်သက်လုံး ခွင့်လွှတ်ကြည်ဖြူနိုင်လိမ့်မည် မဟုတ်တော့။ ဒါပေမယ့် အဲဒီနည်းလမ်းကလွဲပြီး တခြားနည်းလမ်း သူ ရှာမတွေ့ချေ။

ဠဠဠ



(. . .) club ပွဲစီစဉ်သူ မန်နေဂျာနှင့် သူတို့နှစ်ယောက် တွေ့ဆုံ ညှိနှိုင်း ဆွေးနွေးပြီးသောအခါ ဝီရက ပထမရက်၊ ဆန်းသစ်က ဒုတိယရက် ယူဖို့ဆုံးဖြတ်လိုက်ကြသည်။ သူတို့နှစ်ယောက်၏ ပွဲကို လာမည့်စနေနေ့ညနှင့် တနင်္ဂနွေနေ့ညမှာ ကျင်းပကြမည်ဖြစ်သည်။ ပွဲစီစဉ်သူကတောင် အံ့သြနေသည်။ သူတို့နှစ်ယောက် ဘာစိတ်ကူးနှင့် အဲဒီလို တစ်ယောက်တစ်ရက်စီ One Man Show ပုံစံမျိုး ဗုန်းဒိုင်းကြဲပြီး ထစီစဉ်ကြသလဲဆိုတာ နားမလည်နိုင်။

ဝီရသည် အိမ်သို့ပြန်ရောက်သည်နှင့် သမီး၏ အခန်းထဲသို့ ဝင်သွားလိုက်ကာ သမီးနှင့် နှစ်ယောက်တည်း မျက်နှာချင်းဆိုင် ရင်ဆိုင်လိုက်၏။ သူ့ရင်ထဲမှာ ဒေါသဖြင့် တဆတ်ဆတ် ခုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာသမီး . . . ဖေဖေ့ရဲ့ မျက်လုံးတွေကို သေသေ
ချာ စိုက်ကြည့်စမ်း၊ ဖေဖေ့ရင်ထဲမှာ အခု ဘာဖြစ်
သလဲဆိုတာ သမီး သိနိုင်မလား . . . ပြောပြနိုင်
မလား"

ယဉ်ကျေးက ဖြုန်းစားဒိုင်းစားကြီး အခန်းထဲ
ဝင်လာပြီး ဖေဖေ အမောတကော ပုံစံမျိုးဖြင့် မေးသည်
နားမလည်နိုင်ဘဲ မျက်လုံးအဝိုင်းသားကလေးဖြင့် တအံ့တ
သာ ငေးကြည့်နေမိသည်။ တစ်ခုခုတော့ ထူးခြားနေသည်မှ
အမှန်ပင်။ ဖေဖေ့ရဲ့မျက်လုံးတွေက တော်တော် ထူးခြား
သည်။ ဘယ်လိုထူးခြားနေသလဲ ဆိုတာကိုတော့ ယဉ်ကျေ
သေသေချာချာ ပြောမပြတတ်။ သို့သော် ဖေဖေ တစ်ခုခ
ဖြစ်လာခဲ့တယ် ဆိုတာကိုတော့ ကောင်းစွာ ခံစားမိသည်
အင်း . . . ဆန်းသစ်တို့နဲ့များ တွေ့လာခဲ့ပြန်ပြီလား မသိ

"သမီး ဘယ်လိုလုပ်ပြီး သိနိုင်မလဲ ဖေဖေ၊ သမီးကို
သိစေချင်ရင် ဖေဖေ ပြောပြမှ ဖြစ်မှာပေါ့"

ယဉ်ကျေးကလည်း ဖေဖေ့ကို စိတ်ဆိုးရှိန်
မပျယ်နိုင်သေးသည့်မို့ ခပ်တည်တည်ကလေးပင် ပြန်ပြော





လိုက်၏။ ဆန်းသစ်နှင့် လုံးဝ အဆက်အသွယ် မလုပ်ဖို့ အခွင့်
အရေးတွေ လမ်းပေါက်တွေအားလုံးကို ဖေဖေက တားမြစ်ပိတ်
ပင်ထားသည်။ မေမေ့ကို မမြတမ်း စောင့်ကြည့်ထားခိုင်းကာ
တစ်ခုခု ထပ်ဖြစ်လို့ကတော့ မေမေနှင့် အပြတ်ပဲဟု မေမေ့ကို
ပါ မဆီမဆိုင် ကြိမ်မောင်းထားသောကြောင့် မေမေ့ခမျာ
ဖေဖေနှင့် ယဉ်ကျေးကြားမှာ မြေဇာပင်ကလေးလို သနား
စဖွယ် ဖြစ်နေတော့၏။ မေမေ့ကို သနားဝဲ့ညာမိသောကြောင့်
သာ ယဉ်ကျေးက ဘာမှ ထပ်ပြီး မလှုပ်ရှားသေးတာ ဖြစ်သည်။
ဖေဖေ့စိတ်ကို မေမေရော ယဉ်ကျေးပါ အသိဆုံးဖြစ်သည်။
ယဉ်ကျေးကြောင့် ဖေဖေနှင့်မေမေ မဆီမဆိုင် ပြဿနာ
တက်ကြမှာကိုတော့ ယဉ်ကျေးက မလိုလားချေ။ ထိုကြောင့်
လည်း မေမေ့အပြစ် မပါအောင် ဘယ်လိုနည်းမျိုးဖြင့်
ဆန်းသစ်နှင့် ဆက်သွယ်မလဲဆိုတာကို တိတ်တဆိတ် အကြံ
ထုတ်နေခြင်း ဖြစ်သည်။

"သမီးကြောင့် ဖေဖေ အစော်ကားခံခဲ့ရတယ်၊ အဲဒါကို
သမီးသိလား၊ ဖေဖေ့လို လူတစ်ယောက်ကို လူတိုင်းက
တလေးတစား နေရာပေးပြီး ရှေ့တန်းတင် ချီးမြှောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြွတာကိုပဲ မေဇေ ခံခဲ့ရတယ်၊ အခုချိန်အထိ ဖေဖေ့
ဂုဏ်သိက္ခာကို ဘယ်သူကမှ စော်ကားခဲ့ဖူးသေးဘူး
အခုတော့ သမီးကြောင့် ဖေဖေ အစော်ကားခံခဲ့ရပြီ
ဘာမဟုတ်တဲ့ မလောက်လေးမလောက်စား ကောင်
လေးက ဒီနေ့ ဖေဖေ့ကို လာစိန်ခေါ်သွားခဲ့တယ်၊ သူ
ဖေဖေ ဘယ်သူက ပရိသတ်ပိုများသလဲဆိုတာ
ပြိုင်ကြမယ်တဲ့၊ အဲဒီကောင်က ဖေဖေ့ကို စိန်ခေါ်တယ်
ဖေဖေကလည်း စိန်ခေါ်လာရင် ဘယ်တော့မှ နောက်
ဆုတ်တတ်တဲ့ ကောင်စားမျိုးကွ ... နားလည်လား
အဲဒီ စိန်ခေါ်ပွဲကို ဖေဖေလက်ခံလိုက်တယ်၊ အဲ
ကောင်နဲ့ ဖေဖေ ပြိုင်ပွဲတစ်ခု လုပ်ကြမယ်၊ သမီး
ဖေဖေ အခု ဘာကြောင့် လာပြောပြနေသလဲဆို
သမီးသိထားဖို့ လိုတယ်၊ အဲဒီပြိုင်ပွဲမှာ ဒီကောင်ရှုံးခဲ့
သမီးဘက်ကလည်း ဖေဖေ့ကို ကတိတစ်ခုပေး
မယ်... ဒီကောင်နဲ့ လုံးဝ မပတ်သက်တော့ပါဘူး
တဲ့ ကတိပဲ"

ယဉ်ကျေးက တစ်ခုခုပြောဖို့ နှုတ်ခမ်းပြ





လိုက်စဉ်မှာ ဖေဖေက အပြောမခံဘဲ လက်နှစ်ဘက်ကို ဒေါသတကြီး ဝှေ့ရမ်းပစ်လိုက်ကာ ...

"နေဦး ... ဖေဖေ့စကား မဆုံးသေးဘူး၊ အဲဒီပြိုင်ပွဲမှာ ဖေဖေရှုံးခဲ့ရင် သူတောင်းဆိုတဲ့အတိုင်း သမီးကို အဲဒီကောင်နဲ့ ဖေဖေ သဘောတူပေးမယ်၊ အဲဒီတော့ စိန်ခေါ်ကြပြီ ဆိုကတည်းက ရယူချင်တဲ့ အရာတစ်ခု ရှိသလို ပေးဆပ် ဆုံးရှုံးလိုက်ရမဲ့ အရာတစ်ခုလည်း ရှိတယ်ဆိုတာ သမီးရော ဒီကောင်ပါ သဘောပေါက်ထားရမယ်၊ ကဲ ... သမီး ဘယ်လို သဘောရသလဲ၊ အဲဒီကတိကို ဖေဖေ့ကို ပေးနိုင်မလား၊ နေဦး ... ဒီကောင်ရှုံးခဲ့ရင် သမီးဘက်က နောက်တစ်ခု ဖေဖေ့ကို ထပ်ပေးရဦးမယ်၊ သမီးကို ဖေဖေ ဒီအတိုင်း လွှတ်မထားနိုင်တော့ဘူး၊ မိန်းကလေးတစ်ယောက် ရည်းစားထားပြီဆိုကတည်းက အဲဒီမိန်းကလေးမှာ လုပ်စရာအလုပ် မရှိလို့ပဲ၊ ကိုယ်လုပ်ရမဲ့ အလုပ်ထဲမှာ စိတ်ကို နှစ်မြှုပ်မထားနိုင်လို့ လုပ်စရာအလုပ်မရှိလို့ ရည်းစားထားတာလို့ပဲ ဖေဖေ သတ်မှတ်တယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်ရှုံးခဲ့ရင် သမီး ဖေဖေ့ရဲ့စကားကို နားထော
မယ်၊ ဖေဖေ သူငယ်ချင်း ဂင်ဒယာက်ဆီမှာ သ
အလုပ်လုပ်ရမယ်၊ အဲဒါကို ငြင်းခွင့် မရှိဘူး၊ ကဲ . .
ဘယ်လိုလဲ . . . ဘယ်လိုသဘောရသလဲ"

ယဉ်ကျေးသည် ရှတ်တရက် အံ့သြတွေဝေ
ဘာစကားမှ မပြောနိုင်တော့သလို ဆွံ့အတုန်ယင်လျက်
သွား၏။ ဘုရားရေ . . . ဆန်းသစ်ကတော့ လုပ်ချလိုက်
ပြီ။ ဘာကြောင့်များ ဖေဖေ့ကို သွားစိန်ခေါ်ခဲ့ရပါလိမ့်။ ဖေ
ဘယ်လောက် အတေးအမှတ် ကြီးသလဲဆိုတာကို သူ
အခုမှပင် ဖေဖေ့မျက်လုံးများထဲက နာကြည်းရိပ်နှင့် ဒေ
ကို ယဉ်ကျေး အမည်ဖော်နိုင်သွား၏။ ဟုတ်တယ် . . . ဖေ
တော်တော်ကို နာကြည်းနေတာ။ ယဉ်ကျေးသည် ဖေ
မျက်လုံးတွေကို ဆက်ပြီး ရင်မဆိုင်ဝံ့လောက်အောင်ပင် ခေ
ကို ကြောက်သွားမိသည်။ ရင်ထဲမှာ စိမ့်ခနဲဖြစ်သွားစဉ် ဖေ
က ယဉ်ကျေး၏ ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်
လိုက်ရင်း . . .

"သမီး အဲဒီကတိကို ပေးရမယ်၊ အဲဒါ သမီးကို ဖေ





ပေးမဲ့ အပြစ်ပဲ၊ Purnishment ပဲ၊ သမီး အလုပ် လုပ်ရ
မယ်၊ သမီးနဲ့ အထိုက်တန်ဆုံး အလုပ်ကို လုပ်ရမယ်၊
အဲဒီကိစ္စကို ဖေဖေ့ခေါင်းထဲ သေသေချာချာ ထည့်ထား
ပြီးပြီ . . ."

ယဉ်ကျေးသည် တိတ်တခိုးကလေး သက်ပြင်း
လိုက်မိသည်။ ဖေဖေ ဘယ်လောက် ကြိတ်မနိုင် ခဲမရ
သတွေ ထွက်နေသလဲဆိုတာ ယဉ်ကျေး ခံစားကြည့်လို့
သည်။ အဲဒီနောက်တော့ ဖေဖေက ယဉ်ကျေးကို ချာခနဲ
ခိုင်းကာ လှည့်ထွက်သွား၏။ ယဉ်ကျေးသည် ဆန်းသစ်နှင့်
နှုန်းအမင်း တွေ့ချင်လာမိသည်။ ဆန်းသစ် ဘာတွေ
ာက်လုပ်နေသလဲ။ ဆန်းသစ်ရင်ထဲမှာ ဘယ်လိုစိတ်ကူး
ရှိနေသလဲ။ ယဉ်ကျေး သိချင်လိုက်တာ။ e-mail ပို့ဖို့
ြန်တော့လည်း ဖေဖေက ကွန်ပျူတာကို တစ်ခါတည်း
သိမ်းထားလိုက်သည်။ အခုလောက်ဆို ဆန်းသစ်ဆီက e-
တွေလည်း ဝင်နေလောက်ရောပေါ့။ ယဉ်ကျေးပင်
ထဲကနေ အိမ်ပြင်မထွက်တာ နှစ်ရက်၊ သုံးရက် ရှိပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



“မင်းရင်ထဲမှာ အခု ဘယ်လို ခံစားနေရသလဲ ... ဆန်းသစ်၊ ပိုလိုက်ကို မင်း သတိမရဘူးလား၊ သူနဲ့ သွားမတွေ့ချင်ဘူးလား”

“ဘယ်နေမလဲကွာ ... ငါ့ရင်ထဲမှာ သူ့ကို လွမ်းတဲ့ အလွမ်းတွေ ပြည့်လို့ လျှံတောင်ကျနေပြီ၊ အရမ်းလည်း တွေ့ချင်တာပေါ့၊ ဒါပေမယ့် ... ငါ့စိတ်ကို ထိန်းချုပ်ထားတယ်၊ ဦးဝိရနဲ့ ပြိုင်ပွဲ မပြီးမချင်း ငါ သူနဲ့ တွေ့ဖို့ မကြိုးစားသေးဘူး၊ အဲဒါ ငါ့ဘက်က မဖောင်းချင်တဲ့ သဘောပဲ၊ ငါ့ကို သူ့အဖေက အထင်သေးနေတာ၊ အဲဒီ အထင်သေးမှုကြီးကို သူ့ရဲ့ စိတ်ထဲကနေ ဆွဲဖယ်ပစ်





လိုက်ချင်တယ်၊ ငါဟာ သစ္စာရှိတဲ့ လူတစ်ယောက်၊ ကတိတည်တဲ့ ယောကျ်ားတစ်ယောက်အဖြစ် သူ့ မျက်စိထဲမှာ ငါ့ကို မြင်လာစေချင်တယ်၊ ပြီးတော့ ... သူ့ သမီးကို ငါ့လက်ထဲ ရက်ရက်ရောရော ကြည်ကြည်ဖြူဖြူ အပ်နှင်းတာကို ငါ လိုချင်တယ်၊ အဲဒီစိတ်ကြောင့် ငါ သူ့ကို စိန်မခေါ်သင့်မှန်း သိရက်နဲ့ တမင်သက်သက် စိန်ခေါ်ခဲ့မိတာ၊ ဒါပေမယ့် ငါ အဲဒီအတွက် နောင်တ မရပါဘူး၊ ငါ့ရင်ထဲမှာ အခုတော့ သိပ် စိတ်လှုပ်ရှားနေတယ်၊ အကယ်၍ ရှုံးသွားခဲ့ရင်လည်း အဲဒီအရှုံးကို ငါ ခံစားတတ်အောင် ကျင့်ယူရမယ်၊ နိုင်ခဲ့ရင်လည်း ငါ့အပေါ် သူ့ရဲ့အမြင်တွေ တစ်စထက်တစ်စ ပြောင်းလဲသွားအောင် ငါကြိုးစားယူမယ်၊ အဲဒါ ငါ့ရည်ရွယ်ချက်ပဲ၊ ငါ အခု ပိုလိုက်ကို အရမ်းလွမ်းပြီး အရမ်း တွေ့ချင်နေတဲ့ အချိန်မျိုးမှာ ဇွတ်တရွတ်ကြီး ငါ သွားတွေ့ရင် ရသားပဲ၊ ညဘက် သူတို့အိမ်ရှေ့မှာ ကားရပ်ပြီး ပိုလိုက်ကို အချက်ပေးပြီး လှမ်းခေါ်ရင် ရသားပဲကွာ၊ သူ့ရဲ့ ဖုန်းတွေ ကွန်ပျူတာတွေကို သူ့အဖေက အကုန်



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်ထားလိုက်ပုံရတယ်၊ ဘယ်လိုနည်းတွေနဲ့ပဲ အဆက်အသွယ်ဖြတ်ဖြတ် ငါ ဆက်သွယ်ချင်ရင် ဆက်သွယ်လို့ရပါတယ်၊ နည်းနည်းကလေးစွန့်စားလိုက်ရုံပဲ၊ ဒါပေမဲ့ ငါ ခဏ မျိုသိပ်ချုပ်ထိန်းထားလိုက်ဦးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပြိုင်ပွဲကို ငါ ရင်ခုန်နေလို့ . . . "

သူငယ်ချင်းတွေက သူ့မျက်နှာကို ငေးကြည့်နေကြသည်။ ခါတိုင်းလို တစ်ယောက်တစ်ပေါက် ညံညံစီအောင် စကားတွေ ဝိုင်းမပြောကြ။ ဘာပဲဖြစ်ဖြစ် သူတို့လည်း မထင်မှတ်ဘဲ ပေါ်ပေါက်လာခဲ့သည့် ထိုစိန်ခေါ်ပွဲမှာ ဘယ်သူအနိုင်ရမလဲဆိုတာကို စိတ်ဝင်တစား ရင်ခုန် မျှော်လင့်နေကြမှာပင်။

ဋဋဋ



ဒီပွဲမှာ အရိုးသားဆုံးနှင့် ချစ်စရာ အကောင်းဆုံးက သူတို့နှစ်ယောက်စလုံး၏ ပရိသတ်ကြီးပဲ ဖြစ်သည်။ ပရိသတ်က သူတို့နှစ်ယောက်၏ ရင်တွင်းကိုယ်စီမှ မာနစရားတွေ၊ ဂုဏ်သိက္ခာတွေ၊ အနိုင်အရှုံးတွေ၊ စိန်ခေါ်ခြင်းတွေကို လုံးဝမသိ။ သူတို့ချစ်သော ဂီတသမားတွေကို ရိုးရိုးသားသားပင် အားပေးခဲ့ကြခြင်း ဖြစ်သည်။ နှစ်ရက်စလုံး (---) club မှာ လူပြည့်လူလျှံ စည်ကားခဲ့ကြသည်။ အချိန်အကြာကြီး ကြော်ငြာပြီး ကြိုတင်ပြင်ဆင်ခဲ့ကြခြင်းလည်း မဟုတ်။ ကြော်ငြာဘုတ်တွေ ဘာတွေလည်း ထောင်ခြင်းမရှိ။ မဂ္ဂဇင်းနှင့် နယ်တွေမှာလည်း ကြော်ငြာခဲ့ခြင်း မရှိ။ အဲဒီလောက်ထိ ကြော်ငြာဖို့လည်း အချိန်မရခဲ့။ လျပ်တစ်ပြက်ကြီး စီစဉ်ခဲ့ကြခြင်း ဖြစ်သောကြောင့် (---) club မှာပင် ကြော်ငြာဘုတ်



www.burmeseclassic.com

www.burmeseclassic.com



ခပ်သေးသေး ထောင်ထားခဲ့ခြင်း ဖြစ်သည်။ သို့သော် . . . လက်မှတ်တွေက သူတို့မျှော်လင့်ထားသည်ထက်ပင် ပိုရ၍ ရောင်းရခဲ့သည်။ နှစ်ညစလုံး ပရိသတ်တွေ စည်စည်ကားကား အားပေးကြသည်။ ဦးဝီရ၏ပွဲသို့ ဆန်းသစ်လည်း သွားကြည့်သလို ဆန်းသစ်၏ပွဲတွင်လည်း ဦးဝီရ လာကြည့်သည်။ ယဉ်ကျေးကတော့ နှစ်ယောက်စလုံး၏ ပွဲတိုင်းမှာ ရင်တထိတ်ထိတ် တဖိုဖိုဖြင့် ရောက်လာခဲ့သည်။ ဘယ်သူက ပရိသတ်ပိုများသလဲဆိုတာကို ယဉ်ကျေးလည်း မခန့်မှန်းနိုင်။ ပရိသတ်ကို ဖမ်းစားဆွဲခေါ်နိုင်သည်မှာလဲ ဖေဖေရော ဆန်းသစ်ပါ မှော်ဝင်နေသလိုပင်။ သူတို့နှစ်ယောက်စလုံးကို ပရိသတ်က ချစ်ကြသည်မှာ အမှန်ပဲဖြစ်သည်။ အဲဒါကြောင့် အဆုံးအဖြတ်ကို ဘယ်လိုဆုံးဖြတ်မည် မသိ။

ပွဲပြီးသွားချိန်မှာတော့ ဆန်းသစ်နှင့် ဝီရ နှစ်ယောက်ဆုံကာ (---) clubမှ ပွဲစီစဉ်သူ မန်နေဂျာနှင့် မျက်နှာချင်းဆိုင် ဆုံတွေ့ကြပြီး . . .

"ပွဲနှစ်ပွဲရဲ့ ရောင်းရတဲ့ လက်မှတ်စောင်ရေကို ကိုယ်သိချင်လို့၊ အတိအကျ ပြောပြပေးပါ"





ဟု ဝီရက ပြောလျှင် ပွဲစီစဉ်သူ မန်နေဂျာက ရုတ်တရက် နားမလည်နိုင်သလို မျက်ဝန်းများဖြင့် သူ့ကို ပြန်ကြည့်၏။

"ကိုယ်တို့မှာ ကိစ္စကလေး နည်းနည်း ရှိလို့ပါ။ တစ်ခုခုကို အဆုံးအဖြတ် ပေးရမဲ့ ကိစ္စကလေးပေါ့၊ ခင်ဗျားကို ဘာမှ မထိခိုက်စေရပါဘူး၊ ဘယ်သူက ဘယ်နှစ်စောင် လက်မှတ် ပိုရောင်းရတယ်ဆိုတဲ့ အဖြေကလေးပဲ ကိုယ်တို့ သိချင်တယ် . . ."

ဆန်းသစ်သည် ပွဲစီစဉ်သူ မန်နေဂျာ၏ မျက်နှာကိုကြည့်ကာ နှလုံးသားဆီမှ ထိတ်ခနဲ ဆောင့်ခုန်သွား၏။ ပွဲစီစဉ်သူက သူတို့နှစ်ယောက်၏ မျက်နှာကို တစ်ယောက်တစ်လှည့်ကြည့်ကာ အဖြေကို ပြောရမှာ တစ်ယောက်ယောက်ကို အားနာနေသလို မျက်နှာပူနေသလို ဖြစ်နေ၏။ သူက စိတ်လှုပ်ရှားနေသည်ကို အနည်းငယ် ဖုံးကွယ်ဟန်ဆောင်ထားလိုက်ရင်း. . .

"အစ်ကို . . . ဘာမှ အားမနာပါနဲ့၊ မျက်နှာပူစရာ မရှိပါဘူး၊ ကျွန်တော်တို့က အဲဒီ အဖြေကလေးကို



www.burmeseclassic.com

www.burmeseclassic.com



သိချင်ရုံ သက်သက်ပါ၊ တခြား ဘာပြဿနာမှ မရှိဘူး"

"အေးကွာ . . . ကိုယ် ပြောရမှာ နည်းနည်းတော့ အားနာနေတယ်၊ ကိုဝီရက ဆန်းသစ်ထက် လက်မှတ် အစောင်တစ်ရာ ပိုပြီး ရောင်းရတယ် . . ."

မန်နေဂျာက ဆန်းသစ်၏ မျက်နှာကို အားနာသလို၊ ငဲ့ညှာသလို တစ်မျိုးကြည့်ရင်း ခပ်တိုးတိုးဖြေလိုက်၏။ သူ့ရင်ထဲ ရုတ်တရက် ငြိမ်ကျသွားကာ ဦးဝီရ ပြုံးလိုက်သည်ကို အသေအချာပင် မြင်လိုက်ရ၏။ ဦးဝီရ၏ အပြုံးက သူ့ကို မင်း ငယ်ပါသေးတယ်ကွာ . . . ဟူသော နှိမ်ချ ရှုတ်ချသည့် အကြည့်မျိုး။ ပြီးတော့ မန်နေဂျာဘက်သို့လှည့်ကာ . . .

"ကဲ ခင်ဗျားသွားလို့ရပြီ၊ ကျွန်တော်တို့နှစ်ယောက် စကားနည်းနည်း ပြောစရာရှိလို့ . . ."

ဟု မန်နေဂျာကို ပထုတ်လိုက်၏။ ဆန်းသစ်သည် ဘာမှ ပြောချင်စိတ် မရှိတော့။ ရင်တခုလုံး နုံးခွေ ချိနဲ့သွားခြင်း ဖြစ်သည်။ ထိုအရှုံးကို သူ လုံးဝ မျှော်လင့်မထား။ သူ့ရဲ့ ပရိသတ်အင်အားကို သူ ယုံကြည် စိတ်ချထားပြီးသား။ ဒီပွဲမှာ သူ နိုင်ရမည်ဟု တထစ်ချကြီး တွက်မထားသော်လည်း





ရှုံးလိမ့်မည်ဟုတော့ သူ မမျှော်လင့်ခဲ့။ တကယ်တမ်း သေသေချာချာ ရှုံးသွားမည် ဆိုသောအခါ သူ လက်လွှတ်ဆုံးရှုံးလိုက်ရသော ဆုံးရှုံးမှုက သူ့ရင်နှင့် မဆံ့လောက်အောင် မချိမဆံ့ ခံစားလိုက်ရသည်။

"ကဲ ချာတိတ်၊ ဒီ စိန်ခေါ်ပွဲကို မင်းပဲ စခဲ့တာနော်၊ နောက်ကို မင်း မှတ်ထား ကိုယ့်ကိုယ်ကို သိပ် အထင်မကြီးနဲ့၊ မင်းကို ငါ ပြိုင်ဘက်တစ်ယောက်အဖြစ် ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ဘူး၊ အခုအချိန်အထိလည်း မင်းကို ငါ အထင်သေးနေတုန်းပဲ၊ ဘာပဲဖြစ်ဖြစ် ငါတို့ရဲ့ စိန်ခေါ်ပွဲက ဒီနေရာမှာတင် အဆုံးသတ်သွားပြီ၊ ဒီပွဲမှာ ငါနိုင်တယ် မင်းရှုံးတယ်၊ အဲဒါကို မင်းလက်ခံတယ်[illegible]င်း ကျေကျေနပ်နပ် လက်ခံပြီးရင် မင်းရဲ့ ကတိ[illegible]းတည်ပါစေ၊ ဒီနေ့ကစပြီး ငါ့သမီးကို မျက်လုံးကလေးနဲ့တောင် စွေမကြည့်နဲ့ ဟုတ်ပြီလား၊ တကယ်လို့ ငါ့သမီးကို မင်း ကြည့်တာမြင်ရင် မင်းရဲ့ မျက်လုံးတွေကို ငါ ဖောက်ထုတ်ပစ်မယ် . . . ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



ဝိရက စိတ်ရှိလက်ရှိတနင့်တစ်ပိုးကြီး ပြောပစ်ခဲ့ကာ ထိုနေရာမှ ချာခနဲ လှည့်ထွက်လာခဲ့၏။ အောင်မြင်မှု၏ အရသာဟာ ဘယ်အရသာနှင့်မှ နှိုင်းမရနိုင်။ ရင်ထဲမှာ တထိတ်ထိတ်ခုန်ပြီး ပျော်ရွှင်နေခဲ့သည်။ အထူးသဖြင့် သူ အလွန်မုန်းသော ချာတိတ်ကလေးတစ်ယောက်ကို အနိုင်ယူလိုက်ရသည့်အတွက် သူ ပို၍ စိတ်ဓာတ် တက်ကြွနေသည်။

သူ ကားပေါ်သို့ တက်လာခဲ့ပြီး အိမ်သို့ ချက်ချင်း ဖုန်းခေါ်လိုက်မိသည်။ သူ့ရင်ထဲမှာ မခံချင်စိတ်တွေ၊ မာနတွေ သက်သာပျောက်ကင်းသွားသလို လွတ်လပ်ပေါ့ပါးသွားသည်။ အခုအချိန်ကစပြီး သမီးအတွက် သူ စိတ်အနှောင့်အယှက်ဖြစ်စရာ မရှိတော့။ ဖုန်းလာကိုင်သူမှာ သူ့မိန်းမ မေ ဖြစ်သည်။

"မေ . . . သမီးကို ဖုန်းပေးလိုက်စမ်း၊ ကိုယ် သမီးနဲ့ ပြောချင်လို့"

"ဟဲလို . . ."

သမီးရဲ့ ဖုန်းထူးသံလေးကို ကြားရချိန်မှာ သူ ဝမ်းသာအားရ ရယ်မောလိုက်မိသည်။





"ကဲ . . . သမီးဖြေစမ်း၊ ဘယ်သူ နိုင်မယ်လို့ သမီး ထင်သလဲ"

ယဉ်ကျေးသည် ဖေဖေ့ရဲ့ လျှပ်တစ်ပြက် မေးခွန်းကြီးကြောင့် အနည်းငယ်ကြောင်သွားကာ မျက်မှောင်ကလေးတွေ တွန့်သွား၏။ ပြီးမှ ဖေဖေဘာကို ဆိုလိုသလဲဆိုတာ ချက်ချင်း သဘောပေါက်ပြီး ရင်ထဲ လှပ်ခနဲ အေးသွား၏။ ဖေဖေ့အသံက အားပါးတရ ဝမ်းမြောက်ဝမ်းသာ ရှိနေသံမျိုး။ ဒါဆိုရင် . . .

"ဖေဖေ . . . ဖေဖေ နိုင်သလားဟင်"

"သိပ်သေချာတာပေါ့ သမီးရယ်၊ ဒီလို ဘာမဟုတ်တဲ့ မလောက်လေး မလောက်စား သူငယ်နှပ်စားကောင်ကလေးက ဖေဖေ့လို လူမျိုးကို လာပြီးတော့ စိန်ခေါ်တာ ကျားရှေ့မှာ မှောက်ရက် လာလှဲချလိုက်တာနဲ့ အတူတူပဲကွ၊ ဟား . . . ဟား . . . ဟား၊ ကဲ . . . ဒီကောင့်ကိုလည်း သူ့ကတိအတိုင်း တည်ဖို့ ဖေဖေ ပြောပစ်ခဲ့ပြီ၊ သမီးလည်း အခုအချိန်ကစပြီး ကတိတည်ဖို့ မမေ့နဲ့၊ သမီး အလုပ်လုပ်ဖို့အတွက် ဖေဖေမှ



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတစ်ယောက်နဲ့ ဖေဖေ အခုပဲ သွားတွေ့မလို့ အဲဒါ သမီးကို လှမ်းပြောတာ ကြားလား . . . သမီး ဘာပြောချင်သေးလဲ"

ယဉ်ကျေးသည် စိတ်ဓာတ်အကြီးအကျယ် ကျသွားသူလို ခေါင်းငိုက်စိုက် ကျသွား၏။

"ဘာမှ ပြောစရာ မရှိပါဘူး ဖေဖေ . . ."

ဟု ပြောပြီး ယဉ်ကျေးသည် ဖုန်းကို မေမေ့ လက်ထဲသို့ လှမ်းပေးလိုက်သည်။ အခုအချိန်မှာ ယဉ်ကျေးသည် ဆန်းသစ်နှင့် အလွန်အမင်း တွေ့ချင်နေသည်။ တွေ့လျှင် သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး မေးခွန်းတစ်ခုတော့ မေးချင်မိ၏။

"အချစ်အတွက်များ ဘာကြောင့် စိန်ခေါ်ခဲ့ရသလဲ ဆန်းသစ်ရယ်၊ အခုတော့ ယဉ်ကျေးက ဖေဖေနဲ့ ဆန်းသစ်တို့ရဲ့ စစ်ပွဲအကြားမှာ မြေဇာပင် ဖြစ်ခဲ့ရပြီ"

ဖေဖေနှင့် ဖုန်းပြောပြီးသောအခါ မေမေက ယဉ်ကျေးအနားသို့ ရောက်လာပြီး ယဉ်ကျေး၏ဦးခေါင်းကလေးကို မေမေ့၏ ရင်ခွင်ထဲသို့ ညင်သာစွာ ဆွဲသွင်းပွေ့ဖက်





ထားလိုက်ကာ ခေါင်းလေးကို ခပ်ဖွဖွ ပွတ်သပ် ပွတ်သပေးနေရင်း . . .

"သမီးရယ် . . . သမီးကို မေမေ ကိုယ်ချင်းစာပါတယ်၊ သမီးရင်ထဲမှာ ဘာတွေ ခံစားနေရမလဲဆိုတာ မေမေ ကိုယ်ချင်းစာကြည့်လို့ရတယ်၊ မေမေ့လိုမျိုး သမီးရဲ့ ဖေဖေ ခံစားတတ်ရင် သိပ်ကောင်းမှာပဲ၊ ဒါပေမယ့် သူ ဘယ်တော့မှ သမီးဘက်ကို ကိုယ်ချင်းစာပြီး ခံစားပေးတတ်မှာမဟုတ်ဘူး၊ သူက ယောကျ်ားတစ်ယောက်လေ၊ သူ့အတွက်နဲ့ မာနကလွဲပြီး ကျန်တာတွေက သိပ်အရေးကြီးတာ မဟုတ်ဘူး၊ ပြီးတော့ . . . သူက သမီးကို သိပ်ချစ်တာ၊ ဘယ်သူနဲ့မှ မကြည်ဖြူနိုင်လောက်အောင်ကို သူ့အချစ်က အစွန်းရောက်နေတာ၊ ဖေဖေ့ကို သမီး နားမလည်နိုင်ရင်တောင် ခွင့်လွှတ်ပေးဖို့ ကြိုးစားပေးလိုက်ပါ သမီးရယ် . . ."

ဟု ချော့ချော့မော့မော့ ပြောလေသည်။ ယဉ်ကျေးသည် အခုအချိန်မှာ ရင်ထဲမှာ နာကျင်မှု အလိမ်းလိမ်းကြောင့် မနာတတ်သလိုပင် ထုံကျင်၍နေသည်။ မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာစကားမှ မပြောမိ။ ဘာမှ မပြောချင်တာရယ် . . . ပြောဖို့စကားလုံး မရှိတော့တာရယ်ကြောင့် ဖြစ်သည်။

"သမီးတစ်ယောက်တည်း အေးအေးဆေးဆေး သွားနေလိုက်ဦးမယ် မေမေ၊ ဖေဖေ ပြန်လာရင် သမီး ဖေဖေနဲ့ စကားနည်းနည်း ပြောကြည့်ချင်တယ်"

"မေမေ . . . သမီးအနားမှာ လာနေမပေးရဘူးလား သမီး"

"သမီးဘာသာ အေးအေးဆေးဆေး တွေးချင်လို့ပါ မေမေ၊ ဒါပေမယ့် မေမေ့ကို သမီး တစ်ခုတော့ ပြောလို့ရတယ်၊ သမီး ဆန်းသစ်ကို သိပ်ချစ်တယ် မေမေ၊ သူဟာ သမီးရဲ့ အချစ်ဦးပါ၊ သမီးဘဝမှာ ပထမဆုံး အကြိမ် စပြီး ဖူးပွင့်ခဲ့ရတဲ့ နှလုံးသားနဲ့ ချစ်ခဲ့ရတာပါ။ အဲဒီ အချစ်ဦးကို ဘာကြောင့် လက်လွှတ်ဆုံးရှုံးလိုက်ရသလဲဆိုတာ သမီး ပြန်တွေးကြည့်ချင်လို့ပါ"

မေမေ့မျက်နှာက ဟန်မဆောင်နိုင်အောင်ပင် ပျက်နေ၏။ ယဉ်ကျေးသည် မေမေ့ကိုလည်း သနားမိပါသည်။ သို့သော် . . . အခုအချိန်မှာတော့ မေမေ့ထက် ကိုယ့်ကိုယ်ကို





ပို၍ သနားမိသောကြောင့် တစ်ယောက်တည်း အခန်းထဲမှာ ငြိမ်ငြိမ်ကလေး ဝင်ခွေနေခဲ့၏။

တစ်ယောက်တည်းဆိုသောအသိ ဝင်လာတော့မှ မျက်ရည်တွေ ပါးပြင်ပေါ်သို့ တစ်လိမ့်လိမ့်စီးဆင်းကျလာခဲ့၏။ ယဉ်ကျေးသည် အသံမထွက်အောင် ခပ်တိုးတိုး ရှိုက်ငင်ငိုကြွေးမိတော့၏။ နှလုံးသားက ချစ်ခွင့်တောင် မရလိုက်သေး ဒဏ်ရာက ရခဲ့ပြီ။

အဲဒီနေ့က တော်တော်လေး ညဥ့်နက်မှ ဖေဖေ အိမ်ပြန်လာသည်။ ဖေဖေ့ကို စောင့်နေသည်ဖြစ်သောကြောင့် ကားသံကြားသည်နှင့် ယဉ်ကျေးက ဧည့်ခန်းထဲသို့ ထွက်လာကာ ဖေဖေ့ကို ရင်ဆိုင်ဖို့ စောင့်နေလိုက်၏။ မေမေလည်း ဧည့်ခန်းထဲမှာ ဖေဖေ့ကို စောင့်နေခဲ့ပုံရသည်။ ကားရပ်ပြီး ဖေဖေ အိမ်ထဲသို့ လှမ်းဝင်သောအခါ ဖေဖေ့မျက်နှာကို ယဉ်ကျေးရော မေမေပါ ငြိုင်တွန်းပါးလှမ်းကြည့်လိုက်မိကြ၏။ ဖေဖေ့မျက်နှာပေါ်မှာ အားရကျေနပ်သော အပြုံးနှင့် လွတ်လပ်ပေါ့ပါးမှုကို တွေ့ရ၏။ ဖေဖေက ယဉ်ကျေးထံသို့ ခပ်သွက်သွက် လျှောက်လာပြီး ယဉ်ကျေးကို ရုတ်တရက် လက်ဆွဲ၍



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရမ်းလိုက်ကာ . . .

"ကွန်ဂရက်ကျူလေးရှင်း . . . သမီး၊ သမီး အတွက် အလုပ်ကိစ္စ ဖေဖေ့သူငယ်ချင်းနဲ့ ပြောခဲ့ပြီးပြီ၊ အားလုံး အဆင်ပြေတယ် သမီး၊ သမီးအလုပ်ရသွားပြီ၊ ဖေဖေ့သူငယ်ချင်းရဲ့ ကုမ္ပဏီမှာ Secretary လုပ်ရမယ်၊ သူက Construction နဲ့ Interior Decoration Company ထောင်ထားတဲ့ ရွှန်းဝေလေ၊ သမီးကိုလည်း သူ ကောင်းကောင်း သိပါတယ်၊ သမီးနဲ့သာ လူချင်း မဆုံဖြစ်တာ ဖေဖေနဲ့က ငယ်သူငယ်ချင်းတွေ၊ သူက အရမ်း စည်းကမ်းတိကျပြီး စည်းစနစ်ကြီးတယ်၊ အဲဒါကို ဖေဖေကြိုက်လို့ သူ့ဆီမှာ သမီးကို အလုပ်လုပ်စေချင်တာ၊ သူ့ဆီက သမီး လေ့လာသင်ယူစရာတွေ အများကြီးပဲ ရမယ်"

ဖေဖေက တက်တက်ကြွကြွကြီးပင် ပြောနေသည်။ ယဉ်ကျေးက ဖေဖေ့မျက်နှာကို အသက်ကင်းမဲ့စွာ ငေးမော နေမိ၏။ ဖေဖေဟာ ဘယ်လိုလူစားမျိုးလဲ။ ဖေဖေ့မှာ နှလုံးသားမှ ရှိပါရဲ့လား။ သမီးဖြစ်သူကို ချစ်သူနှင့် လူလှ ပပကလေး ခွဲပစ်ခဲ့သူလို့ သူ့ကိုယ်သူတောင် ထင်မိရဲ့လားမသိ၊





အဲဒီကိစ္စကို ခေါင်းထဲမှာ လုံးဝ မရှိပုံနှင့် အလုပ်ကိစ္စကိုသာ တက်တက်ကြွကြွကြီး ပြောနေခဲ့ခြင်းဖြစ်သည်။ ယဉ်ကျေးက သက်ပြင်းရှိုက်လိုက်ကာ ဖေဖေ့မျက်လုံးတွေထဲ စူးခနဲ တစ်ချက် စိုက်ကြည့်လိုက်ပြီး . . .

"ဖေဖေ့ကို သမီး တစ်ခု တောင်းဆိုချင်လို့ စောင့်နေတာ"

ဟု ခပ်တိုးတိုး ပြောလိုက်၏။ ဖေဖေက မျက်ခုံးတွေပင့်သွားကာ မေမေ့ဆီသို့ တစ်ချက်လှမ်းကြည့်၏။ မေမေက ဘာမှ မပြော။ သို့သော် မေမေရဲ့ မျက်လုံးတွေက ဖေဖေ့ဆီမှာ မျက်တောင်မခတ်စတမ်း စူးစိုက်ကျနေ၏။

"ကဲ . . . ဘာပြောမှာလဲ သမီး . . . ပြောလေ"

"သမီး ဆန်းသစ်နဲ့ တွေ့ချင်တယ်ဖေဖေ၊ သမီးကို သူနဲ့ တွေ့ခွင့်ပေးပါ"

"ဘာဖြစ်လို့ တွေ့ခွင့်ပေးရမှာလဲ၊ သမီးတို့ ဇာတ်လမ်းက ပြီးသွားခဲ့ပြီလေ၊ သမီးကို ဖေဖေ ပြောပြီးပြီပဲ၊ သူနဲ့ ဖေဖေ ပြိုင်ပွဲတစ်ခုလုပ်ကြတယ်၊ အဲဒီ ပြိုင်ပွဲကို ဖေဖေက စပြီး စိန်ခေါ်ခဲ့တာမဟုတ်ဘူး၊ ဒီကောင်က စပြီး



www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်ခဲ့တာ၊ ဒါပေမယ့် အဲဒီပွဲမှာ သူရှုံးသွားခဲ့တယ်၊ အဲဒီတော့ သူ့ရဲ့ကတိအတိုင်း သမီးနဲ့ အဝေးဆုံးကို လွင့်သွားပေးမယ်လို့ သူကိုယ်တိုင်ပဲ ပြောခဲ့ပြီး သူဘာသာသူပဲ နောက်ဆုတ်သွားခဲ့တာ၊ သမီးက အဲ့လိုကောင်မျိုးကို ဘာကိစ္စ တွေ့ချင်ရတာလဲ . . .”

“သမီးနဲ့ သူ့အကြားမှာ မေးစရာ ပြောစရာစကားတချို့တော့ ကျန်သေးတယ် ဖေဖေ၊ သူလည်း သမီးနဲ့တွေ့ချင်မှာပဲ၊ သူ ဘာကြောင့် အခုလို လုပ်ရသလဲဆိုတာ သူလည်း ပြောပြချင်မှာပဲ၊ သမီးလည်း သိချင်သေးတယ် ဖေဖေ၊ သမီး သူ့ကို ချစ်ခဲ့တာ လွယ်လွယ်ပေါ့ပေါ့ကလေး မဟုတ်ဘူး၊ သမီးနှလုံးသားထဲက လေးလေးနက်နက်ချစ်ခဲ့တာ၊ သူလည်းပဲ သမီးနဲ့ ထပ်တူထပ်မျှ ချစ်ခဲ့တာ၊ ဒါပေမဲ့ သမီးတို့ရဲ့ ချစ်သက်တမ်းက ဘာမှတောင် မကြာလိုက်ဘူး၊ အခု ဇာတ်သိမ်းပြီလို့ ဖေဖေက ပြောတယ်၊ အဲဒါကို သမီး လက်မခံချင်ဘူးဖေဖေ၊ သမီးကို သူ့ရဲ့ပါးစပ်က ကိုယ်တိုင် ပြောတဲ့စကားကိုပဲ သမီးနားနဲ့ ဆက်ဆက်ကြားပြီး လက်ခံချင်တယ်





ဒါကြောင့် သမီး သူနဲ့ တွေ့ချင်တယ်ဖေဖေ၊ ဖေဖေ ခွင့်ပြုပေးပါ၊ ဒီတစ်ခုတော့ နောက်ဆုံး အခွင့်အရေးပဲ ဖြစ်ဖြစ် ဖေဖေ ခွင့်ပြုပေးပါ၊ သမီး ဖေဖေမသိအောင် သူနဲ့ ခိုးတွေ့လို့ရပါတယ် ဖေဖေ၊ ဒါပေမယ့် သမီး မတွေ့ချင်ဘူး၊ ဖေဖေ့ကို ပေးထားတဲ့ကတိ သမီး တည်အောင် ကြိုးစားချင်လို့ပါ”

ဝိရက သမီး၏မျက်နှာနွမ်းလျလျလေးကို ကြည့်ကာ ရင်ထဲ သနားဂရုဏာစိတ် ဝင်သွား၏။ ဘာပဲဖြစ်ဖြစ် ပထမဆုံး ရည်းစားဦးနဲ့ ကွဲရတဲ့အတွက် သမီး အသည်းများ ကွဲနေမလား။ အသည်းကွဲတဲ့ ဝေဒနာကို သူ တစ်ခါမှ မခံစားခဲ့ဖူးပါ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ အချစ်ဦးက သမီးရဲ့ မေမေ မေယဉ်ကျေး ဖြစ်ခဲ့ပြီး အဲဒီ အချစ်ဦးကိုပဲ သူ လက်ထပ်ခဲ့သောကြောင့်ဖြစ်သည်။ သူ့ဘဝမှာ မေယဉ်ကျေးက လွဲပြီး တခြား ဘယ်မိန်းမကိုမှ မချစ်ဖူးခဲ့။ သူ သမီးဘက်မှ ဖျတ်ခနဲ စာနာမိသလိုတွေးလိုက်မိကာ သမီးကို သနားသွား၏။ အကယ်၍ သမီးရဲ့ အချစ်ဦးဟာ သူ လုံးဝကြည့်မရတဲ့ အဲဒီကောင်လေးသာ မဖြစ်ခဲ့ဘူးဆိုလျှင် သမီး ကံကောင်းချင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိမ့်မည်။ အချစ်ဦးနှင့် ပေါင်းခွင့်ရဖို့ဆိုတာ နည်းတဲ့ ကုသိုလ်ကံမှ မဟုတ်တာ။

"ကဲ . . . ကောင်းပြီလေ၊ ဖေဖေ သမီးကို ယုံကြည်စိတ်ချစွာနဲ့ နောက်ဆုံး အခွင့်အရေးတစ်ခုပေးမယ်၊ မနက်ဖြန် သမီး အဲဒီကောင်ကို ဖုန်းဆက်ခေါ်လိုက်ပါ၊ သူ့ အိမ်မှာလာတွေ့ပါစေ၊ သမီးတို့နှစ်ယောက် လွတ်လွတ်လပ်လပ် ပြောချင်တာ ပြောလို့ရတယ်၊ ဖေဖေကတော့ စတူဒီယိုထဲမှာ ရှိနေမယ်၊ မေမေကလည်း သမီးတို့နဲ့ မလှမ်းမကမ်းမှာ ရှိနေလိမ့်မယ်၊ ဒါပေမဲ့ သမီးတို့အတွက် Privacy တော့ ပေးထားမယ် . . . ဟုတ်ပြီလား"

"ကျေးဇူးတင်ပါတယ် ဖေဖေ . . ."

ယဉ်ကျေးက ထိုတစ်ခွန်းသာ ပြောခဲ့ပြီး ညှိခန်းထဲမှ လှည့်ထွက်လာခဲ့သည်။ ဘယ်မှာပဲ တွေ့ရတွေ့ရ သူနှင့် တွေ့ခွင့်ရဖို့သာ အရေးကြီးသည်။

ဋဋဋ



အရှုံးဆိုသော ဝေဒနာကြီးကို တနင့်တပိုးကြီး ခံစားလိုက်ရချိန်မှာ အရှုံးရဲ့ အရသာသည် မည်မျှ ခါးသီးစပ်ဖျဉ်းသလဲဆိုသည်ကို အခုမှပင် ကိုယ်တွေ့ ခံစားဖူးတော့၏။ သူငယ်ချင်းတွေအားလုံးလည်း စိတ်မကောင်းကြ။ သို့သော် သူ့ အတွက် ဘာမှ မလုပ်ပေးနိုင်။ အဲဒီအချိန်မှာ သူ့ Mobile သို့ Message တစ်ခု ဝင်လာခဲ့ခြင်းဖြစ်သည်။ သူ ဘာရယ်မဟုတ် ဖွင့်ဖတ်ကြည့်လိုက်တော့မှ သူ့မျက်လုံးတွေ မျှော်ရှင်မှုဖြင့် လက်ခနဲ တောက်သွား၏။

"ဝိုလိုက်ဆီကကွ . . ."

ဟု သူ ထိတ်ခနဲ ဝမ်းသာစွာ အော်လိုက်မိ၏။ သူငယ်ချင်းတွေအားလုံး၏ ခေါင်းတွေ သူ့ Mobile ကလေးဆီသို့ စုပြုံလာကာ Message ကို ဝိုင်းဖတ်ကြ၏။ Message က တိုတိုကလေး။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် ကိုးနာရီအတိ အိမ်ကိုလာခဲ့ပါ၊
တွေ့ချင်တယ် . . . စောင့်နေမယ်။
ပိုလိုက် . . .

"အံ့ဩစရာ မကောင်းဘူးလား ဆန်းသစ်၊ ဒီနေ့ပဲ မင်းနဲ့ သူ့အဘိုးကြီးနဲ့ စာရင်းရှင်းခဲ့ကြတယ်၊ အဘိုးကြီးက သူ နိုင်သွားပြီဆိုပြီး မင်းကို သူ့သမီးနဲ့ မတွေ့ကြဖို့တောင် ပြောသွားခဲ့ပြီးပြီ၊ ယဉ်ကျေးက ဘာလို့ သူ့အိမ်မှာတောင် တွေ့ဖို့ ချိန်းရတာလဲ၊ မထူးဆန်းဘူးလား . . ."

"ထူးဆန်းတယ်လေ . . . ဒါပေမယ့် ဘာကြောင့်လဲဆိုတာ ငါ မသိဘူး၊ မနက်ဖြန် ငါ သွားတော့မှပဲ သိရမှာပေါ့ . . ."

"ပိုလိုက်က အိမ်ကို ပေါ်တင်ကြီး ချိန်းတာဆိုတော့ သူ့အဖေများ မရှိလို့လား၊ ခရီးတွေ ဘာတွေများ ရုတ်တရက် ထွက်သွားရလို့လား မသိဘူးနော်"

"အဲဒါတွေ ငါ မသိချင်သေးဘူးကွာ၊ ငါလည်း ပိုလိုက်နဲ့ အရမ်း တွေ့ချင်နေတယ်၊ သူ့ကို ပြောပြစရာ စကားတွေ





ရင်နဲ့ အပြည့်ရှိတယ်၊ ဘာပဲဖြစ်ဖြစ် ငါကိုယ်တိုင် စိန်ခေါ်ခဲ့တဲ့ ပြိုင်ပွဲမှာ ငါ ရှုံးသွားခဲ့ပြီးပြီ၊ ငါ့ဘက်က ယောကျ်ားတစ်ယောက်ရဲ့ ကတိသစ္စာတော့ တည်ရလိမ့်မယ်၊ အဲဒီအကြောင်းကို ပိုလိုက်သိအောင်လည်း ပြောပြချင်သေးတယ်၊ ဘာပဲဖြစ်ဖြစ် မနက်ဖြန်တော့ ငါ နောက်ဆုံးဖြစ်ဖြစ် သူနဲ့ သွားတွေ့မှ ဖြစ်မယ် . . ."

အဲဒီညက သူ တော်တော်နှင့် မအိပ်နိုင်ခဲ့။ ရင်ထဲမှာရော ခေါင်းထဲမှာပါ မေးခွန်းတွေ ပဟေဠိတွေနှင့် ချာချာလည်လျက် ရှိ၏။ သူနှင့် ပိုလိုက်တို့ရဲ့ တွေ့ဆုံခြင်းဟာ ကောင်းသော တွေ့ဆုံခြင်းလား၊ မကောင်းသော တွေ့ဆုံခြင်းလားဆိုတာ သူ အဖြေမရှာတတ်။ သူ ခန့်မှန်းမိသလောက်တော့ ဘယ်လိုနည်းနှင့်မှ ကောင်းသော တွေ့ဆုံခြင်း မဖြစ်နိုင်တော့။ ဘာဖြစ်လို့လဲဆိုတော့ သူနှင့် ပိုလိုက်တို့ရဲ့ အချစ်ဇာတ်လမ်းက မစတင်ခင်မှာပင် ပြီးဆုံးနှင့်ခဲ့ပြီလေ။ သူ့အသည်းက ကွဲနှင့်နေခဲ့ပြီ။

ΩΩΩ

www.burmeseclassic.com

www.burmeseclassic.com



ဥနာရီထိုးဖို့ ငါးမိနစ်အလိုတွင် သူ ပိုလိုက်တို့အိမ်ရှေ့သို့ ရောက်သွား၏။ ခြံတံခါးက အဆင်သင့်ပဲ ဖွင့်ထားတာမို့ ခြံထဲသို့ ကားမောင်းဝင်လာခဲ့ကာ ပေါ်တီကိုအောက်မှာ ကားရပ်လိုက်၏။ အခုအချိန်ထိ သူ့ကို တားမြစ်ခဲ့သူ တစ်ယောက်မှ ပေါ်မလာသေး။ အိမ်ရှေ့တံခါးရှိ ဘဲလ်ကို သူ တီးလိုက်သည်။ ချက်ချင်းလိုလိုပင် တံခါးက ဖျတ်ခနဲ ပွင့်လာ၏။ တံခါးလာဖွင့်သူမှာ ပိုလိုက်ကိုယ်တိုင်ပင် ဖြစ်နေလျှင် သူတို့နှစ်ယောက် အကြည့်ချင်း ရှည်ကြာစွာ ဆုံမိကြ၏။ ယဉ်ကျေး၏ မျက်နှာကလေးက ကြေကွဲဆွေးမြည့်ရိပ်များ အတိပြီးလျှက် ဖြူရော်နွမ်းလျနေသည်။ သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွား၏။ မတွေ့ရတဲ့ ရက်ပိုင်းတွေအတွင်းမှ ယဉ်ကျေးသည်





အံ့ဩစရာကောင်း လောက်အောင်ပင် ပြောင်းလဲသွားခဲ့ပြီ။ ဟိုးအရင်က ရွှင်မြူးသွက်လက်နေသော အပြုံးချိုချိုနှင့် ကလေးဆန်လွန်းသော မြူးထူးပျော်ရွှင်ရိပ်တို့သည် ယဉ်ကျေးဆီမှ သိမ်းယူလွှင့်ပစ်ခံလိုက်ရသလို ကင်းမဲ့ဆိတ်သုဉ်းလျက်ရှိကာ မျက်နှာကလေးက ပြိုတော့မည့် မိုးလို မှိုင်းမှုံဆွေးလျနေသည်။

"ပိုလိုက် . . . နေကောင်းရဲ့လားဟင်"

သူ စိတ်မကောင်းစွာ မေးလိုက်၏။ ယဉ်ကျေးက အသာအယာပင် ခေါင်းညိတ်ပြလိုက်သည်။

"လာ . . . ဆန်းသစ် ဧည့်ခန်းထဲမှာ အေးအေးဆေးဆေး စကားပြောရအောင်၊ ဒီလို စကားပြောခွင့်ရဖို့ ဖေဖေ့ဆီက ကျွန်မ ခွင့်တောင်းထားရတာ၊ ဖေဖေက ခွင့်ပေးပါတယ် ဒါ . . . နောက်ဆုံး အခွင့်အရေးတဲ့၊ ဆန်းသစ်ဆီက ကျွန်မကို ဘာတွေပြောမလဲဆိုတာ ကျွန်မ နားထောင်ချင်သေးတယ်၊ ပြီးတော့ ဆန်းသစ်ကိုလည်း ကျွန်မပြောစရာတွေရှိတယ်"

ဧည့်ခန်းထဲမှာ သူတို့နှစ်ယောက်တည်း မျက်နှာချင်းဆိုင်ကာ တိတ်တိတ်ဆိတ်ဆိတ်ပင် ထိုင်မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူအရင် စပြောမလဲ၊ ပိုလိုက် အရင် ပြောချင်လား . . . ဒါမှမဟုတ် ကိုယ်ပြောရမလား"

"ဆန်းသစ် အရင်ဆုံးပြောပါ။ ဆန်းသစ်ရဲ့ စကားတွေကို ကျွန်မ မကြားရတာ ကြာပြီ"

ယဉ်ကျေးက လွမ်းလွမ်းဆွေးဆွေးကလေး ပြောလိုက်သည်။ သူမ၏ မျက်ဝန်းတွေထဲမှာ ခုအချိန်ထိ ချစ်ခင် မက်မောရိပ်တွေ တွယ်ငြိဆဲ။

"တကယ်တော့ ကိုယ် မိုက်မဲသွားခဲ့မိတာပါ၊ ဒါပေမယ့် ဖြစ်ပြီးခဲ့တဲ့ ကိစ္စအတွက် ကိုယ့်ကိုယ် ကိုယ်လည်း အပြစ်မတင်ချင်တော့ဘူး၊ နောင်တတွေလည်း ရမနေချင်တော့ဘူး၊ ကတိတစ်ခုတော့တည်ချင်တယ်၊ ကိုယ့်ဘက်ကပဲ ခြေလှမ်းတွေကို နောက်ဆုတ် ရုပ်သိမ်းလိုက်ပါ့မယ်၊ ယဉ်ကျေးလည်း ယဉ်ကျေး လျှောက်ရမယ့်လမ်းကို ဆက်လျှောက်ပါ။ ကိုယ်ကတော့ ယဉ်ကျေးနဲ့ ဝေးနိုင်မယ့် နေရာဆီ ဆက်လျှောက်ပါ့မယ်၊ တစ်ခါတစ်ခါလည်း မျက်နှာချင်းဆိုင်ပေါ့၊ တစ်ခါတစ်ခါလည်း ကျောခိုင်းရက် ဖြစ်ချင်ဖြစ်မှာပေါ့၊ သေချာတာကတော့





ကိုယ်နဲ့ယဉ်ကျေးတို့ ချစ်သူတွေမဟုတ်ကြတော့ဘူး"

"ဘာဖြစ်လို့လဲ . . . အဲဒါ ဘာကြောင့်လဲ၊ ဆန်းသစ် ကျွန်မကို မချစ်တော့ဘူးလား"

"အဲဒီ . . . မေးခွန်းကို ဘယ်အချိန်မေးမေး ကိုယ်ကတော့ အဲဒီအတိုင်းပဲ ဖြေမှာပဲ . . . သိပ်ချစ်တယ် ပိုလိုက်၊ မင်းကို ကိုယ်သိပ်ချစ်တယ်၊ နောက်ဆယ်နှစ်ကြာတဲ့ အချိန်မှာလည်း မင်း လာထပ်မေးဦး၊ ကိုယ်အဲဒီအဖြေတိုင်းပဲ ရဲရဲဝံ့ဝံ့ဖြေနေဦးမှာပဲ၊ မင်းကို ကိုယ်ချစ်တယ်၊ ဒါပေမယ့် ကိုယ်က မတော်တဆ လောင်းကစားတစ်ခုကို လုပ်ခဲ့မိပြီ၊ မင်းဖေဖေနဲ့မှ ကိုယ် သွားပြီးစိန်ခေါ်ခဲ့မိတယ်၊ အဲဒီပွဲမှာ လောင်းကြေးက ပိုလိုက်ဖြစ်သွားခဲ့တယ်၊ ကိုယ် ရှုံးသွားတယ်၊ ရှုံးမယ်လို့ ကိုယ်မမျှော်လင့်ခဲ့ပေမယ့် ကိုယ် တကယ်ပဲ ရှုံးသွားခဲ့တယ်၊ ရှုံးသွားပြီးတဲ့နောက်မှာ အလျော်အစားဆိုတာ ရှိစမြဲပိုလိုက်၊ ကိုယ် ပိုလိုက်ကို မင်းဖေဖေဆီမှာ လျော်လိုက်ရတယ်၊ အဲဒါ ကိုယ့်ဘဝတစ်ခုလုံးစာပဲ၊ ကိုယ့်နှလုံးသားနဲ့ရင်းပြီး ပိုလိုက်ကို လျော်လိုက်ရတာပါ၊ ဒါပေမယ့် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သစ္စာတော့ ရှိရမယ်၊ ကိုယ် မင်းကို မင်းဖေဖေရဲ့ လက်ထဲကနေ ဘယ်တော့မှ ပြန်မခိုးဘူး၊ အဲဒါ ကိုယ့်ရဲ့သစ္စာပဲ၊ ကိုယ့်ရဲ့ ယောကျ်ားကတိပဲ၊ မင်း ဖေဖေက ကိုယ့်ကို သိပ် အထင်သေးနေတာ ပိုလိုက်၊ သူ ဘာကြောင့် ကိုယ့်ကို အထင်သေးနေသလဲဆိုတာတော့ ကိုယ် သေသေချာချာ ပြောမပြတတ်ဘူး၊ ဒါပေမယ့် မင်းအဖေ အထင်မကြီးတဲ့ ကိုယ့်မှာ အထင်ကြီး လောက်စရာ ကတိသစ္စာဆိုတာလည်း ရှိပါသေးတယ်ဆိုတာကို ပြချင်သေးတယ်၊ ကိုယ် သူ့ကို ပေးခဲ့တဲ့ကတိကို ဘယ်တော့မှ မဖျက်ဘူး၊ အဲဒါကြောင့် မင်းနဲ့ အဝေးဆုံးကို ကိုယ် ပြေးတော့မယ် ...”

“ဆန်းသစ် မတရားဘူး၊ လုံးဝမတရားဘူး၊ ကျွန်မ အပေါ် ဘာကြောင့် အဲဒီလောက် ရက်စက်ရတာလဲ၊ ကျွန်မရဲ့အသည်းကို ဘာဖြစ်လို့ အဲဒီလိုနည်းနဲ့ ခွဲခဲ့ရတာလဲ၊ ဒီပွဲမှာ ကျွန်မရဲ့ သဘောတူညီမှု ခွင့်ပြုချက်လည်း မပါခဲ့ဘူး၊ ကျွန်မက ဆန်းသစ်တို့ရဲ့ အလောင်းအစားမှာ ထိုးကျွေးရမဲ့ လောင်းကစားခံ သက်မဲ့ပစ္စည်း





တစ်ခု မဟုတ်ဘူးဆိုတာကိုရော ဆန်းသစ် တွေးမိရဲ့လား၊ ကျွန်မရင်ထဲမှာ သိပ်ချစ်တတ်တဲ့ နှလုံးသားဆိုတာ ရှိတယ်၊ သိပ်ခံစားတတ်တဲ့ နှလုံးသားမျိုးပါ၊ အဲဒီနှလုံးသားက ပထမဆုံးအကြိမ် စူးစူးနစ်နစ် မူးမူးမိုက်မိုက် ချစ်ခဲ့မိတဲ့ ကိုယ့်ချစ်သူကို ဘာအကြောင်းပြချက်မှ မရှိဘဲ အလောင်းအစား တစ်ခုရဲ့ ရလဒ်ကြောင့် စွန့်လွှတ်လိုက်ရမယ်ဆိုတာ ဘယ်နည်းနဲ့မှ တရားမျှတမှု မရှိနိုင်ဘူး၊ ဆန်းသစ် ကျွန်မကို ဘယ်လိုနည်းနဲ့ ပြန်ပြီး လျော်ကြေးပေးမလဲ ...၊ ကျွန်မ ဘာမှ မသိလိုက်ရဘဲ ဆန်းသစ်ကို ကျွန်မ ဆုံးရှုံးလိုက်ရမလား၊ ဟင့်အင်း ... ကျွန်မ အဆုံးအရှုံးမခံနိုင်ဘူး၊ ကျွန်မ ဆန်းသစ်ကို သိပ်ချစ်တယ်”

“ကိုယ်သိတယ် ... ကိုယ်သိပါတယ်ကွာ၊ ကျေးဇူးပြုပြီး ဆက်မပြောပါနဲ့၊ အခုချိန်မှာတော့ ကိုယ် ရှေ့ဆက်တိုးလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ကိုယ်ခြေတစ်လှမ်း နောက်ဆုတ်လိုက်ပါရစေ၊ ကိုယ့်မှာ ထွက်ပေါက် မရှိတော့လို့ပါ”

“ကောင်းပြီလေ ... အဲဒါ ဆန်းသစ်ဘက်က အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးပဲ၊ ကျွန်မဘက်က အခွင့်အရေးကိုလည်း ကျွန်မ ပြောပြမယ်၊ ကျွန်မ ဆန်းသစ်ကို အမြဲတမ်း ချစ်နေမှာ ဘယ်တော့မှ မမေ့ဘူး၊ ဆန်းသစ်လိုပဲ နောက်ဆယ်နှစ် အကြာမှာ လာမေးလည်း ကျွန်မရဲ့အဖြေက ဒီအတိုင်း ပဲ၊ ကျွန်မ ဆန်းသစ်ကို ချစ်တယ် . . .”

“ပြီးပြီပေါ့ . . . အဲဒါဆိုရင် ကိုယ်ကျေနပ်ပါတယ်၊ နောက်ဆို ကိုယ်တို့နှစ်ယောက် ဆုံဖြစ်ချင်မှ ဆုံဖြစ်ကြ တော့မယ်၊ တကယ်လို့ ဆုံဖြစ်ခဲ့ကြရင်လည်း ပိုလိုက်တို့ ကိုယ် ကြည့်မိချင်မှ ကြည့်မိတော့မယ်၊ သိပ်ကြည့်ချင် လွန်းရင်တောင် ကိုယ်ကြိုးစားပြီး မျက်နှာလွှဲပစ်ရလိမ့် မယ်၊ အဲဒီအတွက် ကိုယ့်ကို ရက်စက်လိုက်တာလို့ ပိုလိုက် မပြောနဲ့နော်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရဲ့ အရှုံးထဲမှာ ကိုယ် ရှုံးခဲ့ရင် ဆန်းသစ်ကို မျက်လုံးနဲ့ တောင် မကြည့်ရဘူးလို့ မင်းဖေဖေက ပြောထားတယ် အဲဒီ ကတိကိုလည်း ကိုယ် မဖျက်ချင်ဘူး . . .”

“တော်ပြီ . . . ဆန်းသစ်ဆီက ကျွန်မ ဘာမှ ထပ် ကြားချင်တော့ဘူး၊ ဒါပေမယ့် နောက်ဆုံး စကား





ခွန်းတော့ ပြောလိုက်ချင်သေးတယ်၊ ကျွန်မအတွက် ဆန်းသစ်ဟာ ဘယ်တော့မှ သူစိမ်းတစ်ယောက် မဟုတ် ဘူး၊ ကျွန်မအတွက် အချစ်ဦးဟာလည်း ဆန်းသစ်ပဲ၊ အချစ်ဆုံးဟာလည်း ဆန်းသစ်ပဲ ဖြစ်ရမယ်၊ ကျွန်မ အတွက် နောက်ထပ် လူတစ်ယောက်ဆိုတာ ထပ်ပေါ် မလာနိုင်တော့ဘူး၊ အဲဒါကို ဆန်းသစ်ရဲ့ နှလုံးသားထဲ မှာ အမြဲတမ်း သတိရနေပါ၊ ကဲ . . . ဆန်းသစ်သွား တော့”

ယဉ်ကျေးသည် ရင်ထဲမှာ ဘာကို နာမှန်းမသိ နာသွားကာ ဆန်းသစ်ကိုလည်း ဆက်ပြီး စကားပြောချင်စိတ် မရှိတော့။ နှုတ်ခမ်းကလေးကို ကိုက်ထားလိုက်ကာ မျက်နှာကို တစ်ဖက်သို့ လွှဲနေလိုက်သည်။ ဆန်းသစ်က ထိုင်နေရာမှ ဖျတ်ခနဲထကာ ယဉ်ကျေးကို လှည့်မကြည့်တော့ဘဲ . . . နှုတ်မဆက်တော့ဘဲ ထိုနေရာမှ သွေးရူးသွေးတန်း ထထွက် လာခဲ့သည်။

ဧည့်ခန်းထဲမှ ထိုမြင်ကွင်း၏ အစအဆုံးကို စတူဒီယိုထဲမှ ဗီရက Monitor ကလေးဖြင့် ထိုင်ကြည့်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ညဉ့်ခန်းထဲမှာ Video ကင်မရာတစ်လုံး ခိုးပြီး ထောင်ထားခဲ့သည်မို့ သမီးနှင့် သူကောင်လေးပြောနေသမျှစကားလုံးတွေအားလုံး၊ မျက်နှာ အမူအရာတွေအားလုံးကို သူ စတူဒီယိုထဲကနေ အစအဆုံး မြင်နေ ကြားနေရသည်။ ရင်ထဲမှာတော့ မကောင်းပါ။ သမီးကို သနားနေသည်။ သမီးရဲ့ ရင်ထဲမှာ လတ်လတ်ဆတ်ဆတ် ဖူးသစ်စ နှလုံးသားနုနုကလေး သူ့ကြောင့် ဒဏ်ရာအနာတရ ရသွားခဲ့ပြီမှန်း သူ သိလိုက်ရသည်။ သို့သော် . . . သူ ဘာမှ မတတ်နိုင်။ ဘာမှလည်း လုပ်မပေးနိုင်။ နှလုံးသား ဒဏ်ရာဆိုတာ တစ်ချိန်ချိန်မှာ သူ့အလိုအလျောက် ပျောက်ကင်းသွားမှာပါဟု သူကိုယ်သူ ဖြေသိပ်တွေးလိုက်မိသည်။သူ့တုန်းကတော့ အချစ်ဦးနှင့် မကွဲခဲ့ဖူးတာမို့ နှလုံးသားမှာ ဒဏ်ရာလည်း မရဖူးခဲ့၊ အသည်းလည်း မကွဲဖူးခဲ့။ သမီးကတော့ ကံဆိုးစွာပင် သမီးရဲ့ နှလုံးသားကို သူကိုယ်တိုင် ပြန်ခွဲမိရက်သား ဖြစ်ခဲ့ရပြီ။ သို့သော် . . . ဘာမှ မတတ်နိုင်တော့။ အားလုံး ပြီးဆုံးလွန်မြောက်ခဲ့ပြီ။ အချိန်တန်ရင်တော့ သမီး မေ့မေ့ပျောက်ပျောက် ဖြစ်သွားမှာပါလေဟု သူ ဖြေတွေး တွေးလိုက်မိသည်။





လူငယ်တွေရဲ့ ချစ်ချင်းမေတ္တာကို သူ တကယ်ပဲ နားမလည်နိုင်တာလား၊ တမင်သက်သက်ပဲ နားမလည်ချင်ယောင်ဆောင်နေတာလား သူ့ကိုယ်သူပင် သူမသိ။ သူသိတာကတော့ သူ့သမီးကို သူ သိပ်ချစ်သည်။ ဟိုး . . . မွေးကင်းစ နီတာရဲ့ ဘဝကလေးကနေ ဒီအရွယ်ရောက်လာသည်အထိ နေ့စဉ်ရက်ဆက် တယုတယ တန်ဘိုးထားကာ ပိုးမွေးသလို မွေးမြူစောင့်ရှောက်လာခဲ့ရသော သမီးကလေးကို အဖိုးထိုက် အဖိုးတန် ရတနာတစ်ပါးလို သူ မက်မော တန်ဘိုး ထားလွန်းရသည်။ သမီးနဲ့ထိုက်တန်သူ ဘယ်သူမှ မရှိဟု သူ ထင်သည်။ သမီး ဘယ်လောက်ပဲ ခံစားရ ခံစားရ သမီးကို သူ မဆုံးရှုံးဖို့က အရေးကြီးသည်။ သူ့ရင်ခွင်ထဲကနေ သမီးကို ဘယ်ကောင့်သားမှ ဆွဲထုတ်သွားလို့မရ။ သူ ဘယ်တော့မှ ခွင့်မပြုနိုင်။ အဲဒါ သူ့ရဲ့အတ္တပဲ ဖြစ်သည် . . .။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း ... (၅)

ဘုမ္မကီနာမည်က ခရမ်းရောင် သစ္စာတဲ့။ ခပ်ဆန်းဆန်းပင်။ ယဉ်ကျေးသည် ပထမဆုံးနေ့အလုပ်ရှင်နှင့် စတွေ့ရမည်မို့ စိတ်တော့ အနည်းငယ် လှုပ်ရှားနေခဲ့သည်။ ဖေဖေက လိုက်မပို့ချေ။ ဦးရွှန်းဝေနှင့် အားလုံး ပြောထားပြီးသား။ သမီးကိုယ့်ဘာသာကိုယ် သွားတွေ့ရမည်ဟု ဆိုသောကြောင့် ယဉ်ကျေးသည် ကိုယ့်ကားကလေး ကိုယ်မောင်းကာ ဖေဖေ ပေးလိုက်သော လိပ်စာကတ်ကလေးအတိုင်း ခရမ်းရောင် သစ္စာ ဟူသော Contruction and Interior Decoration Company ရှိရာဆီသို့ ရောက်လာခဲ့သည်။ ရုံးအဆောက်အဦ



www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုက စိတ်ဝင်စားစရာကလေးဖြစ်သည်။ မြဝန်းကျယ်ကျယ်နှင့် ကားပါ့ခ်ကင်နေရာ သီးသန့်ရှိပြီး အိမ်ကလေးက နှစ်ထပ်အိမ်ပုံစံ ခေတ်မီမီကလေး ဖြစ်သည်။ ဆန်းသစ်လှပသော အိမ်ပုံစံကလေးကို မြင်လိုက်ရရုံဖြင့် ထိုကုမ္ပဏီ၏ ဆွဲဆောင်နိုင်စွမ်းရှိမှုကို ခန့်မှန်းလို့ရသည်။ Interior Decoration ကို အလွန် ဝါသနာပါခဲ့သည်မို့ ဖေဖေ့ကို ဆန္ဒပြ ငြင်းဆန်ဖို့ပင် စိတ်မကူးခဲ့။ အသည်းကွဲတာက သက်သက်၊ အလုပ်က သက်သက်ပဲဟု သဘောထားကာ အသည်းကွဲတာကို အလုပ်နဲ့ ကုစားကြည့်မယ်ဟုဆုံးဖြတ်ပြီး ပထမဆုံးနေ့ကို ခါတိုင်းလို တက်တက်ကြွကြွပင် ရင်ဆိုင် ဖြတ်သန်းကြည့်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်သည်။

ကားပါ့ခ်ကင်နေရာမှာ ကားကို ထိုးခဲ့ပြီးယဉ်ကျေးက အဆောက်အအုံကလေးထဲသို့ဝင်လာခဲ့သည်။ အဝင်ဝမှာ စောင့်နေသော အစောင့်ကို ...

"ကျွန်မ ... ဦးရွှန်းဝေနဲ့ တွေ့ချင်လို့ပါ"

ဟု ဆိုလိုက်လျှင် အစောင့်က ...

"ဒီတည့်တည့်ကနေ လျှောက်သွားလိုက်အစ်မလေး





အခန်းဝမှာ ဆိုင်းဘုတ် တပ်ထားတယ်၊ တည့်တည့်ပဲ လျှောက်သွား ... ဘယ်မှ မချိုးနဲ့"

ဟု ညွှန်လိုက်တာမို့ အဲဒီအတိုင်း တည့်တည့်ပင် လျှောက်လာခဲ့၏။ တကယ်တမ်း လမ်းဆုံးသော့အခါ ဦးရွှန်းဝေအောက်က ခရမ်းရောင်သစ္စာဟူသော ဆိုင်းဘုတ်ကလေး တပ်ထားသော အခန်းကို တွေ့ရ၏။ အခန်းတံခါးကို ခပ်ဖွဖွ ခေါက်လိုက်ပြီး အသာ နားစွင့်နေမိစဉ် ...

"ဝင်လာခဲ့ပါ ..."

ဟူသော အောင်မြင်ခံ့ညားသော၊ ဩဇာအရှိန်အဝါဖြင့် ပြည့်စုံသော အသံတစ်ခု ထွက်လာခဲ့၏။ ထိုအသံ၏ အရှိန်အဝါကြောင့် ယဉ်ကျေးသည် ကိုယ်ကလေးပင် ကျုံ့ဝင်သွားသလို ခံစားရကာ ပခုံးကလေးပင် အလိုလို ကျုံ့ထားမိလိုက်သည်။ ဖေဖေရဲ့ သူငယ်ချင်းဆိုပေမယ့် ယဉ်ကျေးအတွက်တော့ သူဟာ အလုပ်ရှင်ဘော့(စ်)ပဲ။ ယဉ်ကျေးအတွက် ပထမဆုံး လုပ်ရမည့် အလုပ်လည်း ဖြစ်သည့်အပြင် Secretary ဆိုသော ရာထူးကိုလည်း ယဉ်ကျေး စိတ်ဝင်စား၏။ အခန်းတံခါးကို တွန်းဖွင့်ပြီး အခန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်လျှင် ရောမကျွန်းစားပွဲကြီးရှေ့မှာ နောက်မှီ မြင့်မြင့် Leather ဆုံလည်ကုလားထိုင် သပြေသီးမှည့်ရောင်ပုံတွင် သက်တောင့်သက်သာ ထိုင်လျက် ယဉ်ကျေးဆီသို့ လှမ်း၍ စိုက်ကြည့်နေသော ဖေဖေ့အရွယ် လူတစ်ယောက်ကို မြင်လိုက်ရသည်။ ရုပ်ရည်ကို မြင်လိုက်ရရုံနှင့် ဘယ်လောက် စည်းစနစ်ကြီးပြီး တိကျပြတ်သားမည့် လူတစ်ယောက်လဲဆိုတာ အလိုလိုပေါ်လွင်ထင်ရှားနေ၏။ မျက်ခုံး မျက်လုံးတို့က နက်မှောင်ပိရိသေသပ်ကာ နှုတ်ခမ်းနှင့် မေးရိုးတို့က အရာရာမှာ အလွန်တိကျပြတ်သားမည့် ပုံသဏ္ဌာန်မျိုး ဖြစ်သည်။ လုံးဝ အပြုံးအရယ်မရှိဘဲ ခပ်တည်တည်ပင် ခေါင်းတစ်ချက် ဆတ်ပြလျက် . . .

"ဩော် . . . ဝီရရဲ့ သမီးပဲ၊ လာ . . . ထိုင်၊ ဝီရနဲ့တော့ အားလုံး ပြောထားပြီးပြီ၊ မင်းလုပ်ရမှာ ကိုယ့်ရဲ့ Secretary ပဲ၊ ဘယ်လိုလဲ . . . မင်းလုပ်နိုင်ပါ့မလား၊ မင်း Secretary သင်တန်းတွေ ဘာတွေရော တက်ထားဖူးလား"

"ဟင့်အင်း . . . မတက်ဖူးပါဘူး အန်ကယ်၊ ဒါ . . .





ကျွန်မရဲ့ ပထမဆုံး အတွေ့အကြုံပါ"

"အင်း . . . ကိုယ့်ဆီမှာ အလုပ်လုပ်ရင်း မင်း သင်တန်းတော့ တက်ရလိမ့်မယ်၊ အင်္ဂလိပ်ကော တော်တော်ကလေး ကျွမ်းကျွမ်းကျင်ကျင် ရှိရဲ့လား၊ အထူးသဖြင့် Speaking နဲ့ Writing ပေါ့"

"ကျွန်မ အင်္ဂလိပ်နဲ့ ကျောင်းပြီးထားတာပါ . . . အတော်အသင့်တော့ ကျွမ်းကျင်ပါတယ်"

"Computer ရော ရရဲ့လား"

"Computer ကတော့ ကျွမ်းပြီးသားပါ"

"မင်း စိတ်ရော ရှည်ရဲ့လား"

"ရှည်သင့်သလောက်တော့ ရှည်ပါတယ်ရှင့်"

"ကောင်းပြီ . . . တစ်ခါတစ်ခါ ကိုယ်က စိတ်မရှည်ရင် မရှည်သလို ဆူတတ်တယ်၊ အပြစ်ပေးတတ်တယ်၊ အဲဒါကိုရော မင်းခံနိုင်ရည် ရှိပါ့မလား"

"ရှိပါတယ် . . . ကျွန်မ ကြိုးစားမှာပါ"

"မင်း ဒီအလုပ်ကိုရော တကယ် စိတ်ဝင်စားရဲ့လား၊ မင်း ဖေဖေက ဖွတ်လုပ်ခိုင်းလို့ လုပ်ရတာမျိုးလား၊



www.burmeseclassic.com

www.burmeseclassic.com



အပျော် လာလုပ်တဲ့သဘောမျိုးလား"

"ကျွန်မ . . . Interior Decoration လုပ်ငန်းကို တကယ်ပဲ စိတ်ဝင်စားတာပါ၊ အဲဒီပညာနဲ့ ပတ်သက်ပြီး ကျွန်မ သင်ယူလေ့လာချင်တာတွေလည်း ရှိပါတယ်၊ ဒါကြောင့် ဖေဖေက အလုပ်လုပ်ဖို့ လွှတ်တာထက် ကျွန်မ ကိုယ်တိုင်က စိတ်ဝင်စားလို့လုပ်ချင်လို့ကို လာခဲ့တာပါ"

"အိုကေ . . . ကောင်းပြီ၊ မင်းကို Secretary တစ်ယောက်ရဲ့ လုပ်ငန်းတွေ အတိအကျကြီးတော့ မခိုင်းသေးပါဘူး၊ အလုပ်သင်သဘောမျိုး စမ်းခန့်ထားကြည့်မယ် . . . ဟုတ်ပြီလား၊ ညနေပိုင်းမှာ မင်း Secretary သင်တန်း နေ့တိုင်း ပုံမှန်တက်ရမယ် . . . ဟုတ်ပြီလား၊ မင်းရဲ့ အလုပ်ခန်းဟာ ကိုယ်နဲ့ မျက်နှာချင်းဆိုင် တည့်တည့်က အခန်းကျဉ်းကလေးပဲ၊ အဲဒီအခန်းထဲမှာ မင်း နေရမယ်၊ ကိုယ် မင်းကို အချိန်မရွေး Intercon နဲ့ လှမ်းခေါ်မယ်၊ မင်းရဲ့အလုပ်က အခုလောလောဆယ် ဖုန်းဖြေဖို့ရယ်၊ ကိုယ့်အတွက် appointment တွေ





လုပ်ပေးဖို့ရယ်၊ ပြီးတော့ ကိုယ်ရိုက်ခိုင်းတဲ့ စာတွေကို ကွန်ပျူတာနဲ့ စာစီပြီး ရိုက်ပေးဖို့ရယ်၊ ပြီးတော့ . . . ကိုယ်ခိုင်းသမျှ တောက်တိုမယ်ရကလေးတွေ လုပ်ပေးဖို့ပဲ၊ ဒီလောက်ပါပဲ၊ နောက်တော့မှ မင်းကို တကယ့်အလုပ်သဘောနဲ့ ပတ်သက်တာတွေ ခိုင်းမယ်၊ ကဲ . . . မင်းရဲ့အခန်းကို မင်း သွားလို့ရပြီ . . ."

ယဉ်ကျေးက အခန်းထဲမှ ထွက်ဖို့ ခြေလှမ်းပြင်လိုက်စဉ် . . .

"ခြော် . . . နေဦး၊ ကိုယ့်အတွက် ကော်ဖီတစ်ခွက် ဖျော်ခဲ့ပေးပါ၊ Kitchen က ဘယ်ဘက်နားမှာ မင်း လျှောက်သွားလိုက်၊ ကိုယ့်ရဲ့ ကော်ဖီဖျော်စက်ထဲမှာ ကော်ဖီတွေရှိထားပြီးသား၊ နောက်ဆို မင်းကိုယ်တိုင် ကော်ဖီဖျော်ပေးရမယ် . . ."

"ဟုတ်ကဲ့ . . ."

ယဉ်ကျေးသည် အခန်းကလေးထဲမှ ထွက်လာ တာ ကိုယ့်ကိုယ်ကို ဘာမှန်းမသိ အူကြောင်ကြောင် ခံစားရမိ၏။ Secretary အလုပ်ကလည်း စပြီး လုပ်မဲ့ လုပ်ရတော့



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီ ဖျော်ပေးရခြင်းတဲ့။ ဟာ . . . ဟ ရယ်ဖို့ပင်ကောင်းသေးတော့သည်။ ယဉ်ကျေးသည် မီးဖိုအခန်းကို သိပ် ခက်ခက်ခဲခဲ မရှာရပါဘဲ တန်းတန်းမတ်မတ်ပင် ဝင်လာခဲ့၏။

မီးဖိုခန်းကလည်း Interior Decoration အသေအချာ လုပ်ထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် Sample ပြထားသော Kitchen အပြင်အဆင်ပဲလား မဆိုနိုင်။ အခန်းထဲမှာ နံရံကပ်ဗီရိုတွေကို ကျောက်စိမ်းရောင်ဖျော့ဖျော့ကလေးဖြင့် အလှဆင်ထားသည်။ ပြီးတော့ နံရံတစ်ဖက်မှာ လျှပ်စစ်မီးခွေ လေးခွေပါသော လျှပ်စစ်မီးဖို အကြီးကြီး။ အဲဒီမီးဖိုမျိုးကို ဆန်းသစ်ရဲ့အိမ်မှာ မြင်ခဲ့ဖူးသည်မို့ ဖျတ်ခနဲပင် ဆန်းသစ်ရဲ့ မီးဖိုချောင်ကလေးကို ပြန်သတိရ တမ်းတမိသွား၏။ အဲဒီ မီးဖိုချောင်ထဲမှာ ယဉ်ကျေးတို့ Breakfast ပြင်ဆင်လုပ်စားခဲ့ဖူးတယ်လေ။ ထိုအလွမ်းဖြင့် ရင်ထဲမှာ နာကျင်သွား၏။ ယဉ်ကျေးသည် ခေါင်းကို တစ်ချက် ခါရမ်းထုတ်ပစ်လိုက်ကာ စားပွဲပေါ်မှာ တင်ထားသော Coffee Maker စက်ကလေးထဲမှ ကော်ဖီတွေကို ခွက်တစ်ခုထဲသို့ ငှဲ့ထည့်လိုက်သည်။ အင်း . . . သကြားက ဘယ်နှစ်တုံး ထည့်ရမှာပါလိမ့်





မမေးခဲ့မိဘူး။ တစ်တုံးလား၊ နှစ်တုံးလား ဒါမှမဟုတ် လုံးဝမထည့်ဘူးလား မသိ။ အို . . . တစ်တုံးလောက်တော့ ထည့်လိုက်ပါမည်လေဟု ဆိုကာ ကြွေခွက် ဖြူဖြူကလေးထဲမှ သကြားတုံးကလေးတစ်တုံး Coffee ခွက်ထဲသို့ ထည့်လိုက်၏။ တစ်ဖက်မှာ နံရံကပ် ဗီရိုပုံစံ လုပ်ထားသော တံခါးကို ဖွင့်လိုက်တော့မှ အထဲမှာ ရေခဲသေတ္တာနှင့် Freezer တစ်စပ်တည်းတွဲထည့်ထားသော ဗီရိုတံခါးကို ဖွင့်ကြည့်လိုက်မိသည်။ ရေခဲသေတ္တာထဲမှာ ကြက်ဥ . . . နွားနို့၊ ပြီးတော့ သစ်သီးတွေ အစုံအလင်။ ယဉ်ကျေးက နွားနို့ပုလင်း ထုတ်ယူပြီး Coffee ခွက်ထဲ အနည်းငယ်လောင်းထည့်ကာ Coffee ဖျော်လိုက်သည်။ မြည်းကြည့်ရင် ကောင်းမလား မသိ။ မမြည်းတော့ပါဘူးလေဟု တွေးပြီး Coffee ခွက်ကလေး မကာ ဦးရွှန်းဝေ အခန်းထဲသို့ ပြန်လာခဲ့၏။

"ကျေးဇူး . . ."

ဟု တစ်ခွန်းသာပြောပြီး ဦးရွှန်းဝေက သူ အလုပ်လုပ်နေရာမှ ယဉ်ကျေးကို မော်၍ပင် မကြည့်။ ယဉ်ကျေးက သူ ဘာများ ခိုင်းဦးမလဲဟု လက်ကလေးနောက်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ကာ အသာလေး ခြေစုံရပ်ကြည့်နေမိသည်။ သူက ဘာမှ မပြောဘဲ သွားတော့ဟူသော ပုံစံမျိုးဖြင့် လက်ကို ခါရမ်းပြမှသာ ယဉ်ကျေးသည် သူ့အခန်းထဲမှ ထွက်လာခဲ့ပြီး ကိုယ့်အခန်းကလေးထဲသို့ ဝင်လာခဲ့မိသည်။

အခန်းကလေးက တကယ့်ကို ကျဉ်းကျဉ်းကလေးရယ်။ ဒါပေမယ့် ပြင်ဆင်ထားပုံက ကျဉ်းကျဉ်းကလေးနှင့် အလွန် ချစ်စရာကောင်းသည်။ တစ်ပေါက်တည်းသော ပြတင်းပေါက်ကလေးမှာ ဝါဖျော့ဖျော့ ဇာခန်းဆီးကလေး တပ်ထားလျက် စားပွဲပေါ်မှာ Computer နှင့် တယ်လီဖုန်း တစ်လုံးသာ ရှိသည်။ ပြီးတော့ နှင်းဆီတွေထိုးစိုက်ထားသော ပန်းအိုးလှလှ တစ်လုံး။ အခန်းကို ခရမ်းရောင်ဖျော့ဖျော့ကလေးသုတ်ထားသည်။ ယဉ်ကျေးက ဘာလုပ်ရမှန်း မသိတာမို့ အခန်းကလေး ပတ်ပတ်လည်ကို ဟိုဟိုဒီဒီ လျှောက်ကြည့်နေစဉ် ရုတ်တရက် Intercom ဆီမှ ဦးရွှန်းဝေ၏ အသံကြီးထွက်ပေါ်လာသဖြင့် လန့်သွားကာ ယောင်၍ပင် ထခုန်လိုက်မိသည်။

"ဝီရယဉ်ကျေး ကိုယ့်အခန်းထဲ ခဏလာခဲ့ပါ"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"





ယဉ်ကျေးသည် သူ့အခန်းဆီသို့ ခပ်သွက်သွက် ဝင်သွားရ၏။ သူက အလုပ်စားပွဲဆီမှ ဦးခေါင်းကို မမော့ဘဲ . . .

"မနေ့က ကိုယ့်အခန်းကို လာရှင်းတဲ့ ဝန်ထမ်းတစ်ယောက်ကွာ၊ ကိုယ် အကြမ်းဆွဲထားတဲ့ Interior Decoration ဒီဇိုင်းစာအုပ်ကလေးကို လွှင့်ပစ်လိုက်ပြီလား မသိဘူး။ အဲဒါ ကိုယ့်ကို ခြံအနောက်ဘက်က အမှိုက်တွေ ပစ်ထားတဲ့ Bin ထဲမှာ တစ်ချက် သွားရှာပေးစမ်းပါ။ စာအုပ်က ဒီလိုစာအုပ်မျိုး၊ လျှောက်လွှာစက္ကူဆိုဒ်ပဲ၊ အဖုံးက အညိုရောင်"

"ဟုတ်ကဲ့ . . ."

ယဉ်ကျေးသည် အောင့်သက်သက်နှင့် အခန်းထဲမှ ထွက်လာခဲ့ကာ ရုံး၏ အနောက်ဘက်သို့ နောက်ပေါက်တံခါးမှ ဖွင့်ထွက်လာခဲ့ရသည်။ ဘယ်လိုလူကြီးပါလိမ့်၊ သူ့ Secretary လုပ်ရတာ မနိမ့်လိုက်တာ။ ပထမဆုံးနေ့မှာတင် ရက်ရက်စက်စက် လူကို အမှိုက်ပုံကဲ စာအုပ်ရှာခိုင်းရတယ် သို့၊ ယဉ်ကျေးသည် ငိုချင်စိတ်ဖင်ပေါက်ကာ ခြံထောင့်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသော လေးထောင့် သံအမှိုက်ပုံးကြီး ရှိရာဆီသို့ တရွေ့ရွေ့ လျှောက်လှမ်းသွားမိသည်။ ငါ့နှယ် အသည်းကွဲတာတောင် ကောင်းကောင်း မကွဲရတဲ့ ဘဝပါလား၊ စိတ်ပျက်ဖို့ကောင်း လိုက်တာဟု နာနာကျင်ကျင်တွေးရင်း အမှိုက်ပုံးကြီးထဲမှာ ဦးရွှန်းဝေ ပြောသော စာအုပ်ကို ခက်ခက်ခဲခဲပင် ရှာဖွေရ၏။ တော်ပါသေးရဲ့၊ ကံကောင်းထောက်မစွာ နောက်ဆုံးတော့ သူပြောလိုက်သည့် ကတ်ထူဖုံးအညိုနှင့် စာအုပ်ရှည်တစ်အုပ်ကို တွေ့ရ၏။ အထဲကို လှန်လှောကြည့်တော့ ဧည့်ခန်း၊ ထမင်းစား ခန်း၊ ရေချိုးခန်း၊ အိပ်ခန်း စသဖြင့် Inerior Decoration နှင့် ပတ်သက်သော ဒီဇိုင်းတွေ ဆွဲထားသည်ကို တွေ့ရ၏။ အင်း ... ဒါပဲ ဖြစ်မှာပါ။ လူတစ်ကိုယ်လုံးလည်း ဘာတွေ နံကုန်ပြီ မသိ။ ယဉ်ကျေးသည် နှာခေါင်းကလေး ရှုံ့မဲ့ရှုံ့မဲ့ ဖြင့် ဦးရွှန်းဝေ၏ အခန်းဆီသို့ ပြန်လာရသည်။ လက်ကလေး နှစ်ဖက်ဖြင့် စာအုပ်ကလေးကို စားပွဲပေါ်မှာ လှမ်းတင်ပေး လိုက်တော့ သူက ရွံရှာသလို နှာခေါင်းကိုရှုံ့ကာ ...

"ဒီစာအုပ်ကို မွှေးပြီး သန့်ပြန့်သွားအောင် မင်း သွား လုပ်ပေးလိုက်ဦးလေ ... ပြီးမှ ကိုယ့်ဆီ လာပြန်ပေး"





"ဟုတ်ကဲ့ ..."

ယဉ်ကျေးသည် ကိုယ့်အခန်းသို့ ကိုယ်ပြန်လာ ရသည်။ စာအုပ်ကို Tissue ဖြင့် ပြန်၍သုတ်ရသည်။ ပြီးတော့ အနံ့မွှေးသွားအောင် ယဉ်ကျေး၏ စလင်းဘက်ထဲမှာ ဆောင် ထားသော Estee Lauder ၏ Pleasure ရေမွှေးပုလင်း သေး သေးကလေးဖြင့် စာအုပ်ကိုရော အထဲက စာရွက်တွေကိုပါ တရှဲရှဲ ဖျန်းပစ်လိုက်သည်။ သန့်ပြန့်မွှေးအေးသွားပြီဆိုတော့မှ ယဉ်ကျေးက သူ့အခန်းထဲသို့ နောက်တစ်ခေါက် ပြန်ဝင်ကာ စာအုပ်ကလေး ပေးလိုက်၏။ အဲဒီတော့မှ သူက ကျေနပ်သွား သလို ဖျတ်ခနဲပြုံးကာ ...

"မဆိုးဘူး ... မင်း တော်သားပဲ၊ ကဲ ... မင်း ကိုယ့်ရှေ့မှာ ထိုင်ပြီး စာရွက်နဲ့ ဘောပင် ယူထား၊ ကိုယ် ပါးစပ်က ရွတ်ပြတာကို မင်း ခပ်သွက်သွက် လိုက်ရေး၊ ပြီးရင် အဲဒီစာကို Computer နဲ့စာရိုက်ပေး ... ဟုတ်ပြီလား"

"ဟုတ်ကဲ့ ..."

ခဏနေတော့ သူက ပါးစပ်မှနေ၍ ရွတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



သမျှကို ယဉ်ကျေးက ခပ်သွက်သွက် လိုက်မှတ်ရေးရသည်။ ပြီးလျှင် သူက သွားတော့ဟူသော ပုံစံမျိုးလက်ယပ်ပြလျှင် ယဉ်ကျေးသည် ကိုယ့်အခန်းသို့ ပြန်လာရပြီး ခုနက ရေးခဲ့သမျှ စာတွေကို ကွန်ပျူတာဖြင့် ခပ်သွက်သွက်စာစီ ရိုက်ပေးရသည်။ ပြီးလျှင် . . . သူ့ကို တစ်ခါ သွားပြန်ပို့ပေးရသည်။ ကိုယ့် အခန်းထဲမှာ ကိုယ် နေ၍ ဘာမှမကြာသေး Intercom မှနေ၍ သူ့ရဲ့ ခေါ်သံကို ကြားရသဖြင့် သူ့အခန်းဆီသို့ ခပ်သွက်သွက် သွားရပြန်၏ . . . ။ ယဉ်ကျေးကိုမြင်လျှင် သူက ခပ်တည်တည်ဖြင့် . . .

"မင်းရိုက်ခဲ့တဲ့ စာရွက်ကို မင်း ပြန်ကြည့်စမ်း၊ စာလုံးပေါင်းတွေ မှားနေတာမှ အများကြီးပဲ၊ ကိုယ် အဲဒီမှာ မင်နီတွေနဲ့ ဝိုင်းထားတယ်၊ အဲဒီလောက် စာလုံးပေါင်းမှားတာ ကိုယ် လုံးဝမကြိုက်ဘူး၊ မင်း အဲဒီစာကို ကိုယ့်ရှေ့မှာ အစအဆုံး တစ်ခေါက် ပြန်ကူးရေးပြစမ်း၊ စာလုံးပေါင်း လုံးဝမမှားစေနဲ့ . . . အဲဒါ မင်းကို ကိုယ် ဒဏ်ပေးတာပဲ"

ယဉ်ကျေးသည် သူ့ရဲ့ ရှေ့စားပွဲခုံတွင် ဝင်ထိုင်





တ်ကာ ခုနက ကွန်ပျူတာဖြင့် စာစီရိုက်ခဲ့သော စာတွေကို တ်ရေးဖြင့် အစအဆုံး ပြန်ကူးရလေသည်။ သူ့ကို နည်းည်းလည်း ကြောက်သလို ရှိလာ၏။ ဒါကြောင့် ဖေဖေက ဆီမှာ အလုပ်လုပ်ဖို့ ယဉ်ကျေးကို လွှတ်တာဖြစ်မှာ။ သူကြည့်ာ တစ်ချက်ကလေးမှ အမှားမခံတတ်သော စေ့စပ်သေချာန်းသည့် လူတစ်ယောက်ဖြစ်ပုံရသည်။ ယဉ်ကျေးသည် စာကိုန်ကူးရင်း သူ့ကို မသိမသာ မျက်လုံးကလေး စွေပြီး ခိုးကြည့်သည်။ လူပုံကတော့ အပျံစားပဲ ဆရာ။ ဖေဖေ့အရွယ်ဆိုတော့ားဆယ်စွန်းစွန်းပဲ ရှိဦးမှာပေါ့။ အသားအရေက ဖြူစင်ဝင်းာ်ကာ မြင်တွေ့နေရသော လက်ချောင်းတွေက နုဖတ်သွယ်နေသည်။ အဲဒါ အနုပညာလက်မျိုးပေါ့။ ယဉ်ကျေးသည် ပွဲအောက်မှ သူ့ခြေထောက်တွေဆီသို့ တစ်ချက် ခိုး၍ ငုံ့ည့်မိသည်။ ကတ္တီပါအခင်း ဖိနပ်ကို စီးထားသော သူ့ရဲ့ခြောက်တွေက သန့်ရှင်းဖြူနုကာ ပန်းသွေးရောင်ပင် သမ်းနေ။ အားလုံးကို ခြုံငုံပြီးသုံးသပ်လိုက်လျှင် သူဟာ ခန့်ညားပြီး ာကျားချောချောသော လူချောတစ်ယောက်ပါပဲ။

သူကူးခိုင်းသော စာကို အစအဆုံး ကူးပြီးသွား



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ယဉ်ကျေးသည် စာရွက်ကို သူ့ဆီသို့ တရိုတသေ လှမ်းပေးလိုက်၏။ သူက စာကို ခပ်သွက်သွက် ဖတ်နေပြီး လက်တစ်ဖက်ကလည်း မင်နီချောင်းကို ကိုင်ထားကာ စာလုံး ပေါင်းမှားသော နေရာတွေကို မင်နီဖြင့် ခြစ်ခနဲ ခြစ်ခနဲ ဝိုင်းခြစ်သွားလေသည်။ သူ့မျက်နှာကို ကြည့်ရသည်မှာ အလွန် စည်းကမ်းကြီးသည့် ကျောင်းဆရာတစ်ယောက်နှင့်ပင် တူနေ သေး၏။ သူ့ပုံစံကိုကြည့်ပြီး ယဉ်ကျေးပင် ကိုယ့်ကိုယ်ကို အမှား လုပ်မိမှာ ကြောက်သလိုလို အလိုလိုနေရင်း ခံစားရလာ၏။

"မင်းရဲ့ အမှားတွေ မစင်သေးဘူး၊ နောက်တစ်ကြိမ် ပြန်ကူးစမ်း၊ အဲဒီလို မစေ့စပ်မသေချာတာမျိုးကို ကိုယ် လုံးဝမကြိုက်ဘူး၊ ကဲ . . . ကိုယ့်ရှေ့မှာပဲ ဒီစာကို အစအဆုံး နောက်တစ်ကြိမ် ပြန်ကူး"

သူက မျက်မှောင်တွန့်ပြီး ယဉ်ကျေးဆီသို့ စာ ရွက်ကို လှမ်းပေး၏။ ယဉ်ကျေးသည် အခုမှပင် ကိုယ့်ကိုယ်ကို ကျောင်းသူလေးတစ်ယောက်လို အားငယ်သွားကာ အလိုလိုနေ ရင်း သူ့ရဲ့ တပည့်ကလေးတစ်ယောက်လို ကုပ်ချောင်းချောင်း ကလေး ဖြစ်သွား၏။ ငါ့နှယ် ဘာကြောင့်များ ဒီနေ့မှ စာလုံး





ပေါင်းတွေ စွတ်မှားနေရတာပါလိမ့်။ ယဉ်ကျေးသည် နောက် ထပ် စာရွက်တစ်ရွက် အသစ်ဖြင့် ထိုစာကို အစအဆုံး ကူးရပြန်သည်။ စာကူးနေရင်းလည်း စိတ်က ဂဏှာမငြိမ်။ သူ့ဆီသို့ မကြာခဏပင် ခိုးခိုး၍အကဲခတ်ကြည့်မိသည်။ သူကတော့ ယဉ်ကျေးကို ရှိတယ်လို့ပင် ထင်ပုံမရ။ သူလုပ်စရာ ရှိတာတွေကို ခပ်သွက်သွက်ကြီး လုပ်နေတော့ကာ ဖုန်းလာ လျှင် ဖုန်းဖြေလိုက် ဖုန်းပြောလိုက်နှင့် သူ့အလုပ်ထဲမှာ စျာန် ဝင် နစ်မြောနေ၏။ ယဉ်ကျေးသည် စာတစ်စောင် ပြီးသွား လိုက် သူ့ကိုလှမ်းပြလိုက် သူက စာလုံးပေါင်းအမှားထောက် လိုက်နှင့် နောက်ဆုံး စာလုံးပေါင်းကလေးတစ်လုံး မှားသည် အထိ လုံးဝလက်မခံဘဲ အစအဆုံးထိ ပြန်ကူးရသည်မှာ စုစုပေါင်း ကိုးစောင်တိတိ ဖြစ်သွား၏။ အဲဒီ စာတစ်စောင် တည်းနှင့်ပင် နေ့လည် ထမင်းစားချိန်သို့ ရောက်လာခဲ့သည်။ ယဉ်ကျေးမှာ တော်တော်ကလေး အပိုးကျိုး သေဝပ်စ ပြုနေ ပြီ။ ဤမျှ စည်းစနစ်ကြီးပြီး အမှားအယွင်းဟူ၍ တစ်စိုး တစ်စိကလေးမျှ လက်မခံတတ်သော လူတစ်ယောက်စီမှာ သူ့ရဲ့ Secretary အဖြစ် အလုပ်လုပ်ရသည်မှာ ယဉ်ကျေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် စိန်ခေါ်မှုတစ်ခု ဖြစ်လာခဲ့၏။

"ကဲ ... နေ့လည် ထမင်းစားချိန်ရောက်ပြီ၊ ကိုယ့်အတွက် မင်း Kitchen ထဲမှာသွားပြီး Sandwich နှစ်ခုနဲ့ ကော်ဖီတစ်ခွက် လုပ်လာပေးပါ၊ ပြီးတော့ ကိုယ် သစ်သီးဖျော်ရည် တစ်ခွက်လည်း သောက်ချင်တယ်၊ Kitchen ထဲမှာ အားလုံး သူ့နေရာနဲ့သူ အစီစဉ်တကျ အဆင်သင့် ရှိပြီးသား၊ မင်းဘာသာမင်း ရှာဖွေပြီး လုပ်လာခဲ့ရုံပဲ၊ မင်း Sandwich တော့ လုပ်တတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ... လုပ်တတ်ပါတယ်"

ယဉ်ကျေးသည် Sandwich ဆိုသော အသံကြောင့် ဆန်းသစ်ကို ဖျတ်ခနဲ ပြေး၍ သတိရ လွမ်းဆွတ်သွားမိ၏။ ဆန်းသစ်အတွက် Tuna Sandwich တွေ သွားပို့ခဲ့ဖူးသော နေ့ကလေးကို မှတ်မှတ်ရရပင် ပြန်မြင်ယောင်လာမိသည်၊ လွမ်းလိုက်တာ ဆန်းသစ်ရယ်၊ ဘာပဲဖြစ်ဖြစ် ဒီနေ့ကစပြီး ကျွန်မ နေတတ်အောင်တော့ ကြိုးစားပြီး နေကြည့်ပါမယ်၊ ဆန်းသစ်ရော နေနိုင်ရဲ့လားဟင်၊ အခုလောက်ဆို ကျွန်မကို သတိရမနေဘူးလား။





ယဉ်ကျေးသည် ကိုယ့်အတွေးကလေးနှင့်ကိုယ် Kitchen ထဲသို့ ဝင်လာခဲ့ကာ သူပြောသလို နံရံကပ် ဗီရိုတွေကို တစ်ခုချင်းဖွင့်ပြီး ရှာဖွေရသည်။ သူပြောတဲ့အတိုင်းပါပဲ နံရံကပ် ဗီရိုတွေထဲမှာ စားစရာ အခြောက်အခြမ်း Tin ဘူးတွေ၊ ခေါက်ဆွဲခြောက်ဘူးတွေ သူ့နေရာနှင့်သူ စီစီရီရီ အဆင်သင့်ရှိ၏။ ယဉ်ကျေးက ရေခဲသေတ္တာဖွင့်လိုက်ကာ အထဲမှာ တွေ့ရသော Bacon အပြားကလေးတွေကို ထုတ်ယူလိုက်သည်။ ပြီးတော့ ပေါင်မုန့်နှင့် ချိစ် အပြားအထုပ်ကလေးတွေ၊ ထောပတ်ဘူး ... စတာတွေကို တစ်ခုချင်း ထုတ်ယူပြီး စားပွဲပေါ်မှာ Bacon Sandwich နှစ်ချပ် ခပ်သွက်သွက် စီစဉ်လိုက်သည်။ ယဉ်ကျေး Sandwich လုပ်နေတုန်း Kitchen ထဲသို့ မိန်းကလေးတစ်ယောက် ဝင်လာကာ ယဉ်ကျေးကို မိတ်ဆက်သလို အပြုံးကလေး ပြုံးပြမိတ်ဆက်ရင်း ...

"ဪ ... ညီမက ဝန်ထမ်းအသစ်ထင်တယ်၊ ဒီနေ့မှ စတွေ့ဖူးတယ်၊ ကျွန်မနာမည် နွယ်နီပါ၊ အင်ဂျင်နီယာပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဝိရယဉ်ကျေးပါ၊ ဒီနေ့မှ အန်ကယ်ဦးရွှန်းဝေရဲ့ Secretary အသစ်ပါ"

ယဉ်ကျေး၏ စကားကြောင့် မန္တယ်နီက အဓိပ္ပါယ်တစ်မျိုး သက်ဝင်သော အပြုံးကလေး ပြုံးလိုက်ရင်း . . .

"ဪ . . . အန်ကယ်လေးရဲ့ Secretary အသစ်ကို၊ ဘယ်လိုလဲ . . . အဆင်ပြေရဲ့လား အန်ကယ်လေးနဲ့ အလုပ်လုပ်ရတာ အရမ်းတော့ သတိထားရတယ်နော်၊ သူက တအား စည်းစနစ်ကြီးတာ၊ စေ့စပ်သေချာလွန်းတာလည်းမပြောနဲ့တော့၊ ဘာလုပ်လုပ် သန့်သန့်ရှင်းရှင်း သေသေသပ်သပ်မှ သူက စိတ်တိုင်းကျတာ၊ စိတ်တိုင်း မကျမချင်း အားမနာတမ်းကို ရက်ရက်စက်စက် ပြန်ခိုင်းတတ်တာ၊ သတိတော့ထားပေါ့ . . . အန်ကယ်လေးက စိတ်ကောင်းတော့ အရမ်းရှိတယ်၊ ဒါပေမယ့် စည်းကမ်းနဲ့ ပတ်သက်လာရင် လုံးဝအမှားမခံဘူး သူ့ဆီမှာ Secretary တွေ ခဏခဏ အပြောင်းအလဲ ဖြစ်နေကျ၊ သူက စိတ်တိုင်းမကျတိုင်း ထုတ်ထုတ်ပစ် တတ်တာ၊ အခု . . . ဒါ အန်ကယ်လေးအတွက်





Sandwich လုပ်နေတာလား"

"ဟုတ်ကဲ့ . . ."

"ပြီးရင် ပစ္စည်းတွေကို သူ့နေရာနဲ့သူ စနစ်တကျ ပြန်ထားလိုက်နော် ယဉ်ကျေး၊ ယဉ်ကျေးလို့ပဲ ခေါ်တော့မယ်နော်၊ ဆရာလုပ်တယ်လို့ မထင်ပါနဲ့၊ မန္တယ်နီက စေတနာနဲ့ သတိပေးတာပါ၊ အန်ကယ်လေးက သူ့ Kitchen ကို ပြီးရင် မသိမသာ ပြန်လာစစ်တတ်တယ်၊ သူ့ Kitchen ကို သုံးပြီးရင် သူ့ပစ္စည်းတွေ သူ့နေရာနှင့်သူ စနစ်တကျ နေရာမှန်မှာ ရှိမရှိ လာစစ်တတ်လွန်းလို့ သူ့ Kitchen ကို မသုံးရဲကြဘူး၊ မန္တယ်နီက ရေလာသောက်တာ ဟီး. . . ဟီး၊ ဒါနဲ့ Lunch ကိုဘယ်မှာစားမှာလဲဟင်၊ Canteen မှာ စားမယ်ဆိုရင် မန္တယ်နီနဲ့ လိုက်ခဲ့လေ၊ မန္တယ်နီလည်း အခုပဲ Canteen သွားမလို့"

"ဟုတ်ကဲ့ . . . ကောင်းသားပဲ မန္တယ်နီ၊ အန်ကယ့်ကို Sandwich နဲ့ ကော်ဖီ သွားပို့ပေးလိုက်ဦးမယ်၊ ဪ. . . သူက ဖျော်ရည်တစ်ခုခုလည်း လုပ်ခိုင်းထားတာဆိုတော့ ဒီထဲမှာ စတော်ဘယ်ရီတွေ တွေ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



စတော်ဘယ်ရီဖျော်ရည်ပဲ လုပ်သွားလိုက်တော့မယ်၊ ခဏလေးစောင့်နော်”

“လုပ် . . . လုပ် အေးအေးဆေးဆေးသာလုပ် မန္တယ်နီ ပါ ကူလုပ်ပေးမယ်၊ ဒါပေမယ့် ကြောက်တော့ကြောက် သား၊ သူ့စားပွဲပေါ်မှာ သကြားတစ်စေ့ နို့တစ်စက် တောင် အတင်ခံတာ မဟုတ်ဘူး၊ အမြဲတမ်း စားပွဲတွေ ဗီရိုတွေကို ဖုံတစ်စက်မှ မရှိအောင် သူကိုယ်တိုင် အဝတ်ကလေးတစ်ခုနဲ့ အမြဲတမ်း ပွတ်သုတ်နေတတ် တာ ယဉ်ကျေးရဲ့”

“အမလေး . . . မန္တယ်နီပြောတာ ကြားရတာနဲ့တင် ကျွန်မ အသက်အောင့် မရှူနိုင်တော့ဘူး၊ ဒီနေ့လည်း တစ်မနက်လုံး စာတစ်စောင်တည်းနဲ့တင် အချိန်ကုန် ရော၊ စာလုံးပေါင်းမှားလို့လေ ခစ် . . . ခစ်၊ တစ်ချိန်လုံး ပြန်ပြန်ရေးနေရတာ”

“ဟုတ်တယ် . . . အဲဒါ အန်ကယ်လေးရဲ့ သဘောတပဲ၊ အမှားတစ်စက်မှ မရှိတော့မှ ယဉ်ကျေးကို ကွန်ပျူတာ ပြန်ရိုက်ခိုင်းလိမ့်မယ်၊ အေး . . . အဲဒီကွန်ပျူတာမှာ





စာလုံးပေါင်း နောက်တစ်ခါ ထပ်မှားလို့ကတော့ အစအ ဆုံး ပြန်ရေးပေးဦးတော့ပဲ၊ အရင်က Secretary တွေ ဆိုလည်း အရမ်းကို ညည်းကြညူကြတာ၊ အန်ကယ် လေးက အမှားမခံလွန်းလို့လေ၊ ဒါပေမယ့် သူ့ဆီမှာ အလုပ်လုပ်ရတာ ပညာတော့ အများကြီး ရပါတယ်”

မန္တယ်နီက အနားကနေ စကားကလေး တ ပြောပြောနှင့် စတော်ဘယ်ရီတွေကို ရေစင်အောင်ဆေးပြီး Blender ထဲထည့်ကာ စတော်ဘယ်ရီဖျော်ရည် ဝိုင်းကူဖျော် ပေး၏။ အလုံးပြီးသွားလျှင် ယွန်းလင်ပန်းလေး တစ်ခုထဲမှာ Sandwich ပန်းကန်၊ ကော်ဖီပန်းကန်နှင့် စတော်ဘယ်ရီ ဖန်ခွက်တို့ကို စိစိရိရိ လှလှပပ ထည့်လိုက်ကာ လက်သုတ်ပုဝါ ကလေးပါ ထည့်ပြင်ပေးနည်းကို မန္တယ်နီက ဝိုင်းကူ၍ ပြပေး ၏။

“အန်ကယ်လေးနဲ့ အလုပ်လုပ်ရင် ဘာပဲလုပ်လုပ် လှလှ ပပ သေသေသပ်သပ်ကလေးသာလုပ် . . . အဲဒါမှ သူက သဘောကျတာ”

ဟု ဆိုလိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲ ... အခန်းထဲ သွားပို့ချည်တော့၊ မနွယ်နီ စောင့်နေမယ်"

ယဉ်ကျေးသည် ယွန်းဗန်းကလေး ကိုင်ပြီး ဦးရွှန်းဝေ၏ အခန်းထဲသို့ ဝင်လာခဲ့ကာ သူစားပွဲပေါ်သို့ ယွန်းဗန်းကလေး တင်ပေးလိုက်၏။ သူက တစ်ချက်သာ ငဲ့ကြည့်ပြီး ဘာမှမပြော။ ဒီဇိုင်းတစ်ခု ဆွဲမြဲဆွဲနေ၏။

"အန်ကယ်လေး ..."

အန်ကယ်လေးဟု ရုတ်တရက် ခေါ်လိုက်ပြီးမှ ယဉ်ကျေးသည် ကိုယ့်ပါးစပ်ကို ပြန်ပိတ်လိုက်မိ၏။ မနွယ်နီက သူ့ကို အန်ကယ်လေးဟု ခေါ်နေသောကြောင့် ယဉ်ကျေးပါ ရောယောင်ပြီး ခေါ်လိုက်မိခြင်း ဖြစ်သည်။ သူက ဘာမှ ထူးခြားပုံမရ။ ယဉ်ကျေးကို တစ်ချက် မော့ကြည့်ကာ မေးဆတ်ပြ၏။

"ကျွန်မ Canteen မှာ Lunch သွားစားမလို့ပါ"

"ကောင်းပြီ ... မင်း တစ်နာရီတော့ အချိန်ရမယ် ဒါပေမယ့် ဟောဒီ Bleep ကလေး ယူသွား၊ ကိုယ်မင်းကို အရေးပေါ် လိုအပ်လာရင် Bleep လှမ်းလုပ်လိုက်





မယ်၊ အဲဒါဆို မင်း ချက်ချင်းပြန်လာခဲ့ ... ဟုတ်ပြီလား"

"ဟုတ်ကဲ့ ..."

ယဉ်ကျေးသည် သူ့အခန်းထဲမှ ထွက်လာတော့မှပင် အသက်ကို ရဲရဲ ရှူရဲတော့သည်။ မနွယ်နီက အခန်းအပြင်ဘက်မှာ စောင့်နေခဲ့ပြီး ယဉ်ကျေးနှင့်အတူ Canteen သွားကြ၏။ Canteen ဆိုသော်လည်း ရုံးခြံဝင်းအတွင်းမှာပင် ဂိုဒေါင်ကို မှန်ခန်းများဖွဲ့ပြီး သပ်သပ်ရပ်ရပ် ပြန်ပြင်ကာ Decorate လုပ်ထားသော ကော်ဖီဆိုင်ကလေးသာ ဖြစ်၏။ ကော်ဖီနှင့် မုန့်မျိုးစုံ၊ ပြီးတော့ ... ထမင်းဟင်းတို့ ဘာတို့ ရပါသည်။ Canteen မှာ လူတော်တော်များများ ရှိနေသည်မို့ မနွယ်နီက လှတိုင်းလိုလိုနှင့် ယဉ်ကျေးကို မိတ်ဆက်ပေး၏။ ဝန်ထမ်းအားလုံး နွေးထွေးပျူငှာစွာပင် ယဉ်ကျေးကို ကြိုဆိုကြ၏။ ခဏနေတော့ ယဉ်ကျေးသည် သူတို့အားလုံးနှင့် တရင်းတနှီးပင် ဖြစ်သွားတော့၏။ ယဉ်ကျေးတို့အားလုံး စားပွဲအရှည်ကြီးမှာ ဝိုင်းထိုင်ကြကာ တစ်ယောက်တစ်မျိုး ဟင်းမျိုးစုံ မှာကြပြီး သူ့ဟင်းတို့ယ်နှိုက် ကိုယ့်ဟင်း သူနှိုက်ဖြင့် မျှဝေစားကြရင်း စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောကြ၏။

"ယဉ်ကျေးကလေ အန်ကယ်လေးရဲ့ Secretary သာ ဆိုတယ်၊ အခုထက်ထိ Interior Decoration နဲ့ ပတ်သက်ပြီး ဘာမှ မသိသေးဘူး၊ ဒီကုမ္ပဏီရဲ့ လုပ်ငန်းအကြောင်း နည်းနည်းလောက်ပြောပြထားပေးပါလားဟင်"

"အမလေး ... အဲဒါတော့ မပူနဲ့ ပြောပြပေးမယ်၊ ညနေတိုင်းလည်း အစည်းအဝေး ပုံမှန်ရှိတယ်၊ အဲဒီအစည်းအဝေးသာ မှန်မှန်တက်၊ ကိုယ်တို့ တစ်နေ့တစ်နေ့ ဘာတွေလုပ်ရသလဲ ... လုပ်ငန်းရဲ့ ရလဒ်ဘာတွေ ရှိသလဲဆိုတာ အန်ကယ်လေးဆီမှာ ညနေတိုင်း အစီရင်ခံနေကျ၊ အကြမ်းဖျဉ်း ပြောရရင်တော့ ဟာ ကိုယ်တို့ ကုမ္ပဏီက Construction နဲ့ Interior Decoration လုပ်တာဆိုတော့ အိမ်ဆောက်ပေးတယ်၊ ပြီးတော့ အိမ်အတွင်း ဒီဇိုင်းတွေကို မွမ်းမံပြင်ဆင်ပေးတယ်၊ အဲဒါက အကြမ်းဖျဉ်းပေါ့၊ အဲဒီအတွက် အိမ်ပုံစံ ဒီဇိုင်း၊ အိမ်အတွင်း ဒီဇိုင်းတွေကို ကွန်ပျူတာနဲ့ ဒီဇိုင်း





ထုတ်ပေးရတဲ့အဖွဲ့ ရှိတယ်၊ ကြော်ငြာအဖွဲ့ ရှိတယ်၊ ပြီးတော့ ... အင်ဂျင်နီယာအဖွဲ့ရှိတယ်၊ ကိုယ့်အဖွဲ့နဲ့ကိုယ် သက်ဆိုင်ရာ အလုပ်ကို လုပ်ရတာပေါ့၊ ပြီးတော့ Marketing အဖွဲ့လည်း ရှိသေးတယ်၊ ကိုယ်တို့ရုံးက အဲဒီအဖွဲ့တွေ အားလုံး တစ်ဖွဲ့နဲ့တစ်ဖွဲ့ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရှိကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်သူ့ကိုမှ မနာလိုတာ၊ တိုက်တာ ခိုက်တာ မရှိဘူး၊ အန်ကယ်လေးရဲ့ စည်းစနစ်တွေအောက်မှာ အားလုံး ညီအစ်ကို မောင်နှမတွေလိုပဲ နွေးနွေးထွေးထွေးနဲ့ တိုင်တိုင်ပင်ပင် အလုပ်လုပ်ကြတယ်၊ အားလုံးက အန်ကယ်လေးကို ကြောက်ကြရတယ်၊ အဲဒါ စည်းကမ်းသေဝပ်မှု အပိုင်းပေါ့၊ ယဉ်ကျေးလည်း နောက်ဆို ပျော်သွားမှာပါ၊ ဒါပေမယ့် ... တစ်ခုတော့ရှိတယ် ယဉ်ကျေးက အရေးကြီးဆုံးပဲ၊ ဘာဖြစ်လို့ လဲဆိုတော့ အန်ကယ်လေးနဲ့ အနီးဆုံးမှာ နေရတာလေ၊ အရင်က Secretary တွေဆို Lunch Time ဆိုရင် သူတို့ရဲ့ ညည်းညူရေး အချိန်ပဲ၊ ရေရေလည်လည်ကို ညည်း



www.burmeseclassic.com

www.burmeseclassic.com



ကြ ညှုကြတာ၊ အန်ကယ်လေးရဲ့ စည်းကမ်းဒဏ်ကို မခံနိုင်ကြလို့လေ၊ ကြိုးတော့ ကြိုးစားပေါ့ကွာ၊ ပျော်အောင်နေပေါ့ . . .”

“ယဉ်ကျေးကို သိတယ်၊ ယဉ်ကျေးက အဆိုတော် ဝီရရဲ့ သမီးမှတ်လား၊ ကိုယ်တို့ ဂျာနယ်တွေထဲမှာ ခဏခဏ မြင်ဖူးနေကျ၊ ဒါပေမယ့် အပြင်မှာ ပိုချောတယ် ဆရာ၊ ချစ်စရာလေး၊ အရမ်း Cute ဖြစ်တာပဲ”

“ဩော် . . . ဒါနဲ့ စကားမစပ် မေးရဦးမယ် အန်ကယ်လေးက လူပျိုကြီးလားဟင်”

ယဉ်ကျေးက စပ်စပ်စုစု မေးလိုက်လျှင် သူတို့အားလုံး ဝိုင်းရယ်ကြကာ . . .

“အမလေး . . . ဒီလောက် စည်းစနစ်ကြီးပြီး အသေးစိတ်ကအစ အမှားအယွင်းမခံတတ်တဲ့ လူစားမျိုးက ဘယ်လိုလုပ်ပြီး မိန်းမယူမှာတုန်း၊ လူပျိုကြီးပဲပေါ့ . . . လူပျိုကြီးမို့လဲ အဲဒီလောက် ဇီဇာကြောင်နေတာ ဖြစ်မှာပေါ့၊ အန်ကယ်လေးက အရမ်းအလှကြိုက်၊ အသန့်ကြိုက်ဆိုတော့ သူကြိုက်တဲ့ မိန်းမမျိုး တော်တော်ရှား





လိမ့်မယ်၊ မိန်းမတွေကတော့ သူ့ကို ကြိုက်ကြသား၊ တစ်ခါတစ်ခါ အိမ်ဒီဇိုင်းထုတ်ပေးရတဲ့ အိမ်ပိုင်ရှင် အမျိုးသမီးတွေထဲက တချို့ဆို အန်ကယ်လေးကို တော်တော်ကြိုက်ကြတာ၊ ရေလာမြောင်းပေးတွေလည်း လုပ်ရတာနဲ့၊ အကြောင်းမရှိ အကြောင်းရှာပြီး ရုံးကို လမ်းကြုံဝင်လာရတာနဲ့၊ အိမ်ကို ထမင်းစားဖိတ်တာနဲ့ အို . . . ရှုပ်ယှက်ခတ်နေတာပါပဲ၊ တစ်ခါတစ်ခါ သူတို့အချင်းချင်းတောင် အန်ကယ်လေးကို စားမန်ခုပ်ရင်း ထိပ်တိုက်တွေ ဘာတွေတောင် တွေ့လိုက်ကြသေးတယ်၊ ရယ်တော့ ရယ်ရသား ယဉ်ကျေးရဲ့၊ အန်ကယ်လေးက တုပ်တုပ်တောင် မလှုပ်ဘူး၊ အဲဒီလောက် ကျွန်ကြီးတာ”

ယဉ်ကျေးက အဲဒါ ဖြစ်နိုင်ကြောင်း ထောက်ခံပုံစံကလေးနှင့် ခေါင်းကို တဆတ်ဆတ်ညိတ်ပြလိုက် ဒီနေ့ တစ်မနက်ခင်းလေး တွေ့ရတာနှင့်တောင် သူ့ကို ဘျး ကောင်းကောင်း သိသွားပြီ။ ကျွန်ကြီး တစ်ခွဲသား ရှင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာကို တစ်ဖက်သားကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ထုတ်ဖော်ပြောလေ့မရှိသော အေးစက်စက် ခပ်တင်းတင်း လူတစ်ယောက်ဖြစ်သည်။ ဖြူဖွေးတောက်ပြောင်နေသော စတစ်ကော်လံ ရှပ်အင်္ကျီလက်ရှည်မှာ စိန်ကြယ်သီးကလေးတွေ တပ်ထားပြီး ပိုးတွံပုဆိုးနှင့် ကတီပါခြင်းဖိနပ်ကို သပ်ရပ်ကြော့မော့စွာ ဝတ်ဆင်ထားသော အန်ကယ်လေးရဲ့ ပုံသဏ္ဌာန်ကို ချက်ချင်း ပြန်မြင်ယောင်လာသည်။ အဲဒီအချိန်မှာ ယဉ်ကျေးရဲ့ စားပွဲပေါ်မှာ တင်ထားသော Bleep ကလေးက တီတီ တီတီနှင့် ထမြည်လာလျှင် ယဉ်ကျေးသည် ဝုန်းခနဲ ထရပ်ကာ ...

"ဟော ... ခေါ်နေပြီ သွားမှဖြစ်တော့မယ်၊ ကဲ ... အားလုံးပဲ သွားမယ်နော်၊ နောက်မှ ဆုံကြတာပေါ့"

ဟု နှုတ်ဆက်ပြီး ကပျာကယာ ရုံးထဲသို့ ပြန်ပြေးလာရသည်။ ရုံးထဲရောက်တာနှင့် အန်ကယ်လေးရဲ့အခန်းထဲသို့ အမောတကော ပြေးဝင်သွားကာ လက်ကလေးနှစ်ဖက် နောက်ပစ်ရပ်ရင်း ...

"အန်ကယ်လေး ... ကျွန်မ ပြန်ရောက်ပါပြီ"

ဟု ခပ်တိုးတိုး အသိပေးလိုက်၏။ သူ





ယဉ်ကျေးကို တစ်ချက်မော့ကြည့်ကာ ...

"ကိုယ် ... အပြင်ခဏသွားမလို့၊ client တစ်ယောက်နဲ့ ချိန်းထားတာရှိတယ်၊ အဲဒါ သွားတွေ့မလို့၊ မင်း အခန်းထဲမှာပဲနေပြီး ဖုန်းလာသမျှကို လက်ခံပြီး ဖြေထားပေး၊ လိုအပ်တာတွေကို မှတ်ထား၊ appointment ချိန်းစရာရှိရင် မင်းဘာသာမင်း စီစဉ်ပြီး ချိန်းထားလိုက်၊ ကြားလား ...၊ ကိုယ် နှစ်နာရီလောက်ကြာရင် ပြန်ရောက်လာမယ်၊ ကဲ ... ဘာမေးစရာ ရှိသေးလဲ"

"ဟင့်အင်း ... မရှိပါဘူး အန်ကယ်လေး"

"ကောင်းပြီ ... ဒါဆို ကိုယ်သွားမယ်"

အန်ကယ်လေးက မိချောင်သားရေနှင့်လုပ်ထားသော လက်ကိုင်အိတ် သားရေရောင်ကလေးကို လက်မှာ ပိုက်ရင်း အခန်းထဲမှ ခပ်သွက်သွက် လျှောက်လှမ်းသွားလေသည်။ ယဉ်ကျေးသည် ခပ်မတ်မတ်ကြော့ကြော့ လျှောက်လှမ်းသွားသော အန်ကယ်လေးကို မျက်စိတဆုံး လိုက်ငေးကြည့်နေပြီးမှ ကိုယ့်အခန်းထဲသို့ ဝင်လာခဲ့သည်။ ဘာပဲဖြစ်ဖြစ် ဒီအလုပ်ကို ဝင်လာခဲ့တာ ယဉ်ကျေးအတွက် စိတ်ဝင်စားစရာ



www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်မှု အသစ်အဆန်းတွေနှင့် ပြည့်နှက်နေသည်မှာ အမှန်ပင်။ အနည်းဆုံးတော့ ဆန်းသစ်ကို သတိရ တမ်းတနေမိတာတွေကို ဖြေဖျောက်နိုင်သလောက် ဖြေဖျောက်နိုင်စွမ်း ရှိမည်။ အလုပ်ထဲမှာမို့ တစ်ခါတစ်ခါ ဆန်းသစ်ကို သတိတောင် မရချင်။ အခုတော့ အန်ကယ်လေးဆိုသော စိတ်ဝင်စားဖွယ်ထူးဆန်းသော စရိုက်မျိုးရှိသည့် ယောကျ်ားတစ်ယောက်ကို စိတ်ဝင်တစား လေ့လာအကဲခတ်နေရတာနှင့် ယဉ်ကျေးမှာ မအားလပ်တော့နိုင်။ အဲဒီအတွက် ဖေဖေ့ကိုပဲ ပြန်ပြီး ကျေးဇူးတင်ရမလား မသိ။

အဲဒီနောက်တော့ ယဉ်ကျေးသည် ကိုယ့်အခန်းကလေးထဲမှာ ပြန်လာပြီး အန်ကယ်လေး မှာသွားသည့်အတိုင်း လာသမျှ ဖုန်းတွေကို ဖြေပေးရတာနှင့် အန်ကယ်လေးနှင့် တွေ့ချင်သည်ဟု ဆိုလာသူများကို တွေ့ဖို့အချိန် ချိန်းပေးရတာနှင့် အန်ကယ်လေးကို Message ပေးထားခဲ့ချင်သူများကို မှတ်သားထားရတာနှင့် ဝေါ်တော်ကလေး အလုပ်များသွားကာ ကိုယ့်ကိုယ်ကို Secretary တစ်ယောက်ဟု ခံစားလာမိသည်။

သူပြောသွားသည့်အတိုင်း နှစ်နာရီလောက်





တွင် အန်ကယ်လေး ပြန်ရောက်လာခဲ့သည်။ ယဉ်ကျေးက မှတ်သားထားသမျှတွေကို ရေးထားသော စာအုပ်ကလေးပိုက်ရင်း အခန်းထဲသို့ ဝင်သွားလိုက်၏။ အဲဒီနောက် သူ့ကို တစ်ချက်ချင်း အစီရင်ခံရလေသည်။ သူက ယဉ်ကျေးပြောမှုကို ခေါင်းတညိတ်ညိတ် နားထောင်နေရင်း သူကိုယ်တိုင်လည်း မှတ်စရာရှိတာတွေ ရေးမှတ်ချလေသည်။ အဲဒီနောက် ဒီနေ့အဖို့ ရှားရှားပါးပါး ပထမဆုံး အပြုံးကလေးတစ်ခု သူ့နှုတ်ခမ်းပေါ်မှာ ပေါ်လာကာ . . .

"မင်း မဆိုးဘူးပဲ၊ ပထမဆုံး နေ့ပေမယ့် မင်း တော်တော် လုပ်နိုင်စွမ်းရှိသားပဲ၊ ဒီနေ့ ညနေ ဝန်ထမ်းတွေ အားလုံး Meeting ပြီးရင် မင်းက အိမ်ပြန်လို့ မရသေးဘူး၊ Secretary သင်တန်း ဆက်တက်ရမယ်၊ ဟောဒီမှာလိပ်စာ၊ အဲဒီလိပ်စာမှာ မင်း သွားတက်ရမယ်၊ ဟုတ်ပြီလား. . ."

"ဟုတ်ကဲ့ပါ အန်ကယ်လေး . . ."

ယဉ်ကျေးသည် သူ့အခန်းထဲမှ ပြန်လာခဲ့သည်။ ညနေ ဝန်ထမ်း Meeting ပြီးသည်နှင့် ယဉ်ကျေးမှာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ မပြန်နိုင်သေးဘဲ သူပေးလိုက်သော လိပ်စာထဲက အတိုင်း သွားကာ Secretary သင်တန်းကို နှစ်နာရီတိတိ စတက်ရလေသည်။ တစ်နေ့လုံး အနားမရဘဲ ဇယ်ဆက်သလို အလုပ်တွေ လုပ်လာခဲ့ရကာ သင်တန်းလည်း တက်လိုက်သေး သဖြင့် လူက ဖတ်ဖတ်မောနေသည်။ အိမ်သို့ပြန်ရောက်တော့ ည ခုနှစ်နာရီပင် ရှိပြီ။

ဧည့်ခန်းမှာ အဆင်သင့် စောင့်နေသော ဖေဖေက ယဉ်ကျေးကို မြင်သည်နှင့် မျက်ခုံးကလေးပင့် ကာ . . .

"ဘယ်လိုလဲ . . . Secretary မကြီးရဲ့၊ ပထမဆုံး အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"မဆိုးပါဘူး ဖေဖေ၊ အဆင်ပြေပါတယ်၊ ဖေဖေ့ သူငယ်ချင်းက တော်တော်ကလေးတော့ စည်းစနစ် တယ်၊ စေ့စပ်သေချာသလောက် ဒီဇာလည်းကြော တယ်၊ ပထမဆုံးနေ့မှာတောင် အလုပ်တွေ နင်း ဖိခိုင်းတော့တာပဲ၊ ဒါပေမယ့် သမီး ဖြစ်အောင်လု မယ်၊ အခု Secretary သင်တန်းက ပြန်လာ





သူကိုယ်တိုင်ပဲ အဲဒီသင်တန်းမှာ သွားတက်ဖို့ ခိုင်းလိုက် တာလေ"

ဖေဖေက ယဉ်ကျေး ပြောပြနေသမျှကို သဘောကျနေပုံဖြင့် ခေါင်းတညိတ်ညိတ် မျက်နှာထားတပြုံးပြုံး ဖြင့် ရှိလေသည်။ မေမေကတော့ ငါ့သမီးလေး ပင်ပန်းလိုက် တာ ဟူသော ပုံစံမျိုးကလေးဖြင့် သနားကျင်နာစွာ ကြည့်နေ သည်။

ယဉ်ကျေးသည် ခါတိုင်းလို စကားပင် များများ မပြောနိုင်။ ညစာစားပြီး အိပ်ရာထဲသို့ တချိုးတည်း တန်းဝင် ကာ အိပ်လိုက်သည်မှာ တရေးမှပင် မနိုးချေ။

ဝဝဝ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း . . . (၆)

မနက်က အိပ်ရာထ နောက်ကျသည်မို့ ဒီနေ့ ယဉ်ကျေး ရုံးသို့ ရောက်သွားတော့ ငါးမိနစ်ကျော်ကျော် နောက်ကျနေပြီ။ ယဉ်ကျေးသည် ကိုယ့်အခန်းကလေးထဲသို့ ဝင်လိုက်သည်နှင့် Intercom ဆီမှ သူ့အသံ ထွက်ပေါ်လာသည်။

"ဝိရယဉ်ကျေး ကိုယ့်အခန်းထဲ အခု လာခဲ့ပါ"

ယဉ်ကျေးသည် ဇက်ကလေးတစ်ချက် ပုလိုက်ကာ သူ့အခန်းထဲသို့ ခပ်သွက်သွက် ဝင်သွားရသည်။ ယဉ်ကျေးကို မြင်သည်နှင့် သူက ဘာမှ မပြောဘဲ နာရီကိုသာ ထောင်ပြ၏။ ယဉ်ကျေးသည် လျှာကလေး တစ်ခနဲ ထွက်သွားကာ ဇက်ကလေးပုရှင်း ပြုံးစိစိဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး . . . အန်ကယ်လေး၊ ကျွန်မ ငါးမိနစ်ကျော်ကျော် နောက်ကျသွားတယ်"

"အချိန် နောက်ကျတာကို ကိုယ် လုံးဝမကြိုက်ဘူး၊ ကိုယ်က အချိန်ကို လေးစားမှုကြိုက်တာ၊ မင်းကို အချိန်တိကျတဲ့ Secretary တစ်ယောက် ဖြစ်စေချင်တယ်၊ မနက်ဖြန်ကစပြီး ကိုးနာရီထိုးဖို့ ငါးမိနစ်အလိုမှာ မင်းအခန်းထဲ ရောက်နေရမယ်၊ ကိုယ်ရုံးကို ရောက်တာနဲ့ မင်းကို မြင်ချင်တယ်၊ ဟုတ်ပြီလား . . ."

"ဟုတ်ကဲ့ပါ . . ."

"မနက်တိုင်း ကိုယ့်အတွက် Breakfast ကို ကိုယ်မလာခင် စောပြီး လုပ်ထားပေးပါ၊ ကိုယ်က မနက်တိုင်း ကြက်ဥပြုတ်တစ်လုံး၊ သစ်သီးဖျော်ရည်တစ်ခွက်နဲ့ ကော်ဖီတစ်ခွက်၊ ပေါင်မုန့်မီးကင် နှစ်ချပ်မှာ တစ်ချပ်က ထောပတ်ပါးပါး၊ တစ်ချပ်က စတော်ဘယ်ရီယို ပါးပါးသုပ်ပြီး စားနေကျ၊ အဲဒါပြီးရင် ကိုယ့်ရဲ့ စားပွဲပေါ်က ပန်းအိုးထဲမှာ နေ့တိုင်း နှင်းဆီ ပန်းနုရောင် ငါးပွင့် အသစ်လဲပြီး ထိုးပေးပါ"





"ဟုတ်ကဲ့ . . . ကျွန်မ အခုပဲ Breakfast သွားလုပ်လိုက်ပါ့မယ် အန်ကယ်လေး"

"ကြက်ဥပြုတ်တဲ့ စက်ကလေး Kitchen ထဲမှာ ရှိနေတယ်နော်၊ အဲဒီစက်ကလေးနဲ့ ပြုတ်ပေးပါ"

ယဉ်ကျေးသည် မျက်ခုံးကလေးတစ်ဖက် အလိုအလျောက်ပင် ပင့်သွား၏။ ဘုရားရေ . . . ကြက်ဥကိုတောင် ကြက်ဥပြုတ်တဲ့စက်နဲ့ ပြုတ်ရမယ်တဲ့။ ဖြစ်မှ ဖြစ်ရလေ။ ဘယ်လောက်များ တိကျ စေ့စပ်လွန်းတဲ့ လူတစ်ယောက်ပါလဲ။

ယဉ်ကျေးသည် သူ့ကို ဘာမှ စောဒက မတက်တော့ဘဲ ခေါင်းကလေးသာ ညိတ်ပြလိုက်ကာ မီးဖိုခန်းထဲသို့ ဝင်လာခဲ့သည်။ သူပြောသည်နှင့် ကြက်ဥပြုတ်သည့် စက်ကလေးကို စားပွဲပေါ်မှာ နေရာတကျပင် တွေ့ရပါသည်။ ခွက်ကလေးထဲမှာ ကြက်ဥကိုထည့်၊ ရေကို အတိုင်းအဆနှင့် ခြင်၍ထည့်ကာ ခလုတ်ကလေး နှိပ်ထားလိုက်ရုံပင်။ လိုချင်သောအနေအထားရောက်လျှင် သူ့ဘာသာသူ အော်တိုခလုတ် နှိပ်သွား၏။ ယဉ်ကျေးသည် ပေါင်မုန့်နှစ်ချပ်ကို ပေါင်မုန့်ကင်စက်ထဲ ထည့်ကင်ကာ သူပြောသလို တစ်ချပ်က ထောပတ်ပါးပါး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ချပ်က စတော်ဘယ်ရီပါးပါး သုတ်ပေးလိုက်သည်။ ပြီးတော့ ကော်ဖီ Maker ထဲမှာ ကော်ဖီမှုန့် အသစ်ဖြည့်ကာ ကော်ဖီဖျော်ရသည်။ သစ်သီးဖျော်ရည်အတွက်တော့ လိမ္မော်ရည်တစ်ခွက်ကို ဖန်ခွက်ထဲမှာ ထည့်လိုက်၏။ အားလုံးပြီးလျှင် ယွန်းဗန်းကလေးထဲမှာ မနေ့က မန္တယ်နီပြခဲ့သလို သပ်သပ်ရပ်ရပ် လှလှပပ စီရီထည့်လိုက်ပြီး သူ့အခန်းထဲသို့ ပြန်လာရသည်။ သူ့အခန်းထဲသို့ ရောက်လျှင် သူ့လက်ထဲမှာ လိမ္မော်သီးတစ်လုံး ကိုင်ထားလျက် တစ်ဖက်မှလည်း ဘာကလေးမှန်းမသိသော ကော်ကွင်းကလေးတစ်ခုမှ ဆူးချွန်လို အချွန်ကလေးတစ်ခုပါသော ကိရိယာလေးတစ်ခုကို ကိုင်ထားလိုက်ပြီး . . .

"ကိုယ့်ကို ဒီလိမ္မော်သီး အခွံနွှာပေးစမ်းပါ၊ ဒီမှာ Peeler ကလေးနဲ့ ခွာရတယ်၊ မင်းခွာတတ်လား၊ ကိုယ်ပြောပြမယ်၊ အဲဒီကွင်းကလေးကို လက်ညှိုးမှာ စွပ်လိုက်၊ ပြီးရင် ဟောဒီထိပ်က အချွန်ကလေးနဲ့ လိမ္မော်သီးရဲ့ အခွံကို ခပ်နက်နက်ဆွဲခြစ်ပြီး အရာတွေ ပေးသွားရတယ်၊ ပြီးရင် လက်နဲ့ ဆွဲခွာလိုက်ရုံပဲ၊ ဟောဒီလို . . ."





သူက လိမ္မော်သီးကိုတောင် အခွံနွှာသည့် ကိရိယာကလေးဖြင့် လှလှပပ သေသေသပ်သပ် အခွံနွှာပြလေသည်။ ယဉ်ကျေးသည် သူ့ရဲ့ စရိုက်တွေကို စိတ်ဝင်စားပြီးရင်း စိတ်ဝင်စားလာမိတော့သည်။

"ဒါနဲ့ . . . မင်း မနေ့က ဖုန်းဖြေတော့ ဘယ်လိုဖြေသလဲ"

သူက လိမ္မော်ရည်ကိုစတင်၍ သောက်ရင်း အမှတ်မထင် မေးခွန်းတစ်ခု မေးလိုက်လျှင် သူ့ကို သတိလက်လွှတ် ငေးကြည့်နေမိသော ယဉ်ကျေးသည် ရုတ်တရက်လန့်သွားကာ . . .

"ဘာကိုမေးတာလဲ အန်ကယ်လေး၊ ဖုန်းဖြေတာ ဒီလိုပဲ ဖုန်းခွက်ကို ကောက်ကိုင်ပြီး ပါးစပ်နဲ့ ဖြေလိုက်တာပေါ့"

ဟု အူကြောင်ကြောင်ကလေး ပြန်ဖြေလိုက်၏။

"အဲဒါကိုပြောတာ . . . မင်းကို ကိုယ် Hand Free နားကြပ်ကလေး မသုံးဘူးလားလို့မေးတာ၊ ဖုန်းလာတိုင်း လက်ကကောက်ကိုင်ပြီးဖြေရတာ အလုပ်ရှုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ အဲဒီ ဖုန်းဖြေတဲ့ နားကြပ်ကလေးကို မင်းရဲ့ နားမှာ အမြဲတမ်း တပ်ထားဖို့ ပြောတာ၊ ဘာဖြစ်လို့လဲဆိုတော့ ဖုန်းထဲက ပေးလာမဲ့ သတင်းအချက်အလက်တွေကို မင်းက တစ်ဖက်ကနေလိုက်ရေးရမှာ ရှိသေးတယ်လေ၊ နောက်ကို ဖုန်းကို လက်နဲ့ကိုင်ပြီး မဖြေနဲ့၊ နားကြပ်နဲ့ပဲ ဖြေ. . . ကြားလား”

“ဟုတ်ကဲ့ . . .”

“ကိုယ့်ရဲ့ စားပွဲပေါ်မှာ ဖုံကလေးတစ်စက်ကလေး တောင် တင်နေတာ ကိုယ်မကြိုက်ဘူး၊ မင်း မနက်တိုင်း ရောက်လာရင် ပန်းအိုးမှာ ပန်းထိုးရင်း ကိုယ့်ရဲ့စားပွဲကို ပါ မှန်မှန် ဖုံသုတ်ပေးပါ . . . ဟုတ်ပြီလား”

“ဟုတ်ကဲ့ပါ . . .”

“နောက်ပြီး မင်းရဲ့ အပြင်အဆင် ဝတ်စားဆင်ယင်ပုံ၊ မင်းရဲ့ပုံစံက Secretary တစ်ယောက်ရဲ့ ပုံစံနဲ့ လုံးဝ မတူဘူး၊ ခေတ်မိန်းကလေး ပုံစံပဲထွက်နေတယ်၊ အဲဒါကို ကိုယ် မကြိုက်ဘူး၊ ဟောဒီမှာ မင်းအတွက် နမူနာ Sample ဝတ်စုံတစ်စုံ၊ ရှပ်အင်္ကျီလက်ရှည်နဲ့ ဒူးဖုံး စကပ်





ဝတ်ရမယ်၊ ခြေအိတ်ဟာ အသားကပ်အသားရောင် ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် အနက်ရောင်ပါးပါး၊ နက်ပြာ ရောင် ပါးပါးဖြစ်ရမယ်၊ ဆံပင်တွေကို အဲဒီလို ဖရိုဖရဲ ကပိုကရိုချထားတာ ကိုယ်မကြိုက်ဘူး၊ ဆံထုံးတစ်မျိုး သပ်သပ်ရပ်ရပ် ထုံးပါ၊ မင်းရဲ့ ဆံပင်တွေဟာ မင်းရဲ့ မျက်နှာပေါ်မှာ ကျမနေနဲ့၊ သပ်သပ်ရပ်ရပ် ရှိနေပါစေ၊ ပြီးတော့ နှုတ်ခမ်းနီဟာ အရောင်ဖျော့ဖျော့ကလေးတွေ ဖြစ်ပါစေ၊ ပန်းရောင်တို့ ကော်ဖီရောင် ဖျော့ဖျော့တို့ပေါ့၊ ကိုယ်ပြောတာ နားလည်လား၊ လိုအပ်တဲ့အခါ အပေါ် က သေသေသပ်သပ် ပုံကျကျချုပ်ထားတဲ့ ကုတ်အင်္ကျီ ကလေးတွေ ဝတ်ပါ၊ အဲဒါတွေကို မင်းရဲ့ Secretary သင်တန်းက သင်ပါလိမ့်မယ်၊ ဒါပေမယ့် ကိုယ်က မင်းကို မနက်ဖြန်ကစပြီး Secretary တစ်ယောက်ပုံစံ အတိအကျ ဝင်နေစေချင်တယ်”

ယဉ်ကျေးက သူ လှမ်းပေးနေသော အိတ်ကြီး ကို လှမ်းယူလိုက်ကာ ပြန်ထွက်ဖို့ ဟန်ပြင်စဉ်မှာ သူက . . .

“ဟော့ . . . နောက်ကို အားနေရင် လက်သည်းကိုက်မ



www.burmeseclassic.com

www.burmeseclassic.com



နေနဲ့၊ အဲဒါ ကိုယ်မကြိုက်ဘူး . . . ”

ဟု သူက လှမ်းပြောလိုက်လျှင် ယဉ်ကျေးသည် တအံ့တဩ သူ့ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်မိ၏။ ဘုရားရေ . . . ကိုယ့်ဘာသာကိုယ် အခန်းထဲမှာလက်သည်းကိုက်နေမိတာ သူ ဘယ်လိုများ သိပါလိမ့်။ သူကတော့ ယဉ်ကျေးကို ဘာမှ ဆက်မပြောတော့ဘဲ Breakfast ကို အေးအေးဆေးဆေး ဣန္ဒြေရရ ဆက်စားနေတော့သည်။ ယဉ်ကျေးသည် ကိုယ့်အခန်းကလေးထဲသို့ ပြန်လာခဲ့သည်။ အခန်းကလေးထဲသို့ရောက်မှ နံရံတွေမှာ၊ မျက်နှာကျက်မှာ လှည့်ပတ်ရှာဖွေကြည့်တော့မှ Video ကင်မရာတပ်ထားသလို မီးနီပွင့်ကလေး သေးသေးကလေးကို မြင်ရသည်။ ဩော် . . . လက်စသတ်တော့ သူက ယဉ်ကျေးရဲ့အခန်းကို Video ကင်မရာတပ်ထားပြီး သူ့အခန်းထဲကနေ Monitor နှင့် စောင့်ကြည့်ချင် စောင့်ကြည့်နေတတ်တာကို။ အဲဒီတော့မှ ယဉ်ကျေးသည် ကိုယ့်အခန်းထဲသို့ ပြန်ရောက်တာတောင် မနေ့က လွတ်လပ်သွားသလို မခံစားရတော့ဘဲ ကိုယ့်ကို တစ်ယောက်ယောက်က အမြဲတမ်း စောင့်ကြည့်နေပါလားဟူသော အသိ





ဖြင့် မလုံခြုံသလို မလွတ်လပ်သလို သတိအနေအထားဖြင့် နေနေရတော့လေသည်။ ခဏနေတော့ ယဉ်ကျေးသည် သူပေးလိုက်သော အထုပ်ကြီးကို ဆွဲကာ ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည်။ မှန်ထဲမှာ ကိုယ့်ကိုယ်ကို ပြန်မြင်နေရသည်မှာ သူပြောသလို Secretary တစ်ယောက်ပုံစံ လုံးဝမပေါက်။ ယဉ်ကျေးက ချက်ချင်းပင် ဖားလျားချထားသော ဆံပင်တွေကို သေသပ်သွားအောင် ဘီးဖြင့် ဖြီးသင်ပြီး ကတီပါ ကွင်းကလေးနှင့် သပ်သပ်ရပ်ရပ် စည်းလိုက်သည်။ မျက်နှာပေါ်မှာ ဆံပင်တွေ လုံးဝ မကျစေရ။ မျက်နှာတစ်ခုလုံး ရှင်းလင်းသပ်ရပ်သွားလျှင် ဒီနေ့ ဆိုးလာသော Estee Lauder ၏ Black Wine ဟု အမည်ပေးထားသော ဝိုင် အရောင်ရင့်ရင့် နှုတ်ခမ်းနီကို Tissue ဖြင့် ချက်ချင်းဖျက်ပစ်လိုက်ကာ ပိုက်ဆံအိတ်ထဲမှ ပန်းရောင်ဖျော့ဖျော့ နှုတ်ခမ်းဆိုးဆေးကို ပြောင်းဆိုးလိုက်သည်။ မျက်နှာပြီးသွားလျှင် သူပေးလိုက်သော Sample အကျႌ စကတ်တွေနှင့် ယဉ်ကျေး ဒီနေ့ဝတ်လာသော အဝတ်အစားတွေကို လဲလှယ်၍ ဝတ်လိုက်သည်။ ခြေအိတ်ကတော့ ဒီနေ့ ဝတ်မလာခဲ့မိ။ ဖိနပ်ကိုတော့ လေဒီရှူး အနက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



စီးလာခဲ့သည်မှို့ မဆိုးပေ။ အားလုံး ပြင်ဆင်ပြီးသွားချိန်မှာ တစ်ကိုယ်လုံး ပြန်မြင်ရသော ကိုယ်လုံး ပေါ် မှန်ချပ်ကြီးထဲမှာ ယဉ်ကျေးကိုယ်ယဉ်ကျေး လှည့်ပတ်၍ ပြန်ကြည့်လိုက်သည်။ ဟုတ်ပ့ါ . . . သူပြောခဲ့သည့်အတိုင်း Secretary တစ်ယောက် ပုံစံ သပ်ရပ်သားနားစွာ ပေါ်လွင်နေလေသည်။ ယဉ်ကျေးသည် နှုတ်ခမ်းပေါ်မှာ လှပသော အပြုံးကလေးကို တင်လိုက်ကာ ဧရချိုးခန်းထဲမှ ကြော့ကြော့မော့မော့ကလေး ထွက်လာခဲ့တော့၏။

အဲဒီနောက် အန်ကယ်လေးရဲ့ အခန်းတံခါးဝမှာ ခဏရပ်ကာ အခန်းတံခါးကို နှစ်ချက် ခေါက်လိုက်ပြီး အခန်းထဲသို့ ဝင်လာခဲ့သည်။ သူက ယဉ်ကျေးကို လှမ်း၍ အမှတ်တမဲ့ဟန်ဖြင့် ကြည့်လိုက်ပြီးမှ ဖျတ်ခနဲ နောက်တစ်ကြိမ် ပြန်ကြည့်ကာ စူးစူးစိုက်စိုက်ပင် စိုက်ကြည့်နေလေသည်။ သူ့မျက်ဝန်းတွေထဲမှာ သဘောကျ ကျေနပ်သွားသော အရိပ်အရောင်များ ဖုံးကွယ်ထား၍ မရချေ။

"အေး . . . ကောင်းတယ်၊ မဆိုးဘူး၊ မင်း ကိုယ့်ရဲ့ စကားကို လိုက်နာသားပဲ၊ ဒီနေ့ကစပြီး ကိုယ့်စကား





တသဝေမသိမ်း နားထောင် လိုက်နာရမယ် . . . ကြားလား"

"ဟုတ်ကဲ့ . . . အန်ကယ်လေး"

"ကောင်းပြီ . . . မင်းအခန်း မင်းပြန်တော့၊ လိုအပ်ရင် ကိုယ် ခေါ်လိုက်မယ်"

ယဉ်ကျေးသည် သူ့အခန်းထဲမှ ပြန်ထွက်လာခဲ့ကာ ယဉ်ကျေး၏ အခန်းကလေးထဲသို့ ပြန်ဝင်လာခဲ့သည်။ စိတ်ထဲမှာ ဘာကို ကျေနပ်နေမိမှန်းမသိ ကျေနပ်လျက်ရှိသည်။ ဖုန်းဖြေသည်ကအစ သူပြောသလို Hand- Free နားကြပ်ကလေးနှင့် ချို့ချို့ ရွှင်ရွှင်ဖြေလျက် သူ့ရဲ့ Secretary တစ်ယောက်၏ ဘဝကို မက်မက်မောမောပင် ခုန်မင်လာခဲ့မိ၏။ သူငယ်ချင်းတွေနဲ့ပင် ဖုန်းပြောဖို့ အားလပ်ချိန် မရှိတော့ချေ။ ဆန်းသစ်ကိုတော့ အားလျှင်အားသလို သတိတရ ရှိမိတတ်သည်။ သို့သော် ဆန်းသစ်လည်း အခုလောတ်ဆို သူ နေတတ်သလို နေတတ်အောင် ကြိုးစားနေမှာပါဟု ဖြေသိမ့်တွေးနေမိလျှင် ယဉ်ကျေးလည်း ကိုယ့်ဘာသာကိုယ် နေတတ်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်ရသည်။ တစ်ခါတလေတော့ ဆန်းသစ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် တွေ့ချင်စိတ်တွေသည် ထိန်းမနိုင် သိမ်းမရ ရင်ထဲမှာ ပြုံဆင်းကျလာတတ်သည်။ အဲဒီအခါမျိုးမှာဆိုလျှင် ယဉ်ကျေးသည် အံတင်းတင်းကြိတ်ကာ ခေါင်းကို နာကျင်အောင်ပင် ခါရမ်းပစ်ရင်း အလုပ်တွေကိုသာ ဖိ၍လုပ်ပစ်သည်။ မေသစ်တို့ သင်းပျံ့တို့ကတော့ တစ်ခါတစ်ခါ ညဘက် ယဉ်ကျေးကို ဖုန်းဆက်ကာ အိပ်ရာမှနှိုးပြီး . . .

"ယဉ်ကျေးရယ် . . . ဒီလောက် အချိန်တိုတိုကလေး အတွင်းမှာတော့ နင် အဲဒီလောက် နေနိုင်သွားလိမ့်မယ်လို့ ငါတို့ မထင်ပါဘူး၊ နင် နင့်ကိုယ်နင် နှိပ်စက်နေတာလား၊ ဒါမှမဟုတ် ဟန်ဆောင်နေတာလား၊ နင် ဆန်းသစ်ကို မလွမ်းဘူးလားဟင်၊ သူနဲ့ မတွေ့ချင်ဘူးလား၊ နင်တို့နှစ်ယောက်ရဲ့ ဇာတ်လမ်းက ဒီလိုပဲ အဆုံးသတ်လိုက်တော့မှာလား"

ဟု မေးကြလေသည်။ ယဉ်ကျေးသည် အဲဒီအခါမျိုးကျလျှင် ရင်ထဲမှာ ကြေကြေကွဲကွဲ နာကျင်ဝမ်းနည်းလျက် . . .

"မလွမ်းဘဲ နေပါ့မလားဟယ်၊ မတွေ့ချင်ဘဲရော ရှိပါ့





မလား၊ သူဟာ ငါ့ရဲ့ အချစ်ဦးပဲဥစ္စာ၊ သိပ်လွမ်းတာပေါ့၊ သိပ်တွေ့ချင်တာပေါ့၊ ဒါပေမယ့် ဆန်းသစ်က ဖေဖေ့ကို ကတိတည်ဖို့ ကြိုးစားချင်တာ၊ ဖေဖေ့ဆီမှာ ဆုံးရှုံးသွားခဲ့တဲ့ သူ့ရဲ့ဂုဏ်သိက္ခာကို အဖတ်ပြန်ဆယ်ဖို့ ကြိုးစားနေတာ၊ သူ့ကို ဖေဖေ အထင်သေးအောင် ကျွန်မ ထပ်မလုပ်ချင်ဘူး၊ သူနဲ့ မတွေ့တွေ့အောင် နိုးပြီးတွေ့ရင် ရသားပဲ၊ ဒါပေမယ့် ကျွန်မ မလုပ်ချင်တော့ဘူး၊ ကျွန်မနဲ့သူ အချစ်စစ်မှန်ရင် တစ်ချိန်ချိန်မှာ ပြန်ဆုံကြလိမ့်မယ်လို့ ကျွန်မ ယုံကြည်ထားတယ်၊ အခုတော့ မအားဘူးဟာ . . .၊ တစ်နေ့တစ်နေ့ Secretary အလုပ်က အသက်ကို ဘယ်နားကရှူရမှန်း မသိအောင် ဖတ်ဖတ်မောတယ် သိလား . . .၊ ပြီးတော့ ကျွန်မရဲ့ ဘော့စ်က အရမ်းစည်းကမ်းကြီးတယ်၊ အလုပ်လည်း တအားခိုင်းတာပဲ၊ ဒါပေမယ့် ကိုယ် စိတ်ဝင်စားတဲ့ အလုပ်မို့ ကျွန်မ ပျော်ပါတယ်၊ ပျော်အောင်လည်း တမင်ကြိုးစားနေရတာပေါ့ဟာ၊ အလုပ်တွေ ဖိလုပ်နေတော့ တစ်ခါတစ်ခါ ဆန်းသစ်ကို လွမ်းဖို့တောင် အချိန်မရဘူး၊ ရှင်တို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင် မတွေ့ဖြစ်တော့တာပဲကြည့် . . .”

ယဉ်ကျေး၏ အဖြေကို မေသစ်တို့ လုံးဝ သဘောကျပုံ မရကြ။ သို့သော် . . . ဘာမှတော့ ဆက် မပြောတော့ချေ။ ယဉ်ကျေးလည်း တစ်ပတ်ပြီးတစ်ပတ် အချိန် တွေကို ဖြုတ်သန်းကုန်လွန်ရင်း Secretary တစ်ယောက်၏ ဘဝမှာ နေသားတကျ ဖြစ်လာခဲ့သည်။

ဋဋဋ



“ဒီနေ့ . . . ကိုယ် Client တစ်ယောက်နဲ့ ချိန်းထား တယ်၊ သူ့ရဲ့ အိမ်ကို ကိုယ်ကိုယ်တိုင် ဒီဇိုင်းထုတ်ပြီး Decorate လုပ်ပေးမလို့၊ အဲဒါ မင်းပါ လိုက်ချင်လိုက်ခဲ့”

ဟု အန်ကယ်လေးက ပြောသောအခါ ယဉ် ကျေးသည် တစ်ခါမှ အခုလို သူနှင့်အတူ အပြင်သို့လိုက်ဖို့ ခေါ်လေ့မရှိတာကြောင့် အနည်းငယ်တော့ တအံ့တသြကလေး ဖြစ်သွားသည်။ သို့သော် . . . ချက်ချင်းပင် ဝမ်းသာအားရ ခေါင်းညိတ်ပြလိုက်သည်။ ယဉ်ကျေးက Secretary အလုပ် တစ်ခုတည်းကိုသာ စိတ်ဝင်စားသည်မဟုတ်။ Interior Decoration ကိုပါ ဝါသနာပါ စိတ်ဝင်စားသူမို့ သူနှင့်အတူ လိုက်ချင် ခြင်းဖြစ်သည်။

“ကိုယ့်ရဲ့ LapTop ကလေးသယ်လာခဲ့ပေးပါ”



www.burmeseclassic.com

www.burmeseclassic.com



သူက ယဉ်ကျေး၏လက်ထဲသို့ သူ့ရဲ့ LapTop ကွန်ပျူတာကလေးကို လှမ်းပေးလိုက်ပြီး အရှေ့မှနေ၍ ထွက်သွား၏။ ယဉ်ကျေးက LapTop ကလေးဆွဲလျက် သူ့ အနောက်မှ ခပ်သွက်သွက် လိုက်လာခဲ့သည်။ ကားနားသို့ ရောက်သောအခါ ယဉ်ကျေးသည် သူ့ကားနှင့်ပဲ လိုက်ရမလား၊ ကိုယ့်ကားကိုယ်ပဲ မောင်းပြီး သူ့ကားနောက်မှ လိုက်ရမလားဟု မဝေခွဲတတ်ဖြစ်နေစဉ်မှာ သူက ယဉ်ကျေးကို တစ်ချက်လှည့်ကြည့်ရင်း . . .

“လာလေ . . . ဘာလုပ်နေတာလဲ”

ဟု ခပ်ဆတ်ဆတ်လှမ်းအော်၏။ ယဉ်ကျေးက ပခုံးကလေးတစ်ချက် ကျုံ့လိုက်မိကာ . . .

“ဟိုလေ . . . ကျွန်မကားနဲ့ ကျွန်မ လိုက်ရမလားလို့”

“ကိုယ့်ကားနဲ့ပဲ တစ်ခါတည်း လိုက်ခဲ့စမ်းပါ၊ မင်းက ကိုယ့်ရဲ့ Secretary ပဲ”

ဟု သူက ပြောတော့မှ ယဉ်ကျေးသည် သူ့ကားပေါ်သို့ အသာ ဝင်ထိုင်လိုက်ရသည်။ သူ့ကားက Mercedes-Benz အဖြူစွတ်စွတ်ကလေး ဖြစ်သည်။ သူ့ရဲ့ကား





ကလည်း သူ့အတိုင်းပင် ဖြူစင်တောက်ပကာ သန့်ရှင်း သပ်ရပ်နေသည်။ ကားပေါ်မှာ ထိုင်ရက်စရာပင် မရှိချေ။ ပြီးတော့ Lavender ရနံ့ သင်းသင်းကလေး ပျံ့မွှေးလျက် ယဉ်ကျေး၏ ကားနှင့်များတော့ နည်းနည်းကလေးမှ မတူပေါင်။ ယဉ်ကျေး၏ ကားကလေးထဲမှာတော့ အရုပ်တွေ ပွစိထနေကာ တစ်ကားလုံး ရှုပ်ယှက်ခတ်ပြီး ရှုပ်ထွေးပွေလိမ်လျက် ရှိသည်။

သူက ကားစက်နှိုးလိုက်ကာ စတင်၍ မောင်းထွက်ခဲ့၏။ ကားစက်နှိုးလိုက်သည်နှင့် CD ထဲမှ ဖွင့်လက်စ သီချင်းတစ်ပုဒ်က ရုတ်တရက် ပျံ့လွင့်လာသည်။ သီချင်းက ဖေဖေ့ရဲ့ သီချင်း။ ယဉ်ကျေးသည် နှုတ်ခမ်းကလေး ပြုံးသွားကာ သူ့ကို တစ်ချက် လှမ်းကြည့်လိုက်ရင်း . . .

“အန်ကယ်လေးက ဖေဖေ့ရဲ့ သီချင်းတွေ ကြိုက်သလားဟင်”

ဟု . . . ဘာရယ်မဟုတ် အလာပ သလာပ သဘောမျိုးဖြင့် မေးလိုက်မိသည်။ သူက ပခုံးတစ်ချက် တွန့်လိုက်ကာ . . .

“ကိုယ့်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အားပေးရတာပေါ့ကွာ၊ သိပ် အကြိုက်ကြီးရယ်လို့တော့ မဟုတ်ပါဘူး၊ ဒီလိုပဲပေါ့၊ ဟိုတလောကတောင် (---) Club မှာ သူ့ပွဲ လုပ်တုန်းက ကိုယ့်မွေးနေ့နဲ့ တိုက်ဆိုင်နေတာနဲ့ လက်မှတ်တွေဝယ်ပြီး ကိုယ့်ရုံးက ဝန်ထမ်းတွေအားလုံးကိုတောင် ကြည့်ခိုင်းလိုက်သေးတယ်၊ ကိုယ်တော့ မကြည့်ဖြစ်ပါဘူး”

သူကလည်း ဘာရယ်မဟုတ် စကားအဖြစ် အမှတ်မထင် ပြန်ပြောလိုက်ခြင်း ဖြစ်သည်။ သို့သော် ... သူ့ရဲ့စကားကြောင့် ယဉ်ကျေး၏ ခေါင်းကလေးက ဆတ်ခနဲ မတ်သွားကာ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားလျက် ...

“လက်မှတ်တွေ ဘယ်နှစ်စောင်တောင် ဝယ်လိုက်တာလဲဟင် ...”

ဟု ဟန်မဆောင်နိုင်ဘဲ စိတ်ဝင်တစားပင် ပြန် မေးလိုက်မိ၏။ သူက ယဉ်ကျေးကို လှည့်မကြည့်ဘဲ ...

“အစောင်တစ်ရာ ...”

ဟု ဖြေလိုက်လေသည်။ ယဉ်ကျေးရင်ထဲမှာ ဝုန်းခနဲ တစ်ခုခု ပြုတ်ကျသွားသလို ခံစားလိုက်ရသည်။





“အဲဒီနေ့ဟာ ဖေဖော်ဝါရီလ ၁၄ ရက်နေ့လားဟင် ... အနက်ကယ်လေး၊ ချစ်သူများနေ့လေ”

ယဉ်ကျေးက ဖေဖေနှင့်ဆန်းသစ်တို့ ပြုင်ပွဲ လုပ်ခဲ့ကြသောနေ့။ မှတ်မှတ်ရရ ဖေဖေ သီချင်းဆိုတဲ့နေ့ကို လုံးဝ မမေ့နိုင်စွာဖြင့် ပြန်မေးလိုက်မိသည်။ သူက ခေါင်းကိုသာ ညိတ်ပြ၏။ ယဉ်ကျေးရင်ထဲမှာ ဟာလာဟင်းလင်းကြီး ဖြစ်သွားသည်။ အဲဒီအချိန်ကစပြီး စကားတစ်ခွန်းမှ ထပ်မဆိုမိ။ သူကလည်း ယဉ်ကျေးကို ဘာမှ ထပ်မပြောတော့ဘဲ ကားကိုသာ အာရုံစိုက်မောင်းနေ၏။ သူ့ကားကလေးက တက္ကသိုလ်ရိပ်သာလမ်းသစ်ဘက်ရှိ တိုက်ခန်းတွေရှေ့မှာ ရပ်လိုက်သည်။

“ဒီတိုက်က ကိုယ့်ရဲ့ ကုမ္ပဏီက ဆောက်တာလေ၊ အခု အဲဒီအထဲက တစ်ခန်းကို Interior Decoration လုပ်ပေးမလို့ အိမ်ပိုင်ရှင် ချာတိတ်နဲ့ ချိန်းထားတာ၊ တကယ်တမ်းဆိုရင် တခြားလူတွေနဲ့ လွှဲပေးလိုက်လို့ရပါတယ်၊ ဒါပေမယ့် ချာတိတ်ရဲ့ မိဘတွေက ကိုယ်နဲ့ ပြောမနာ ဆိုမနာ အရမ်းခင်နေကြတော့ ကိုယ်ကိုယ်တိုင်ပဲ လုပ်ပေးချင်တာနဲ့ သူ့ကို ချိန်းထားတာ၊ ကဲ ... လာ



www.burmeseclassic.com

www.burmeseclassic.com



ဟု စကားလည်းပြောရင်း လှေကားထစ်တွေအတိုင်း ခပ်သွက်သွက် နင်းတက်သွား၏။ တတိယမြောက် အခန်း တံခါးဘဲလ်ကို သူက တီးလိုက်၏။ ယဉ်ကျေးကတော့ ဘာကိုမှစိတ်မဝင်စားနိုင်သေးဘဲ အာရုံထဲမှာ လက်မှတ် အစောင် တစ်ရာဆိုသော ကိစ္စကိုသာ တရစ်ဝဲဝဲဖြင့် ပြန်တွေးနေမိသည်။ အဲဒီ အစောင်တစ်ရာသာ မပါဝင်လျှင် ဖေဖေနှင့် ဆန်းသစ်တို့ရဲ့ ပြိုင်ပွဲအဖြေဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလျှင် ပြောင်းလဲသွားနိုင်သည်။

အခန်းတံခါးကို ဖျတ်ခနဲလာဖွင့်ပေးသူကို မြင်လိုက်ရသည့်အချိန်မှာ ယဉ်ကျေးသည် တအံ့တသြ မျက်လုံးကလေး အဝိုင်းသားဖြင့် နှုတ်ခမ်းကလေးတွေပါ ဟသွားလေသည်။ တံခါးဝမှာ ပေါ်လာသူက ဘယ်လိုမှ မျှော်လင့်မထားသောတမင်တကာ ချိန်းလျှင်တောင် တွေ့ဖြစ်မှာ မဟုတ်သည့် ဆန်းသစ်ကိုယ်တိုင် ဖြစ်နေသည်။

"ဟော . . . အန်ကယ်လေး ရောက်လာပြီလား၊ ဝင် ဝင် အန်ကယ်လေး၊ ကျွန်တော် အန်ကယ်လေးကို လာ စောင့်နေတာ"





ဆန်းသစ်က သူ့ကို လှမ်းပြောလိုက်ရင်း မျက်လုံးတွေက ယဉ်ကျေးဆီသို့ ဖြုန်းခနဲ ရောက်လာ၏။ ယဉ်ကျေးကို တွေ့လိုက်ရစဉ်မှာ သူ အနည်းငယ် ငြိမ်သက်သွား၏။ ဘယ်လိုလုပ်ပြီး သူ့ကို လုံးဝမသိသေးတဲ့ သူစိမ်းတစ်ယောက်လို ပုံစံမျိုးနှင့် ဆက်ဆံလို့ ရမှာတဲ့တုန်း။ ယဉ်ကျေးသည် နှလုံးသားကို ဆွဲအခါခံရသလို ရင်တွေတလှပ်လှပ် ခုန်လာခဲ့၏။ အန်ကယ်လေးက ဘာမှ မသိသလို အခန်းထဲသို့ ဝင်လိုက်သဖြင့် ယဉ်ကျေးလည်း အန်ကယ်လေး အနောက်မှ လိုက်ဝင်လာခဲ့သည်။

"အခန်းရဲ့ ဒီဇိုင်းကိုတော့ ကိုယ် ကွန်ပျူတာနဲ့ အသေးစိတ် ဆွဲခဲ့ပြီးပြီ၊ မင်းကို အဲဒါ ဖွင့်ပြပြီး ရှင်းပြပေးမယ်၊ ပြီးတော့ ကုန်ကျစရိတ်ကိုလည်း တစ်ခါတည်း တွက်ပေးမယ်၊ မင်း ကျေနပ်ပြီဆိုရင် ကိုယ့်ရဲ့ အင်ဂျင်နီယာတွေ လွှတ်ပေးလိုက်ဦးမယ်၊ မင်း မေးချင်တာ ရှိတာတွေလည်း မေးပေါ့"

အန်ကယ်လေးက ယဉ်ကျေးလက်ထဲမှ LapTop ကလေးကို လှမ်းယူလိုက်ကာ ကွန်ပျူတာကို ဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာထဲမှာ အာရုံစိုက်နေချိန်တွင် ယဉ်ကျေးသည် ဆန်းသစ်နှင့် မျက်လုံးချင်းဆုံအောင် တမင်တကာပင် စောင့်ကြည့်နေလိုက်၏။ သို့သော် ဆန်းသစ်က အလွန်ပင် ဣန္ဒြေကောင်းလှစွာဖြင့် ယဉ်ကျေးကို နောက်ထပ်တစ်ကြိမ် လုံးဝထပ်မကြည့်တော့ချေ။ အန်ကယ်လေး၏ ကွန်ပျူတာဆီသို့သာ စူးစူးစိုက်စိုက် ကြည့်နေခဲ့ပြီး ကွန်ပျူတာထဲမှာ အန်ကယ်လေးပြနေသော အိမ်ပုံစံ ဒီဇိုင်းတွေကိုသာ စူးစူးစိုက်စိုက် စိုက်ကြည့်နေ၏။ အန်ကယ်လေးက မျက်နှာကြက်ဒီဇိုင်း၊ ဧည့်ခန်းပုံစံဒီဇိုင်း၊ ကြမ်းခင်းဒီဇိုင်း ပြီးတော့ . . . ထမင်းစားခန်း၊ အိပ်ခန်းဒီဇိုင်းတွေကို တစ်ခုချင်း ရှင်းပြနေသလို မျက်နှာကြက်တွေမှာ ထည့်မည့် မီးဆလိုက် ဒီဇိုင်းကလေးတွေကိုပါ အသေးစိတ်ရှင်းပြနေ၏။ ယဉ်ကျေးသည် စိတ်ဝင်တစား နားထောင်မည်ဟု ကြံစည်အားခဲလာသမျှ အန်ကယ်လေး၏ စကားတွေထဲမှာ လုံးဝ လိုက်ပါ စိတ်မဝင်စားနိုင်ဘဲ ဆန်းသစ်၏ မျက်နှာဆီသို့သာ စူးစူးစိုက်စိုက်ကြီး မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေမိသည်။ အဲဒါကို တစ်ချက်မှာ အန်ကယ်လေးက ယဉ်ကျေးကို လှမ်းကြည့်ရင်း မြင်သွား၏။ အန်ကယ်လေး၏ မျက်လုံးတွေ





ဆီမှာ အရိပ်တစ်မျိုး ဖြတ်ပြေးသွားကာ . . .

"ဩော် . . . မင်းနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုယ့်ရဲ့ Secretary ဝီရယဉ်ကျေးတဲ့၊ အဆိုတော် ဝီရရဲ့ သမီးပေါ့"

"ယဉ်ကျေး . . . ဒါ အဆိုတော် ဆန်းသစ်အံ့"

"ကျွန်တော်တို့ချင်း သိပြီးသားပါ အန်ကယ်လေး"

ဆန်းသစ်က တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရပင် ဖြေနိုင်၏။ ယဉ်ကျေးကတော့ အခုအချိန်မှာ စကားတစ်ခွန်းမှ မပြောနိုင်သေး။ ပြောမိလျှင်လည်း စိတ်လှုပ်ရှားခံနေသော အမှားအယွင်းပါမည့် စကားမျိုးသာ ဖြစ်လိမ့်မည်။

"ဩော် . . . မင်းတို့ချင်း သိပြီးသားတွေကို၊ အင်း အင်း . . . ကဲ ကိုယ်ဆွဲထားတဲ့ ဒီဇိုင်းကို မင်း ဘယ်လိုသဘောရသလဲ၊ ဘာတွေ ထပ်ဖြည့်ချင်သေးလဲ၊ ဘာတွေလိုသေးသလဲ"

"အန်ကယ်လေးဆွဲထားတဲ့ Decoration ကို ကျွန်တော်ကြိုက်ပါတယ်၊ ကျွန်တော့် အကြိုက် အနုပညာ ဆန်ဆန်လေးပါပဲ၊ အဲဒီ ဒီဇိုင်းအတိုင်းပဲ ကျွန်တော့်ကို ကုန်ကျ



www.burmeseclassic.com

www.burmeseclassic.com



စရိတ် တွက်ပေးလိုက်ပါ၊ ပြီးတာနဲ့ ချက်ချင်း အိမ်ကို ပြင်ပေးပါ"

"ကောင်းပြီ . . . ဒါနဲ့ နေပါဦး မင်းက မိဘတွေနဲ့ အင်းယားမြိုင်ထဲမှာ မနေတော့ဘူးလား၊ ဒီအိမ်မှာ တစ်ယောက်တည်း ပြောင်းနေတော့မလို့လား"

"ဟုတ်ကဲ့ . . . အန်ကယ်လေး၊ ဒီတိုက်ခန်းက ကျွန်တော့် ဝင်ငွေနဲ့ စုပြီး ပြန်ဝယ်ထားတာပါ၊ ကျွန်တော် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် အေးအေးဆေး ဆေးနေချင်လို့ပါ"

"အေး . . . ကောင်းပါတယ်ကွာ၊ မင်းက အနုပညာ သမားဆိုတော့ တစ်ယောက်တည်း အေးအေးဆေး ဆေး နေချင်တာ သဘာဝကျပါတယ်၊ ကဲ . . . မင်း ကျေနပ်ပြီဆိုရင် ကိုယ်တို့ အလုပ် ဆက်လုပ်ကြတာပေါ့ ကုန်ကျစရိတ်ကို ကိုယ် သေသေချာချာ တွက်ပေးထား လိုက်မယ် . . ."

"အန်ကယ်လေး သက်သက်သာသာတော့ လုပ်ပေး နော်၊ ဒါ ကျွန်တော့် လုပ်အားခနဲ့ လုပ်ရမှာ၊ မေမေ့





မေမေ့ဆီက ပိုက်ဆံတစ်ပြားမှ ကျွန်တော် ယူမသုံးဘူး၊ ကျွန်တော့်ရဲ့ လုပ်အားခ စစ်စစ်နဲ့ ဒီအိမ်ကလေးကို အလှဆင်မှာ"

"စိတ်ချစမ်းပါကွာ . . . မင်းနဲ့ ကိုယ်တို့က ပြောရမယ့် လူတွေမှ မဟုတ်တာ၊ ကဲ . . . ဒါဆိုရင် ကိုယ်တို့ကို ခွင့်ပြုဦး၊ ပြန်ဦးမယ် . . ."

"ကျေးဇူးပဲ . . . အန်ကယ်လေး"

အန်ကယ်လေးက သူ့ကိုနှုတ်ဆက်ပြီး ပြန်ဖို့ ဆန်ပြင်သည်။ LapTop ကလေးကို ယဉ်ကျေးလက်ထဲသို့ ထိုးပေးလိုက်ကာ လှေကားမှနေ၍ ဆင်းသွား၏။ ယဉ်ကျေး က အန်ကယ်လေးနောက်သို့ ချက်ချင်းမလိုက်သေးဘဲ တမင် တာ အနောက်မှာချန်၍ နေရစ်ခဲ့ကာ ဆန်းသစ်နှင့် နှစ် ယောက်တည်းကျမှ မျက်နှာချင်းဆိုင်လိုက်ပြီး . . .

"ဘယ်လိုပုံစံမျိုးနဲ့ ကျွန်မကို ဆက်ဆံတာလဲဟင်၊ ဆန်းသစ် ကျွန်မကို ချစ်သေးရဲ့လား"

ဟု အလောတကြီး မေးလိုက်၏။

"ဒီမေးခွန်းကို ဘယ်တော့မေးမေး ကိုယ့်ရဲ့ အဖြေက



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးတည်းပဲလို့ မင်းကို ပြောထားခဲ့ပြီးသားပါ ပိုလိုက်ရယ်၊ မင်းကို ကိုယ် အမြဲတမ်း ချစ်နေမှာပါ၊ အန်ကယ်လေးဆီမှာ မင်း အလုပ်ဝင်လုပ်နေလိမ့်မယ်လို့ ကိုယ်ထင်တောင် ထင်မထားဘူး၊ မင်းဆီက ဘာသံမှလည်း မကြားရတော့ဘူးလေ"

"ဒီနေ့ မမျှော်လင့်ဘဲ အန်ကယ်လေးဆီက စကားတစ်ခွန်း ကြားရတယ် ဆန်းသစ်၊ ဖေဖေနဲ့ ဆန်းသစ်တို့ပြိုင်ပွဲ လုပ်ခဲ့ကြတုန်းက လက်မှတ် ဘယ်နှစ်စောင်နဲ့ဆန်းသစ် အရှုံးပေးလိုက်ရတာလဲ"

ယဉ်ကျေးရဲ့ မေးခွန်းကြောင့် ဆန်းသစ်ကကြောင်သွားသလို မျက်ခုံးကိုပင့်ကာ ယဉ်ကျေးကို ကြည့်၏၊ ပြီးမှ . . .

"အစောင်တစ်ရာလေ၊ ဘာဖြစ်လို့လဲ"

"အန်ကယ်လေးက အဲဒီနေ့က ဖေဖော်ဝါရီလ (၁၄) ရက်နေ့ သူမွေးနေ့မို့ ဖေဖေ့ရဲ့ ပွဲကို လက်မှတ် အစောင်တစ်ရာဝယ်ပြီး သူ့ဝန်ထမ်းတွေကို ကြည့်ခိုင်းတယ်တဲ့ အဲဒါကို ကျွန်မ ဒီနေ့မှ သိရတာ . . ."





ယဉ်ကျေး၏ စကားအဆုံးမှာ ဆန်းသစ်သည် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက် တိတ်ဆိတ်သွား၏။

"အဲဒါကြောင့် ဆန်းသစ် ကျွန်မ တစ်ခုတော့ပြောခဲ့ချင်တယ်၊ ဖေဖေ့ကို လက်မှတ်အစောင်တစ်ရာနဲ့ ဆန်းသစ်ရှုံးခဲ့ရတယ်ဆိုရင် အကယ်၍ အန်ကယ်လေး ဝယ်ခဲ့တဲ့ လက်မှတ်အစောင်တစ်ရာကို ထည့်မတွက်ဘူးဆိုရင် ဆန်းသစ်ဖေဖေ့ကို ရှုံးတယ်လို့ ပြောလို့မရပါဘူး"

"အဲဒါ ဘယ်သူ့ကို အပြစ်တင်ရမလဲ၊ ကိုယ်က ရှုံးခဲ့တာ ရှုံးခဲ့ပြီးပြီ . . ."

"အဲဒီအတွက် ဆန်းသစ် ဘာမှ လုပ်စရာ မလိုပါဘူး၊ ဆန်းသစ်လုပ်ရမှာက ကျွန်မကိုသစ္စာရှိရှိ ချစ်နေဖို့ပါ၊ ကျွန်မတစ်ယောက်တည်းကိုပဲ ဆန်းသစ် အမြဲတမ်း ချစ်နေမယ်ဆိုရင် လုံလောက်ပါပြီ၊ ဖေဖေ့ဆီမှာ ဆန်းသစ်ရှုံးခဲ့တဲ့ ဆန်းသစ်ရဲ့ ဂုဏ်သိက္ခာကို ကျွန်မဘာသာ တစ်နည်းနည်းနဲ့ ပြန်ဆယ်ယူပါ့မယ်၊ သွားတော့မယ် ဆန်းသစ်၊ နောက်ကိုကျွန်မနဲ့ တွေ့တဲ့အခါ သူစိမ်းတစ်ယောက်လို နေမပြပါနဲ့၊ ကျွန်မ မခံစားနိုင်လို့ပါ . . ."



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးသည် ပြောချင်ရာကို အဆက် မပြတ် ပြောခဲ့ပြီး လှေကားဆီမှ တဒုန်းဒုန်း ပြေးဆင်းလာခဲ့ သည်။ ကားထဲမှာ စောင့်နေတာ ကြာသွားပြီဖြစ်သော အန်ကယ်လေးက ယဉ်ကျေးကို ပဟေဠိ မျက်ဝန်းများဖြင့် လှမ်း၍ကြည့်နေကာ. . .

"ကိုယ်တို့ အလုပ်ကိစ္စနဲ့ လာကြတာနော် ယဉ်ကျေး နောက်ကို အလုပ်ကိစ္စထဲမှာ ကိုယ်ရေးကိုယ်တာတွေ မပတ်သက်စေနဲ့၊ အဲဒါကို ကိုယ် မကြိုက်ဘူး၊ မင်း ဆန်းသစ်အုံ့ ဘာတွေလဲဆိုတာ ကိုယ်မသိချင်ဘူး၊ သိ ရာလည်းမလိုဘူး၊ ဒါ ကိုယ့်အလုပ်မဟုတ်ဘူး၊ ဒါ မယ့် ကိုယ့်နဲ့အတူ ချက်ချင်း လိုက်မဆင်းလာဘဲ စ တွေပြောပြီး ကျန်ရစ်ခဲ့တာဟာ ကိုယ့်ကို မလေးစား နဲ့ အတူတူပဲ၊ အဲဒါမျိုးလည်း ကိုယ် လုံးဝမကြိုက်ဘူ

"နောက် မဖြစ်စေရပါဘူး အန်ကယ်လေး၊ သူနဲ့ ကျွ က ချစ်သူတွေပါ"

ယဉ်ကျေးသည် ဘာကြောင့်မှန်းမသိ အ ကယ်လေးကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်မိ၏။ ယဉ်





ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သော အန်ကယ်လေး၏မျက်ဝန်း တွေက တစ်မျိုးထူးခြားကာ တောက်ပစူးရှနေသည်ကို ယဉ်ကျေးမြင်လိုက်ရလေသည်။ အဲဒီနောက်ပိုင်းကစပြီး အန် ကယ်လေးက ယဉ်ကျေးကို ဘာစကားတစ်ခွန်းမှ ထပ်မပြော တော့ချေ။ ရုံးသို့ ပြန်ရောက်ချိန်အထိ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း ... (၇)

အဲဒီနေ့က ရုံးကအပြန်မှာ ယဉ်ကျေးသည် ဖေဖေနှင့် ရင်ဆိုင်တွေ့ဖို့ ဆုံးဖြတ်လိုက်သည်။

“ဖေဖေ့ကို သမီး ပြောစရာရှိတယ် ဖေဖေ”

“ဘာများလဲ သမီး ... ပြောလေ”

“ဖေဖေ့ကို ဆန်းသစ် မရှုံးခဲ့ဘူးဆိုရင် ဖေဖေ ဘယ်လို ဆုံးဖြတ်မလဲ”

ယဉ်ကျေးဆီမှ မမျှော်လင့်ဘဲ ထွက်လာသော ထိုစကားကြောင့် ဖေဖေက တအံ့တသြ ဖြစ်သွားပုံဖြင့် မျက်ခုံးတွေကို ပင့်လိုက်သည်။

“သမီး ဘာတွေလာပြောနေတာလဲ၊ အဲဒီကိစ္စက ပြီးခဲ့တာ ကြာပြီမဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"သမီးလည်း ပြီးပြီလို့ပဲ ထင်ခဲ့တာပါ ဖေဖေ၊ ဒါပေမယ့် ဒီနေ့မှ မမျှော်လင့်ဘဲ အန်ကယ်လေးဆီက စကားတစ်ခွန်း ကြားခဲ့ရတယ်၊ ဖေဖော်ဝါရီလ ၁၄ရက်နေ့ ဖေဖေ့ရဲ့ ပွဲနေ့တုန်းက အန်ကယ်လေးက သူ့မွေးနေ့ အထိမ်းအမှတ်အဖြစ် လက်မှတ်အစောင် တစ်ရာ ဝယ်ပြီးရုံးက ဝန်ထမ်းတွေကို ကြည့်ခိုင်းခဲ့တယ်တဲ့ ဖေဖေ၊ အဲဒီလက်မှတ်အစောင်တစ်ရာကြောင့် ဆန်းသစ် ဖေဖေ့ကို ရှုံးသွားတယ်ဆိုရင် အဲဒီပြိုင်ပွဲက တရားမျှတပါ့မလား ဖေဖေ၊ အဲဒါ သမီး သိချင်လို့ပါ"

"ဟော . . ."

ယဉ်ကျေး၏ စကားကြောင့် ဖေဖေ အနည်းငယ် စိတ်ရှုပ်ထွေးသွားသလို ဘာပြန်ပြောရမှန်းမသိဘဲ ငြိမ်သက်ကာ ယဉ်ကျေးကို ငေးစိုက်ကြည့်နေ၏။

"ဖေဖေ . . . သမီးကို အဖြေတစ်ခုခုပေးပါ ဖေဖေ၊ ဖေဖေတို့ရှစ်ယောက်ရဲ့ ဘာမှ အဓိပ္ပါယ်မရှိတဲ့ အလောင်းအစားနဲ့ စိန်ခေါ်ပွဲမှာ သမီးက အလကားနေရင်း နစ်လုံးသား အဆုံးရှုံးခံလိုက်တဲ့သူပါ၊ သမီးရင်ထဲမှာ





မေ့မေ့ပျောက်ပျောက် ဖြစ်သွားလိမ့်မယ်လို့ ဖေဖေ ထင်နေလို့လား၊ ဘယ်တော့မှ မမေ့ဘူး ဖေဖေ၊ ဒီနေ့ အဲဒီ အသည်းယားစရာ အဖြေတစ်ခုကို သိလာရတော့ ပိုဆိုးတယ်၊ သမီးရင်ထဲမှာ ဘယ်လိုမှ နေလို့မရတော့ဘူး ဖေဖေ၊ ပြီးတော့ ဖေဖေ့ဆီမှာ သမီးဝန်ခံစရာ ရှိသေးတယ်၊ ဒီနေ့ အန်ကယ်လေးနဲ့အတူ Client တစ်ယောက်ကို သွားတွေ့ပြီး Decoration ကိစ္စ သွားစကားပြောကြတာ သမီးလည်းလိုက်သွားရတယ် ဖေဖေ၊ အဲဒီ Client က ဘယ်သူဖြစ်နေတယ်လို့ ဖေဖေ ထင်သလဲ၊ ဆန်းသစ်အံ့ပဲ ဖေဖေ၊ သူဝယ်ထားတဲ့ တိုက်ခန်းက အန်ကယ်လေးတို့ဆောက်တဲ့ တိုက်ခန်းပဲ၊ အဲဒါကို အတွင်း Interior Decoration လုပ်ဖို့ အန်ကယ်လေးနဲ့တွေ့ပြီး အန်ကယ်လေးက သူကိုယ်တိုင်ဆွဲထားတဲ့ ဒီဇိုင်းတွေ ပြခဲ့တာ၊ ဆန်းသစ်က ဖေဖေ့အပေါ် ကတိတည်ပါတယ် ဖေဖေ၊ သမီးကို သူနှလုံးဝမပတ်သက်တဲ့ သူစိမ်းတစ်ယောက်ကို ဆက်ဆံခဲ့တယ် ဖေဖေ၊ အဲဒါကို သမီး ရင်ထဲမှာ မခံစားနိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တန့်နံ့နဲ့ အရမ်းထိခိုက်ရတယ်၊ သူကတော့ ဖေဖေ့ကို သူတကယ် ရှုံးခဲ့တာလို့ ထင်နေခဲ့တယ်၊ ဒါပေမယ့် အန်ကယ်လေးရဲ့ လက်မှတ်အစောင်တစ်ရာ ကိစ္စကို သူ့ကိုလည်း သမီး ပြန်ပြောပြလိုက်တယ်၊ အဲဒါကို သိသွားတော့ သူလည်း တော်တော် အံ့အားသင့်သွားတယ်၊ သူ ဘယ်လို ဆုံးဖြတ်မလဲဆိုတာ သမီး မသိဘူး ဖေဖေ၊ ဖေဖေ ဘယ်လိုဆုံးဖြတ်မလဲ ဆိုတာတော့ သမီး သိချင်တယ် . . . "

ဝီရသည် သမီး၏ မျက်နှာကလေးကို စိတ်မှတ်မဲ့စွာ ငေးကြည့်နေမိသည်။ ဘာပဲဖြစ်ဖြစ် တစ်လနီးပါး ရှိတော့မည်။ အခုလောက်ဆို သမီး အလိုလို သူ့ကောင်လေးကို မေ့လောက်ရှိပြီဟု သူ ထင်ထားခဲ့တာ။ သမီးရဲ့ မျက်နှာပေါ်မှာ နှလုံးသားထဲက နင့်နင့်နဲနဲ ခံစားနေရသော ဒဏ်ရာ၏ အရိပ်အငွေ့တွေယှက်သန်းလျက် ရှိသည်။ သမီးရဲ့အကြောင်းကို သူ မသိ၍ မဟုတ်။ ငယ်ငယ်ကတည်းက အလွန် အစွဲအမှတ်ကြီးသလို ဖွဲလည်း ကြီးလှသည့် သမီးကလေး။

"ကောင်းပြီ . . . သမီးကရော ဘာဖြစ်စေချင်တာလဲ၊"





လက်မှတ် အစောင်တစ်ရာကြောင့် သူ ဖေဖေ့ကို ရှုံးခဲ့တာ မှန်တယ်၊ အခု အဲဒီ လက်မှတ်အစောင်တစ်ရာဟာ ရွှန်းဝေ ဝယ်ခဲ့တဲ့ လက်မှတ်တွေဆိုရင် အဲဒီပွဲမှာ ဖေဖေနဲ့ သူ ဘယ်သူ့ကိုမှ မနိုင်ဘဲ သရေပဲလို့ သမီးက ပြောချင်တာလား၊ အဲဒီတော့ ဖေဖေတို့ နောက်တစ်ကြိမ် ထပ်ပြီး စိန်ခေါ်ရဦးမှာလား"

"မဟုတ်ပါဘူး ဖေဖေ၊ သမီးရဲ့ နှလုံးသားကိစ္စမှာ အနိုင်အရှုံးတွေ စိန်ခေါ်ပွဲတွေနဲ့ မဆုံးဖြတ်စေချင်ပါဘူး၊ ဖေဖေ မနိုင်ဘူးဆိုတာ သိရင် တော်ပါပြီ၊ ဖေဖေ ဘယ်လိုဆုံး ဖြတ်မလဲဆိုတာ မပြောရင်လည်း ရပါတယ်၊ ဒါပေမယ့် သမီးကတော့ သူ့ကို ချစ်နေဆဲပဲ ဖေဖေ၊ သူကလည်း သမီးကို ချစ်နေတုန်းပဲ၊ အဲဒါကို ဖေဖေ့ကို သိစေချင်တာပါ . . . ဒါပါပဲ ဖေဖေ"

ယဉ်ကျေးသည် ဖေဖေ့ရှေ့မှ ထွက်လာခဲ့ကာ အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ အန်ကယ်လေးရဲ့ Secretary စလုပ်ချိန်မှစပြီး အလုပ်ထဲမှာ ပျော်ပျော်ရွှင်ရွှင် စိတ်နှစ်သားလျက် ဆန်းသစ်ကို တမင်တကာကြီး မေ့ဖို့ ကြိုးစားတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တောင် ရင်ထဲမှာ နာကျင်ထိခိုက်နေသည့် အသည်းကွဲဒဏ်ကို အလုပ်ဖြင့် တမင် ကုစားခဲ့ခြင်း ဖြစ်သည်။ အခုတော့ ယဉ်ကျေးရဲ့ စိတ်တွေ ဇဝေဇဝါဖြင့် လေလေလွင့်လွင့် ဖြစ်ခဲ့ရပြီ။ ဖေဖေ့ကို ဆန်းသစ် မရှုံးဘူးဆိုလျှင် ယဉ်ကျေးတို့နှစ်ယောက်ရဲ့ ဇာတ်လမ်းဟာ အဆုံးသတ်စရာ လိုသေးလို့လား။ ဖေဖေက တမင်သက်သက် မတရားလုပ်ခဲ့တာတော့ မဟုတ်။ ကံကြမ္မာက ညစ်ခဲ့တာဖြစ်သည်။ အဲဒါကြီးကို မသိခဲ့ရင်လည်း အကောင်းသား။ အခုတော့ မမျှော်လင့်ဘဲ သိလာခဲ့ရပြီမို့ ရင်ထဲမှာ တနှံ့နှံ့နှင့် အခံရခက်နေသည်။ ဆန်းသစ်လည်း ယဉ်ကျေးလိုပင် တစ်ခုခုတော့ ဖြစ်နေမှာ သေချာပါသည်။ ယဉ်ကျေး ဆန်းသစ်ဆီ ဖုန်းဆက်ရင် ကောင်းမလား။ ဖေဖေ့ကို ပေးထားသောကတိကို ချိုးဖောက်ပစ်လိုက်ရတော့မလား။ ဆန်းသစ်ကရော ဘာဖြစ်လို့ အဲဒီလောက် ငြိမ်ချက်သား ကောင်းနေရတာလဲ။ တကယ်ဆိုရင် ဆန်းသစ်ဘက်က တစ်ခုခုတော့ လှုပ်ရှားလာဖို့ ကောင်းပြီ။ ဖေဖေ့ကို ပေးထားခဲ့တဲ့ ကတိကို ဆန်းသစ် တကယ်ပဲ တည်အောင် ကြိုးစားနေတာလား။





ယဉ်ကျေးသည် ဖုန်းကလေးကို ကိုင်ကာ ဇဝေဇဝါ ဖြစ်နေသည်။ နောက်ဆုံးတော့ သူငယ်ချင်းတွေဆီပဲ တစ်ယောက်စီ လျှောက်ဆက်ကာ အဖြစ်အပျက်ကို အတိုချုံး ပြန်ပြောပြမိသည်။ အားလုံး၏ မှတ်ချက်ကတော့ အဲဒီပွဲဟာ မတရားဘူးဆိုတာပဲ ဖြစ်သည်။ အဲဒီ မတရားဘူးဆိုသော အဖြေကို ဖေဖေ အသိအမှတ် ပြုပေးဖို့ ကောင်းသည်။ ပြီးတော့. . . ဖေဖေ့ဘက်က ယဉ်ကျေးနှင့် ဆန်းသစ်အတွက် အခွင့်အရေး တစ်ခုခု ပြန်လည်၍ ပေးဖို့ကောင်းသည်။ ဖေဖေ ဘာကြောင့် ငြိမ်သက်နေရပါသနည်း . . .။ ယဉ်ကျေး နား မလည်နိုင်ချေ။

ဋဋဋ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ကစပြီး ယဉ်ကျေးသည် အလုပ်ထဲမှာ စိတ်ဝင်တစား မရှိတော့။ စိတ်က ဆန်းသစ်ဆီသို့သာ ရောက်ရောက်နေသဖြင့် အလုပ်ထဲမှာ အမှားအယွင်းတွေ တစ်ခုပြီး တစ်ခု ဖြစ်လာသည်။ အဲဒီ အမှားအယွင်းတွေကြောင့် အန်ကယ်လေး၏ အပြစ်ပေးခြင်းကို မကြာခဏပင် ခံနေရသည်။ အန်ကယ်လေး၏ အပြစ်ပေးနည်းက ထုံးစံအတိုင်း သူ့အခန်းထဲ ခေါ်ပြီး ဆူပူတာမျိုး၊ စာတွေ တစ်ရွက်ပြီးတစ်ရွက် အများကြီး ပြန်ကူးရေးရတာမျိုး။ အန်ကယ်လေးရဲ့ အခန်း တစ်ခန်းလုံးကို ပြောင်လက် သန့်စင်သွားအောင် ဖုံသုတ်ပေးရတာမျိုး စသဖြင့် ဖြစ်သည်။ နေ့တိုင်းလိုလိုပင် တစ်နေ့ကို ဆယ်ခါထက်





မနည်းမည်။ ကြာတော့လည်း အဲဒါကို ရိုးလာသည်။ အန်ကယ်လေး မကျေနပ်လို့ အလုပ်ထုတ်ပစ်လိုက်ရင်လည်း အေးတာပဲ။ ဖေဖေ့ကို ဆန္ဒပြရာ ရောက်တာပေါ့ဟု တွေးမိ၏။

အဲဒီတစ်ရက်မှာတော့ ယဉ်ကျေးသည် ဘယ်လိုမှ မျှော်လင့်မထားသော တံခါးတစ်ခုကို အလိုလို ဖွင့်မိလျက်သား ဖြစ်သွားခဲ့သည်။ အဲဒီ တံခါးကနေ အလွန် အံ့သြစရာကောင်းသော လျှို့ဝှက်ချက်တစ်ခုကို မထင်မှတ်ဘဲ တွေ့မြင်ရလိုက်ခြင်းလည်း ဖြစ်သည်။ အဲဒီ လျှို့ဝှက်ချက်က ယဉ်ကျေး၏ ဘဝကို ပြောင်းလဲသွားစေခဲ့သော လျှို့ဝှက်ချက်လည်းဖြစ်သည်။ အဲဒီနေ့က ထုံးစံအတိုင်း ယဉ်ကျေးသည် အန်ကယ်လေးရဲ့ အခန်းထဲမှာ အမှားတစ်ခုလုပ်မိ၍ အန်ကယ်လေးရဲ့ အပြစ်ပေးခြင်းကို ခံနေရချိန် ဖြစ်သည်။ အပြစ်ကတော့ ရုံးခန်း တစ်ခန်းလုံးကို ဖုံတစ်စက်မှ မရှိအောင် လိုက်၍ ဖုံသုတ် သန့်စင်နေရခြင်း ဖြစ်သည်။ အဲဒီအချိန်မှာ ဖုန်းမြည်လာသည်။ ဖုန်းကို အန်ကယ်လေးကပဲ ကောက်ကိုင်နားထောင်လိုက်ကာ ခဏကြာတော့ . . .

"ကိုယ် . . . အရေးပေါ် အပြင်ခဏသွားရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီလောက်ကြာမယ်၊ ကိုယ် ပြန်လာခဲ့မယ်၊ မုန့်တွေကို ဖြေထား၊ အမှား... မရှိစေနဲ့နော်၊ မင်းအခုတလော အမှားတွေ သိပ်များနေတယ်၊ ကိုယ် လုံးဝသဘောမကျဘူး . . . ”

ဟု ပြောရင်း ပျာယီးပျာယာဖြင့် အခန်းထဲမှ ထွက်သွားလေသည်။ ယဉ်ကျေးသည် အခုမှပင် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသည်မို့ စိတ်ထဲ လွတ်လပ်ပေါ့ပါးသွားကာ အခန်းထဲမှာ ကိုယ်ကလေးကို ချာလပတ်ပင် ရမ်းပစ်လိုက်ကာ ခုန်ဆွ ခုန်ဆွကလေး လုပ်လိုက်မိသေး၏။ အဲဒီနောက်တော့ ဘာရယ်မဟုတ် အန်ကယ်လေး၏ Leather ဆုံလည် ကုလားထိုင်ပေါ် ခပ်တည်တည် ဝင်ထိုင်လိုက်ကာ ကုလားထိုင်ကို ချာလပတ် ဝှေ့ရမ်းလိုက်၊ အရှေ့အနောက် ရှေ့တိုးနောက်ငင် လုပ်ကြည့်လိုက်နှင့် ကလေးတစ်ယောက်လို ကစားကြည့်နေသည်။ ထို့နောက် မျက်ဝန်းတွေက စားပွဲအောက်မှာ မှောက်ရက်သားကလေး ကျနေသော ကတ်ထူ စက္ကူဖြူကလေး တစ်ခုလိုလို၊ ဓာတ်ပုံ တစ်ခုလိုလို အရာလေးကို မြင်လိုက်ရသဖြင့် ယဉ်ကျေးက ကုလားထိုင်ပေါ်မှ ဆင်းလိုက်ကာ ထို အရာကလေးကို ကောက်ယူကြည့်လိုက်မိသည်။ မြင်လိုက်ရသော ထိုအရာလေးက ယဉ်ကျေး၏နှလုံးသားကို အချက်ပေး ခေါင်းလောင်းသံတွေ ဆူညံသွားအောင်ပင် ခြောက်လှန့်ပစ်လိုက်၏။





ဘုရားရေ . . . ဒါ ယဉ်ကျေးရဲ့ ဓါတ်ပုံကလေးပါလား။ ဓါတ်ပုံ၏ နောက်ကျော ဖြူဖြူကလေးမှာ အခုမှ ခဲတံဖြင့် ခပ်ပါးပါး ရေးထားသော ကဗျာတိုကလေး တစ်ပုဒ်ကို မတော်တဆ တွေ့ရ၏။ ယဉ်ကျေးသည် ရင်တထိတ်ထိတ် ခုန်လာကာ ကဗျာကလေးကို ဖတ်လိုက်မိသည်။

*စိတ်တည့်မှာ*
*လိုချင်တာကို ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင်*
*ကိုယ် မင်းကို စိတ်ညို့ပစ်လိုက်ချင်တယ် . . .*

ဘုရား ဘုရား . . . ဒါဟာ ဘာသဘောလဲ။ ဘာအဓိပ္ပါယ်လဲ။ အန်ကယ်လေးက ယဉ်ကျေးကို . . .၊ ယဉ်ကျေး ဆက်မတွေးရဲတော့ချေ။ ဘယ်လောက် အံ့ဩဖို့ ကောင်းလိုက်သလဲ။ အန်ကယ်လေးလို လူတစ်ယောက်က ယဉ်ကျေးကို တိတ်တခိုး စိတ်ဝင်စားနေသည်လို့ ဘယ်လိုမှ ဆက်စပ်တွေးကြည့်လို့မရ။ ဘယ်မှာလဲ ရိုးသားမှုဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို ဖေဖေသိရဲ့လား။ ဖေဖေမျှားသိရင် ဘာတွေ ဖြစ်ကြမလဲ။ ဖေဖေက ပုံယုံကြည်ကြည်နှင့် အားကိုးတကြီး စိတ်ချယုံကြည်စွာ ပုံအပ်ထားခဲ့သော ဖေဖေရဲ့ သူငယ်ချင်းလို လူတစ်ယောက်တောင် ယဉ်ကျေးအပေါ်မှာ ရိုးသားဖြူစင်မှု မထားနိုင်ခဲ့ဖူးဆိုတာ ဖေဖေသိဖို့ လိုအပ်သည်။ ယဉ်ကျေးသည် ခေါင်းထဲမှာ အတွေးတစ်ခု ဖျတ်ခနဲ လင်းသွား၏။ အန်ကယ်လေးကိုတော့ အသုံးမချချင်ပါ။ သို့သော် ယဉ်ကျေးသည် ထိုနည်းလမ်းကိုသာ ရှာ၍ တွေ့သည်။ ဖေဖေ့လက်ထဲမှာ ဆုံးရှုံးသွားခဲ့တဲ့ ဆန်းသစ်ရဲ့ ဂုဏ်သိက္ခာကို ယဉ်ကျေးကသာ ပြန်၍ ကယ်ဆယ်ပေးနိုင်လိမ့်မည်။ ယဉ်ကျေးသည် ခါတ်ပုံကလေးကို ယဉ်ကျေး၏ ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်ပစ်လိုက်ကာ အေးအေးဆေးဆေးပင် တစ်ခန်းလုံးကို ဖုံတွေစင်အောင် လိုက်သုတ်၏။

တစ်နာရီဆိုသည်မှာ ဘယ်လိုပင် ကုန်ဆုံးသွားမှန်းမသိ အန်ကယ်လေး ပြန်ရောက်လာသည်။ သူ့ပုံစံကဘာမှ မဖြစ်သလို ဣန္ဒြေရရပင်။ ယဉ်ကျေးသည် အံ့လည်းသြကာ အရမ်းလည်း ထူးဆန်းနေမိသည်။ ဘယ်လောက် ပိရိ





သေသပ်တဲ့ အန်ကယ်လေးလဲ။ သူ ယဉ်ကျေးကို စိတ်ဝင်စားနေလိမ့်မည်ဟု လုံးဝ ထင်ရက်စရာ မရှိ။ သူ့ရဲ့ မျက်နှာပေါ်မှာလည်း ဘာအရိပ်အယောင်မှ မရှိ။ ပြောတဲ့ စကားလုံးတွေထဲမှာလည်း ရိပ်မိဖို့ဆိုတာလည်း ဝေလာဝေး။ သူ့ရဲ့ ကိုယ်ဟန်အမူအရာတွေထဲမှာရော ဘယ်လိုမှ ရှာတွေ့ဖွယ်ရာ မရှိ။ ဘယ်လောက်များ လျှို့ဝှက် တိတ်ဆိတ်လိုက်ပါသလဲ။ အန်ကယ်လေးပြန်မလာခင် တစ်နာရီလုံးလုံး ယဉ်ကျေးသည် အဖြစ်အပျက်တွေကို စနစ်တကျ အစအဆုံး တွေးကြည့်ထားပြီးပြီ။ ဘာလုပ်ရင် ဘယ်လိုရလဒ်တွေ ရလာနိုင်မလဲ ဆိုတာကိုလည်း စနစ်တကျ အကွက်ချပြီး တွေးကြည့်ပြီးပြီ။ တကယ်တော့ အဲဒီလိုအရာရာမှာ အသေးစိတ် စနစ်တကျ အကွက်ချပြီး တွေးတတ်အောင် အန်ကယ်လေးကပဲ လေ့ကျင့်သင်ကြားပေးခဲ့တာဖြစ်သည်။ အန်ကယ်လေးသင်ပေးခဲ့သော ပညာဖြင့် အန်ကယ်လေးကို ပြန်ပြီး အသုံးချရမှာ စိတ်တော့ မကောင်းပါ။ သို့သော် ဖေဖေ့ကို အနိုင်ယူဖို့ဆိုတာ ဒီနည်းလမ်း တစ်လမ်းပဲ ရှိသည်။

"ကဲ . . . မင်း အခန်းကို ပြန်သွားလို့ရပြီ၊ နောက်တစ်ခါ ထပ်ပြီး မမှားစေနဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးက အန်ကယ်လေးကို မော့ကြည့်လိုက်ကာ ခါတိုင်းလို ရိုကျိုးနာခံစွာ အခန်းထဲမှ ချက်ချင်းထွက်မသွားဘဲ အန်ကယ်လေးနှင့် ရင်ဆိုင်လိုက်သည်။

"အန်ကယ်လေးကို ကျွန်မ မေးစရာ တစ်ခုရှိလို့"

"ဘာမေးမှာလဲ . . . မေးလေ"

သူက ယဉ်ကျေးကို အမှတ်တမဲ့ ကြည့်လျက်မေး၏။ ယဉ်ကျေးသည် နှလုံးသားတွေ ရင်ဘတ်ထဲမှ ခုန်ပေါက်လွင့်စင် ထွက်တော့မတတ် လှုပ်ရှားလာခဲ့ကာ . . .

"အန်ကယ်လေး ကျွန်မကို ချစ်နေသလား"

ဟု ခပ်တိုးတိုး မေးလိုက်၏။ ယဉ်ကျေး၏အသံလေးက တိုးသလောက် အန်ကယ်လေးကိုတော့ ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ခွဲပစ်လိုက်သလို သူ့မျက်နှာတစ်ခုလုံး ရစရာမရှိအောင် ဖျက်ယွင်းသွားတော့၏။ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားကာ မျက်နှာပေါ်မှာ ထိတ်လန့်တုန်လှုပ်သွားတာရော၊ ရှက်ရွံ့ နာကျင်သွားတာရော ခံစားချက်တွေ စုံလင်စွာပင် တရိပ်ရိပ် ဖြတ်ပြေးသွား၏။

"ဘာကွ . . . မင်း ဘာကိုမေးလိုက်တယ်၊ ဘာဖြစ်လို့





အဲဒီ မေးခွန်းကို မေးရတာလဲ၊ အဲဒါ ဘာသဘောလဲ"

သူ့အသံက ပုံမှန်မဟုတ်ဘဲ အနည်းငယ် တုန်ယင်လျက် အက်သံပါနေသည်။ ယဉ်ကျေးသည် အန်ကယ်လေးကို အနည်းငယ်တော့ သနားသွား၏။ သို့သော် မတတ်နိုင်ပါ။ ဒီလောက်အထိ ခြေလှမ်းကို အားယူပြီး တိုးခဲ့ပြီးမှတော့ ရှေ့ဆက်တိုးဖို့သာ ရှိတော့သည်။ ယဉ်ကျေးအတွက် ရွေးချယ်စရာလမ်းက နှစ်လမ်းပဲ ရှိတော့သည်။ ရှုံးရင်ရှုံး၊ မရှုံးရင် အနိုင်ဘဲ။

"သိချင်လို့ မေးတာပါ အန်ကယ်လေး၊ ကျွန်မကို အမှန်အတိုင်း ဖြေပေးပါ၊ အန်ကယ်လေး ကျွန်မကို ချစ်နေသလား"

"မင်း ဘာကြောင့် မေးတာလဲ၊ အဲဒါကို ကိုယ်သိချင်တာ၊ မင်းမှာ ဘယ်လို အထောက်အထားတွေ ရှိလို့ ကိုယ့်ကို ဒီမေးခွန်း မေးရတာလဲ"

"ကျွန်မမှာ အထောက်အထား ရှိစရာ မလိုပါဘူး အန်ကယ်လေး၊ အန်ကယ်လေးဆီက အမှန်စကားကို ကျွန်မ ကြားချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်လေးက ယဉ်ကျေးကို ဖျတ်ခနဲ ကျောခိုင်းပစ်လိုက်၏။

"မင်း ဒီအခန်းထဲက အခုချက်ချင်း ထွက်သွားတော့"

"ဘာဖြစ်လို့ မောင်းထုတ်ရတာလဲ အန်ကယ်လေး၊ အန်ကယ်လေး မဖြေရဲဘူးလား၊ အန်ကယ်လေးဆီက အဖြေမရမချင်း ကျွန်မ ဒီအခန်းထဲက မထွက်နိုင်ဘူး"

"ကိုယ် မပြောနိုင်ဘူး ဆိုရင်ရောကွာ၊ အဲဒါဆိုရင် ရှင်းရှင်းလေးပဲ ကျွန်မ ဒီအခန်းထဲက မထွက်ဘဲ ပေကပ်ထိုင်နေရုံပဲ"

"နေစမ်းပါဦး . . . မင်းက ဘာဖြစ်လို့ သိချင်ရတာလဲ၊ အဲဒါကို သိတော့ရော မင်းအတွက် ဘာအကျိုး ထူးမှာလဲ၊ မင်းအတွက်ရော ကိုယ့်အတွက်ပါ အကျိုးမရှိနိုင်တဲ့ အဖြေတစ်ခုကို မင်း ဘာဖြစ်လို့ ကိုယ့်ကို ဖွတ်မေးနေရတာလဲ၊ ကိုယ် မဖြေချင်ဘူး . . . မဖြေနိုင်ဘူး၊ မင်း သွားတော့"

"ဟင့်အင်း . . . ကျွန်မ ဆုံးဖြတ်ထားပြီးပြီ၊ အန်ကယ်လေး ဝန်မခံမချင်း ကျွန်မ မသွားဘူး၊ ဒီမှာပဲ ထိုင်နေ





မယ်၊ အန်ကယ်လေး ကြိုက်သလို အပြစ်ပေးနိုင်တယ်"

"မင်း . . . ကိုယ့်စကားကို နားမထောင်ဘူးဆိုတဲ့ သဘောပေါ့၊ ကောင်းပြီလေ . . . မင်းမှာ ကိုယ့်ကို အာခံနိုင်တဲ့ သတ္တိတစ်မျိုး ရသွားပြီဆိုရင် မင်းကို ကိုယ် အလုပ်ထုတ်ပစ်လိုက်ရုံပဲ၊ အခုအချိန်ကစပြီး မင်းကို ကိုယ် အလုပ်ထုတ်လိုက်ပြီ ဒီရယဉ်ကျေး၊ မင်း သွားလို့ရပြီ၊ မနက်ဖြန်ကစပြီး မင်း အလုပ်ဆင်းစရာ မလိုတော့ဘူး"

အန်ကယ်လေး၏ တုံ့ပြန်မှုက ယဉ်ကျေး မျှော်လင့်ထားသည်ထက် ပို၍ ပြင်းထန်ကြမ်းတမ်းနေ၏။ တကယ်တော့ အန်ကယ်လေး သိပ်ရှက်သွားခြင်း ဖြစ်မည်၊ လူကြီးတစ်ယောက် အရှက်ရသွားသောကြောင့် ရှက်ရမ်းရမ်းနေသောပုံစံမျိုး ဖြစ်သည်။

အန်ကယ်လေးက စားပွဲရှေ့မှ သူထိုင်ခုံပေါ်တွင် ဝုန်းခနဲ ထိုင်ချပစ်လိုက်ရင်း စာအိတ်တစ်ခုထဲမှ ပိုက်ဆံတစ်ထပ် ထည့်လိုက်ကာ ထိုစာအိတ်ကို ယဉ်ကျေးဆီသို့ လှမ်းပေးလိုက်၏။ ယဉ်ကျေးသည် ထိုစာအိတ်ကို လက်မခံဘဲ အန်



www.burmeseclassic.com

www.burmeseclassic.com



ကယ်လေးကိုသာ စူးစူးရဲရဲကြီးပင် စိုက်ကြည့်နေလိုက်၏။

"ကျွန်မကို အလုပ်ခန့်ခဲ့တုန်းက အန်ကယ်လေး ဖေဖေနဲ့ စကားပြောပြီး ခန့်ခဲ့တာပါ၊ အခု အန်ကယ်လေး ကျွန်မကို အလုပ်ထုတ်ချင်ရင် ဖေဖေ့ကိုပါ ခေါ်လိုက်ပါ၊ ဖေဖေ့ရှေ့မှာ ကျွန်မကို အလုပ်ထုတ်ကြောင်း ကြေငြာလိုက်ပါ၊ အဲဒါဆိုရင် ကျွန်မ ကျေနပ်ပါတယ် . . ."

အန်ကယ်လေးက ယဉ်ကျေးကို စူးစူးရဲရဲကြီးပင် ပြန်ကြည့်၏။ သူ့မျက်ဝန်းတွေထဲမှာ နာကျင်ရိပ်နှင့် ရှက်ရိပ်တို့ တဖျပ်ဖျပ် ပြေးနေ၏။

"ကောင်းပြီကွာ . . . ဒီလောက်တောင် ဖြစ်လှတာ ကိုယ် မင်းရဲ့အဖေကို အခုချက်ချင်း ခေါ်လိုက်မယ်"

အန်ကယ်လေးက နှုတ်ခမ်းကို တင်းတင်းစေ့ထားပြီး ဖေဖေ့ဖုန်းကို ချက်ချင်း လှမ်းခေါ်၏။

"ဟော့ကောင် . . . ဝီရ ကိုယ်ပါ ရွှန်းဝေ၊ မင်းနဲ့ကိုယ် အခုချက်ချင်း တွေ့ချင်တယ်၊ ကိုယ့်ရဲ့ ရုံးခန်းကို ဖြစ်နိုင်ရင် အခုချက်ချင်း လာခဲ့ပါ"

အန်ကယ်လေးရဲ့ အသံက အေးစက်ပြတ်သား





နေသည်။ တစ်ဖက်မှာ ဖေဖေ ဘယ်လောက် စိတ်ပူသွားမလဲ ဆိုတာ ယဉ်ကျေး တွေးကြည့်မိသည်။ ခဏကြာလျှင် ဖေဖေ ရောက်တော့မည်။ ဘာပဲဖြစ်ဖြစ် ဒီတိုက်ပွဲကို တိုက်ပြီးမှတော့ အဆုံးထိအောင် ဆက်တိုက်တော့မည်ဟု ယဉ်ကျေး တွေးထားလိုက်ကာ အဆိုးရွားဆုံး အခြေအနေအထိ တွေးထားလိုက်သည်။

ဖေဖေ ရောက်မလာခင်အချိန် ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် အတွင်းမှာ ယဉ်ကျေးတို့ နှစ်ယောက်ကြားမှာ လုံးဝ အေးစက် တိတ်ဆိတ်နေသည်။ အန်ကယ်လေး ဘယ်တော့မှ ဝန်ခံလိမ့်မည် မဟုတ်ဘူးဆိုတာ ယဉ်ကျေး တွက်ပြီးသားပါ။ သို့သော် အခုလို အလုပ် ထုတ်ပစ်လိုက်သည်အထိ ခပ်ကြမ်းကြမ်း တုံ့ပြန်ပစ်လိမ့်မည်ဟုတော့ မျှော်လင့်မထားခဲ့။ ယဉ်ကျေးသည် စိတ်ထဲမှာ ဆူပွက်လှုပ်ရှားနေသလောက် အပြင်ပန်းကတော့ခေါင်းမာမာ ဖွဲ့ကောင်းကောင်းနှင့် မှင်သေသေ လုပ်နေ၏။ ဆယ့်ငါးမိနစ်လောက်အကြာမှာ အခန်းအပြင်ဘက်က တံခါးခေါက်သံ ကြားရပြီး အခန်းထဲသို့ ဖေဖေ ဝင်လာ၏။ ဖေဖေ့မျက်နှာက အရမ်းကို သိချင်စိတ် ပြင်းပြနေ



www.burmeseclassic.com

www.burmeseclassic.com



သော မျက်နှာ။ အန်ကယ်လေးရဲ့ မျက်နှာကို တစ်လှည့် ယဉ်ကျေးကိုတစ်လှည့် စူးစမ်းသလို အကဲခတ်ကြည့်ရင်း . . .

"ဘာတွေများ ဖြစ်လို့လဲကွာ . . ."

ဟု အထိတ်တလန့်ဟန်ဖြင့် မေးလေသည်။ ယဉ်ကျေးသည် ဖေဖေ့ကို မော့မကြည့်ဘဲ ခေါင်းကို တည့်တည့် မတ်မတ်ထားကာ အန်ကယ်လေးဆီသို့သာ ငေးစိုက်ကြည့်နေ၏။ အန်ကယ်လေးက ဖေဖေ့ကို မျက်စိ မျက်နှာပျက်လျက် တစ်ချက်လှမ်းကြည့်ကာ . . .

"ဆောရီးပဲကွာ . . . စိတ်တော့ မကောင်းဘူး သူငယ်ချင်း၊ ကိုယ် ယဉ်ကျေးကို အခုပဲ အလုပ်ထုတ်ပစ်လိုက်ပြီ အဲဒါ မင်းရဲ့ရှေ့မှာ ကိုယ် ကြေငြာမှ သူ ဒီအခန်းထဲက ထွက်နိုင်မယ်ဆိုလို့ မင်းကို ခေါ်လိုက်ရတာ"

"ဘာ . . . ဘာတွေဖြစ်လို့လဲ၊ ဘာဖြစ်လို့ ငါ့သမီးကို မင်းက အလုပ်ထုတ်လိုက်ရတာလဲ၊ ယဉ်ကျေး . . . မင်း ဘာအပြစ်တွေများ လုပ်လိုက်မိသလဲ၊ ဖေဖေ့ကို ပြောစမ်း . . ."

ဖေဖေ တာကယ်ပင် ထိတ်ထိတ်ပျာပျာ ဖြစ်





သွားပုံရပါသည်။ ယဉ်ကျေးသည် ဖေဖေ့ကို မကြည့်ဘဲ အန်ကယ်လေးကိုသာ ကြည့်လျက် အဖြေပေးလိုက်သည်။

"သမီး ဘာအပြစ်မှ မလုပ်ပါဘူး ဖေဖေ၊ ကြိုးစားပြီးတော့ အလုပ်လုပ်ပါတယ်၊ အခုဖြစ်တဲ့ ပြဿနာက သမီးသိချင်တဲ့ မေးခွန်းတစ်ခုကို အန်ကယ်လေးကို မေးမိတယ်၊ အဲဒါကို အန်ကယ်လေးက မဖြေဘဲ သမီးကို ဘာအပြစ်မှ မရှိဘဲ အလုပ် ထုတ်ပစ်လိုက်တာပါ"

"နေစမ်းပါဦး သမီးက ဘာမေးခွန်းမေးလို့လဲ"

အန်ကယ်လေး၏ မျက်နှာပေါ်မှာ တုန်လှုပ်ချောက်ချားခြင်းများ ဖြာထသွား၏။ ယဉ်ကျေး စိတ်မကောင်းပါ။ မျက်လုံးတွေကို စုံမှိတ်လိုက်ပြီး မျက်နှာတစ်ခုလုံး-ထူပူရှက်အန်းသွ[illegible]ကြားမှ ထိုစကားကို ဇွတ်မှိတ်၍ ပြောလိုက်ရသည်။

"အန်ကယ်လေး သမီးကို ချစ်နေသလား ဆိုတဲ့ မေးခွန်းပါ . . ."

"ဘာ . . ."

ဖေဖေ့ရဲ့ အသံက ဟိန်းခနဲထွက်လာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ ရုတ်ချည်း တိတ်ဆိတ်ကျသွားတော့သည်။ အန်ကယ်လေးက တစ်ဖက်သို့ ကျောခိုင်းပစ်လိုက်သည်။

"ဘာဖြစ်လို့ သမီးက အဲဒီမေးခွန်းကို မေးရတာလဲ၊ ဖေဖေ နားမလည်ဘူး၊ သမီး ဘာတွေ ဖြစ်နေတာလဲ၊ ကိုယ့်အလုပ်ရှင်ကို ဒီလိုမေးခွန်းမျိုး မေးစရာလား၊ သမီး အဲဒီလောက် မိုက်လိမ့်မယ်လို့ကို ဖေဖေ ထင်မထားတာ၊ ဆောရီးပဲကွာ . . . ရွှန်းဝေ၊ မင်းကို ကိုယ် တောင်းပန်ပါတယ်၊ မင်း ငါ့သမီးကို အလုပ်ထုတ်ပစ်လိုက်တာ မမှားပါဘူး၊ ငါ ကျေနပ်ပါတယ်၊ ငါ့သမီးကြောင့် မင်း အနှောင့်အယှက် ဖြစ်သွားခဲ့တယ်ဆိုရင် ငါ အနူးအညွတ် တောင်းပန်ပါတယ်၊ ကဲ . . . လာ သမီး၊ ဖေဖေတို့ ပြန်ကြမယ်၊ ဖေဖေနဲ့ အခုချက်ချင်း လိုက်ခဲ့ . . ."

ဖေဖေက ဒေါသလည်းထွက် ရှက်လည်း ရှက်သွားပုံဖြင့် ယဉ်ကျေး၏ လက်တစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲခေါ်လိုက်၏။ ယဉ်ကျေးသည် ဖေဖေ့လက်ထဲမှ ဆောင့်ရုန်းထွက်လိုက်ပြီး ခေါင်းကို ခါရမ်းပစ်လိုက်သည်။





"ဟင့်အင်း ဖေဖေ၊ သမီး မလိုက်နိုင်သေးဘူး၊ သမီး မေးထားတဲ့ မေးခွန်းကို အန်ကယ်လေး ဖြေပြီးမှ သမီး ဖေဖေနဲ့ ပြန်လိုက်မယ်"

"တောက် . . ."

ဖေဖေ တက်ခေါက်သံက အခန်းထဲမှာ ကျယ်လောင်စွာ မြည်ဟီးသွား၏။ ယဉ်ကျေးသည် ခန္ဓာကိုယ်ကလေး ဆတ်ခနဲ တုန်အောင် လန့်သွားသော်လည်း ဇွဲကောင်းစွာပင် အလျှော့မပေးဘဲ ပေကတ်၍ ထိုင်ခုံမှာ ဆက်ထိုင်နေလိုက်သည်။ အန်ကယ်လေးထံမှ ဘာသံမှ မကြားရ။ အန်ကယ်လေးကို ကြည့်ရသည်မှာ အလွန် သနားဖို့ ကောင်းနေပါသည်။

"အရှက်မရှိတဲ့ သမီးကွာ၊ မင်း ဖေဖေ့ကို သတ်နေတာလား၊ ဘာဖြစ်လို့ အဲဒီလို လုပ်နေရတာလဲ၊ ဘာမှ မေးစရာမလိုဘူး၊ အခုချက်ချင်း ပြန်လိုက်ခဲ့၊ သမီး ဖေဖေ့ အရှက်ကို မခွဲနဲ့နော်၊ တော်တော်မိုက်တဲ့ သမီးကွာ၊ မင်း ဖေဖေ့ကို အဲဒီ အရှက်ခွဲတဲ့နည်းနဲ့ သတ်လိုက်တာပဲ"

ဖေဖေ့ရဲ့ မျက်နှာပေါ်မှ အသားစိုင်တွေ အ



www.burmeseclassic.com

www.burmeseclassic.com



ကြောမျှင်တွေ တဆတ်ဆတ် တုန်နေသလောက်အောင်ပင် ဒေါသတကြီး ဖြစ်နေသည်။ ယဉ်ကျေးသည် အဲဒီတော့မှ ဖေဖေ့ကို နာကြည်းစွာ ရင်ဆိုင်ကြည့်လိုက်ရင်း ရင်ထဲမှာ စီစဉ်ထားသော စကားလုံးတွေကို တစ်ခွန်းချင်း ပြောလိုက်သည်။

"ဟင့်အင်း . . . ဖေဖေ့ကို သမီး မသတ်ပါဘူး၊ ဖေဖေကသာ သမီးကို သတ်ခဲ့တာပါ၊ သမီးရဲ့ နှလုံးသားကို ဖေဖေပဲ သတ်ခဲ့တာ၊ ဖေဖေ့ရဲ့ မာနနဲ့ အတ္တတွေ ဖေဖေရဲ့ အမုန်းတွေက သမီးတို့ ချစ်သူနှစ်ယောက်ရဲ့ နှလုံးသားတွေကို သတ်ခဲ့တာပါ။ လောကမှာ လူရှင်သန်ဖို့ထက် နှလုံးသား ရှင်သန်ခွင့်ရဖို့ကသာ အရေးကြီးတာပါ . . . ဖေဖေ၊ သမီး သေဆုံးခဲ့တာကြာပါပြီ၊ ဖေဖေ သမီးကို ဆုံးရှုံးခဲ့ရမှန်း ဖေဖေ မသိခဲ့ဘူး မဟုတ်လား"

ယဉ်ကျေးသည် ဒေါသတကြီး နှင့်သီးစွာဖြင့် ရှိုက်ငင်သံစွက်လျက် ဖေဖေ့ကို အဆက်မပြတ် ပြောနေသည်။ ဖေဖေက မင်တက်အံ့ဩစွာဖြင့် ယဉ်ကျေးကို စိုက်ကြည့်နေသည်။

ဝီရသည် သို့မျက်စိရှေ့မှာ မြင်နေရသော





သမီးကို နာကျင်တုန်လှုပ်ခြင်းဖြင့် မှင်တက်စွာ ငေးကြည့်နေမိသည်။ သူ့အပေါ် သူ့သမီး ဒီလောက်နာကြည်းနေခဲ့မှန်း သူ လုံးဝမရိပ်မိခဲ့။ သမီးသည် သူချစ်သူကောင်ကလေးကို အလွယ်တကူပင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားလိမ့်မည်ဟုသာ သူ ထင်ထားခဲ့သည်။ အခုတော့ မျှော်လင့်မထားသောနည်းဖြင့် သမီးက သူ့ကို လက်စားချေခဲ့ပြီ။

"ရွှန်းဝေ . . . ငါ တောင်းပန်ပါတယ်၊ သမီး တမင်သက်သက် ငါ့ကို လက်စားချေနေတာကွ၊ ငါ သူနဲ့ သူ့ချစ်သူ ကောင်လေးကို ခွဲခဲ့တာကို သူ လုံးဝ အခဲမကျေဘူး။ အဲဒါကြောင့် မင်းကို တန်ဆာခံအဖြစ် အသုံးချခဲ့တာပါ၊ ငါ့သမီးကို တစ်မျိုးမထင်ပါနဲ့ကွာ၊ သူ့ရင်ထဲမှာ ငါ့ကို ဘယ်လောက် နာကြည်းနေသလဲဆိုတာ ငါ အခုမှပဲ သိခွင့်ရလိုက်တာပါ"

ဝီရက သူငယ်ချင်း ရွှန်းဝေဆီသို့ လျှောက် ...လိုက်ကာ ရွှန်းဝေ၏ ပခုံးတစ်ဖက်ကို အသာကိုင်လိုက်ရင်း ...တောင်းပန်ပန် ပြောလိုက်၏။ ရွှန်းဝေက သူ့ဘက်သို့ ...ကြည့်လိုက်သည်။ ထိုအခါ ရွှန်းဝေ၏ မျက်နှာပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ခံမိအမှု အာရိုပ်အရှောင်တချို့ကို သူ အမှတ်တမဲ့ လျှပ်တစ်ပြက် မြင်မိသွားလိုက်ရသည်။ ထုံး [illegible] ပြောင့် သူ တော်တော်လေး တုန်လှုပ်သွား၏။ သမီး ဘာကြောင့် ထိုမေးခွန်းကို မေးရသလဲဆိုတာ သူ ချက်ချင်း နားလည် သဘောပေါက်သွား၏။ ထိုမေးခွန်းကို ရှန်းဝေ ဘယ်တော့မှ ဖြေလိမ့်မည်မဟုတ်။ ဖြေစရာ မလိုလောက်အောင်လည်း သူ့မျက်လုံးတွေထဲမှာ အဖြေတို စီရက [illegible] တွေ့ခဲ့ရပြီ။ ဝီရ မျက်နှာတစ်ခုလုံး ဖြတ်အရှိုက်ခံလိုက်ရသူလို နီရဲ နာကျင်သွားတော [illegible]

[illegible] မတ်တွေ [illegible]

[illegible] စိတ်ခွန်းအားပြောလိုက်နိုင်၏။ သူ ရှန်းဝေကိုဆဲ [illegible] ချင်း မဆိုင်နိုင်တော့။ ဒေါသဖြင့် ချာခနဲ လှည့်ထွက်ခဲ့ကာ [illegible] လက်ကို မုထိယ အကြိမ် ဆောင့်ဆွဲ ခေါ်လိုက်၏။ [illegible]

[illegible] သွားကြို [illegible] သမီးကို မေမေ အပြစ်မပြော [illegible]

[illegible] သမီး [illegible] မဖြစ်သေးဘူး [illegible]

[illegible] အဖြေကို [illegible]





[illegible] ယဉ်ကျေးသည် ခေါင်းမာစွာဖြင့် ပေကတ်ကုပ်တွယ် ထိုင်နေ၏။ မေမေသည် အံ့ဩနာကျင်စွာဖြင့် ဘာလုပ်လို့ ဘာကိုင်ရတော့မှန်း မသိတော့သလို ဖြစ်သွားကာ [illegible]

"ဘာဖြေစရာ လိုသေးသလဲ၊ အဲဒီအဖြေကို သိရတော့ရော သမီးအတွက် ဘာထူးခြားမှာ မို့လို့လဲ၊ သူ့ ဖြေစရာ မလိုတော့ဘူး၊ သူ့ကို ဖြေခွင့်လည်း မေမေ မပေးနိုင်ဘူး၊ မေမေ ယုံကြည်စိတ်ချထားခဲ့တဲ့ [illegible] ထင်ကြီးတဲ့ မေမေ့ရဲ့ သူငယ်ချင်းကိုတောင် ယုံကြည်စိတ်မချရတော့ရင် [illegible] ယုံကြည်စရာ မလိုတော့ဘူး၊ [illegible]

[illegible] သမီး [illegible]

[illegible] မသိဘူး [illegible]

[illegible] အမြဲရမှာ [illegible]

"မဖြေရဘူးလို့ [illegible] ပြောတော့ [illegible] လား၊ [illegible] သမီး [illegible] ဖြစ်လို့ အဲဒီ [illegible] ခေါင်းမာနေရတာလဲ၊ [illegible] သမီး [illegible] ဖြစ်ချင်တာလဲ၊ မေမေ့ကို [illegible]

[illegible]



www.burmeseclassic.com

www.burmeseclassic.com



မေမေက ရုတ်တရက် ဒေါသပေါက်ကွဲသွားသလို ယဉ်ကျေးကို ရိုက်ပစ်တော့မည့်ဟန် လက်ရွယ်ပစ်လိုက်သည်။ ယဉ်ကျေးက လုံးဝ မမှုချေ။ ထိုအချိန်မှာ အနက်ကယ်လေးက ယဉ်ကျေးဘက်သို့ လှည့်လာ၏။

"ကိုယ် မဖြေချင်တဲ့ မဖြေနိုင်တဲ့ မေးခွန်းကို မင်း ဇွဲကောင်းကောင်းနဲ့ ရှုတ်တောင်းနေမဲ့အစား တခြား အခွင့်အရေး တစ်ခုခု မင်းပြောင်းပြီး တောင်းလိုက်ဖို့ ကောင်းတယ် ယဉ်ကျေး။ ပြောစမ်း . . . မင်း ဘာဖြစ်ချင်တာလဲ၊ ကိုယ်သိရသလောက်ကတော့ မင်း ကိုယ့်ဆီက အဖြေကို လိုချင်တာ အဓိက မဟုတ်ပါဘူး။ အဲဒါရဲ့ နောက်ကွယ်မှာ မင်းလိုချင်တဲ့ အခွင့်အရေး တစ်ခု ရှိနေပါတယ်၊ ဟုတ်တယ်မှတ်လား၊ အဲဒီ အခွင့်အရေးက ဘာလဲ၊ အခု မင်းမေမေနဲ့ ကိုယ့်ရဲ့ရှေ့မှာ အဲဒီ အခွင့်အရေးကို မင်း တောင်းလိုက်လေ . . ."

ယဉ်ကျေးသည် အနက်ကယ်လေးကို ဒီထက်ပို၍ ဆက်၍ မနှိပ်စက်ရက်တော့။ အနက်ကယ်လေးပြောသည်မှာ အမှန်ပဲဖြစ်သည်၊ ယဉ်ကျေးလိုချင်သည်မှာ အနက်ကယ်လေး





ဆီမှ ဝန်ခံမည့် အဖြေစကားမဟုတ်၊ အဲဒီအဖြေကို ယဉ်ကျေးသိထားပြီးသားပဲ။ ယဉ်ကျေး၏ ကုတ်အင်္ကျီအိတ်ထဲမှာ အနက်ကယ်လေး၏ အဖြေက ရှိနေပြီးသားပဲ။

"အဲဒီ အခွင့်အရေးကို သမီး တောင်းရမလား မေမေ"

ယဉ်ကျေးက မေမေ့ကို ကြည့်လျက် မေးလိုက်သည်။ မေမေက မထူးတော့ပြီမို့ စိတ်လျှော့ပစ်လိုက်သော မျက်နှာထားမျိုးနှင့် ဟိုတစ်ဘက်ကြည့်ကာ ခေါင်းညိတ်ပြ၏။ ယဉ်ကျေးသည် မေမေ့ကိုရော အနက်ကယ်လေးကိုပါ မကြည့်တော့ဘဲ ခေါင်းကို ငုံ့ချလိုက်ပြီး ခပ်တိုးတိုး တောင်းဆိုလိုက်၏။

"သမီးရဲ့ နှလုံးသားကို ပြန်ရှင်သန်ခွင့်ပေးပါ မေမေ၊ သမီးရဲ့ ချစ်သူကို သမီးကို ပြန်ပေးပါ၊ သမီး သူကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး . . ."

ယဉ်ကျေး၏ တိုးမှုမှု စကားကလေးအဆုံးမှာ မေမေရော အနက်ကယ်လေးပါ ကိုယ်စီကိုယ်ငှ ခေါင်းတွေ ငိုက်ငိုက်ကျသွားတော့၏။ အဲဒီနောက်တော့ အခန်းတစ်ခုလုံး အသက်ရှူသံ သဲ့သဲ့ကိုပင် ပြန်ကြားနေရလောက်အောင် တိတ်ဆိတ် ငြိမ်သက်သွားခဲ့ပါသည်၊ ပထမဆုံး စတင်၍ လှုပ်ရှားသူ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဆိုခဲ့သည်။ အနက်ရောင်လေးက မေဖေ့နှင့် [illegible] ကြည့်လိုက်တော့ [illegible]

"ကလေးတွေကို ချစ်ဖို့နဲ့ ပြန်မွေးလိုက်ပါကွာ ဟုတ်တယ် [illegible] ဆိုတာ မရှိပါဘူး။ ကိုယ် [illegible] သိမ်းထားပြီးနေတာထက် ကိုယ် [illegible] မှတ်သား တန်တယ် [illegible] ဆိုတဲ့ [illegible] ဖြစ်တဲ့ပါ [illegible] အနက်ရောင်လေးတို့ ထိုစကားတို့ ပြောပြီး [illegible] ရောက်သွားလေသည်။ အခန်းထဲမှာ [illegible] စိုက်ကျောက်တည်းသော [illegible] ကြားရ၏။ ယဉ်ကျေးက" မျက်ရည်တို့ [illegible] မေဖေ့ကို [illegible] ကြည့်လိုက်မိသည်။ [illegible] လေးစား [illegible] Role Model တစ်ယောက်အဖြစ် [illegible] အနက်ရောင်လေး [illegible] [illegible] ဖြစ်ခဲ့ရသော [illegible]





အမှန်ဖြစ်ပေါ်လိုက်သလို ဖြစ်သွား [illegible] ကြောင့်ရော မေဖေ့ရဲ့ မျက်နှာပေါ်မှာ ခံစားမှုတွေ အပြောင်းအလဲတွေ စာရိပ်ရိပ် ထင်နေသည်။ [illegible] တစ် ဖက်တည်း [illegible] . . [illegible]

"[illegible] သမီး လေး . . . ပြန်ကြမယ်၊ သမီးတောင်းတဲ့ အခွင့်အရေးကို မေမေပေးတယ်၊ ဒါဆို [illegible] ပြီးရောမှတ်လေ [illegible]

[illegible] ရှုံးကိုရှက်တာနဲ့လို ရှက်ရမ်းရမ်းသလို [illegible] ပြောလိုက်ကာ ယဉ်ကျေး၏ ဦးခေါင်းကို [illegible] [illegible] လိုက် [illegible] [illegible]

[illegible] အခွင့်အရေး [illegible] မေမေ့ကို ပေးထားတဲ့ [illegible] ကတိကို [illegible] ပြီးတော့ [illegible] မေမေ့ကို ပေးထားတဲ့ ကတိကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးတက်က မျက်ခုံးနောင် သူက အမျက်မှာ မဟုတ်ဘူး"

"အမလေး မှန်နေလိုက်တာကွာ၊ တော်စမ်းပါ . . . မိကောင်မှား၊ လာ . . . ကားမရှည်နဲ့"

မေမေက ယဉ်ကျေး၏လက်ကို ဆောင့်ခနဲ ဆွဲခေါ်ကာ အခန်းထဲမှ စပ်သွက်သွက် လျှောက်လှမ်းလာခဲ့သည်။ ယဉ်ကျေးသည် မိတစ်ပါတော့ ခေါင်းမော့မကြည့်မနေ တော့ဘဲ မေမေခေါ်ရာနောက်သို့ ကပိုကရိုလေးပင် ပါသွား ခဲ့ကာ တနင်္ကာလေးမျှား တစ်နေရာရာမှာ ရှိနေမလားဟု မျက်ဝန်းများ လှုပ်ရှားကာသားရင်း တနင်္ကာလေးကို ရှာဖွေ ကြည့်မိသည်။ အနည်းဆုံးတော့ တနင်္ကာလေးကို နှုတ်ဆက် သွားသင့်တာပေါ့။ သို့သော် တနင်္ကာလေး၏ အရိပ်အယောင် ကိုမျှ ရှာမတွေ့ရချေ။ မှုထဲမှ လူတချို့၏ ငူငေးငေးစုသော မျက်ဝန်းတွေကို ရင်ဆိုင်ရသည်။ သို့သော် အိပ် ဂရုမစိုက်ချင် တော့။ မနက်ဖြန်ဆိုပြီ ဒီမှုကို လာစရာမှ မလိုတော့တဲ့ ဥစ္စာ၊ သူတို့အားသာ ဘယ်လိုထင်ထင်ပေါ့။ ဒါပေမယ့် တနင်္ကာလေး ကိုတော့ နည်းနည်း သနားနေသည်၊ သူတစ်ယောက်မှာ ဝါဟာ





ပထမဆုံးအကြိမ် ဖြစ်ချင် ဖြစ်လိမ့်မည်၊ ဒါဒီ ပထမဆုံး အကြိမ်မှာပဲ တနင်္ကာလေး ကံမကောင်းခဲ့၊ ဒါဒီအတွက် ယဉ်ကျေးလဲ ဘယ်လိုမှ မတတ်နိုင်၊ အချစ်ဆိုသည်မှာ တစ်ခု တစ်ယောက်ကို ချစ်မိပြီဆိုလျှင် ဘယ်လောက် သစ္စာ မြဲမြဲ တတ်ကြောင်း တနင်္ကာလေးလဲ အလိုလိုနားလည်သွားမှာပါ။

တာ်း . . . နှုတ်ဆက်ခဲ့ပါတယ် ခရမ်းရောင် သစ္စာရယ်။

၁၁၁

www.burmeseclassic.com

www.burmeseclassic.com





အခန်း . . . (၈)

"ဟော့ကောင် . . . ဆန်းသစ် ငါတို့နောက်မှာ ဦးဝီရရဲ့ ကား တောက်လျှောက်မှုလာတယ်၊ မင်း သတိထားမိလား"

"အေး . . . သတိထားမိတယ်၊ ကားပေါ်မှာ ဦးဝီရ တစ်ယောက်တည်း မဟုတ်ဘူး၊ ဘေးမှာ ပိုလိုက်လည်း ပါလာတယ်၊ အဲဒါ ဘာသဘောလည်း မသိဘူး"

"ဘာသဘောလည်း သိချင်ရင် မင်း ကားကို တစ်နေရာ ရာမှာ ရပ်လိုက်ပေါ့"

"အေး . . . ဒီနားက MR. Lonely နဲ့ နီးနေပြီ၊ MR. Lonely ထဲပဲ ဝင်လိုက်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်က ပြောရင်း ကားကို MR.Lonely ဆိုင်ဝင်းအတွင်းသို့ ဝင်ရပ်လိုက်သည်။ သူတို့ မျှော်လင့်သောသည့် အတိုင်းပင် ဦးဝိရ၏ ကားကလည်း MR.Lonely ထဲသို့ လိုက်ဝင်လာကာ သူတို့၏ ကားရှေ့တည့်တည့်မှာ ကန့်လန့်ဖြတ် ပိတ်ရပ်လိုက်၏။

"ဟော ... တွေ့လား။ ဒါဒါ ရန်ဝေ့ သဘောပဲ"

"သူ လူကြီးပဲကွာ။ တဲ့ဒီလောက်မှ လူကြီးမဆန်ရင်လည်း တွေ့ကြရမှာပေါ့။ ကဲ ... မင်းတို့ ကားပေါ်ကနေ ဆက်ချင်း ဆင်းမလာကြနဲ့ဦး။ ကားပေါ်မှာပဲနေ ...၊ ငါ ဆင်းတွေ့လိုက်မယ်၊ သူ ဘာပြောချင်တာလဲ မသိဘူး"

ဆန်းသစ်က ကားပေါ်မှ ဖျတ်ခနဲ ဆင်းလာခဲ့ကာ သူ့ရဲ့ ကားရှေ့တည့်တည့်မှာ ပေါ်တင်ကြီး ပိတ်ရပ်ထားသော ဦးဝိရ၏ ကားတံခါးဘေးနားမှာ သွားရပ်လိုက်သည်။

"ဟန်ကယ် ... ကျွန်တော်နဲ့ ပြောစရာတစ်ခုခုများ ရှိလို့လား"

သူ အတတ်နိုင်ဆုံး ကြိုးစားပြီး ဝိုလိုက်ကို မကြည့်မြင်စေအောင် သတိထားရင်း ဦးဝိရကိုသာ စိုက်ကြည့်လိုက်





သည်။ ဦးဝိရ၏ မျက်နှာက အဓိပ္ပါယ်တစ်မျိုးတော့ ရှိနေသည်။ သို့သော် ထိုအဓိပ္ပါယ်ကို သူ မဖေါ်တတ်၊ ဝိုလိုက်ဆီသို့ လှမ်းမကြည့်မိအောင်ကြောင့် ဝိုလိုက်၏ မျက်နှာကလေး မည်သို့ရှိမည် ဆိုတာကိုလည်း သူ မသိချေ။

"အေး ... ဟုတ်တယ်၊ မင်းနဲ့ငါ နှစ်ယောက်တည်း ပြောစရာရှိတယ်၊ ကဲ ... လာ ဆိုင်ထဲကိုလိုက်ခဲ့"

ဝိရက ခပ်တင်းတင်းပြောရင်း ကားပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းလိုက်ကာ ကားထဲမှာ ထိုင်နေသော ယဉ်ကျေးဆီသို့ ...

"သမီးလည်း လာလိုက်ခဲ့ ..."

ဟု ခပ်တင်းတင်းပြောပြီး ရှေ့ဆုံးကနေ ဆိုင်ထဲသို့ လျှောက်ဝင်သွား၏။ ယဉ်ကျေးသည် ဆန်းသစ်ဆီသို့ တစ်ချက် လှမ်းကြည့်မိလိုက်ခဲ့ ဆန်းသစ်နှင့် အကြည့်ချင်း ဆုံသွားကြ၏။ ဆန်းသစ်၏ မျက်နှာက ပဟေဠိမျက်နှာ။ မေးခွန်းတွေ ပရှုပ်နှင့် ယဉ်ကျေးကို စိုက်ခနဲ တစ်ချက်ကြည့်ပြီး ဆိုင်ထဲသို့ လိုက်ဝင်လာခဲ့သည်၊ ဆိုင်ထဲမှာ လူတော်တော်ရှင်းနေသည်။ ဝိရက စားပွဲတစ်ခုပေါ်မှာ ဝင်ထိုင်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်ကလည်း သူနဲ့ မျက်နှာချင်းဆိုင်မှာ စစ်ထိုင်လိုက်သည်။ ယဉ်ကျေးကို မေမေ့ဘေးမှာ ဝင်ထိုင်လိုက်ရင်း မေမေ ဘာပြောမလဲဆိုတာကို အကဲခတ်နေ၏။

ဝီရသည် ဆန်းသစ်၏ မျက်နှာကို အံ့ဩမှုဖြင့် သေသေချာချာ စိုက်ကြည့်မိသည်။ ငယ်နု ပျိုမျစ်သော လူငယ်လေးတစ်ယောက်၏ မျက်နှာပေါ်မှာ သူ ဘယ်တုန်းကမှ အထင်ကြီး မျှော်လင့်မထားခဲ့သော ဂုဏ်သိက္ခာနှင့် ကတိသစ္စာစောင့်ထိန်းမှုကို တည်ငြိမ်စွာ တွေ့ရလေသည်။ ဆန်းသစ်၏ မျက်နှာက ခါတိုင်း သူ မြင်တွေ့ခဲ့ရသော ဆော့ကြွားကြွား မြောက်ကြွကြွ ထိမထင် မျက်နှာပေးမျိုး မဟုတ်။ တကယ့်ကို လေးနက်တည်ငြိမ်စွာ ဤကြွေရနေသော ပုံစံမျိုး။ သမီးဆီသို့လည်း မယောင်၍မျှဝင် မကြည့်ဘဲ သူ့ကိုသာ စိတ်ဝင်တစား ဟန်ဖြင့် စိုက်ကြည့်နေသည်။

"ဒါ... မင်းနဲ့ ဒုတိယအကြိမ် ပြန်စိန်ခေါ်ချင်လို့ဘာဖြစ်လို့လဲဆိုတော့ ငါ့သမီးက ပြောတယ်၊ ငါတို့ပြိုင်ခဲ့ကြတဲ့ ပြိုင်ပွဲမှာ တကယ်တမ်းပြောရရင် သရေကျတဲ့... နိုင်ခဲ့တဲ့ လက်မှတ်အစောင်တစ်ရာဟာ ငါ့





သူငယ်ချင်းက သူ့မွေးနေ့ အထိမ်းအမှတ်အဖြစ် ပေးခဲ့တဲ့ လက်မှတ်အစောင်တစ်ရာဖြစ်နေလို့တဲ့၊ အဲဒီတော့ ငါ မင်းကို မတရားသဖြင့် အနိုင်မယူချင်ဘူး၊ ဒါကြောင့် မင်းကို ဒုတိယအကြိမ် အခွင့်အရေးနဲ့ ပြန်ပေးတာ၊ အဲဒါကို မင်း ဘယ်လို သဘောရလဲ"

ဦးဝီရ၏ စကားကို သူ လုံးဝမျှော်လင့်မထားသဖြင့် အံ့ဩစိတ်ဖြင့် သူ့ရင်ထဲ ထိတ်ခနဲ ခုန်သွား၏။ သူ ပိုလိုက်ကို ဆုံးရှုံးခဲ့ပြီလို့ ထင်ထားတာ။ မမျှော်လင့်ဘဲ ဒုတိယ အကြိမ် အခွင့်အရေးကို သူမဖေဖေ ကိုယ်တိုင်က သူ့ရှေ့တည့်တည့်မှာ လာပြန်ပေးလိမ့်မည်ဟု သူ အိပ်မက်တောင် မမက်ဘူးခဲ့။

"ကျေးဇူးတင်ပါတယ် ... အန်ကယ်၊ ပြန်ကြိုးစားခွင့်ရရင် ကျွန်တော် ပြန်ကြိုးစားကြည့်ချင်ပါတယ်"

"အိုကေ... ကောင်းပြီ၊ မင်းနဲ့ငါ ယောကျ်ားချင်းပဲ၊ ဒီတစ်ခါတော့ လက်ရုံးချင်း ယှဉ်ပြိုင်လိုက်ရအောင်၊ မင်းနဲ့ငါ လက်လျှော်ကြမယ် ... တယ်လီယံ

... ဖေဖေ့ရဲ့ စိန်ခေါ်စကားကြောင့် ယဉ်ကျေး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကလေး ဆတ်ခနဲ ပန်းသွားကာ မေမေဟု . . . ယောင်ယမ်း၍ အော်လိုက်မိသည်။ ဟဲဒီလို လက်လှဲကြွျှင် မေမေ့လို တောက်တစ်ကြိုနိုင်သော ဖလကြီးနှင့် ဆန်းသစ်လို ဝိန်ဝိန်သွယ် သွယ် ဝိန်နီလိန်ရှိကလေးကို တအားကလေးပင် အနိုင်ယူပစ် လိုက်နိုင်မှာပေါ့။ မေမေတော့ ညစ်ပြီဟု ဓျေးလိုက်မိသော ကြောင့် ယဉ်ကျေးက အော်လိုက်မိခြင်း ဖြစ်သည်။ မေမေက ယဉ်ကျေးကို အားမ ဝင်မပြောနဲ့ဟူသော ပုံစံမျိုးဖြင့် လက်ကာ ပြရင်း . . .

"သမီးက ပိုင်လှပ်ပေါ့ ကဲ . . . ဘယ်လိုလဲ ဆန်းသစ်တဲ့ မင်း ဝါကို ယှဉ်နိုင်ပါ့မလား"

"ကျွန်တော့်ဘဝမှာ မယှဉ်နိုင်ဘူးဆိုတာ ဘာမှ မရှိပါ ဘူး ဗန်ကယ်၊ ကျွန်တော် အစွမ်းကုန်တော့ ကြိုးစား မှာပါ"

ဆန်းသစ်က အကျီလက်မောင်းကို ပင့်တင် လျက် စားပွဲပေါ်မှာ အဆင်သင့်ဟန်ဖြင့် တံတောင်ကို ထောက်တင်လိုက်သည်။ အကယ်တမ်းတော့ ဦးဝိရ စိန်ခေါ် သည်မှာ ဘယ်လိုမှ အရှုံးမှုတမှုမရှိကြောင်း ဆုလည်း





အသိသားပင်။ ဒီလောက် ဖလကြီးနှင့် သူလို ဂျပိန်ကလေး ဘယ်လိုလုပ်ပြီး ယှဉ်နိုင်မှာတဲ့တုန်း။ သူ့ လက်မောင်းရိုးကလေး တွေက ကြံဆစ်ရိုးသာသာမျှသာရှိတာ။ တီရှပ်လက်တို ဝတ် ထားသော ဦးဝီရ၏ လက်မောင်းကြွက်သားတွေက ဖုထစ် ဖောင်းကြွကာ သူ့ကို သရော်လှောင်ပြောင်နေသလိုပင်။ သို့သော် . . . ဘာပဲဖြစ်ဖြစ် သူ အရှုံးမပေးဟု ဆုံးဖြတ်လိုက် သည်။ နောက်ဆုံး အခြေအနေအထိ သူ မရရအောင်ကို ကြိုးစားပြီး လှဲမည်။ ကံတရားက သူ့ဘက်မှာ မရှိဟု ဘယ်သူ ပြောနိုင်မလဲ။

ဝီရက ဆန်းသစ်၏ မျက်လုံးတွေကို သဘော ကျသွားသည်။ အဲဒါ ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာပဲ။ ယောကျ်ားတစ်ယောက်မှာ ဘယ်လိုစိန်ခေါ်မှုမျိုးကိုမဆို မငြင်း မဆန် ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ သတ္တိမျိုး ရှိရမည်။ ကိုယ် ရှုံးမည်ဆို တာကို သိနေခဲ့လျှင်တောင် နောက်ဆုတ် ရှောင်ပြေးခြင်းမရှိဘဲ ရင်ဆိုင်နိုင်တာကိုက ယောကျ်ားတစ်ယောက်၏ အရည်အချင်း ပဲ။

"ကဲ . . . လာ"



www.burmeseclassic.com

www.burmeseclassic.com



ဝီရက ကျက်ကို စားပွဲ ပါမှာ တံတော
ထောက်လျက် တင်လိုက်ကာ ဆန်းသမ်ကို စိ ခေါ်သော
အကြည့်ဖြင့် ကြည့်လေသည်။ ဆန်းသစ်ကလည်း ဦးဝီ
လက်ဖဝါးတွေကို သူ့လက်ဖဝါးဖြင့် ဆုပ်ကိုင် ချိတ်ယူလိုက်
အဆင်သင့်ပြင်ထားလိုက်သည်။

"ကဲ . . . သမီး တစ်နှစ်သုံး ရေပေးပါ"

ယဉ်ကျေးသည် မျက်နှာကလေး မဲ့နေသ
ဒီပွဲမှာလည်း ဆန်းသစ် ရှုံးမယ်ဆိုတာ အသိသာကြီး
အကယ်၍ ဒီတစ်ခါလည်း ဆန်းသစ်ရှုံးသွားခဲ့လျှင် ယဉ်
ဘာလုပ်မလဲ။ ဖေဖေ တမင်သက်သက် ညစ်နေတော့မှာ
သိသိကြီးနှင့် ထိုပွဲမှာ ဒိုင်သူကြီး လုပ်ရမှာ အတော်
အောင့်သီးအောင့်သက်ဖြစ်နေသည်။ သို့သော် . . . ဖေဖေ
ညစ်လျှင် ယဉ်ကျေးလည်း ညစ်မှာပဲဟု ဆုံးဖြတ်ကာ . . .

"စမယ် . . . ရယ်ဒီ ဝမ်း . . . တူး . . . သရီး"

ဟု အော်ပေးလိုက်သည်။ ယဉ်ကျေးဆီမှ သ
ဟူသော အသံ ထွက်လာသည်နှင့် ဖေဖေနှင့်ဆန်းသစ်တို့
ကြိတ်အနယ်ပင် စတင်၍ လက်ချင်းလှဲကြသည်။ ယဉ်





သည် စိတ်လှုပ်ရှားစွာဖြင့် ဖေဖေ့မျက်နှာကို တစ်လှည့်၊ ဆန်းသစ်မျက်နှာကို တစ်လှည့် ဘေးကနေ ကြည့်ကာ ခြေထောက်ကလေးတွေပင် တဆတ်ဆတ်ဖြင့် ခုန်ဆွဆွ ဖြစ်နေသည်။ ဝီရနှင့် ဆန်းသစ်တို့သည် တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်း စူးရှစွာ စိုက်ကြည့်နေမိကြလျက် အံကို တင်းတင်းကြိတ်ကာ လက်ချင်း လှဲကြသည်။ ဆန်းသစ်သည် ဦးဝီရ၏ အင်အားကို ဘယ်လိုမှ တောင့်ခံနိုင်စွမ်းမရှိ။ အံတင်းတင်းကြိတ်ကာ မျက်နှာပေါ်မှ မေးရိုးအကြောတွေ တင်းလာသည်အထိ အားစိုက်လျက် ဦးဝီရ လှဲချနေသော သူ့ရဲ့ လက်ကို မနည်းကြီး ပြန်၍ ပင့်ထူမတ်နေရသည်။ သူ့ဆီမှ အသက်ပြင်းပြင်း ရှူသံတွေ ထွက်နေသလောက် ဦးဝီရကတော့ ခပ်အေးအေးပင်။ သားကောင်ကလေး တစ်ကောင်ကို စချင်တိုင်း စ,နေသော ကျားသစ်တစ်ကောင်နှင့် တူလှသည်။

ဝီရသည် ဆန်းသစ်အံ့ကို အသာကလေးပင် လှဲချပစ်လိုက်နိုင်သော်လည်း သူ ဘယ်လောက်အထိ ကြိုးစားတောင့်ခံနိုင်မလဲဆိုတာကို သိချင်သဖြင့် ခပ်တင်းတင်း ဖိချလိုက်၊ အသာကလေး အခွင့်အရေး ပြန်ပေးလိုက်နှင့် ဆန်းသစ်



www.burmeseclassic.com

www.burmeseclassic.com



ကို ကစားချင်တိုင်း ဆော့ကစားနေသည်။ ရင်ထဲမှာတော့ ရယ်ချင်စိတ်တွေ တလိမ့်လိမ့် တက်လာသည်။ အဲဒါနှင့်အတူ သမီးကို ဒီကောင့်လက်ထဲ ထည့်ပေးလိုက်ရတော့မှာ။ ဒီလောက်တော့ နှိပ်စက်ထားမှဟူသော ညစ်တွေးကလေးက လည်း သူ့ခေါင်းထဲမှာ ရှိနေသည်။ သမီးဆီ လှမ်းကြည့်လိုက် တော့ မျက်လုံးကလေးတွေ ဝိုင်းစက် လက်ဖျားလျှက် စိတ်လှုပ် ရှားနေဟန်ကို အတိုင်းသား တွေ့ရသည်။ အချိန်က တော် တော်ကလေး ကြာမြင့်ပါသည်။ အံ့သြစရာကောင်းသည်မှာ ဆန်းသစ်သည် သူ့ကို လုံးဝ လက်မြှောက် အရှုံးမပေးခြင်း ဘဲ ဖြစ်သည်။ ရနိုင်သမျှ အင်အားကို စုစည်းလျက် သူ့ရဲ့ ဖိအားကို မနည်း တွန်းကန်ပစ်နေသည်။ နာရီဝက်လောက် ကြာလာလျှင် ဆန်းသစ်အံ့ တော်တော် အားအင် ချိနဲ့နေပြီ။ ဒါတောင် သူ လုံးဝ အရှုံးမပေး။ အံတင်းတင်းကြိတ်လျက် မျက်နှာတစ်ခုလုံး နီရဲနေအောင်ပင် အားကြိုးမာန်တက် လက် လှဲနေတုန်းပင်။ သူ့တစ်ကိုယ်လုံး ချွေးတွေဖြင့် ရွှဲနစ်နေသည်။ ဝီရက ဆန်းသစ်၏ မျက်လုံးတွေကို တည့်တည့် စိုက်ကြည့် ရင်း . . .





"ဟိတ်ကောင် . . . မင်း ငါ့သမီးကို တကယ်ချစ်တာ လား"

ဟု ခပ်တိုးတိုး မေးလိုက်သည်။ ဆန်းသစ်က မျက်နှာတစ်ခုလုံး မဲ့ရွဲ့တွန့်လိမ်လျက် သူ့လက်အောက်မှာ လဲ မသွားအောင် မနည်းကြီး ကြိုးစားခုခံနေရင်းမှ . . .

"အရမ်းချစ်ပါတယ် အန်ကယ် . . . အရမ်းကို ချစ်တာ ပါ"

ဟု မောဟိုက်သံဖြင့် ပြန်ဖြေလေသည်။ သူ ရယ်ချင်စိတ်ကို မျိုသိပ်လျက် . . .

"အေး . . . မင်းစကား မင်း မှတ်ထားနော်၊ မင်း ကြောင့် ငါ့သမီး တစ်ခုခုဖြစ်လို့ကတော့ မင်းကိုငါ အသတ်ပဲ၊ ငါ့ သမီးကို အမြဲပျော်ရွှင် စိတ်ချမ်းသာနေ အောင် မင်း ထားရမယ်၊ မင်းကြောင့် ငါ့သမီး ဘယ် တော့မှ စိတ်မညစ်စေရဘူး၊ မျက်ရည်တစ်စက် မကျ စေရဘူး၊ အဲဒီကတိကို မင်း ပေးနိုင်သလား"

"အား . . . သိပ်ပေးနိုင်တာပေါ့ အန်ကယ်၊ ကျွန်တော် ချစ်တဲ့ ကျွန်တော့်ချစ်သူကို ကျွန်တော်က ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲအောင် လုပ်ရမှာလဲ၊ မျက်ရည်ကျအောင် နှိပ်စက်ရမှာလဲ၊ ကျွန်တော့်ကြောင့် သူ့ အမြဲတမ်း ရယ်နေစေရမယ် . . .”

ဆန်းသစ်သည် ဦးဝီရမေးသမျှကို ဖြေရင်း ရင်ထဲမှာ နည်းနည်းတော့ ရိပ်မိလာသလိုလို ရှိသည် . . .။ ပြီးတော့ . . . လက်ချင်း လှဲနေစဉ်မှာလည်း ဒီလောက် အင်အားချင်း မမျှသည့်ကြားမှ အလွယ်တကူ အနိုင်ယူပစ်လိုက်လို့ ရပါလျက်နှင့် သူ့ကို မျှဉ်း၍ အချိန်ဆွဲထားသော ဦးဝီရ၏ သဘောထားကို သူ ရိပ်မိသွား၏။ တစ်ကြိမ်တွင် ဦးဝီရ အငိုက်မိသွားချိန်မှာ သူ အခွင့်အရေးကို အပြည့်အဝ အသုံးချပစ်လိုက်သည်။ ဦးဝီရ၏ လက်ကို အစွမ်းကုန် အားထည့်လိုက်ပြီး လှဲချပစ်လိုက်ခြင်း ဖြစ်သည်။

BURMESE CLASSIC .com

“ဟား . . .”

ဝီရသည် ဟားခနဲ အော်ပစ်လိုက်ရင်း သူ့ကို အနိုင်ယူလိုက်သော ဆန်းသစ်ကို ကျေကျေနပ်နပ်ကြီးပင် အရှုံးပေးလိုက်သလို အမူအရာမျိုးဖြင့် လက်နှစ်ဖက်ကို မြှောက်ပြလိုက်သည်။ ဘယ်တုန်းကမှ သူ အရှုံးမပေးချင်ခဲ့။ အခုတော့





ဆန်းသစ်ကို သူ ကြည်ကြည်ဖြူဖြူပင် အရှုံးပေးခဲ့မိသည်။ ပြီးတော့ သူ့ဘဝတစ်ခုလုံးအတွက် အဖိုးထိုက်တန်ဆုံးသော သူ့သမီးကိုလည်း ဆန်းသစ်၏ လက်ထဲသို့ ရက်ရက်ရောရောပင် ထည့်ပေးလိုက်ဖို့ သူ ဆုံးဖြတ်ခဲ့မိသည်။ ဟိုအရင်က ဆန်းသစ်အပေါ် သူ ထားရှိခဲ့သော သဘောထားတွေ၊ အတ္တ၊ မာနနှင့် အာဃာတတွေ အားလုံးသည် ဘယ်ဆီ လွင့်ပျံ့ ပျောက်ကွယ်ကုန်သည် မသိ။ ဆန်းသစ် အနိုင်ရသွားချိန်တွင် မျက်နှာကလေးတစ်ခုလုံး ပြုံးပြက်လင်းလက်သွားကာ အားပါးတရ ပြုံးလိုက်သော သမီး၏အပြုံးကလေးကို မြင်လိုက်ရရုံဖြင့်ပင် သူ အားလုံးနှင့် လဲလှယ်ဝံ့သွားသည်။ သူ ဘာကြောင့် အဲဒီလို ဆုံးဖြတ်ခဲ့မိမှန်း အခုချိန်မှာ သူ မတွေးချင်သေး။ သမီးကို စိတ်ချမ်းသာချင်တာရယ် သမီးရဲ့နှလုံးသားကို နောက်တစ်ကြိမ် ပြန်ရှင်သန်ခွင့် ပေးချင်တာရယ် အဲဒါကြောင့်ပဲ ဖြစ်လိမ့်မည်။ ပြီးတော့ သူ ရွှန်းဝေကို ဖျတ်ခနဲ ပြေးမြင်၏။ ရွှန်းဝေလို လူစားမျိုးကတောင် သမီးကို မငြင်းဆန်နိုင်ခဲ့။ အဲဒီတော့ သမီးအတွက် စိတ်ချလုံခြုံစရာဆိုလို့ သူ့ချစ်သူ၏ ရင်ခွင်မှတပါး တခြား မရှိတော့နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဒီတစ်ခါတော့ မင်း ငါ့ကို အနိုင်ယူသွားပြီ မင်းကို ငါ ကျေကျေနပ်နပ် အရှုံးပေးလိုက်ပါတယ်၊ အေး . . . မင်းကတိအတိုင်းပဲနော်၊ ငါ့သမီး မျက်နှာ တစ်ချက်ညှိုးတာနဲ့ မင်းအသက်ကို လုံအောင်သာ ထုတ်ထားပေတော့"

ဝီရက ဘာပြောရမှန်းမသိတော့သည်မို့ ဆန်းသစ်ကိုသာ ဖိ၍ ကြိမ်းပစ်ခဲ့ကာ ဆိုင်ကလေးထဲမှ ခပ်သွက်သွက် ထွက်လာခဲ့သည်။ သမီးကို သူ ဘာကြောင့် စိတ်ချလက်ချ ထားပစ်ခဲ့မိမှန်း မသိ။ အို . . . သမီးရဲ့ဘေးမှာ သူ့ချစ်သူ ရှိနေပြီပဲ။

ဖေဖေ ထွက်သွားသည်ကို ယဉ်ကျေးသည် မျက်စိတစ်ဆုံး ငေးကြည့်နေမိရင်း ရင်ထဲမှာ ကြေကွဲသလိုလို လှိုက်ဖိုသလိုလို တစ်မျိုးကြီး ခံစားလာရသည်။ ဖေဖေ တမင်သက်သက် အရှုံးပေးသွားတယ်ဆိုတာ သံသယ ဖြစ်စရာမရှိ။ ဒါကို ဆန်းသစ်လည်း ရိပ်မိပုံရသည်။ ယဉ်ကျေးတို့နှစ်ယောက် အခုမှ စတွေ့ကြသော လူနှစ်ယောက်လို အနည်းငယ် ရှိုးတို့ရှန့်တန့်ဖြင့် ငြိမ်သက်နေကြသည်။ ပထမဆုံး စတင်၍ လှုပ်ရှား





သူက ဆန်းသစ်ဖြစ်သည်။

"ဘာတွေဖြစ်ကုန်ပြီလဲ မသိတော့ဘူး၊ ပိုလိုက်ရဲ့ ဖေဖေကို အခုလို လိမ္မာသွားအောင် ဘယ်လို ပြုပြင်ပေးလိုက်တာလဲ"

ယဉ်ကျေးသည် အန်ကယ်လေးကို ဖျတ်ခနဲ မြင်ယောင်မိသွား၏။ အန်ကယ်လေးကြောင့်ဟု ဘယ်လိုလုပ် ပြောလို့ ဖြစ်မည်နည်း။

"အဲဒါကို ပြောရရင် အရှည်ကြီးပဲ ဆန်းသစ်ရဲ့၊ အဲဒါကြောင့် နောက်မှပဲ အေးအေးဆေးဆေး ပြောပြတော့မယ်၊ အခု ဆန်းသစ်ကို မေးခွန်းတစ်ခု မေးချင်တယ်"

"ဘာမေးမှာလဲ . . . မေးလေ၊ ကျွန်မကို ချစ်နေတုန်းပဲလားလို့ မေးဦးမလို့လား၊ အဲဒါဆိုရင် မေးမနေနဲ့တော့၊ ခုနကလည်း ယောက္ခမကြီး မေးသွားပြီးပြီ၊ ဒီမေးခွန်းကို ဖြေရလွန်းလို့ အလွတ်တောင် ရနေပြီ၊ ပိုလိုက်ကို ကိုယ်က တစ်ခုပြန်မေးဦးမယ်၊ ခရမ်းရောင်သစ္စာမှာ ပိုလိုက် အလုပ် လုပ်တုန်းပဲလား"

"ဟင့်အင်း . . . မလုပ်တော့ဘူး ထွက်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးက ခေါင်းကလေးကို ခါရမ်းပြလိုက်ရင်း ရယ်ချင်စိတ်ကို မျိုသိပ်ထားရသော မျက်နှာကလေးဖြင့် အဖြေပေးလိုက်သည်။ တစ်နေ့နေ့ကျမှ ဒီအကြောင်းတွေကို ဆန်းသစ်ကို ပြောရဦးမည်။ ဆန်းသစ်က ခေါင်းကို လက်တစ်ဖက်ဖြင့် တစ်ချက် ကုတ်ဖွပစ်လိုက်ရင်း . . .

"ဟာ . . . အဲဒါဆိုရင် သွားပါပြီကွာ၊ ကိုယ်က ပိုလိုက်အဲဒီမှာ ဆက်လုပ်နေဦးမယ်မှတ်လို့"

"ဘာဖြစ်လို့တုန်း . . ."

"မသိဘူးလေ .... ကြိုတင် ကာကွယ်ထားခဲ့တဲ့ သဘောပါ၊ အန်ကယ်လေးကလည်း လူပျိုကြီးဆိုတော့ ရုပ်ကလည်း ခပ်ဖြောင့်ဖြောင့် မှတ်လား၊ ပြီးတော့ ပိုလိုက်ကလည်း ဘယ်သူမှ ငြင်းဆန်လို့ မရနိုင်တဲ့ အလှပဂေးလေးဆိုတော့ ကိုယ် ပိုလိုက်ကို စိတ်မချတာနဲ့ အန်ကယ်လေးကို ခပ်ပါးပါးကလေး အသိပေးထားတာ၊ သူ ပိုလိုက်ကို ပြစ်မှားလို့မရအောင် ပိုလိုက်မှာ ပိုင်ရှင်ရှိတယ်ဆိုတဲ့ သဘောမျိုး သူ သိသွားအောင် အရိပ်အမြွက်ကလေး ပေးခဲ့တဲ့ သဘောပါ"





"ဘယ်လို အရိပ်အမြွက်မျိုး ပေးခဲ့လို့တုန်း"

ယဉ်ကျေးက စိတ်ဝင်တစားမေးလိုက်သည်။ ဆန်းသစ်က တစ်ခုခုကို စဉ်းစားမိသလို တွေးကာ ပြုံးလိုက်ရင်း. . .

"ဟား . . . ဟား . . . ဟား ရယ်တော့ ရယ်ရတယ်ကွ၊ တစ်ခါတလေကျတော့ ကိုယ်က တော်တော် ကလေးကလားဆန်တဲ့ ကောင်ပဲ၊ အဲဒီနေ့က ပိုလိုက်နဲ့ အန်ကယ်လေးတို့ ကိုယ့်ရဲ့အိမ်ကို ရောက်လာတဲ့နေ့လေ၊ မှတ်မိတယ်မှတ်လား . . . ပိုလိုက်တောင် ကိုယ့်ကို ချစ်သေးရဲ့လားလို့ မေးသွားသေးတယ်လေ . . ."

"သိပ်မှတ်မိတာပေါ့၊ အဲဒီတုန်းက လူကို သူနဲ့ မဆိုင်သလို သူစိမ်းကြီးလို ဆက်ဆံခဲ့တာလေ . . ."

ယဉ်ကျေးက ဆန်းသစ်ကို မျက်စောင်းကလေး ချီလျက် ကန့်ကလျ ဆိုလိုက်သည်။ ဆန်းသစ်က ယဉ်ကျေး၏ ချစ်စရာ အမူအရာကလေးကို ကြည့်လျက် သဘောကျစွာ ရယ်မောမိကာ . . .

"ဘယ်လိုလုပ်မလဲ၊ အဲဒီတုန်းက အခြေအနေကြီးက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ပိုလိုက်ရဲ့ ဖေဖေဆီမှာ ရှုံနိမ့်ထားရတဲ့ ကောင်လေကွာ၊ ပိုလိုက် ဖေဖေ့ကို ပိုလိုက်နဲ့ အဝေးဆုံးမှာ နေပါ့မယ်၊ လုံးဝ မပတ်သက်ပါဘူး၊ မြင်ရင်တောင် မကြည့်ပါဘူးလို့ ကတိပေးထားရတာလေကွာ၊ ဘယ်လိုလုပ်ပြီး အဲဒီကတိကို ချိုးဖောက်မလဲ၊ အဲဒါကို ခဏထား လိုက်ပါ . . . ကိုယ့်ကို ရန်တွေ့မနေပါနဲ့၊ အဲဒီနေ့က အန်ကယ်လေးပြန်တော့ သူကိုင်လာတဲ့ မိချောင်း သားရေအိတ်ကလေးရဲ့ ကြားထဲမှာ ကိုယ် ပိုလိုက်ရဲ့ ဓာတ်ပုံကလေးတစ်ပုံ တမင်သက်သက် မသိမသာကလေး ထိုးထည့်ပေးလိုက်တာ၊ သူ သိတော့ မသိဘူး၊ ဒါပေမယ့် သူ့အိတ်ကို ဖွင့်ကြည့်မိရင်တော့ မြင်မှာပဲ”

ယဉ်ကျေးက ဆန်းသစ်၏ ပြုံးစိစိ စပ်ဖြီးဖြီး မျက်နှာကလေးကို တအံ့တသြ ငေးကြည့်လိုက်မိကာ ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

“ဘာဓာတ်ပုံလေးတုန်း . . . ”

“ဒီလိုပါပဲ . . . ပိုလိုက်ကို ကိုယ် ပိုလိုက်မသိအောင်





ခိုးရိုက်ထားခဲ့တဲ့ ဓာတ်ပုံကလေးပါ၊ နောက်ကျောမှာ ခဲတံနဲ့ ကဗျာကလေးတစ်ပုဒ် ရေးလိုက်ထားသေးတယ်၊ ကဗျာလေးကို ရွတ်ပြရဦးမလား”

ယဉ်ကျေးသည် မျက်စိစုံမှိတ်ကာ နဖူးကို ဖျန်းခနဲနေအောင်ပင် ရိုက်ပစ်လိုက်မိတော့မတတ် အံ့သြ ထိတ်ဂ သွားမိသည်။ ဟင့်အင်း . . . မရွတ်ပြနဲ့ဟု ပြောလိုက်မည် ပြင်ဆဲမှာပင် ဆန်းသစ်က ထိုကဗျာကလေးကို ရွတ်ပြလျက် ရှိသည်။ ထိုကဗျာကလေးကို ယဉ်ကျေးပင် အလွတ် ရနေခဲ့ပြီလေ။

*စိတ်တညို့မှာ*
*လိုချင်တာတို ပိုင်ဆိုင်ခွင့် ရမယ်ဆိုရင်*
*ကိုယ် မင်းကို စိတ်ညို့ပစ်လိုက်ချင်တယ် . .*

ကဗျာကလေးအဆုံးမှာ နှစ်ယောက်သား တစ်ယောက်၏ မျက်ဝန်းတွေထဲသို့ တစ်ယောက်က စူးစူးရှရှစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိကာ ရယ်မောလိုက်ကြလေသည်။ ဆန်းသစ်၏ ရယ်သံက ခပ်လွင်လွင် ခပ်မြူးမြူး။ ယဉ်ကျေး၏ ရယ်သံကတော့ အားနာပါးနာ နိုင်လှစွာ တွန့်ဆုတ်ဆုတ် အောင့်သက်လာသည်။

ခဏနေတော့ ဆန်းသစ်၏ သူငယ်ချင်းတွေ ကော်ဖီဆိုင်ထဲသို့ တဝုန်းဝုန်းဖြင့် ဝင်လာကြသည်။ စားပွဲတစ်ခုမှာ ထိုင်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်ရယ်မောမော ရှိကြသော ဆန်းသစ်နှင့် ယဉ်ကျေးတို့ကို မြင်ရလျှင် သူတို့အားလုံး အခြေအနေကို သဘောပေါက်သွားကြကာ တစ်ယောက်လက် တစ်ယောက်တို့ပြီး ပြန်ထွက်သွားကြလေသည်။

ယဉ်ကျေးသည် အနက်ကယ်လေးကို စိတ်ထဲမှ တိုးတိုးကလေး တောင်းပန်လိုက်မိသည်။ တစ်ခါတစ်ခါမှာ တမင်သက်သက် ရည်ရွယ်ကြံစည်ပြီး လုပ်မိတာမဟုတ်သည့်တိုင် ကိုယ်လိုချင်တာ ရဖို့အတွက် အပြစ်မဲ့သော တခြားတစ်ယောက်သောသူကို စတေးမိတတ်သည့်အခါလည်း ရှိချင်ရှိ





တတ်သေးပါသည်။ ဆောရီးပဲ အနက်ကယ်လေးရယ် ... မရည်ရွယ်ခဲ့ပါဘူး။ တိုက်ဆိုင်မှုရှိရင် ခွင့်လွှတ်ပါ ... ။

www.burmeseclassic.com

www.burmeseclassic.com



စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ကြပါစေ ...

မေတ္တာအားဖြင့် ...



လွန်းထားထား (ဆေးတက္ကသိုလ်)

(၃၁-၃-၂၀၀၆)

www.burmeseclassic.com